www.burmeseclassic.com

T H O E S A U N G

# ရွှေအတ်ကြီးသော

cOvEr tkk

## သိုးဆောင်း

လုံးချင်းဝတ္ထုသစ်

SHWE THAMIEE PUBLISHING HOUSE

www.burmeseclassic.com

www.burmeseclassic.com

# ရွှေအတိပြီးသော

## ဤဝတ္ထုနှင့် ပတ်သက်၍

ဖြစ်ရပ်မှန်ဇာတ်လမ်းတစ်ပုဒ်အား ပြန်လည်တင်ပြထားခြင်းဖြစ်ပါသည်။ တင်ပြရာ၌ အခက်အခဲအနည်းငယ်ကို တွေ့ရပါသည်။

ဇာတ်လမ်းတွင် ပါဝင်ပတ်သက်ခဲ့သူများက မူရင်းအတိုင်း တင်ပြစေချင်ပါသည်။ ကျွန်တော် စဉ်းစားရပါသည်။ မူရင်းအတိုင်း တင်ပြပါက ဝတ္ထုမဆန်ဘဲ မှတ်တမ်းဆန်နေမည်ကို စိုးရိမ်ရပါသည်။ ဝတ္ထုတစ်ပုဒ်နဲ့လျော်ညီစွာ ဇာတ်လမ်း၊ ဇာတ်ကွက်၊ အလှည့်အပြောင်း၊ အထားအသိုကို ဦးစားပေးပါကလည်း မူရင်းအရသာ ပျက်သွားမည်ကို စိုးရိမ်ရပြန်ပါသည်။

နောက်ဆုံးတော့ မူရင်းအရသာကို အတတ်နိုင်ဆုံးယူ၍ ကျန်နေရာများ၌ ထိုက်သင့်သလောက်သာ အသုံးပြုခဲ့ရပါသည်။ တချို့နေရာများတွင် ချို့တဲ့ခဲ့ရသည်။

လွန်ခဲ့သော (၂) နှစ်ခန့်က ဇာတ်လမ်းတစ်ပုဒ်ဖြစ်သောကြောင့် ယခုခေတ် အခြေအနေ၊ ပတ်ဝန်းကျင်အပြောင်းအလဲများ ရှိနိုင်ပါသည်။ သက်ဆိုင်သူများတော့ ကြိုက်နှစ်သက်လိမ့်မည် ထင်ပါသည်။

ကျွန်တော့်အတွက်လည်း တင်ပြပုံအသစ်တစ်မျိုး ဖြစ်ကောင်းဖြစ်နေပါလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com

## ကျေးဇူးတင်ထိုက်သူ

ကျွန်တော့်သူငယ်ချင်း . . .

ဘုန်းကြီး (ခေါ်) အောင်ရဲ

ဂျပု (ခေါ်) စိုင်းထက်

ရှာသား (ခေါ်) အောင်ဇော်မင်း

နှင့်

သက်ဆိုင်ခဲ့သူအချို့

## ရည်ရွယ်သူ

လွန်ခဲ့သော (၂)နှစ်ခန့်က ကျိုက်ထီးရိုးနယ်မြေတွင် နှစ်သစ်ကြိုခဲ့သူ လူငယ်များအားလုံးသို့ . . .

## အဆုံးပိတ်စကား

ကမ္ဘာကြီး ပျက်သုဉ်းသွားပါစေ၊ ကျွန်တော်တို့အားလုံး အနုပညာနဲ့ ဆက်လက်ရှင်သန်နေကြမယ်။

ကျွန်တော်ချစ်သော ပရိသတ်ကြီး အစဉ်ထာဝရ တည်ငြိမ်အေးချမ်းပါစေ။



# I

ထိုအစီအစဉ်ကို စတင်လိုက်သူက ဇော်ထိုက် . . .

ကျွန်တော်တို့အခေါ် "ဘုမ"

ထိုနေ့က ကျွန်တော်တို့နှစ်ဦးတည်း လက်ဖက်ရည်ဆိုင်သို့ စောစီးစွာ ရောက်နေခဲ့သည်။ နှစ်ဦးဆိုသော်လည်း အရင်ကြိုရောက်နှင့်နေသူမှာ ဇော်ထိုက်ဖြစ်ပြီး နောက်ကျမှ ရောက်လာသူက ကျွန်တော်ပင်ဖြစ်ပါသည်။ ကျွန်တော့်ကိုမြင်တော့ . . .

"ဟော့ကောင် . . . စောလှချည်လား . . ."

"အေးကွာ . . . အိမ်မှာတစ်ယောက်တည်း ပျင်းတာနဲ့ ထွက်လာလိုက်တာ မင်းရောက်နေတာ ကြာပြီလား"

"အေး . . . နည်းနည်းတော့ ကြာနေပြီ"

ခုံတစ်လုံးဆွဲပြီး ဝင်ထိုင်လိုက်သည်။

"ဟိုကောင် . . . စိုင်းထက်ရော"

"ငါရောက်တည်းက မတွေ့သေးဘူး"

ကျွန်တော်တို့ထိုင်လေ့ရှိသော ဤဆိုင်လေးမှာ သူငယ်ချင်းဖြစ်သူ စိုင်းထက်ဖွင့်ထားသော ဆိုင်ဖြစ်ပါသည်။ တစ်ဦးတည်းဖွင့်ထားသည်တော့မဟုတ်၊ အစ်ကိုဖြစ်သူနှင့် စပ်ဟပ်သဘောမျိုး ဖွင့်ထားခြင်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com

ကောင်တာမှာတော့ အစ်ကိုတော်က ထိုင်နေသည်။ ညီဖြစ်သူကို မတွေ့ရ။ ညနေခြောက်နာရီကျော်ကျော်သာ ရှိသေးသည်မို့ လက်ဖက်ရည်ဆိုင်လေးက လူနည်းပါးကာ သက်ဝင်လှုပ်ရှားချိန်ရောက်ရန် အားယူနေသည် ထင်ပါသည်။ ကျွန်တော့်ကိုတွေ့တော့ အဖျော်ဆရာက ပေါ်ဆိမ့်တစ်ခွက်ဖျော်ကာ လာချပေးသည်။

ဆောင်းဦးပေါက် ညကောင်းကင်က စောစီးစွာ မည်းမှောင်လို့နေသည်။ ခြောက်နာရီသာသာပင် ရှိသေးပေမဲ့ နေ့တာတိုလို့လားမသိ၊ ကျောက်စိမ်းရောင်ကောင်းကင်မှာ ကြယ်ပွင့်အချို့ပင် ဟိုနားတစ်မှုန်၊ ဒီနားတစ်မှုန်။

လမင်းကြီးကတော့ သုံးပုံနှစ်ပုံလောက်ပြည့်ကာ စောစောစီးစီးပင် အရောင်တောက်ကာနေ၏။ ထိုစဉ်မှာပင် မျက်နှာချင်းဆိုင် လက်ဖက်ရည်ဆိုင်ဆီမှ သီချင်းသံတိုးတိုး ပျံ့လွင့်လာသည်။

ကျွန်တော်ပါးစပ်လှုပ်ရုံ လိုက်ညည်းမိတော့ . . .

"သီဟ . . . မင်းအခွေ ဘယ်အဆင့်ရောက်ပြီလဲ"

"ငါးပုဒ်လောက်တော့ အချောပြီးပြီကွ။ ဒါပေမဲ့ စိတ်တိုင်းမကျသေးဘူး။ နှစ်ပုဒ်လောက် ပြန်တီးရဦးမယ်"

"နောက်နှစ်ထဲလောက် ပြီးတယ်မလား"

"ထင်တာပဲ"

ထိုမျှသာ အဖြေပြန်ပေးမိ၏။ ယတိပြတ် ပြော၍မရပါ။ အနုပညာကို အချိန်ကန့်သတ်လို့မရ။ မကြိုက်မချင်း လုပ်ဖို့ ဆုံးဖြတ်ထားသည်မို့ တစ်နှစ်ကြာချင်လည်း ကြာမည်။ နှစ်နှစ်ကြာချင်လည်း ကြာမည်။ ဆယ်နှစ်ကြာချင်လည်း ကြာပေမည်။

ပြီးတော့ ငွေရေး၊ ကြေးရေးက ရှိသေး၏။ ကျွန်တော် ဘယ်အချိန်လောက်ထိ တောင့်ခံနိုင်မလဲဆိုတာသည်ပင် အဖြေတစ်ခုဖြစ်တော့၏။

သီချင်းရေး၍ရသောငွေက ကျွန်တော်တစ်ယောက်စာ လောက်ငရုံ။



တကယ်တော့ လူ့ဘဝသည် မလွယ်။ အနုပညာကို တရှိုက်မက်မက် ခုံမင်သူတွေအနေနဲ့ ပိုလို့ပင်မလွယ်။ ဂီတလောကမှာ နေရာတစ်နေရာရရန် ကြိုးစားရန်းကန်လာချိန်တွေ ကြာမြင့်ခဲ့ပြီဖြစ်ပေမဲ့ ယခုချိန်ထိ စတင်သူဘဝမှ တိုးမထွက်နိုင်သေး။

မိသားစုကိစ္စများအား လျစ်လျူရှုခွင့်ပေးထားသော ဖေဖေနဲ့ မေမေကိုပင် ကျေးဇူးတင်ရပါဦးမည်။

"မင်း ရန်ကုန် ဘယ်တော့ပြန်မလဲ"

"မနက်ဖြန်"

"သီချင်းသွင်းရတော့မှာလား"

ခေါင်းကို တစ်ချက်ယမ်းရင်း . . .

"ဒီရောက်နေတာ သုံးလေးရက်ရှိပြီဆိုတော့ ရန်ကုန် တစ်လှည့်ပြန်နေလိုက်ဦးမယ်ကွာ"

ထိုအချိန်၌ ကျွန်တော်သည် ရန်ကုန်တွင် အခန်းတစ်ခန်းငှားကာ နေထိုင်နေပြီဖြစ်၏။ တစ်ဦးတည်းနေရတာ ပျင်းလာသော အခါများတွင်တော့ ယခုလိုပဲ မွေးရပ်မြို့လေးကို ပြန်လာတတ်ပါသည်။

ဘာပဲပြောပြော ကိုယ်မြို့၊ ကိုယ့်ရွာဆိုတော့ နေရတာ ပျော်သည်။ လန်းဆန်းသည်။ ဦးနှောက်ဆေးသည့် သဘောဖြစ်သည့်အပြင် သူငယ်ချင်းများနှင့်လည်း တပျော်တပါးတွေ့ရသည်မို့ မကြာမကြာ ပြန်လာလေ့ရှိပါသည်။

ထိုစဉ်မှာပဲ ကျွန်တော်တို့ရှေ့မှ ဖြတ်သွားသော စက်ဘီးတစ်စီးကို တွေ့ရ၏။ ခရစ်စမတ် ဦးထုပ်ဆောင်းထားသော ကလေးတစ်ဦးပါသွားသည်မို့ ဘာရယ်မဟုတ် ကျွန်တော်ပြုံးမိပါသည်။

မနေ့ကတင် ခရစ်စမတ်ပြီးသွားပြီဖြစ်ပေမဲ့ ခရစ်စမတ် အငွေ့အသက်တွေက မြက်ခင်းနဲ့ ကောင်းကင်ပြင်မှာ ကျန်နေသေး၏။

ပြီးခဲ့သောညက မြို့ပြင်မှာ ကျွန်တော်တို့အုပ်စု မီးပုံတစ်ပုံနဲ့ မီးလင်းခဲ့ကြသည်။ သောက်တတ်သူတွေများသည်မို့ ကျွန်တော်ပင်တိုင်

www.burmeseclassic.com

ဂစ်တာသမား ဖြစ်ခဲ့ရ၏။ မိုးအလင်းကဲသည်မို့ ယခုချိန်ထိ လက်ဖျား ထိပ်တွေ ကျိန်းစပ်ကာနေတုန်း။

"မင်းတို့ ညက မိုးလင်းတယ်ဆို"

"အေး . . ."

"အားကျတယ်ကွာ"

ဇော်ထိုက်က အံကြိတ်ရာမှထွက်လာသော လေသံမျိုးဖြင့် အားမလိုအားမရ ပြောသည်။ ဇော်ထိုက်သည် စည်းကမ်းတင်းကြပ်လွန်းသော အဒေါ်များနှင့် နေထိုင်သူဖြစ်ပါသည်။ ည(၈)နာရီဆိုလျှင် အိမ်ပြန်ဝင်ရလေ့ရှိ၏။ ထိုအတွက် လူငယ်တို့၏ ပျော်ရွှင်ဖွယ် ညတော်တော်များများကို လက်လွတ်ဆုံးရှုံးရသည်က များသည်။

မနေ့ကတင် ခရစ်စမတ် တစ်ညလက်လွတ်ခဲ့ရပြီ မဟုတ်ပါလား။

ထိုစဉ်မှာပဲ ကျွန်တော်တို့ ဝိုင်းရှေ့သို့ စက်ဘီးတစ်စီးထိုးစိုက်လာသည်။ ကြည့်မိတော့ ကျွန်တော်တို့ရဲ့ဘော်ဒါကြီး ဂျပု (ခေါ်) စိုင်းထက်ပါ။ အပေါ်ပိုင်းဗလာကျင်းကာ လုံချည်ကိုပင် ခပ်တိုတိုဝတ်ထား၏။ စက်ဘီးနောက်မှာက သူ့ဆိုင်အတွက် ဝယ်လာဟန်တူသော ပစ္စည်းပစ္စယများစွာနှင့်၊ စိုင်းထက်ပုံစံကို ကြည့်ပြီး . . .

"ဟော့ကောင် . . . ဂျပု၊ အလုပ်လုပ်တာလည်း လုပ်တာပေါ့ကွာ။ ငါတို့ကိုတော့ ဒုက္ခမပေးနဲ့ဦး။ လောလောဆယ် လက္ခဏာတွေ ပါးနေသေးတယ်"

ဘုမစကားကြောင့် ကျွန်တော်ပင် မနေနိုင်စွာ ဝင်ပြောလိုက်ရ၏။

"မင်းကလည်း မင်းပဲ။ အပြင်မှာ ဒီလောက်အေးနေတာ အကျီဝတ်မထားဘူး။ ငယ်ငယ်ရွယ်ရွယ်နဲ့ လေဖြတ်နေဦးမယ်"

"လေဖြတ်ရုံလောက်တော့ လက်ခံတယ်။ မသေသေးရင် ပြီးရော။ စပါးပေါ်၊ ပဲပေါ်ရင်တော့ မင်းသဘောပဲ"



စိုင်းထက်မှာ ကျွန်တော်တို့ ပြောစကားများကို ခွန်းတုံ့မပြန်ဘဲ ပြုံးရုံပြုံးကာ စားပွဲထိုးတစ်ယောက် လှမ်းခေါ်ပြီး ပစ္စည်းများကို အသယ်ခိုင်းနေသည်။ ပြီးတော့ . . .

"ခဏလေးကွာ . . . ငါရေချိုးပြီး ပြန်ထွက်လာခဲ့မယ်"

ပြောပြောဆိုဆို စက်ဘီးကို ဒေါက်ထောက်ရင်း အတွင်းဘက်ဝင်သွား၏။ တအောင့်ကြာတော့ ရေမိုးချိုးအဝတ်စားလဲကာ ကိုယ်တိုင်ဖျော်ယူလာသော လက်ဖက်ရည်ခွက်ကို ကိုင်ရင်း အပြင်ပြန်ထွက်လာသည်။

ထို့နောက်မှာတော့ သုံးဦးသား ရောက်တတ်ရာရာ စကားများပြောရင်း ထပ်ရောက်လာဦးမည့် သူငယ်ချင်းများကို စောင့်ရင်း ထိုင်နေမိကြသည်။ ထိုအချိန်ထိ ကျွန်တော်တို့ စကားဝိုင်းက ဦးတည်ချက်မရှိသေး။

ဦးတည်ချက်ကို ယူဆောင်လာသူက အုန်းကြီး (ခေါ်) အောင်ရဲ။

ကုန်ကားကြီးတစ်စီး 'ဂူး' ခနဲ ဖြတ်သွားစဉ် ကားမီးရောင်နဲ့ ဂျပန်စက်ဘီးလေးကို ကွတတနင်းလာသော လူတစ်ယောက်ကို လှမ်းတွေ့ရသည်။ မကြာခင်မှာပဲ ထိုစက်ဘီးမှာ ကျွန်တော်တို့ဝိုင်းဆီ ဦးစိုက်လာ၏။

သူက အောင်ရဲ၊ ကျွန်တော်တို့အခေါ် 'အုန်းကြီး'။

ကျွန်တော်တို့အုပ်စုရဲ့ ပင်တိုင်ဂစ်တာဆရာ။ ဂစ်တာကို ကျွမ်းကျင်ပိုင်နိုင်စွာ တီးခတ်တတ်သူဖြစ်ပြီး လွန်စွာ ရှုးသွပ်သူလည်း ဖြစ်၏။ ကျွန်တော်နဲ့ပင် ရန်ကုန်မှာ သင်တန်းအတူ တက်ဖူးသည်။ ကွဲလွဲချက်က ကျွန်တော်သည် ဂီတလောကတွင် အဆိုပိုင်းကို ဦးတည်ထားသူဖြစ်ပြီး အောင်ရဲကတော့ အတီးပိုင်းကိုသာ တစိုက်မတ်မတ် လုပ်ချင်သူဖြစ်ပါသည်။

"နေလင်းတို့အုပ်စု ဒီည ကျိုက်ထီးရိုးထွက်ကြမယ်ဟဲ့ကွ"

www.burmeseclassic.com

အကုန်ကြားလောက်အောင် လှမ်းပြောရင်း အောင်ရဲက စာပွဲမှာ ဝင်ထိုင်သည်။ အောင်ရဲစကားကို စိုင်းထက်က စိတ်ဝင်စားသွားသလို။

"ဟုတ်လား . . . ဘယ်သူတွေပါသေးလဲ"

အောင်ရဲက သူသိသလောက် နာမည်များကို ရွတ်ပြ၏။ တော်တော်စုံပါသည်။

"ငါလာတော့ ကားမှာမီးတွေ လိုက်ဆင်နေကြတယ်ကွ။ ကက်ဆက်လည်း အကျယ်ကြီးဖွင့်ထားတယ်။ ဒီည နှစ်နာရီထိုးထွက်ကြမယ်တဲ့"

ကျွန်တော် ထွက်ကြည့်လိုက်တော့ တကယ့်အချိန်ကောင်းပါပင်။

"ဒါဆို ဒီကောင်တွေ ဟိုကို မိုးလင်းရောက်မှာပေါ့"

ထောက်ခံသလို စိုင်းထက်က ခေါင်းညိတ်ပြ၏။ တစ်စပ်တည်းဆိုသလိုပင် . . .

ခရစ်စမတ်ပြီးမှ ဒီကောင်တွေ ဘာထကြောင်တာလဲမသိဘူး။

"အေးလေ . . . ခရစ်စမတ်ကဖြင့် ပြီးနေပြီ။ New Year လည်းရောက်သေးတာမဟုတ်ဘူး။ ကြားရက်သွားပြီး ဘာလုပ်မှာလဲ။ အမှန်က ဒီကောင်တွေ New Year အမှီ လစ်ရမှာ"

တစ်ဝိုင်းလုံး အကြည့်တွေ ဘုမထံ ရောက်သွားစဉ် သကောင့်သားက ဆက်ပြော၏။

"New Year ည က ကျိုက်ထီးရိုးရဲ့ တကယ့်ပွဲတော်ကြီးပဲ"

"ဟုတ်လား . . . ဘာဖြစ်လို့လဲ"

ကျွန်တော့်အမေးကို ဘုမက ချဉ်တင်တင်လှမ်းကြည့်ကာ . . .

"မင်းတို့ မသိဘူးလား"

"ဟင့်အင်း"



'ကျွတ်' ခနဲ စုတ်သပ်၏။ ပုံစံက လူငယ်တွေဖြစ်ပြီး ဒါလေးတောင်မသိဘူးလားဟူသည့် အထာမျိုး။ ကျွန်တော်တို့သုံးယောက်လုံးမှာလည်း တကယ်ပင် မသိသည်မို့။

"ငါတို့ မသိဘူးကွ၊ ဘာဖြစ်လို့လဲ . . . ကျိုက်ထီးရိုးမှာ New Year ညက တော်တော်စည်လို့လား"

"စည်ရုံတင်ဘယ်ကမလဲကွာ၊ မြန်မာပြည်နေရာအနှံ့က လူငယ်တွေအားလုံး စိတ်ဝင်စားတဲ့ ပွဲတော်တစ်ခုပါရှိတယ်"

စကားကလုံးဝကို ကြီးကျယ်သွားချေပြီ။ နိုင်ငံပင်ချီသွားခဲ့ပြီမဟုတ်ပါလား။

"ဘာပွဲလဲ"

အောင်ရဲက ကောက်ခါငင်ကာ ထမေးတော့ . . .

"ဒီလိုကွ . . . "

ဟု အစချီကာ လုံးဝမကြားဖူးသော၊ မကြုံဖူးသော၊ စိတ်ဝင်စားဖို့ကောင်းသော၊ တစ်စပ်တည်းပင် ထိုစိတ်ဝင်စားမှုကို သံသယဖြစ်လောက်သော ဘုမစကားတွေက ကျွန်တော်တို့ဝိုင်းလေးကို သိမ်းပိုက်သွားလေတော့သည်။

"ဒီလိုကွ . . . ။ နားလည်လွယ်အောင် ငါအတိုချုံးပြီး ပြောပြမယ်။ တို့တွေ ဒီဇင်ဘာ (၃၁) ရောက်ရင် ညဆယ့်နှစ်နာရီထိုးတာနဲ့ Happy New Year လို့ နှစ်သစ်ကိုကြိုတဲ့သဘော ဝိုင်းအော်ကြတယ်မလား"

"ဟုတ်တယ်လေ"

"ကျိုက်ထီးရိုးမှာတော့ အော်ရုံတင်မဟုတ်ဘူး။ နာရီအတိအကျနဲ့ အရင်းဆုံးအော်နိုင်တဲ့အဖွဲ့ကိုပါ ဆုပေးတာ"

"ဟေ . . . "

"ဟင် . . . "



www.burmeseclassic.com

www.burmeseclassic.com

သုံးယောက်သား အံ့အားသင့်သွားရ၏။ ဘုမပြောသော ထို အကြောင်းများကို ကျွန်တော်တို့ သုံးယောက်လုံး တကယ်ပင် မကြားဖူးပါချေ။ Happy New Year အရင်ဆုံး အော်နိုင်တဲ့အဖွဲ့ကို ဆုပေးတယ်တဲ့။ ဟုတ်ပါ့မလား . . . ကျွန်တော့်နည်းတူပင် စိုင်းထက်က လက်မခံချင်သလို။

"ဟုတ်ရဲ့လားကွာ . . . ငါတို့ဖြင့် မကြားဖူးပါဘူး"

ဘုမက လက်တွင် ညှပ်ထားသည့် ဆေးပေါလိပ်ကို တစ်ချက်ခဲရင်း . . .

"ဒါပဲလေ . . . မင်းတို့မကြားဖူးလို့ ကြုံဖူးတဲ့လူက ပြောပြနေတာပေါ့"

မျက်မှောင်ကြုတ်သွားမိ၏။ ကြားတော့ မကြားဘူး။ ဒါပေမဲ့လည်း ကိုယ်တိုင်ကြုံဖူးထားတာမဟုတ်သည့်အတွက် အတင်းကြီးငြင်းဖို့လည်း မဖြစ်နိုင်ပါ။ ထို့ကြောင့် စကားအသွားအလာကို လေ့လာနိုင်ရန် မေးခွန်းအချို့ မေးလိုက်သည်။

"အော်တာ ဘယ်မှာအော်ရတာလဲကွ"

"ရင်ပြင်တော်ပေါ်မှာပေါ့။ ဆယ့်နှစ်နာရီထိုးခါနီးတာနဲ့ ရင်ပြင်တော်ပေါ်မှာ သူလိုကိုယ်လိုအဖွဲ့တွေ အများကြီး ရောက်နေပြီ။ နာရီကြည့်ပြီး သူ့ထက်ငါ အရင်အော်ဖို့ စိုင်းပြင်နေတဲ့ လူတွေချည်းပဲ။ အချိန်ကျတာနဲ့ အလုအယက် ဝိုင်းအော်ပြီသာမှတ်ပေတော့"

"ဆုပေးတော့ . . ."

"ခုန ငါပြောသလို အချိန်အတိအကျနဲ့ အော်နိုင်တဲ့အဖွဲ့ကို ပေးတာလေ"

ဘုမပုံစံက တကယ့်အတည်၊ သူ့စကားသူ အပြည့်အဝ တာဝန်ယူထားသလိုမျိုး။ ဒီလိုဆိုတော့ သူတို့လည်း ငြင်းရန် မတတ်နိုင်တော့ပါ။ ဒီကောင်သွားတုန်းက ထိုပြိုင်ပွဲမျိုးနဲ့ တကယ်ပင် ကြုံခဲ့သည်ထင်၏။



ဘုမပြောလို တကယ်သာဆိုလျှင်တော့ ကျွန်တော်တို့အတွက် ထူးခြား အသစ်အဆန်းပါပင်။

"ဒီကောင်ပြောမှပဲ သွားတောင် သွားချင်သွားပြီ"

စိုင်းထက်က ခပ်ညည်းညည်းဆိုတော့ . . .

"အေး . . . ငါလည်း အတူတူပဲ"

ကျွန်တော် တစ်ချက်စဉ်းစားလိုက်၏။ ပြီး ထိုနှစ်ကောင်ကို သေချာကြည့်ကာ . . .

"မင်းတို့ ကျိုက်ထီးရိုးမရောက်ဖြစ်တာ ကြာပြီလား"

"ကြာပြီပေါ့"

"ငါဆို လေးငါးနှစ်လောက်ရှိနေပြီ"

နှစ်ယောက်စလုံးက အားတက်သရောပြောတော့ . . .

"ဒါဆိုငါတို့ New Year ဒိုးကြမလား"

သုံးဦးသား တစ်ယောက်ကိုတစ်ယောက် ကြည့်မိသွားကြသည်။ မျက်လုံးသုံးစုံက တိကျသော အဖြေတစ်ခုကို ရှာနေသလို . . .

ဒါမှမဟုတ် ဆုံးဖြတ်ချက် တစ်စုံတစ်ရာအတွက် စိတ်ကူးချင်း ညှိနိုင်းနေသလို။

မကြာပါ။

ဘုမက (၈)နာရီထိုးပြီမို့ ဘာသိဘာသာ ထပြန်သွားသည်။

***



www.burmeseclassic.com

www.burmeseclassic.com

## II

ထိုညက ဟိုလိုလို ဒီလိုလိုဖြင့် ကျိုက်ထီးရိုးသွားဖို့ကိစ္စမှာ အတည်ဖြစ်သွားခဲ့၏။ ဒါပေမဲ့ သုံးယောက်တည်းသွားဖို့မှာ အစဉ်မပြေ။ လူနည်းနေသည်ထင်သည်။

ဘုမကိုတော့ စည်းရုံးလို့ရမှာမဟုတ်။ လူငယ်တွေချည်းပဲ သွားဖို့အရေးကို သူ့အိမ်က ဘယ်လိုမှ ခွင့်ပြုမည်မဟုတ်ပါ။ တွေ့ကရာလူလည်း ခေါ်သွားလို့မရ။ ခရီးသွားခြင်းသည် လူညီမှပင် ကောင်းသည်မဟုတ်ပါလား။

လူငယ်တွေဖြစ်လေတော့ ထိုကိစ္စက တော်တော်အရေးကြီးပါသည်။ နောက်ဆုံးတော့ . . .

"သီဟ . . . မင်းမနက်ဖြန် ရန်ကုန်ပြန်မှာမလား"

"အေး . . ."

"အဲဒါဆို ကားလက်မှတ်ကိစ္စ စုံစမ်းထားလိုက်ကွာ။ ဘယ်သူလိုက်ဖြစ်သေးလဲ ငါတို့ ဖုန်းဆက်ပြောမယ်"

"ကောင်းပြီလေ . . . ။ ဒါဆို ငါတို့ ဘယ်နေ့လောက် ထွက်ကြမလဲ"

သုံးယောက်သား ခေါင်းချင်းဆိုင်လိုက်တော့ မကြာမီမှာပင် အဖြေတစ်ခုထွက်လာသည်။ ဒီဇင်ဘာ (၃၀) ရက် ည။



(၃၀) ရက် ညထွက်လျှင် (၃၁) မနက် ရောက်ပေမည်။ **ထိုည**က New Year၊ တောင်ပေါ်ရောက်ရောက်ချင်း ညကို New Year နဲ့ **စွင့်ဝင်**လိုက်မည်။

အတွေးနဲ့အတူ သုံးယောက်သား ရင်ခုန်သွားကြ၏။ ဘာပဲပြောပြော New Year အော်ရသည်ဖြစ်စေ၊ မအော်ရသည်ဖြစ်စေ၊ ဆုရသည်ဖြစ်စေ၊ ဆုမရသည်ဖြစ်စေ။

ကျိုက်ထီးရိုးဘုရားကြီးကို တစ်ဝကြီးဖူးပြီး စိတ်လက်ပေါ့ပါးစွာ ဘဝရဲ့အစိတ်အပိုင်းအချို့ကို ဖြတ်သန်းခွင့်ရလျှင်ပင် တန်နေပြီမဟုတ်ပါလား။

ပြီးတော့ မွန်းကြပ်လှသော လူနေမှုဘဝထဲက ခဏတာထွက်ပြေးချင်သည်။



www.burmeseclassic.com

www.burmeseclassic.com

# III

နောက်တစ်နေ့ရောက်တော့ ကျွန်တော် ရန်ကုန်ပြန်လာခဲ့လိုက်သည်။ အခန်းရောက်ရောက်ချင်း တံခါးမှာ စာတစ်စောင်ညှပ်ထားသည်ကို တွေ့ရ၏။ ယူကြည့်လိုက်တော့ . . .

*ညီလေး . . .*

*အစ်ကို အလုပ်တစ်ခုအပ်ချင်လို့၊ ညီလေးဖုန်းကို ဘယ်လိုမှ ခေါ်မရလို့ စာလာထားခဲ့တာ။ ဒီစာကိုတွေ့တွေ့ချင်း အစ်ကိုကို ဖုန်းပြန်ခေါ်ပေးပါ။*

*ကိုသက်အောင်*

09.512 . . .

စာကို ဘောင်းဘီအိတ်တွင်ထည့်ကာ အခန်းတံခါးကို ဖွင့်လိုက်၏။ အတွင်းဝင်တော့ လေး၊ ငါးရက်လောက် ဝေးကွာသွားသည်မို့ အခန်းက အနံ့သက်တချို့ မင်းမူနေသည်။ ထို့ကြောင့် အိတ်ကိုချကာ ကပျာကယာပင် အခန်းတံခါးများကို ဖွင့်လိုက်ရပါသည်။



ပြင်ပလေများဝင်လာမှ အခန်းက နေသာထိုင်သာရှိသွားသည်။ ထို့နောက်မှာ ရေအရင်ချိုးဖို့ ဆုံးဖြတ်လိုက်သည်။ ရေချိုးပြီးသွားမှ ကိုသက်အောင်ကို ဖုန်းပြန်ခေါ်တော့ . . .

"ဟဲလို . . . ကိုသက်အောင်လား"

"ဟုတ်တယ် . . . ငါ့ညီရေ၊ ခေါ်လိုက်ရတာကွာ။ မင်းဖုန်းက ဘယ်လိုမှခေါ်မရဘူး။ ဘယ်ရောက်နေတာလဲ"

"ကျွန်တော် နယ်ပြန်သွားတာ . . . အစ်ကို၊ ဟိုမှာက ဖုန်းလိုင်းမမိဘူးလေ။ ပြန်ရောက်ရောက်ချင်း အစ်ကိုစာတွေ့တာနဲ့ ဖုန်းပြန်ခေါ်လိုက်တာ"

"အေး . . . အေး . . . အစ်ကို မင်းကို သီချင်းတစ်ပုဒ်လောက် အပ်ချင်လို့ကွာ။ ဆိုမှာက တလောကမှ နာမည်ကြီးထားတဲ့ အဆိုတော်"

ဟူ၍ ကိုသက်အောင်က မကြာသေးမီကပင် နာမည်ကြီးထားသော အဆိုတော်ပေါက်စတစ်ဦးရဲ့နာမည်ကို ရွတ်ပြသည်။

"အခု သူ့ရဲ့ ဒုတိယအယ်လ်ဘမ်အတွက် သီချင်းစုနေတာလေ။ ဒီလောကထဲကို ဝင်လာတာ မကြာသေးတော့ အသိသိပ်မရှိလို့ အစ်ကို့ကို အပူလာကပ်တာ။ ပထမခွေတုန်းကလည်း အစ်ကို့စတူဒီယိုမှာပဲ သွင်းထားတာဆိုတော့ တတ်နိုင်သလောက် ကူညီပေးတဲ့သဘောပါကွာ။ နောက်ပြီး ငါ့ညီရဲ့ လက်စလက်နကိုလည်း အစ်ကို သိထားတယ်လေ"

ငြိမ်၍သာ နားထောင်နေလိုက်သည်။

"ငါ့ညီ သူ့သီချင်းတွေ နားထောင်ဖူးတယ်မလား"

"ထောင်ဖူးပါတယ်"

"အဲဒါဆိုလုပ်ပါဦး . . . ငါ့ညီရယ်၊ သူနဲ့လိုက်မယ့် သီချင်းလေးတွေရှိရင် အစ်ကို့ကို ကူညီပါဦး"

ဖုန်းကိုင်လျက်မှ ကျွန်တော်အနည်းငယ် စဉ်းစားမိသည်။ ကိုသက်အောင်ပြောသော အဆိုတော်ပေါက်စရဲ့ သီချင်းအချို့ကို နား



www.burmeseclassic.com

www.burmeseclassic.com

ထောင်ဖူးပါသည်။ ဒါပေမဲ့ ကျွန်တော်ရေးလေ့ရှိသော သီချင်းမျိုးနှင့် ထိုအဆိုတော် ဆိုပေါက်က အနည်းငယ် ကွဲလွဲနေမည်ထင်၏။ ဒါပေမဲ့ ကိုသက်အောင်ကို အားနာသည်မို့ . . .

"ကျွန်တော့်မှာ ရေးပြီးသားလေးတွေတော့ရှိတယ် အစ်ကို။ အစ်ကိုလာယူရင် ယူလိုက်လေ။ လိုက်မယ့်ဟာလေးတွေ ကျွန်တော်ရွေးပေးလိုက်မယ်"

"အိုကေ . . . ညီလေး၊ အဲဒါဆို တအောင့်နေ အစ်ကိုလာခဲ့မယ်"

ဝမ်းသာအားရပုံစံနဲ့ ကျေးဇူးတင်စကားပြောပြီး ကိုသက်အောင် ဖုန်းချသွားသည်။ ဖုန်းချပြီးတော့ ကျွန်တော် အလုပ်များရတော့၏။ အခန်းထဲမှာက စာအုပ်တွေ အခွေတွေ၊ ရေးလက်စသီချင်းတွေ၊ မလျှော်ရသေးသော အဝတ်တွေ၊ စိတ်တိုင်းမကျ၍ လုံးချေလွှင့်ပစ်ထားသော သီချင်းအပိုင်းအစ၊ စာရွက်အပိုင်းအစတွေ စတာတွေက အခန်းလေးထဲမှာ ပြန့်ကျဲပွေလီကာနေသည်။

ထိုအရာတွေကို မရှင်းအားသေး။ ရှင်းလို့လည်း ရမှာမဟုတ်။ ပြန့်ကျဲမှုသည်ပင် အစီအစဉ်ရှိသော စနစ်ကျမှုတစ်ခုဟု ကျွန်တော်သတ်မှတ်ထားသည်လေ။ ထိုအထဲတွင် ရှင်းလင်းလို့မရနိုင်သော အမှတ်အသားတွေရှိ၏။

ရေးပြီးသားသီချင်းတွေထဲက လိုက်မည်ထင်ရသည့် သုံးပုဒ်လောက်ကို ကျွန်တော် ဆွဲထုတ်လိုက်သည်။ ပြီးတော့ နံရံမှာ ချိတ်ထားသည့်ဂစ်တာကိုဆွဲကာ သီချင်းတစ်ပုဒ်ချင်းကို ပြန်လည်စမ်းသပ်ကြည့်မိပါသည်။

အဆင်ပြေမည်တော့ ထင်ရ၏။ ဒါပေမဲ့ တချို့အပိုင်းတွေကိုတော့ သီဆိုသူဘက်က အားထုတ်ဖို့ လိုအပ်ပေလိမ့်မည်။ သီဆိုသူတစ်ဦးအတွက် ရှုးသွပ်မှုနှင့် အဆိုပိုင်းပါးနပ်မှုပေါ်တွင် မူတည်သော သီချင်းများဖြစ်နေသည် မဟုတ်ပါလား။



ထိုခဏမှာပဲ အောက်ထပ်မှ ကားဟွန်းတောက်သံကြားရသည်။ ငုံ့ကြည့်တော့ ထင်သည့်အတိုင်း ကိုသက်အောင်။ ကျွန်တော့်ကို လက်ထောင်ပြကာ အပေါ်တက်လာ၏။ အခန်းထဲ ဝင်ဝင်ချင်းပင် . . .

"ဟာ . . . မင်းအခန်းက တယ်လည်း ကဗျာဆန်ပါလား"

ကိုသက်အောင်က အခန်းတွင် ဟိုဟိုဒီဒီ ပြန့်ကျဲနေသော ပစ္စည်းများကို ကြည့်ပြီး ရယ်ကျဲကျဲပြောသည်။ ကျွန်တော် ပြုံးရုံသာပြုံးပြီး ကိုသက်အောင်အတွက် နေရာလုပ်ပေးလိုက်ရ၏။

"ကျွန်တော့်မှာတော့ ဘာမှဧည့်ခံစရာမရှိဘူးဗျာ။ ရေပဲရှိတယ်"

"ဟာ . . . ရပါတယ် . . . ရတယ် . . . ညီလေး။ ဘာမှမလုပ်နဲ့ အစ်ကို တအောင့်နေပြန်မှာ"

ဘာမှမလုပ်နဲ့ ဆိုပေမဲ့ ယဉ်ကျေးမှုအရ ရေတစ်ဘူးယူကာ ခွက်တွင်း ငှဲ့တိုက်လိုက်ပါသည်။ ရေဆာနေသည်ထင်၏။ ဘာမှမလုပ်နဲ့ဆိုသော ကိုသက်အောင်က ရေတစ်ခွက်လုံးကိုပင် တစ်ကျိုက်တည်းမော့သောက်ပစ်လိုက်သည်။

"ယူဦးမလား . . . အစ်ကို"

လက်ကာပြ၍ နှုတ်ခမ်းကို လက်ခုံနဲ့ သုတ်သည်။ ဘေးတွင် ဝင်ထိုင်ကာ ခုနရွေးထုတ်ထားသော သီချင်းသုံးပုဒ်ကို ကိုသက်အောင် လက်တွင်း ထည့်ပေးလိုက်ပါသည်။ ပြီးတော့ . . .

"သူနဲ့လိုက်မယ်ထင်တာလေးတွေတော့ ကျွန်တော် ဖယ်ထားတယ်။ အစ်ကို ဖတ်ကြည့်လိုက်ဦး"

ကိုသက်အောင်က သီချင်းသုံးပုဒ်ကိုယူကာ တစ်ရွက်ချင်းစီ ဖတ်ကြည့်နေ၏။ ပြီးတော့မှ ခေါင်းကို တစ်ချက်ကုတ်ကာ . . .

"အဟီး . . . အစ်ကိုက စတူဒီယိုသာထောင်ထားတာ အမှန်အတိုင်းပြောရရင် အဲဒါတွေဘာမှ နားမလည်ဘူး။ အဲတော့ ညီလေး အစ်ကို့ကို တစ်ခါတည်း ဆိုပြလိုက်ပါလား"



www.burmeseclassic.com

www.burmeseclassic.com

အကြောင်းသိတွေမို့ နံရံမှာ ထောင်ထားသော ဂစ်တာကို ယူကာ အသံစမ်းပြီးတော့ . . .

မျက်လုံးကို မှိတ်စင်းလိုက်၏။ ပြီးတော့ ဂီတအပေါ် အာရုံညွတ်ရင်း ဖန်တီးခဲ့သော သီချင်းတစ်ပုဒ်ကို အသက်သွင်းဖို့ ကြိုးစားလိုက်ပါသည်။

ကျွန်တော့်အာရုံမှာ ရှုးသွပ်မှုတစ်ခုကလွဲပြီး ဘာမှမရှိတော့။

လက်ချောင်းထိပ်လေးတွေနဲ့ ဂစ်တာကြိုးတို့ တစ်ချက်ချင်း ထိခတ်သွားကြသည်။ ဖြေးဖြေးငြိမ့်ငြိမ့်လေး ပြီးတော့ အေးအေးစိမ့်စိမ့်လေး။

ထိခတ်မိသောနေရာမှ စတင်ကာ ပတ်ဝန်းကျင်က ပန်းတွေ ဝေလာသလို ခံစားလိုက်ရသည်။ တိုက်ခန်းကျဉ်းလေးတွင်းမှာ ဂီတရဲ့ ပျော်ဝင်မှုတစ်ခုက ပွင့်ထွားနုသစ်လာ၏။

ကျွန်တော့်လက်တွေ လှုပ်ရှားနေသည်။ ထို့အတူ ကျွန်တော့် ရင်ခွင်က နွေးထွေးအုံကြွ။

ပြင်းထန်သော ဂီတ လှိုင်းတံပိုးရဲ့ အော်ညည်းသံကို အပြည့်အဝ ခံယူလို . . .

တဖြည်းဖြည်းနဲ့ ထိခတ်နေသော လက်ချောင်းတွေ တိုးရှိုက် ဖျော့တော့လာ၏။ အခန်းလေးတစ်ခန်းက အနုပညာ မော်ဝင်မှုတွေနဲ့ ငြိမ်သက်သွားခဲ့လေပြီ။ ထိုစဉ်မှာပဲ တည်ငြိမ်မှုကို အလိုက်သင့်မျှောခေါ် လိုက်သည့် ရင်တွင်းမှအသံ။

သီချင်းလေးရဲ့ ပထမဆုံးစာကြောင်းက ကျွန်တော့်နှုတ်ဖျားမှ ကိုသက်အောင်၏နားသို့၊ ပြီးတော့ နံရံတို့ရဲ့ ခံစားမှု၊ ရပ်ဝန်းတစ်ခုရဲ့ နှလုံးသားထဲသို့တိုင် ထိုးဖောက်ဝင်ရောက်သွားပါသည်။

ကျွန်တော် မျက်လုံးမှိတ်ထားဆဲ။

ကျွန်တော် သီဆိုနေသည်။ ပြီးတော့ သီချင်းဆိုနေသည်။ နေ့နေ့ ညည မျှော်မှန်းရူးသွပ်ခဲ့ရသော အလုပ်တစ်ခုကို လုပ်နေသည်။



ဘာမှမသိတော့ ကျွန်တော့်အာရုံမှာ ဂီတရဲ့ခေါင်ငင်မှုကလွဲပြီး ဘာမှ ခံစားလို့မရတော့ . . .

အချိန်တွေ ဘယ်လောက်ကုန်သွားမှန်းမသိ။ အသက်ရှူသံဆုံးတော့ ကျွန်တော်မျက်လုံးဖွင့်ကြည့်လိုက်သည်။ ကိုသက်အောင်က သီချင်းစာရွက်ကို အိတ်တွင် ခေါက်ထည့်ကာ . . .

"အစ်ကို . . . ဒါပဲယူသွားတော့မယ်။ ကျန်တာတွေ မလိုတော့ဘူး"

ရင်တွင်းမှ ခံစားမှုတစ်ခုကြောင့် ကိုသက်အောင်ကို စကားပြန် မပြောနိုင်။ ဒါပေမဲ့ . . .

"သီဟ . . . မင်းကို တစ်ခုလောက်တော့ အကြံပေးချင်တယ်ကွာ"

'ဘာလဲ'ဟူသည့်သဘော ကျွန်တော် မျက်လုံးပင့်ပြတော့ . . .

"မင်းရဲ့ တစ်ကိုယ်တော်ခွေကို ဒီအသံ၊ ဒီ Mood အတိုင်း လုံးဝ မလျော့ဘဲ အမြန်ဆုံးလုပ်စေချင်တယ်။ ငါပြောရဲတယ်ကွာ။ ဒီအရည်အသွေးကိုသာ ဆက်ထိန်းထား။ မင်း ပထမခွေနဲ့တင် သေချာပေါက် (1 to 10) ဝင်သွားလိမ့်မယ်"

ကိုသက်အောင်စကားကြောင့် ကျွန်တော် ရေရေလည်လည် ပြုံးမိသည်။ အခွေတစ်ခွေလုပ်ဖို့က ထင်သလောက်မလွယ်ပါ။ ကိုယ့်မှာ အရည်အချင်းရှိရုံနဲ့ မဖြစ်သေး။ ဒါပေမဲ့ . . .

"အင်းပါဗျာ . . . ကျွန်တော် ကြိုးစားနေပါတယ်"

"အကူအညီလိုရင်လည်းပြောကွာ၊ အစ်ကို တတ်နိုင်သလောက် ကူညီပေးမယ်"

ထိုစကားကြားတော့ ပိုလို့ပင် ပြုံးမိသည်။ 'ဒါဆို ကျွန်တော့်ကို ခင်ဗျားစတူဒီယိုမှာ အလကားပေးသွင်းပါလား' ဟုပြောလျှင် ဘယ်လိုနေမည်မသိ။

ဒီလမ်းကြောင်းပေါ်လျှောက်လာသည့် သက္ကရာဇ်တွေ ကြာ



www.burmeseclassic.com

www.burmeseclassic.com

လာတာနဲ့အမျှ လူတွေအကြောင်းကို ကောင်းကောင်းသိနေပြီ။ ဒီလိုပါပဲ အကျိုးလို၍ ညောင်ရေလောင်းကြသူတွေချည်းသာ။

မေတ္တာ၊ စေတနာအပြည့်နဲ့ ညောင်ရေလောင်းသူက ရှိတော့ရှိ၏။ အလွန်ရှားသည်။ ကျွန်တော့်အား ကျသည်ကလည်း ထိုလူမျိုးတို့ရဲ့ စိတ်ဓာတ်၊ ဒါမှမဟုတ် အနုပညာပြည့်ဝမှုပါပင်။

"သူရွေးချင် ရွေးလို့ရအောင် ဒါတွေ ယူမသွားတော့ဘူးလား"

"ဒီတစ်ပုဒ်နဲ့တင် ရပါပြီ၊ သူကြိုက်မှာပါ။ သီချင်းပေးရင်းနဲ့ မင်း ဆိုထားတာကိုပါ ဖွင့်ပြလိုက်မယ်"

ကိုသက်အောင်က သူ့ဖုန်းကို ထောင်ပြတော့ ကျွန်တော်ပင် အံ့သြသွားရပါသည်။ ဘယ်အချိန် အသံဖမ်းထားလိုက်သည်မသိ။ ဒါလည်း ကောင်းပါသည်။ အဆိုတော်ခေါ်ပြီး ကိုယ်တိုင်ဆိုပြရ သက်သာသွားတာပေါ့"

"သူ့အတွက် သီးသန့်အပ်မယ်ဆိုရင်ရော ငါညီလုပ်ပေးမယ်မလား"

အနည်းငယ်တော့ စဉ်းစားသွားရသည်။ ဒါပေမဲ့လည်း မပြောမပြီးတာမို့ . . .

"ကျွန်တော်က အဆိုတော်ရွေးတယ် . . . အစ်ကိုရ၊ ကိုသက်အောင်လည်း ကျွန်တော်နဲ့ လုပ်ဖူးနေတာပဲ။ ကျွန်တော့်စိတ်ကို သိမှာပါ။ ဂီတအပေါ် တော်ရုံ ရူးသွပ်ရုံလောက်နဲ့တော့ အထင်မကြီးဘူး။ ကျွန်တော်အထင်ကြီးတဲ့ လူတွေကလည်း တော်ရုံရူးသွပ်သူတွေ မဟုတ်ဘူး။ အဲတော့ ဂီတအပေါ် တကယ်ရူးသွပ်မယ်။ သီချင်းတစ်ပုဒ်အပေါ် သူများပေးဆပ်တာထက် ပိုပေးဆပ်နိုင်တဲ့လူမျိုး။ အာရုံမှာ အနုပညာကလွဲပြီး ဘာမှမသိ။ ဘာမှမရှိတဲ့လူမျိုးဆိုရင်တော့ ပြောနေစရာမလိုဘူး။ ကျွန်တော့်ကို တေးရေးခမပေးနဲ့။ သူ့ရဲ့ပေးဆပ်မှုကို တစ်သက်လုံး အထင်ကြီးလေးစားတဲ့အနေနဲ့ အလကားရေးပေးမယ်"

ကိုသက်အောင် ငြိမ်ကာ နားထောင်နေ၏။



"ကိုသက်အောင် အဆိုတော်လေးကိုလည်း မေးကြည့်ပါဦး။ ...ကို တကယ်ရူးသွပ်တာလား၊ ပေါ်ပြူလာဖြစ်ချင်တာလားလို့"

ကိုသက်အောင် ဘာမှမပြော။ ကျွန်တော့်ကိုသာ ကြောင်ငေး... ကြည့်နေပါသည်။

"အမှန်အတိုင်းပြောရရင် ရည်ရွယ်ချက်တစ်ခုအတွက် ဝမ်းစာ...ရှာင်းနေရတာပါဗျာ။ ကျွန်တော်လုပ်ချင်တာ ဒီအလုပ်မဟုတ်ဘူး"

ကိုသက်အောင်က သက်ပြင်းကိုချကာ အားနာသလိုပြော၏။

"အေးပါကွာ . . . အစ်ကိုနားလည်ပါတယ်။ အစ်ကိုတို့လည်း ...င်းရဲ့ထွက်လာမယ့် သီချင်းတွေကို မျှော်နေပါတယ်"

ထို့နောက်တော့ ကိုသက်အောင် ပြန်ရန်ပြင်သည်။ မပြန်ခင် ...အကဲခတ်မိသလောက်ကို ကျွန်တော့်အား ပြောသွားသေး၏။

"တကယ်လည်း မင်းရဲ့ပါရမီက တေးရေးပိုင်းမှာထက် အဆို...ပိုင်းမှာ အများကြီးပိုပါတယ်။ အစ်ကို ကြားဖူးထားတာတစ်ခုရှိတယ်ကွ။ ...လူချင်း ယှဉ်လို့မရတဲ့ အရာနှစ်ခုရှိတယ်။ အဲဒါက စန်းနဲ့ ပါရမီဆို...တားပဲ"

ကျွန်တော့်အတွက်ကတော့ လုံးဝကို တက်တက်စင်အောင် ...နေသော စကားပါပင်။

လူချင်းယှဉ်လို့ရသည်၊ စန်းချင်းယှဉ်လို့မရ။

မှန်သင့်သလောက်တော့မှန်သည်၊ ဒါပေမဲ့ 'စန်း' ဟူသော ...အရာမှာ အချိန်ကာလကို မဖြတ်ကျော်နိုင်ပါ။ 'စန်း' တစ်ခုတည်း ရှိရုံ...ဖြင့် ရေရှည်အောင်မြင်နိုင်ဖို့မလွယ်။

ပါရမီ ဟူသည်ကရော။

ကျွန်တော်ကတော့ အရာအားလုံးအားချိတ်၍ ဦးတည်ချက်တစ်ခုတည်းကိုပင် ရူးသွပ်စွဲလမ်းစွာ လုပ်တတ်ခြင်းကို ပါရမီဟု သတ်...တော်ထားပါသည်။



www.burmeseclassic.com

www.burmeseclassic.com

# IV

နောက်တစ်ရက်ကြာပြီးနောက် ညနေပိုင်းမှာ ဖုန်းဝင်လာသည်။ နံပါတ်ကိုကြည့်တော့ နယ်ဖုန်းဖြစ်နေသည်မို့ ဟိုကောင်တွေထဲက တစ် ယောက်ယောက်ပဲဆိုတာ သိလိုက်သည်။

"ဟဲလို . . . "

"သီဟ . . . ငါစိုင်းထက်"

"ဟေ့ကောင် . . . မင်းတို့ဖုန်းကို မျှော်နေတာ။ ရှိုးမှပဲ လည်ပင်း တောင် တော်တော်ရှည်နေပြီ။ ပြော၊ နောက်ထပ် ဘယ်သူတွေ လိုက်ဖို့ ထပ်တိုးလာလဲ"

"အောင်ဇော်မင်းတစ်ယောက်ပဲ တိုးတယ်ကွ"

"အောင်ဇော်မင်း"

ကျွန်တော် တိုးတိုးရေရွတ်မိလိုက်သည်။

"ငါတို့လည်း မင်းပြန်သွားတည်းက အဆင်ပြေမယ့်လူရှာနေ တာပဲ။ ဟေ့ကောင်ရေ . . . လိုက်ချင်တဲ့ လူတွေတော့ ရှိတယ်ကွ။ ငါ တို့နဲ့ အဆင်မပြေလောက်တာနဲ့ မခေါ်တာ။ ဒီနေ့မနက်မှ ဟိုကောင် ရှာကတက်လာပြီး ငါ့ဆီဝင်လို့ စကားဆက်မိရင်း လိုက်ဖြစ်သွားတာ ဘယ်လိုလဲ အောင်ဇော်မင်းဆို အဆင်ပြေလောက်တယ်မလား"



အောင်ဇော်မင်းဆိုသည်က ကျွန်တော်တို့နဲ့ သူငယ်ချင်းအရင်း ကြီး ပင်ဖြစ်၏။ ကျွန်တော်နဲ့ပင် ဆွေမျိုးနီးစပ်တော်သေးသည်။ ဒါပေမဲ့ နေပုံ၊ ထိုင်ပုံက ကျွန်တော်တို့နဲ့ လွန်စွာကွဲလွဲပါသည်။

အောင်ဇော်မင်းသည် ယောကျ်ားတန်မဲ့ လူဖြစ်ရှုံးလောက်အောင် အေးလွန်း၏။ အေးတာမှ မြောက်ဝင်ရိုးစွန်းဒေသများကပင် အဖေခေါ် ရလောက်သည်။ အေးလွန်းသူတစ်ယောက်မို့ ခရီးသွားရာတွင် စိတ် အနှောင့်အယှက်ဖြစ်စရာမရှိပါ။ ကျွန်တော်တို့ကပင် သူ့အတွက် အနှောင့် အယှက်ဖြစ်ချင် ဖြစ်နိုင်ပါသည်။

နောက်ပြီး အားလုံးဝိုင်းကြပ်လျှင် ကိုယ့်ဘက်ပါလာမည့် လူစား မျိုးလည်းဖြစ်သည်မို့ ကန့်ကွက်စရာမရှိ။ ဘာပဲပြောပြော သုံးယောက် တည်းသွားတာထက် တစ်ယောက်တိုးလာခြင်းသည်ပင် ဝမ်းမြောက်ဖွယ် မဟုတ်ပါလား။

"ကောင်းတာပေါ့ကွာ . . . လူစုံသွားတာပေါ့။ အဲဒါဆို ငါ မြို့ထဲသွားပြီး မနက်ဖြန်အတွက် လက်မှတ်ဝယ်လိုက်တော့မယ်"

"အေး . . . ဝယ်ပြီးသွားရင်လည်း ငါ့ကို ဖုန်းပြန်ဆက်ပေးဦး။ ဟိုကောင်က လယ်ထဲမှာဆိုတော့ ဒီကထွက်မယ့်အချိန်ကို သွားပြော ရဦးမှာ"

"အေး . . . အေး . . . ငါဖုန်းပြန်ဆက်ပေးမယ်"

ဖုန်းချပြီးတော့ ရေမိုးချိုးကာ ချက်ချင်းပင် မြို့ထဲဘက် ထွက်ခဲ့ လိုက်ပါသည်။ ဘုရားဖူးရာသီဖြစ်သည်မို့ လက်မှတ်အရောင်းဌာနများ မှာ လူစည်နေ၏။ မနက်ဖြန် လက်မှတ်လိုချင်တာမို့ ဝယ်ရတာ အနည်း ငယ်တော့ ခက်ခဲသည်။

သုံးနေရာလောက်ပြောင်းဝယ်မှပင် အဆင်ပြေလေသည်။ ဒါ တောင် ရှေ့ပိုင်းနှင့် အလယ်ခုံနေရာများမရ။ နောက်ပိုင်းနေရာသာ ရသည်။ မတတ်နိုင်တော့၊ ဒါမှမဝယ်လျှင် နောက်ထပ် လက်မှတ်ရဖို့မှာ မသေချာတော့သည်မို့ ဝယ်လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com

ကားထွက်ချိန်က ည(၉)နာရီ၊ ဂိတ်မှစထွက်မှာဖြစ်ပြီး ဖြတ်စီးလို့ရသည်ဟု ဆိုလာသည်ကြောင့် လမ်းကြောင်းကိုမေးကြည့်တော့ . . .

"ရန်ကုန်–အင်းစိန် လမ်းမကြီးအတိုင်းပဲ သွားမှာအစ်ကို။ လမ်းတစ်လျှောက် ဘယ်နေရာကပဲဖြစ်ဖြစ် စောင့်စီးလို့ရတယ်"

အဆင်ပြေသွားလေပြီ၊ ဂိတ်လာစီးစရာမလိုတော့၊ လမ်းက ဖြတ်စီးရုံသာ။ ထို့ကြောင့် . . .

"ကျွန်တော်တို့ ဆင်ရေတွင်းမှတ်တိုင်က စောင့်စီးမယ်"

"ရတယ် . . . အစ်ကို"

ထို့နောက်တော့ လက်မှတ်ရောင်းသူက သူတို့လက်ခံစာရွက်မှာ ကျွန်တော်တို့စောင့်စီးမည့်နေရာကို ရေးမှတ်သည်။ ပြီးတော့ . . .

"(၉) နာရီ ဂိတ်က စထွက်မှာဆိုတော့ အစ်ကိုတို့နေရာကို (၉:၁၅) လောက် ရောက်လိမ့်မယ်။ အစ်ကိုတို့ (၉)နာရီသာသာလောက်ကတည်းက ထွက်စောင့်ပေးထားပါ"

လက်မှတ်ဝယ်ပြီးနောက် ကျွန်တော့်ကိစ္စပြီးလေပြီ။ စိုင်းထက်ဆီ ဖုန်းပြန်ခေါ်ကာ ကားထွက်ချိန်ရယ်၊ သူတို့ရောက်သင့်ချိန်ရယ် လှမ်းပြောရသေး၏။

ပြီးတော့ မြို့ထဲမှာပင် တစ်ခုခုစားကာ ပြန်လာခဲ့လိုက်ပါသည်။ အချိန်စောနေသေးပေမဲ့ စာမဖတ်နိုင်။ သီချင်းမရေးနိုင်၊ ဂီတာမတီးနိုင်၊ မနက်ဖြန်ခရီးသွားရတော့မည့်အရေးကို တွေးကာ ပျော်နေသည်။

အလုပ်လည်း လုပ်ချင်စိတ်မရှိတော့။

"ကဲ . . . ကျိုက်ထီးရိုးဘုရားကြီးကိုတော့ ဖူးရကံ ကြုံလာချေပါပြီ"

• • •

ညက ကောင်းမွန်စွာ အိပ်စက်ခဲ့ရသည်မို့ လူက လန်းဆန်းစွာ နိုးလာသည်။ စောစောစီးစီး ဆက်ကွေးချင်သေးပေမဲ့ လုပ်စရာအလုပ်တွေ ရှိသေးတာမို့ အိပ်ရာမှ ထလိုက်ရ၏။



ရေမိုးချိုးပြီးတော့ ထုံးစံအတိုင်း ဘုရားရှိခိုး၊ ပုတီးစိပ်လိုက်သည်။ ပုတီးစိပ်ပြီးစဉ်မှာ အဆာပြေအတွက် လမ်းထိပ်ထွက်ခဲ့လိုက်ပါသည်။ ခရီးသွားဖို့ လိုအပ်တာလည်း ဝယ်ရဦးမည်။

အဓိကက နှစ်ရက်သုံးရက်အတွက် ကျွန်တော့်မှာ ခရီးဆောင်အိတ်မရှိပါ။ နောက်ပြီး အနွေးထည်၊ ရန်ကုန်မှာပင် အေးစိမ့်စိမ့်ဖြစ်နေတာမို့ ကျိုက်ထီးရိုးမှာ ဆိုဖွယ်မရှိတော့၊ အစာပြေစားသောက်ပြီးစဉ်မှာ လိုအပ်သမျှဝယ်၍ နီးနီးနားနား လှည်းတန်းသို့ပင် ထွက်ခဲ့လိုက်ပါသည်။

လှည်းတန်းရောက်တော့ ခေါင်းထဲပေါ်လာသမျှ လိုအပ်တာတွေကို ဝယ်လိုက်သည်။ ဝယ်လို့ဝတော့ အချိန်က မွန်းတည့်နေပါပြီ။ ဗိုက်တော့မဆာသေး။ ဒါပေမဲ့ နေ့လယ်စာ စားချိန်ရောက်ပြီမို့ ကြုံရာ ထမင်းဆိုင်မှာပဲ ဝင်စားလိုက်သည်။

စားသောက်ပြီးတော့ တအောင့်တနားထိုင်ကာ အခန်းပြန်လာလိုက်ပါသည်။ အခန်းရောက်မှ ဝယ်လာသော ပစ္စည်းများကို စာရင်းချကြည့်တော့ . . .

ကျောပိုးအိတ်တစ်လုံး၊ တီရှပ်နှင့် အနွေးအင်္ကျီတစ်ထည်၊ သွားတိုက်ဆေး၊ သွားပွတ်တံနှင့် ရေချိုးဆပ်ပြာဘူးတို့ ပါလာသည်။ ခြေအိတ်လဲရန် လိုနေပြီမို့ နှစ်စုံထပ်ဝယ်လာသေး၏။ ပြီးတော့ မပါမဖြစ် ဆေးလိပ်ဘူး။

ထို့နောက်တော့ နှစ်ရက်စာအတွက် လိုအပ်သမျှတို့ကို ဝယ်လာသော အိတ်တွင်းသို့ ထည့်လိုက်ပါသည်။ နာရီဝက်မပြည့်မီ ခရီးသွားရန်အတွက် အဆင်သင့်ဖြစ်သွားတော့သည်။ လုပ်စရာမရှိတော့သည်မို့ နာရီကြည့်ပြီး တစ်ရေးအိပ်ဖို့ ဆုံးဖြတ်လိုက်သည်။

ဟိုကောင်တွေ ရောက်လောက်ဦးမှာမဟုတ်သေး။ နောက်ပြီး ညတစ်ဝက်လောက် ကားစီးရမည်မို့ အိပ်ရဖို့ မသေချာပါ။ စိတ်လက်ပေါ့ပါးနေလို့လားမသိ။ ခဏချင်းပင် အိပ်ပျော်သွားပါသည်။ ဘယ်မျှကြာ သွားသည်မသိ။



www.burmeseclassic.com

www.burmeseclassic.com

"တူ . . . တူ . . . တူ . . . "

ဖုန်းမြည်သံကြားမှ နိုးလေသည်။ ကဗျာကယာ ကောက်ကိုင်လိုက်တော့ . . .

"သီဟ . . . ငါတို့ လမ်းထိပ်ရောက်နေပြီ၊ မင်းအခန်းက တိုက်နံပါတ်ဘယ်လောက်လဲ"

မျက်လုံးဖွင့်ကြည့်တော့ ညနေပင် စောင်းလုနေပြီ။ ဒီကောင်သုံးယောက်လုံး ကျွန်တော့်အခန်းကို ရောက်ဖူးထားသူများမဟုတ်သည်ကြောင့် . . .

"လမ်းထဲဝင်လာခဲ့ လိုက်လေ။ ငါ ဝရန်တာက ထွက်စောင့်နေမယ်"

ဖုန်းချပြီးတော့ ကျွန်တော် ဝရန်တာဘက်ထွက်ခဲ့လိုက်၏။ တိုက်ရှေ့လမ်းပေါ်မှာ ကလေးတွေ ကစားနေကြသည်။ ကျန်သည့်အချိန်များတွင် တိတ်ဆိတ်လေ့ရှိသလောက် ယခုလိုညနေပိုင်း (ကျောင်းလွှတ်ချိန်) များတွင်တော့ ကျွန်တော်တို့လမ်းလေးက ဆူညံနေလေ့ရှိပါသည်။

ဝရန်တာတွင်ရပ်ကာ လမ်းထိပ်ဖက်လှမ်းမျှော်ကြည့်တော့ ဝင်လာတာမတွေ့ရသေး။ ကျွန်တော်တို့ လမ်းလေးမှာ လမ်းထိပ်သို့ တစ်ဖြောင့်တည်းတက်သွားခြင်းမဟုတ်ဘဲ အနည်းငယ် ကွေ့ကောက်နေသည်။ ထို့ကြောင့် လမ်းထဲသို့ ခြေလှမ်းများများ လှမ်းပြီးကာမှ ဝင်လာသူကို တွေ့နိုင်ပါသည်။

မကြာလိုက်ပါ။

ပုပုကွကွ၊ ကွာတားပင်ကို တီရှပ်လက်ပြတ်နှင့် တွဲဝတ်ကာ ကျောပိုးအိတ်ကို ခပ်လျော့လျော့ လွယ်ဝင်လာသူတစ်ယောက်။ ဒီပုံစံ၊ ဒီအရပ်အမောင်းကို မြင်ရုံဖြင့် စိုင်းထက်ဖြစ်မှန်း သိလိုက်သည်။

နောက်ထပ်တွေ့ရသည်က အောင်ရဲ။

ဒီကောင်ကတော့ အရပ်နည်းနည်းရှိသည်ကြောင့် ကြည့်ရမဆိုး။ ဂျင်းပင်အမည်းကို All Star လည်ရှည်တစ်ရံနှင့် တွဲစီးထား၏။ တီရှပ်



တို့ အဖြူပွပွနှင့် နီးလာမှ သေချာကြည့်မိတော့ ခါးမှာ ရေသန့်ဘူးပင် ချိတ်ထားလိုက်သေးသည်။

နောက်ဆုံးတစ်ယောက်ကတော့ ထူးခြားပါသည်။ လုံးဝကွဲချော်နေသော ပုံစံတစ်ခုပင်။ ရှပ်အင်္ကျီလက်ရှည်ကို တံတောင်ဆစ်ထိ ခေါက်ဝတ်ကာ ယောလုံချည်အမည်းနှင့်။

ပုံစံက ခေတ်ဟောင်းမင်းသားကြီး ဝင်းဦးလိုလို၊ ဘာလိုလို။

ကြည့်နေစဉ်မှာပဲ သကောင့်သားသုံးယောက်က ကျွန်တော့်ကို လက်လှမ်းပြသည်။ လက်ပြန်ပြရင်း တိုက်ခန်းတံခါးကို ဖွင့်ထားလိုက်၏။ မကြာပါ လှေကားအတိုင်းတက်လာသော ခြေသံတို့ကို ကြားရပြီးနောက် . . .

"သီဟရာ . . . မင်းဖုန်းကလည်း ခေါ်လိုက်ရတာ။ ငါတို့ တစ်နေကုန်ခေါ်နေတာ ဘယ်လိုမှခေါ်မရဘူး"

စိုင်းထက်စကားကြောင့် ဘောင်းဘီအိတ်တွင်းထည့်ထားသော ဖုန်းကို ဘာရယ်မဟုတ် ထုတ်ကြည့်မိပါသည်။

"ဟုတ်လို့လား . . . ငါ ဘာမှလုပ်မထားပါဘူး"

"မင်းကသာ ဘာမှလုပ်မထားဘူး ပြောတယ်။ ဖုန်းထဲကမိန်းမကတော့ ဆက်သွယ်မှုဧရိယာပြင်ပဆိုတာချည်း အော်နေတော့တာပဲ။ မယုံရင် ဟိုကောင်အောင်ရဲသာ မေးကြည့်တော့"

ဒုတိယတက်လာသော အောင်ရဲက ဟုတ်မှန်ကြောင်း ခေါင်းညိတ်ပြ၏။ အနည်းငယ်တော့ အံ့သြသွားရသည်။ ကျွန်တော် ဖုန်းကို ထားကယ်ပင် ဘာမှလုပ်မထားပါချေ။ စိုင်းထက်ကပင် ဆက်၍ . . .

"တော်သေးတာပေါ့ကွာ။ အခုတစ်ခေါက်ခေါ်တာ ဝင်သွားပေလို့။ မဟုတ်ရင် ငါတို့သုံးကောင် ကားမှတ်တိုင်မှာ အူကြောင်ကြောင်နဲ့ ဘာလုပ်ရမှန်း သိမှာမဟုတ်ဘူး"

ကျွန်တော် ပခုံးသာ တွန့်မိလိုက်၏။ ဘာမှရှင်းမပြတော့ဘဲတော့



www.burmeseclassic.com

www.burmeseclassic.com

ပါချေ။ ဒါပေမဲ့ တစ်နေကုန်ခေါ်နေသည်ဆိုသည့် စကားကိုတော့ အနည်းငယ် သံသယဝင်သွားကာ . . .

"ဖုန်းတစ်နေကုန်ခေါ်နေတယ်ဆိုတော့ ဘာအရေးကြီးလို့လဲ"

စိုင်းထက်က ကျောပိုးအိတ်ကို ပစ်ချကာ အောင်ဇော်မင်းကို လက်ညှိုးထိုးရင်း . . .

"ဒီကောင်ပေါ့ကွာ"

စိုင်းထက်စကားကို အောင်ရဲက ထပ်ဆက်သည်။

"အမှန်က ဒီကောင့်စတိုင်ကို ပြောင်းပေးမလို့။ ငါတို့နှစ်ယောက် တိုင်ပင်ပြီး ဟိုကနေ အစောကြီးထွက်လာကြတာ။ မြို့ထဲရောက်တော့ အဝတ်အစားဝယ်ဖို့ ဒီကောင်ကိုဆွယ်တာ ဘယ်လိုမှဆွယ်မရဘူး။ အဲဒါကြောင့် မင်းကို ဖုန်းဆက်ပြီး စစ်ကူလှမ်းခေါ်တာ . . . ဟေ့ကောင်ရေ မင်းဖုန်းက ဘယ်လိုမှခေါ်မရတော့ ဒီကောင် ဒီပုံစံနဲ့ပဲ မင်းဆီပါလာတာပေါ့"

အောင်ရဲစကားဆုံးမှ ကျွန်တော် အောင်ဇော်မင်းကို သေချာကြည့်မိသည်။ အောင်ဇော်မင်းကတော့ သူ့အကြောင်း ပြောနေသည်ကိုပင် ဂရုစိုက်ပုံမရပဲ နံရံတွင် မှီထိုင်ချသည်။ ပြီးတော့ ပါးစပ်လှုပ်ရုံ တိုးတိုးဆိုသည်။

"ငါမှ အဲ့လိုတွေ မဝတ်တတ်တာကွာ။ မင်းတို့လည်း သိတာပဲ"

ဟုတ်တော့လည်း ဟုတ်၏။ ဟိုးငယ်ငယ်လေးကတည်းက ပေါင်းလာကြသူတွေမို့ အောင်ဇော်မင်းအကြောင်းကို သိပါသည်။ သူကောင်က ဆိုက်နဲ့ ဂိုက်နဲ့ နေတတ်သူမဟုတ်။ ယုတ်စွအဆုံး ဘောင်းဘီရှည်ပင် ဝတ်တာမမြင်ဖူးပါ။ တက္ကသိုလ် သုံးနှစ်တတ်လာတာပင် ရှပ်အင်္ကျီနှင့် လုံချည်နွမ်းနွမ်းသာ ဝတ်လေ့ရှိသူဖြစ်ပါသည်။

ကိစ္စတော့မရှိ။ သုံးယောက်ဝိုင်းကြပ်လျှင်တော့ တစ်မျိုးတစ်မည် ပြောင်းလဲသွားနိုင်သည်။ ထို့ကြောင့် . . .



"ကပါ . . . အဲဒါတွေထားလိုက်ပါဦး။ အခု မင်းတို့ ဘာစားလာကြလဲ"

"ဘာမှစားမလာဘူး"

"အပြင်ထွက်ပြီး တစ်ခုခု သွားစားကြမလား"

"နေပါဦးကွာ . . . စောပါသေးတယ်။ တအောင့်နေမှ ဆင်းစားကြတာပေါ့"

စိုင်းထက်စကားကို ကန့်ကွက်သူ မတွေ့ရ။ ထို့ကြောင့် ကျွန်တော်လည်း ငြိမ်နေလိုက်သည်။ ငြိမ်ထိုင်နေရာမှ တအောင့်ကြာတော့–

"အောက်က တော်တော်ဆူတာပဲကွ။ ဒီလောက်အသံတွေ ဆူနေတာ မင်းဘယ်လိုလုပ်ပြီး နေနိုင်လဲ"

အောင်ရဲပြောလည်း ပြောချင်စရာပါ။ ကလေးတွေ လမ်းမထက် ကစားနေသည်မို့ အသံပေါင်းစုံက အခန်းတွင်းသို့ တိုက်ရိုက်ဝင်နေသည်။

"ဒီလိုပါပဲကွာ . . . အမြဲဆူနေတာလည်း မဟုတ်ပါဘူး။ အခုလို ညနေပိုင်းမှပါ"

စိုင်းထက်က အပြင်ထွက်ကြည့်သည်။ အောင်ရဲကတော့ နံရံမှာ ထောင်ထားသော ဂစ်တာကိုယူကာ ကွဲကွာနေသည့် ရင်သွေးတစ်ယောက်လို ချော့မြူစမ်းသပ်နေ၏။ အောင်ဇော်မင်းမှာတော့ စကားလည်းမပြော၊ လှုပ်ရှားမှုလည်းမရှိ၊ ငူငူကြီး ထိုင်နေသည်။

ဂစ်တာကို အသံစမ်းနေရာမှ အောင်ရဲက . . .

"တော်တော်အသံကောင်းတာပဲကွ။ ဘယ်တုန်းက ဝယ်ထားတာလဲ။ ဟိုတစ်ခါ ငါတို့ဆီ ယူလာတဲ့ကောင်မဟုတ်ပါဘူး"

"မကြာသေးဘူး . . . ငါ အလိုက်ပေးပြီး လဲထားတာ။ ဘယ်လိုလဲ ဂွတ်တယ်မလား"

အောင်ရဲက ခေါင်းညိတ်ကာ တီးကွက်တစ်ခုကို ခပ်ညည်းညည်း တီးနေ၏။ အောင်ရဲလက်မှာလည်း မသေးတာမို့ ဂစ်တာ picking သံက နားထောင်လို့ ကောင်းလှသည်။



www.burmeseclassic.com

www.burmeseclassic.com

တအောင့်ကြာတော့ ဝရန်တာထွက်ရပ်နေသူ စိုင်းထက်ပင် မနေနိုင်စွာ အတွင်းပြန်ဝင်လာသည်။ သူကတော့ နားထောင်သမားသက်သက်ပါပင်။ သီချင်းတစ်ပုဒ်ပင် ဆုံးအောင်မရ။ ဒါပေမဲ့ လက်သံကောင်း မကောင်းဆိုတာကိုတော့ ခွဲခြားတတ်၏။

ဂစ်တာတီးရပ်တော့ . . .

"ငါတို့ ရေအရင်ချိုးရအောင်ကွာ။ ပြီးမှ ထမင်းထွက်စားကြမယ်"

စိုင်းထက်၏ ထိုအဆိုကိုလည်း ကန့်ကွက်သူမရှိပါ။ ထို့ကြောင့် အဆိုတင်သွင်းသူကိုယ်တိုင် အရင်ဆုံး ရေချိုးခန်းဝင်ရလေသည်။ ပြီးတော့ နောက်တစ်ယောက် . . .

ရေချိုးပြီးစဉ်မှာ ကျွန်တော်ကပင် ဦးဆောင်၍ စားနေကျထမင်းဆိုင်သို့ ချီတက်ခဲ့တော့၏။

လမ်းမီးတို့ပင် ထိန်ထိန်ညီးကာ နေပေပြီ။



# V

ထမင်းစားပြီးတော့ ည(၇)နာရီကျော်နေပြီ။ အနည်းငယ် စောနေသေးသည်မို့ လက်ဖက်ရည်ဆိုင်ထိုင်ဖို့ ဆုံးဖြတ်လိုက်သည်။ ဆိုင်ရွေးတော့ နီးနီးနားနား ဆင်ရေတွင်းမှတ်တိုင်ရှိ ဆိုင်တစ်ဆိုင်မှာ သောက်ကြဖို့ သဘောတူပါသည်။

ထို့ကြောင့် ထိုင်နေကျ လက်ဖက်ရည်ဆိုင်သို့ပင် ဦးဆောင်ကာ ခေါ်သွားလိုက်၏။ ပလက်ဖောင်းဘေးစားပွဲလွတ်တစ်လုံးမှာ အသီးသီး နေရာယူပြီးတော့ . . .

ဘာမဆိုင် ညာမဆိုင် အောင်ရဲက ကျွန်တော့်လက်ကို ထဆွဲကာ . . .

"တော်တယ်ကွာ . . . ။ ဒါကြောင့်မလို့ မင်းကို ငါချစ်တာ ရွေးချယ်မှု လုံးဝမှန်သွားပြီ"

ကျွန်တော်ကြောင်သွားကာ ဟိုနှစ်ကောင်ကို လှမ်းကြည့်တော့ ဒီကောင်တွေလည်း အူလည်လည်။

"ဘာလို့ ဒီလောက်ကောင်းတဲ့နေရာကို ရွေးချယ်လိုက်တာလဲ"

www.burmeseclassic.com

www.burmeseclassic.com

မျက်လုံးကစားပြမှ ဆိုလိုရင်းကို ကျွန်တော်ရော၊ ဟိုနှစ်ကောင်ပါ နားလည်သွားရသည်။ အောင်ရဲပြောလည်း ပြောချင်စရာပါ။ ကားမှတ်တိုင်တွင် အရွယ်စုံ၊ ဆိုဒ်စုံ၊ မိန်းမချောတွေ ပျားပန်းခတ်များပြားနေ၏။

သာမန်ထက်ပင် ပိုနေသည့်အပြင် ရုံးဝတ်စုံ၊ ချိုင့်ဆွဲ၊ ဖိုင်တွဲ လွယ်အိတ်၊ ကျောပိုးအိတ် အကုန်စုံပါသည်။ အားလုံးက မှတ်တိုင်တွင် ရပ်ကာ တစ်နေရာဆီကို မျှော်ငေးနေ၏။ ကျွန်တော်တို့ နေရာနဲ့ မဝေးလှသည်မို့ အကွက်အကွင်း ကောင်းလှပါသည်။

"ဟုတ်ပါ့ကွာ . . . အောင်ရဲပြောမှပဲ သေချာကြည့်မိတယ်။ ရန်ကုန်တစ်မြို့လုံးကမိန်းကလေးတွေ အကုန်လုံး စုမြင်လိုက်ရသလိုပဲ။ မင်းကတော့ ဂေါ်တာပဲ"

ကျွန်တော့်ကို ရည်ရွယ်ကာ ပြောသည်မို့ . . .

"ဘာလဲကွ ဂေါ်တာ . . . "

"မင်းအတွက် ကောင်းတာကိုပြောတာလေကွာ၊ ညနေဘက် ဒီဆိုင်လာလာထိုင်ရင် ဘာပဲပြောပြော အသက်ပိုရှည်တာပေါ့၊ နောက်ကျရင် ငါတို့မင်းဆီ ခဏခဏလာခဲ့မယ်"

ကျွန်တော် နှုတ်ခမ်းမဲ့မိလိုက်သည်။

"ဒါနဲ့ နေပါဦးကွ . . . ဘာဖြစ်လို့ မှတ်တိုင်မှာ ဒီလောက် လူတွေစည်နေရတာလဲ"

အမေးရှိတော့လည်း သိထားသလောက် ပြောပေးရပါသည်။

"အဲဒါက ဒီလို . . . ။ ဟိုရှေ့က လမ်းထဲမှာ အင်္ဂလိပ်စကားပြောသင်တန်းတစ်ခုရှိတယ်။ နာမည် တော်တော်ကြီးတယ်ကွာ။ လူမျိုးစုံလည်း တက်တယ်။ ဒီအချိန်က သင်တန်းဆင်းတဲ့အချိန်။ အဲဒါကြောင့်မလို့ မှတ်တိုင်မှာ လူစည်နေတာ"

"ရုံးဝန်ထမ်းတွေလည်း ပါတယ်လား"



ကားစောင့်နေသူများထဲတွင် ရုံးဝတ်စုံဝတ်ထားသူများလည်း ပါသည်မို့ စိုင်းထက်က မေးခြင်းဖြစ်ပါသည်။

"ပါတာပေါ့။ အခုလို ညနေပိုင်းအချိန်က သူတို့ကို အဓိက ရည်ရွယ်တာလေ"

"သြော် . . . "

ထိုစဉ်မှာပဲ စားပွဲထိုးကောင်လေး ရောက်လာကာ . . .

"အစ်ကိုတို့ ဘာသောက်ကြမလဲ"

နှစ်သက်ရာ ကိုယ်စီမှာပြီးတော့ စားပွဲထိုးလေး ပြန်ထွက်သွားသည်။ တအောင့်ကြာတော့ လက်ဖက်ရည်လေးခွက်ကိုင်ကာ ပြန်ရောက်လာ၏။ ထိုအချိန်၌ မှတ်တိုင်က ကောင်မလေးများကိုကြည့်ပြီး ရပ်ပျက်ဆင်းပျက်ဖြစ်နေသူက စိုင်းထက်။

'ဖုန်း' ခနဲ ဇက်ပိုးအုပ်ချတော့ သကောင့်သား ငိုက်ကျသွားသည်။

"သတိလည်း ထားဦး။ မျက်လုံးတွေ လိုက်ကောက်နေရဦးမယ်"

စိုင်းထက်က သူ့အကြောင်း သူသိစွာ ရှက်ရယ်ရယ်ရင်း . . .

"မဟုတ်ပါဘူးကွာ၊ ငါတို့အားလုံးရဲ့ အနာဂတ်အတွက် စဉ်းစားနေတာပါ"

ကြားရသော စကားကြီးစကားကျယ်ကြောင့် ကိုယ့်နားကိုယ်ပင် မယုံနိုင်အောင် ဖြစ်သွားရသည်။

"တယ်လာတဲ့ ငါပါလား။ လုပ်စမ်းပါဦး . . . ငါတို့ အနာဂတ်အတွက် ဘာတွေများ အနစ်နာခံပြီး စဉ်းစားပေးနေတာလဲ"

အောင်ရဲ၏ ခပ်ရွဲ့ရွဲ့အမေးကြောင့် . . .

"သြော် . . . ဒီလိုကောင်မလေးတွေနဲ့ ငါတို့တွေ ဘုရားမှာတွေ့ရရင် သိပ်ကောင်းမှာပဲလို့ စဉ်းစားကြည့်နေတာ"

"ကောင်းလိုက်တဲ့ အတွေးကွာ"



www.burmeseclassic.com

www.burmeseclassic.com

ဒီစကားကတော့ ရွှံ့သံမပါတော့ပါ။ တစ်ခွန်းတည်းနဲ့ အောင်ရဲ လက်ခံသွားပြီထင်၏။

“မင်းတို့ပဲ စဉ်းစားကြည့်လေ။ ဒီအတိုင်း ငါတို့ချည်း သွားတာ ထက်စာရင် ကောင်မလေးချောချောလေးတွေနဲ့ ဘုရားမှာတွေ့။ မိတ်ဆွေ တွေဖြစ်၊ ဘုရားအတူဖူး၊ အတူတူလျှောက်လည်၊ ဘယ်လောက် ကြည်နူး ဖို့ ကောင်းလိုက်မလဲ”

စကားဆုံးတော့ တစ်ချိန်လုံးငြိမ်နေသည့် အောင်ဇော်မင်းက ဝင်ငေါက်ပါသည်။

“ဟေ့ကောင်တွေ . . . မင်းတို့ဟာက ဘုရားသွားဖူးမှာလား၊ ဇာတ်လမ်းသွားရှာကြမှာလား”

“ဒါကတော့ ဘုရားလည်းဖူးရင်း လိပ်ဥလည်း တူးရင်ပေါ့ကွာ”

အောင်ရဲစကားကို အားလုံး ဝိုင်းရယ်ကြသည်။ အောင်ဇော်မင်း ကတော့

“တယ်လည်းဟုတ်တဲ့ကောင်တွေ”

ဟု ခပ်ပေါ့ပေါ့ ဝင်ပြော၏။

“ဘယ်လိုလဲ . . . သီဟ၊ မင်းလည်း လက်ခံတယ်မလား”

“ငါကတော့ လက်မခံဘူး”

“ဘာဖြစ်လို့လဲ”

“မင်းတို့က ကောင်မလေးတွေနဲ့ ဘုရားပေါ်ရောက်မှ တွေ့မှာ မလား။ ငါကတော့ အဲလောက်မစောင့်နိုင်ဘူး။ မကြာခင် စီးရတော့မယ့် ကားပေါ်မှာကို တွေ့ချင်တာ”

ပထမတော့ ကျွန်တော့်စကားကို နားထောင်ပြီး ကြောင်တောင် တောင် ဖြစ်သွားကြသည်။ ပြီးမှ သဘောကျကာ တဟားဟား ဝိုင်းရယ် ကြ၏။ အရယ်ဆုံးတော့ ကိုယ်ဖြစ်ချင်တာများကို တစ်ယောက်တစ်ပေါက် ဝိုင်းပြောကြတော့သည်။



လာချပေးထားသော လက်ဖက်ရည်ကိုပင် သောက်ဖို့ သတိ မေ့ကြတော့ပါ။ ကျွန်တော်တို့ လက်ဖက်ရည်ဝိုင်းလေးက ရယ်မောသံ တွေ၊ နိုပ်ကွက်သံတွေ၊ ပြန်လည်ချေပသံတွေနဲ့ ပျော်ရွှင်ဖွယ်သက်ဝင်နေ သည်။ အောင်ဇော်မင်းကတော့ ကျွန်တော်တို့ပြောသမျှကို ပြုံးမဲ့မဲ့သာ နားထောင်နေ၏။

နောက်ဆုံးတော့ သည်းခံနိုင်စိတ် ကုန်ခမ်းလာသည်ထင်သည်။

“ကဲ . . . ဟေ့ကောင်တွေ၊ လိပ်ဥတူးဖို့ချည်း စိတ်ကူးမနေနဲ့ဦး၊ နာရီလည်း ကြည့်ဦး။ တော်ကြာ ကားနောက်ကျလို့ လိပ်ဥမတူးရဘဲ လေဥပဲ ရနေလိမ့်မယ်”

✂ ✂ ✂



www.burmeseclassic.com

www.burmeseclassic.com

# VI

အခန်းပြန်ရောက်တော့ လုပ်စရာမရှိသည်မို့ ကျွန်တော်တို့တွေ ရေတစ်ခေါက် ထပ်ချိုးကြသည်။ ရေချိုးပြီးစဉ်မှာတော့ အောင်ဇော်မင်းအား ပုံစံပြောင်းပေးဖို့အရေးကို ဝိုင်းဝန်းကြိုးစားလိုက်ကြတော့၏။ အောင်ဇော်မင်းရေချိုးခန်းထဲမှ ထွက်လာလာချင်းပင် . . .

"ရော့ . . . ဟေ့ကောင် . . . မင်း ဒီဘောင်းဘီဝတ်ရမယ်"

ကျွန်တော်ထုတ်ပေးသော ဘောင်းဘီကို ကြည့်ကာ . . .

"ဟာ . . . ဘာလုပ်ဖို့လဲ ငါမဝတ်ချင်ပါဘူး"

"မဝတ်ချင်ဘူးမလုပ်နဲ့ ဝတ်ကိုဝတ်ရမယ်။ မင်း ပုဆိုးပြန်ဝတ်စရာမလိုတော့ဘူး"

အောင်ရဲကလည်း ရသည့်အခွင့်အရေးကို လက်လွှတ်မခံပါ။

"ဟုတ်တယ် . . . ။ မင်း ဝတ်ချင်ချင်၊ မဝတ်ချင်ချင် ဝတ်ကိုဝတ်ရမယ်။ ဘယ့်နှယ်ကွာ . . . လူငယ်တွေချည်းပဲ သွားတဲ့ခရီးကို ပေါ့ပေါ့ပါးပါးပေါ့။ ပုဆိုးကြီးတကားကားနဲ့ မျက်စိနောက်တယ်။ ဘာလဲ မင်းက လေးယောက်ထဲမှာ ဆရာကြီးပုံစံ ဖမ်းချင်လို့လား"

"ကျွတ် . . . မဟုတ်ပါဘူးကွာ။ မင်းတို့တွေကလည်း ငါမှ ဘောင်းဘီမဝတ်တတ်တာ"



"မဝတ်တတ်ရင် သင်ပေးမယ်ဟေ့ကောင်။ ဘောင်းဘီဝတ်တာ လွယ်လွယ်လေး၊ ခြေထောက်နှစ်ဖက်ကို အပေါက်ထဲထိုးသွင်းပြီး ဇစ်ဆွဲ ယ်သီးတပ်ရုံပဲ"

အောင်ရဲစကားကြောင့် ကျွန်တော် ပြုံးမိသေးသည်။ အောင်ရဲ 'အသာနေ' ဟူသည့်သဘော မျက်လုံးတစ်ဖက်မှိတ်ပြကာ . . .

"ခရီးသွားတာ စိတ်တူကိုယ်တူပေါ့ကွာ၊ မင်းတစ်ယောက်တည်း ပြီး ဝတ်ခိုင်းတာမှမဟုတ်တာ။ ငါတို့လည်း ဝတ်မှာပဲ"

စိုင်းထက်က ထလာပြန်၏။

"မင်းဟာမင်း ဘုရားပေါ်ရောက်မှ ဝတ်ချင်တာဝတ်။ အခု သွားကိုတော့ အားလုံး ညီတူညာတူ ဘောင်းဘီပဲဝတ်ရမယ်"

နောက်ဆုံးတော့ ကျွန်တော်တို့ ဝိုင်းကြပ်သည့် ဒဏ်ကိုမခံနိုင် တော့ပဲ အောင်ဇော်မင်းတစ်ယောက် ခေါင်းညိတ်လိုက်ရတော့သည်။ ဆောင် ရသည့်ဘက်က ကန်သေး၏။

"ငါ့မှာ အင်္ကျီမရှိဘူးနော်။ ပါလာတဲ့ရှပ်အင်္ကျီပဲ ဝတ်မှာ"

"ဝတ်စရာမလိုဘူး . . . ဟေ့ကောင် . . . ငါပေးမယ်"

စိုင်းထက်က ပြောပြောဆိုဆို သူ့ကျောပိုးအိတ်ဇစ်ကို ဆွဲဖွင့် အင်္ကျီတစ်ထည် ထုပ်ပေး၏။ မတတ်သာသည့်အဆုံး ကျွန်တော် သဘောအတိုင်း ဝတ်ရလေတော့သည်။

ခါးဆိုဒ်ကြီးသည်ကြောင့် ကျွန်တော့်ဆီမှ ဆိုဒ်အကြီးဆုံးဘောင်း ဝင် အောင်ဇော်မင်းနဲ့ အနေတော်။ ဒါပေမဲ့ ခြေထောက်ပိုင်း ပွပွရွရွ တော့ရှိသည်။ စိုင်းထက်မှာ ကိုယ်လုံးသေးလေတော့ အောင်ဇော်မင်း တွက် အင်္ကျီမှာ တိုတိုကြပ်ကြပ်လေး ဖြစ်နေပါသည်။

အင်္ကျီအပိုတော့ ကျွန်တော့်မှာ ရှိသေးသည်။ ဒါပေမဲ့ ကျွန်တော် င့် စိုင်းထက်မှာ ကိုယ်လုံးချင်းသိပ်မကွာသည်မို့ လဲပေးလည်း အောင် ာ်မင်းအတွက် ထူးခြားလာမည်မထင်ပါ။



www.burmeseclassic.com

www.burmeseclassic.com

အပြည့်အစုံ ဆင်မြန်းပြီးချိန်မှာ အောင်ဇော်မင်းပုံစံကိုကြည့်ပြီး ကျွန်တော် ကြိတ်ပြုံးမိသည်။ အပေါ်ပိုင်း ကိုယ်ကြပ်၊ အောက်ပိုင်းက ဘောင်းဘီပွပွနှင့်ကြည့်ရတာ Rapper လိုလို၊ ရာဇာနေဝင်းလိုလို၊ ဒါပေမဲ့ ဒီကောင် စိတ်ပြောင်းသွားမှာစိုးသည်ကြောင့် ထုတ်မပြောရဲ။

အောင်ဇော်မင်းကတော့ ငါးပိစားထားသောမျောက်လို မနေ့တတ်၊ မထိုင်တတ်စွာ မျက်နှာကြီးကိုရဲလို့။

ထို့နောက်တော့ ကျွန်တော်တို့သုံးယောက်လုံး အဝတ်အစား မြန်မြန်လဲလိုက်သည်။ အားလုံးအဆင်သင့်ဖြစ်ပြီးချိန်မှာတော့ အခန်းကို သော့ပိတ်ပြီး အောက်ဆင်းခဲ့တော့၏။

လမ်းပေါ်ရောက်တော့ (၉)နာရီပင် ရှိသေးတာမို့ စည်ကားလို့ ကောင်းဆဲပင်။ ကျောပိုးအိတ်ကိုယ်စီလွယ်ကာ ရှီးအပြည့်ဖြင့် ထွက်လာသော ကျွန်တော်တို့လေးယောက်ကိုမြင်တော့ ကွက်ကြည့်ကွက်ကြည့်တွေ ဖြစ်ကုန်၏။

ဒီရာသီ၊ ဒီပုံစံတွေနှင့်မို့ တချို့တွေလည်း ကျိုက်ထီးရိုးသွားမှာ ဖြစ်ကြောင်း သဘောပေါက်ကြသည်။ (၉)နာရီပင် ရှိသေးပေမဲ့ ဒီဇင်ဘာ အငွေ့အသက်ကို ရှူရှိုက်ခံစားနေရ၏။

တော်သေးသည်၊ အနွေးထည်ဝတ်လာပေလို့။ ပြီးတော့ အောင် ရဲကို အားကျကာ ရှူးအဖြူတစ်ရန်လည်း စီးလာခဲ့သည်။ ဒီလောက်နဲ့ ဆို ပြင်ပအအေးဒဏ်ကိုပင်မဟုတ် ကားပေါ်မှ Air-Con ကိုလည်း အန်တု လို့ ရနိုင်လောက်ပါသည်။

လမ်းထိပ်ကိုရောက်တော့ ရန်ကုန်–အင်းစိန်လမ်းမကြီးက လှုပ် ရှားကောင်းဆဲပင် ရှိသေး၏။ ကားတွေ၊ လူတွေ၊ ဈေးသည်တွေဖြင့် သက် ဝင်ကောင်းတုန်း။ ကျွန်တော်တို့ထိုင်ခဲ့သည့် လက်ဖက်ရည်ဆိုင်ပင် လူ စည်နေဆဲရှိသေးသည်။

မှတ်တိုင်တွင်လည်း ကားစောင့်သူတွေ ရှိပါသေး၏။ ကျွန်တော်



တို့ကတော့ လူရှင်းသောနေရာတွင် ရပ်ကာ ဆူးလေဘက်မှလာမည့် ဘုရားဖူးကားကြီးကို စောင့်မျှော်နေမိပါတော့သည်။

(၉း၁၅) လောက် ရောက်မည်ဆိုပေမဲ့ တကယ့်တကယ် (၉)နာရီ ခွဲတာပင် ရောက်မလာပါ။ ဒီလောက်က ကိစ္စမရှိသေး။ နားလည်ပေး ဆိုရသည်။ အများနှင့်လုပ်ရသော အလုပ်မို့ အနည်းငယ် တိမ်းစောင်း ကောင်း တိမ်းစောင်းနိုင်ပါသည်။

ဒါပေမဲ့ (၁၀) နာရီထိုးသည်ထိ ရောက်မလာသည်ကတော့ စိတ် ထင်စားဖို့ ကောင်းသွားခဲ့ချေပြီ။ စိုင်းထက်က . . .

"(၁၀)နာရီတောင် ထိုးနေပြီ . . . ကားက ဘယ်လိုဖြစ်တာလဲ။ ဖုန်းလှမ်းဆက်ကြည့်ပါလား"

ဖုန်းဆက်ကြည့်တော့ ယောကျ်ားတစ်ဦးရဲ့ ထူးသံနှင့်အတူ ကား ထွက်လာနေပြီဖြစ်ကြောင်း၊ မူလနေရာမှာပင် စောင့်နေရန်နှင့် သေချာ ပေါက် ရပ်ခေါ်လိမ့်မည်ဟု ပြောလာသည်။ ဒီတော့လည်း သက်ပြင်းကို ချကာ ဆက်စောင့်နေရတော့၏။

ထိုစဉ်မှာပဲ အရှေ့ဆီမှ ဘုရားဖူးကားကြီးတွေ တစ်စီးပြီးတစ်စီး ဖြတ်ကျော်သွားကြသည်။ ကျွန်တော်တို့ကိုများ ဘယ်ကားရပ်ခေါ်မလဲ ရင်တထိတ်ထိတ်စောင့်ကြည့်ပေမဲ့ တစ်စီးမှ ရပ်မခေါ်ပါ။

ကားနဖူးစီး၌ ဘုရားဖူးအဖွဲ့ နာမည်ကို စာလုံးကြီးများဖြင့်ရေး ထားကာ နှစ်စီးတစ်တွဲ၊ သုံးစီးတစ်တွဲဖြင့် ဖြတ်ကျော်သွားကြပါသည်။ နာမည် ကြီး ဘုရားဖူးပို့ဆောင်ရေးကားများဖြစ်ပြီး တချို့မကြားဖူးသော ပို့ဆောင် ရေးနာမည်သစ်များကိုလည်း တွေ့ရသည်။ ကျွန်တော် လက်မှတ်ဝယ် ထားသည့်ဘုရားဖူးပို့ဆောင်ရေး နာမည်ကိုတော့ ယခုချိန်ထိ မမြင်ရ သေး။

ကျွန်တော့်စိတ်ထင် ရှေ့မှဖြတ်ကျော်သွားသော ဘုရားဖူးကား ကြီးတွေပင် ဆယ့်ငါးစီး အစီးနှစ်ဆယ်လောက် ရှိသွားလိမ့်မည်။ ကျွန်



www.burmeseclassic.com

www.burmeseclassic.com

တော်တို့ကတော့ လည်ပင်းရှည်ကောင်းဆဲပါ။ ပတ်ဝန်းကျင်၌ ကားစောင့်သူတွေပင် တစ်စထက်တစ်စနည်းလာကာ တချို့ဈေးဆိုင်တွေဆို သိမ်းကုန်ကြပြီဖြစ်၏။

နာရီကိုကြည့်တော့ ဆယ်နာရီခွဲ။

နောက်တစ်ခေါက် ဖုန်းထပ်ဆက်တော့ မကိုင်တော့ချေ။

စိတ်ထဲမှာ ထင့်ခနဲ ဖြစ်သွား၏။ ဘယ်လိုဖြစ်တာလဲ အလိမ်ခံလိုက်ရပြီလား၊ ဘုရားဖူးပို့ဆောင်ရေးလုပ်၍တော့ လိမ်မစားတန်ကောင်းပါ။

ဒါဆို ဘယ်လိုဖြစ်လို့ ကားက အခုလောက်နောက်ကျနေရတာလဲ။

သူများဘုရားဖူးအဖွဲ့တွေပင် အသီးသီးသွားလို့ ကုန်တော့မည်။ ကားထွက်လာပြီလဲ ဆိုသေး၏။ မြို့ထဲနဲ့ ဒီကြားချိန်က လွန်ရော ကျွံရော နာရီဝက်ပါ။ ဒါပေမဲ့ . . .

ထိုစဉ်မှာပဲ ခုနခေါ်ထားသော ဖုန်းမှာ ပြန်ဝင်လာသည်။

"ဟဲလို . . . "

ခပ်မာမာထူးလိုက်တော့ . . .

"ကိုသီဟလား မသိဘူးခင်ဗျာ"

"ဟုတ်ပါတယ်"

"ကျွန်တော်တို့ ( . . . . . . . . ) ဘုရားဖူးပို့ဆောင်ရေးကပါ။ အစ်ကိုဖုန်းခေါ်ထားတာ တွေ့လို့ပါ"

"ဟုတ်တယ် . . . ။ ခင်ဗျားတို့ကား အခုချိန်ထိ ရောက်မလာသေးလို့ ခေါ်ထားတာ။ ဘယ်လိုလဲဗျ . . . ခင်ဗျားတို့ အလုပ်လုပ်တာ တိကျလှချည်လား။ ကိုးနာရီကားထွက်လာမယ်ဆိုလို့ ကျွန်တော်တို့ ထွက်စောင့်နေတာ ဆယ်တစ်နာရီထိုးတော့မယ်"

"ဟုတ်ပါတယ် . . . အစ်ကို။ ကျွန်တော်တို့ အများကြီးတောင်းပန်ပါတယ်။



ကားက ဂိတ်ကထွက်သွားပြီးမှ ပြည်လမ်းပေါ်မရောက်ခင် တော်ချို့ယွင်းသွားလို့ပါ။ အခု ကားလဲပြီး လွှတ်လိုက်ပါပြီ။ အစ်ကိုတို့ဆီကို မကြာခင် ရောက်လာပါလိမ့်မယ်"

ကျွန်တော် ဒေါသထွက်ထွက်ဖြင့် ကောနေပေမဲ့ တစ်ဖက်ကတော့ အေးဆေးပျူငှာစွာပင် ရှင်းပြနေ၏။ ပြီးတော့ လဲပေးလိုက်သည့် ကားနံပါတ်ကို ကျွန်တော့်အား ပြောသည်။

ကျွန်တော် စိတ်ပျက်ပျက်နဲ့ပင် ဟိုကောင်သုံးကောင်ကို ကားနံပါတ်မှတ်ရအောင် ကျယ်ကျယ်အော်ပေးလိုက်၏။ ကျွန်တော် ဒေါသထွက်နေသည်ကို ရိပ်မိကာ တစ်ဖက်က အထပ်ထပ်ပင် တောင်းပန်ကာနေပါတော့သည်။

နောက်ဆုံးတော့ သက်ပြင်းလေးကြီးတစ်ခုသာ မှုတ်ထုတ်မိတော့၏။ ကားပျက်သည်ဆိုတော့လည်း မတတ်နိုင်ပါ။ စက်ပစ္စည်းနဲ့ အလုပ်လုပ်နေရသူတွေမို့ ဒီထက်လည်း ပိုမပြောချင်တော့။

ဖုန်းချပြီး စိတ်ပျက်လက်ပျက်ဖြင့် ပလက်ဖောင်းပေါ် ထိုင်ချတော့ အောင်ဇော်မင်းက ကျွန်တော်တို့ကို ရီတီတီဆိုသည်။

"ဘုရားဖူးရင်း လိပ်ဥတူးချင်တဲ့ကောင်တွေပဲကွာ၊ ဒီလောက်တော့ ခံရမှာပေါ့"

"မင်းကြီးဒေါ် ခံရမှာလား။ ပါးစပ်ပုပ်နဲ့ လျှောက်မပြောနဲ့။ ခင်းသာ ရေယောင်မခံရဖို့ ကြိုးစား"

အောင်ရဲက စိတ်ပေါက်ပေါက်နဲ့ ထအော်သည်။ ကျွန်တော်တို့ဆင်ရေတွင်းမှတ်တိုင်လေးကတော့ တော်တော်ကြီးကို ရှင်းလင်းစပြုနေပါပြီ။

မှတ်တိုင်တွင်လည်း ကားစောင့်သူမရှိတော့။ ကျွန်တော်တို့ထိုင်ခဲ့သော လက်ဖက်ရည်ဆိုင်လည်း သိမ်းသွားခဲ့ပါပြီ။

တချို့အိမ်တွေဆို မီးတောင်မှိတ်ကုန်ကြပြီ။ ခပ်လှမ်းလှမ်းမှာတော့ အမှိုက်သိမ်းကားတစ်စီး ရပ်နေ၏။ လူအချို့က အမှိုက်ပုံးဆီမှ



www.burmeseclassic.com

www.burmeseclassic.com

အမှိုက်အိတ်တွေ ကားပေါ်ပစ်တင်ပေးနေသည်။ ဝန်ထမ်းမိန်းကလေး အချို့မှာ မတ်တပ်တံမြက်စည်းဖြင့် ပလက်ဖောင်းတစ်ဝိုက် လိုက်လှည်းကျင်းနေပါသည်။

"သီဟ . . . မင်းမှာ ဆေးလိပ်ပါသေးလား"

အောင်ရဲအမေးစကားကြားမှ ကျွန်တော်လည်း ဆေးလိပ်သောက်ဖို့သတိရသည်။ စိတ်တိုနေတာနဲ့ ဆေးလိပ်သောက်ဖို့ပင် သတိမရ။

ကားလွတ်လိုက်ပြီဆိုပေမဲ့ ဘယ်အချိန်မှ ရောက်လာမယ်မှန်း မသိသေး။ စိတ်ပြေလက်ပျောက် ဆေးလိပ်ပဲ ထိုင်သောက်စရာရှိတော့သည်။ အင်္ကျီအိတ်တွင်းမှ ဆေးလိပ်ဘူးကိုထုတ်ပြီး အောင်ရဲအား ပေးလိုက်သည်။ အောင်ရဲက တစ်လိပ်နှိုက်ကာ မီးညှိ၏။

ကျွန်တော်လည်း တစ်လိပ်ယူကာ မီးညှိဖွာရှိုက်လိုက်ပါသည်။

အခုမှ လူကအနည်းငယ် နေသာထိုင်သာရှိသွား၏။ ညဆယ်တစ်နာရီထိုးပြီမို့ ရန်ကုန်ဆောင်းက ပညာပြစပြုနေပြီ။ ဆေးလိပ်က အရသာခံသောက်ရင်း တစ်လိပ်ဆုံးခါနီးတော့ . . .

"ကိုသီဟဆိုတာ ရှိလားမသိဘူးခင်ဗျာ"

နာမည်ကိုခေါ်ရင်း အနားရောက်လာသည်က လူတစ်ယောက်။ လွယ်အိတ်ကို စလွယ်သိုင်းကာ စာရွက်တစ်ရွက်ကို ကိုင်ထားသည်။ ကျွန်တော်ထိုင်ရာ မှထကာ . . .

"ဟုတ်ပါတယ် . . . ကျွန်တော်သီဟပါပဲ"

"ဟာ . . . အစ်ကို၊ အစ်ကိုတို့အဖွဲ့ကို ရှာတာကြာနေပြီ"

ပြောစကားနှင့် ပုံစံကိုကြည့်ပြီး ကျွန်တော်သဘောပေါက်လိုက်သည်။ ကျွန်တော်တို့ စောင့်မျှော်နေသော ဘုရားဖူးကားမှ စပယ်ယာ (သို့) ဝန်ထမ်းတစ်ဦးပင် ဖြစ်ရပေမည်။ ကြားရသောစကားနှင့် ပတ်သက်၍လည်း အနည်းငယ် အံ့သြသွားရကာ . . .

"ကျွန်တော်တို့ ဒီမှာထိုင်နေတာ ကြာပြီ။ ခင်ဗျားတို့က ဘယ်သွားပြီးရှာနေတာပဲ။ ဒါ ဆင်ရေတွင်းမှတ်တိုင်လေ"



ထိုလူက ပျာပျာသလဲပင် . . .

"ဟုတ်ပါတယ်ဗျာ . . . ။ ကျွန်တော်တို့ နေရာမှားသွားတာပါ၊ ဟိုရှေ့တစ်မှတ်တိုင်ကျော်မှာ ကားရပ်ပြီး ရှာနေတာ။ ဘယ်လိုမှ ရှာမတွေ့တာနဲ့ မေးကြည့်တော့မှ နေရာမှားနေမှန်းသိတာ။ တော်သေးတာပေါ့၊ တစ်ခါတည်းတွေ့လို့။ လာ . . . သွားကြမယ် အစ်ကို"

ဒီတော့မှ ကျွန်တော်တို့လေးယောက်လည်း တစ်ယောက်ကို တစ်ယောက်ကြည့်ပြီး သက်ပြင်းချမိတော့သည်။ ထိုလူက Taxi တစ်စီးတားကာ ကျွန်တော်တို့လေးယောက်ကို ရှေ့တစ်မှတ်တိုင်သို့ တင်ခေါ်သွား၏။ မှတ်တိုင်မှာကား Express ကားကြီးတစ်စီး မီးစုံဖွင့်ကာ ကျွန်တော်တို့အလာကို ရပ်စောင့်နေပါသည်။ ကားဆီရောက်တော့ အရင်ဆုံးတက်သွားသည်က စိုင်းထက်။ သကောင့်သားမှာ ကားပေါ်ရောက်မှ ငေါက်ခနဲပြန်ဆင်းလာပြီး ကျွန်တော်တို့နားကပ်ကာ . . .

"သေရောကွာ . . . ကားပေါ်မှာ အလန်းလေးတွေမရှိဘူး"

အရေးကြီးသတင်းကို မမေ့မလျော့ပို့ဆောင်ပေးသည့် စိုင်းထက်စိတ်ဓာတ်ကိုတော့ လေးစားမိသွားသည်။ ကားပေါ်ရောက်တော့ စိုင်းထက် သတင်းစကားအတိုင်းပင် အလန်းလေးများပျောက်ကာ သက်ကြီးရွယ်အိုနှင့် မိသားစုများသာ များပါသည်။ မတတ်နိုင်တော့။ ထားမသွားတာဘဲ ကားကို ကျေးဇူးတင်ရမည်။

အဝတ်အိတ်တွေ အပေါ်ကိုတင်ပြီး နောက်မှာ နှစ်ယောက်တစ်ခုံထိုင်လိုက်ကြ၏။ အောင်ရဲနှင့်အောင်ဇော်မင်းက တစ်ခုံထိုင်ပြီး ကျွန်တော်နှင့် စိုင်းထက်က တစ်ခုံထိုင်ပါသည်။ တအောင့်ကြာတော့ စပယ်ယာက လူစုံမစုံ စစ်ဆေး၏။ ထို့နောက်မှာတော့ ကျွန်တော်တို့ ကျိုက်ထီးရိုးဘုရားဖူးကားကြီးက ရပ်တံ့စောင့်ဆိုင်းနေရာမှ စတင်ထွက်ခွာပါတော့သည်။

ဒီတော့မှ ကျွန်တော်တို့လည်း စိတ်ချလက်ချ အသက်ရှူရဲတော့၏။ ဘာပဲပြောပြော ကားပေါ်တော့ ရောက်ခဲ့ချေပြီ။ လိပ်ဥပါတာ မပါ



www.burmeseclassic.com

www.burmeseclassic.com

တာ ထားလိုက်တော့။ အောင်ဇော်မင်းပြောသလို လေဥမရတာဘဲ ထ
ကောင်းပါသည်။ ဒါပေမဲ့ စိုင်းလက်မှာ စွဲမလျော့။

နောက်ဖက်ရှိ ခုံလွတ်များကို လှည့်ကြည့်ကာ . . .

"ဟော့ကောင် . . . ခုံလွတ်တွေတော့ ရှိသေးတယ်ကွ။ လိုက်
မယ့်လူတွေ ကျန်သေးလားမသိဘူး"

စိုင်းထက်တွေးထင်မှု မှန်ကန်ပါသည်။ ရှစ်မိုင်ရောက်ချိန်မှာ
ကားက လမ်းဘေး ကပ်ရပ်သွားပြန်ပါ၏။ ခေါင်းထောင်ကြည့်မိတော့
လူတစ်အုပ် အထုပ်အပိုးတွေနဲ့ ပလက်ဖောင်းပေါ် ရပ်စောင့်နေသည်
ထိုအထဲတွင်လည်း စိုင်းထက်မျှော်လင့်သလို လိပ်ဥပါမလာပါချေ။

ယောကျ်ားလေးတစ်အုပ်နဲ့ သက်ကြီးပိုင်း လင်မယားနှစ်ဦး
ပါသည်။ သူတို့ကားပေါ်တက်၍ ထိုင်ခုံစေ့ထိုင်ပြီး သွားချိန်မှာ . . .

"ခုံတော့ ပြည့်သွားပြီကွ။ သေပြီဆရာပဲ"

စိုင်းထက် ပိုးမှာ တော်တော်ကြီး၏။ လှည့်ကြည့်မိတော့ ဟုတ်
ပါသည်။ ကားပေါ်တွင် ခုံလွတ်မကျန်တော့ပြီ။ အောင်ရဲက လက်မ
နိုင်သလို နောက်ဘက်လှည့်လာပြီး . . .

"ဟော့ကောင် . . . ဘယ်လိုလုပ်ကြမလဲ"

"ဘယ်လိုမှလုပ်မနေနဲ့ အိပ်တော့"

ခပ်ဆတ်ဆတ်ပြောမှ နှစ်ကောင်စလုံး ငြိမ်သွားသည်။ အော
ဇော်မင်းကတော့ ဇော်ဝင်းရှိန်၏ သီချင်းတစ်ပုဒ်ကို ခပ်တိုးတိုးညည်း
၏။

"မျှော်သာမျှော် ပေါ်မလာသူရယ် စိမ်းကား"

ကျွန်တော်စိတ်ထဲမှ ဆဲရေးဖြစ်သည်။

"ခွေးသား . . ."



# VII

ကားကြီးက တရိပ်ရိပ်ပြေးနေသည်။ အတွင်းဘက်မီးများကို ပိတ်ကာ တီဗွီမှ အရောင်လဲ့လဲ့နဲ့ပင်ခရီးသည်တွေအားလုံး ငြိမ်ဝပ်နေကြ၏။ တရုတ်သိုင်းကားတစ်ကား ဖွင့်ပြထားပြီး နှစ်သက်သူများကြည့်ကာ မနှစ်သက်သူများမှာတော့ ထိုင်ခုံကို ကျောမှီရင်း အိပ်ဖို့ ကြိုးစားနေပါသည်။

ကျွန်တော်ကတော့ ကားဖြတ်သွားရာလမ်းတစ်လျှောက် အပြင်ရှုခင်းများကိုသာ ငေးနေမိပါသည်။ မြို့ပြလူနေမှုစရိုက်ကိုလွန်တော့ လမ်းမီးရောင်တွေနည်းပါးပြီး မှောင်မိုက်ခြင်းကွင်းပြင်တို့ ကြီးစိုးလာသည်။ ကြည့်ရင်းကြည့်ရင်းနှင့် ဘယ်လိုဘယ်လို အိပ်ပျော်သွားသည်မသိ။

အချိန်တစ်ခုလွန်သွားပြီးစဉ်မှာ . . .

'လင်း' ခနဲ ကားအတွင်းမီးတွေ ပြိုင်တူပွင့်သွားကြောင်း ခံစားလိုက်ရသည်။ အိပ်တစ်ဝက်၊ နိုးတစ်ဝက်ဖြင့် ကျွန်တော် မျက်လုံးဖွင့်ကြည့်တော့ နားတွင်းသို့ အသံစူးကြီးတစ်ခု ဝင်ရောက်လာသည်။

"ကားပေါ်တွင် စီးနင်းလိုက်ပါလာကြသော ဘုရားဖူးမိတ်ဆွေအပေါင်းတို့ခင်ဗျာ . . . ကျန်းမာရေး၊ အညောင်းအညာပြေဖို့နဲ့ အစာပြေ



www.burmeseclassic.com

www.burmeseclassic.com

သုံးဆောင်နိုင်ရန်အတွက် ကျွန်တော်တို့ကားကြီးဟာ ခဏတစ်ဖြုတ် ရပ်နားမှာဖြစ်ပါတယ်။ ရပ်နားစဉ်အတွင်း တံခါးပိတ်ထားမှာဖြစ်တဲ့အတွက် တန်ဖိုးကြီးအသုံးအဆောင်၊ ငွေကြေး၊ အရေးကြီးစာရွက်စာတမ်းတို့ကို မိမိနဲ့တစ်ပါတည်း ယူဆောင်သွားဖို့ မေတ္တာရပ်ခံအပ်ပါတယ်ခင်ဗျာ”

စကားဆုံးတော့ လိုက်ပါလာသူခရီးသည်တွေ လှုပ်လှုပ်ရွရွဖြစ်သွားသည်။ မျက်လုံးကို ပွတ်ကာရောက်ရာနေရာကို လေ့လာတော့။

ကားကြီးက စားသောက်ဆိုင်တစ်ခုရှေ့သို့ ဦးတည်ချိုးကွေ့နေ၏။

“ပဲခူးရောက်ပြီကွ”

ရှေ့ခုံရှိ အောင်ရဲက နောက်ဖက်လှည့်ကာ ပြောသည်။ ကားရပ်သွားပြီမို့ ဆင်းဖို့ပြင်ကြပါသည်။ ကားပေါ်မှ ဆင်းဆင်းချင်းပင် . . .

“အားပါး . . . အေးလှချည်လား”

တောရိပ်တောင်ရိပ်ရှိသောမြို့ဖြစ်သည်မို့ ရန်ကုန်ထက် လွန်စွာအအေးသာနေသည်။ တခြားဘုရားဖူးကားများလည်း ရပ်ထားသည်မို့ ဆိုင်ထဲတွင် လူပြည့်နေ၏။

ကျန်းမာရေးသွားပြီးတော့ ကျွန်တော်တို့တွေ စားပွဲတစ်လုံးမှာ ဝင်ထိုင်သည်။ ဆိုင်တွင်းမှာ လူများသည်မို့ အပြင်ဝိုင်းမှာသာ ထိုင်လိုက်၏။ အပြင်ဝိုင်းဖြစ်သည်မို့ ချမ်းသည်ကလွဲပြီး နေရထိုင်ရ အဆင်ပြေပါသည်။ အတွင်းမှာလို ဆူညံမှုမရှိ၊ မျက်စိမနောက်။

ကြိုက်နှစ်သက်ရာမှာယူစားသောက်ပြီးတော့ ငွေရှင်းပြီး လမ်းမဘက်ထွက်ခဲ့ကြသည်။ ကတ္တရာလမ်းမကြီးက လရောင်နှင့်မည်းနက်တောက်ပြောင်ကာနေပါသည်။ လမ်းဘေးတွင် စားသောက်ပြီး၍ အညောင်းပြေအညာပြေ လမ်းလျှောက်နေသူများလည်းရှိ၏။

ကျွန်တော်တို့ကတော့ လမ်းလည်းလျှောက်ရင်း ဆေးလိပ်လည်း သောက်ရင်းဖြင့် ညရဲ့အရသာကို ခံစားနေလိုက်သည်။



တစ်အောင့်ကြာတော့ ကျွန်တော်တို့ကို တင်ဆောင်လာသည့်ကားကြီးမှာ စက်နိုးပြီး မီးလင်းလာပါသည်။ ကားတံခါးဖွင့်တော့ ရပ်စောင့်နေသူတွေတက်ကြ၏။ လက်ထဲမှဆေးလိပ်ကို ကုန်အောင်သောက်ကာ လူရှင်းတော့ ကျွန်တော်တို့လေးယောက်လည်း ကားပေါ်တက်ကြသည်။

လူစုံပြီးစဉ်မှာ ကားကြီးက ပဲခူးကိုနှုတ်ဆက်ရင်း ခပ်သွက်သွက်ထွက်ခွာသွားလေတော့သည်။

ဗိုက်လေးသွားလို့လားမသိ၊ ကားထွက်ပြီး မကြာမီမှာတင် ကျွန်တော့်မျက်လုံးတို့ မှေးဆင်းလာသည်။ မကြာပါ လေးလံဖိစီးလွန်းသောမျက်ခွံတို့အား အံတုနေနိုင်ခြင်းကင်းစွာဖြင့် ကျွန်တော် အရှုံးပေးလိုက်ရတော့သည်။

ငြိမ့်ခနဲ တစ်ချက်လှုပ်ရှားသွားစဉ်မှာတော့ . . .



www.burmeseclassic.com

www.burmeseclassic.com

## VIII

ပတ်ဝန်းကျင်မှာ မီးတွေ ထိန်ထိန်လင်းနေ၏။ မီးစုံထွန်းကာ ပြတ်သားရဲရင့်နေကြသော ဈေးဆိုင်များကို တသီတတန်းကြီး တွေ့ရပါသည်။ ထိုဈေးဆိုင်တို့ဆီမှ ထွက်ရောက်ခေါ်ငင်နေသော ဝန်ထမ်းမိန်းကလေးများကိုလည်း တွေ့ရ၏။

ထိုစဉ်မှာပဲ ကားကြီးက စက်လိုရပ်ကာ တံခါးဖွင့်လိုက်လေသည်။ စိတ်တွင်းမှာ သေချာမှုတစ်ခုကို ခံစားမိလိုက်ပါသည်။

'ကင်ပွန်းစခန်း' ကို ရောက်ပေပြီ။

နာရီကိုမော့ကြည့်တော့ လေးနာရီမတ်တင်း။

ထိုစဉ်မှာပဲ ကားပေါ်မှ လူတွေအကုန်လုံး သက်ဝင်လှုပ်ရှားကုန်တော့၏။ အဝတ်အိတ်ထုတ်သူ ထုတ်၊ ကျောပိုးအိတ်လွယ်သူက လွယ်၊ အောက်ဆင်းသူက ဆင်းနှင့် ခဏတာ လှုပ်ရှားသွားပါသည်။ ကျွန်တော်တို့လေးယောက်လည်း ကျောပိုးအိတ်ကိုယ်စီလွယ်ကာ ကားပေါ်မှ ဆင်းလိုက်ကြသည်။ အောက်ရောက်ရောက်ချင်းပင် . . .

စက္ကန့်ပိုင်းအတွင်းမှာပဲ ကျိုက်ထီးရိုးတောင်ခြေ၏ ရာသီဥတုကို လက်ဖျားခါသွားရပါသည်။

"အေးတယ်ဟေ့ . . . "



စိုင်းထက်က အော်ကာ ဆိုင်ထဲပြေးဝင်၏။ ဆိုင်ထဲမှာကား . .

"မျက်နှာသစ် ခြေလက်ဆေးလို့ရပါတယ်။ ခြေဆန့်လက်ဆန့် အနားယူလို့ရပါတယ်။ တစ်ရေးတမော အိပ်လို့ရပါတယ်။ အောက်ထပ်မှာလည်း အနားယူလို့ရပါတယ်။ အပေါ်မှာလည်း တက်ရောက်အနားယူနိုင်ပါတယ်ရှင်"

ဆိုင်ပြင်ထွက်ကြိုနေသူ ဝန်ထမ်းများ၊ ဆိုင်တွင်းရှိ ဝန်ထမ်းမိန်းကလေးများအားလုံးပင် အထက်ပါစာသားအား Non Stop အော်နေကြ၏။ အပြင်မှာ ချမ်းသည်မို့ ဆိုင်တွင်ကမန်းကတန်းပြေးဝင်လိုက်ပေမဲ့ လေးယောက်သား ဘာလုပ်ရမှန်းမသိဖြစ်နေသည်။

ဆိုင်အနေအထားမှာ ရှေ့ပိုင်းတွင် စားသောက်ဆိုင်သဘောမျိုးခင်းကျင်းထားပြီး အတွင်းပိုင်းက လူသွားလမ်းချန်ကာ တစ်ဖက်တစ်ချက်စီတွင် တန်းလျားရှည်များခင်းထား၏။ အပေါ်တက်လို့ရသော လှေကားတစ်ခုလည်း ဘေးမှာရှိနေသည်။

ဘာလုပ်ရမှန်းမသိစွာနဲ့ပဲ ကျွန်တော်တို့လေးယောက် စားပွဲဝိုင်းမှာ ဝင်ထိုင်လိုက်ကြသည်။

"မင်းတို့ ဗိုက်ဆာပြီလား"

သုံးယောက်လုံး ခေါင်းယမ်းသည်။ ပုံစံတွေကြည့်ရတာ အိပ်ချင်နေပုံရနေ၏။ အိပ်ရအောင်ကလည်း အောက်တန်းလျားတွင် နေရာလွတ်မရှိပါ။ ကိုယ်ထက်ဦးထားသူတွေက အတုံးအရုံး၊ အအိပ်ချင်း ပြိုင်လျက်ရှိနေပါသည်။

"တောင်တက်ကားက မနက်(၆) နာရီမှ စထွက်မှာပါရှင့်။ တစ်ရေးတမော အိပ်လို့ရပါတယ်ရှင်။ အပေါ်မှာလည်း အနားယူလို့ရပါတယ်"

ထိုစကားကြားတော့ တစ်ယောက်ကိုတစ်ယောက် ကြည့်မိသွားပါသည်။ တိုင်ပင်ဖို့မလိုပါ။ ကိုယ့်အိတ်ကိုယ်ဆွဲကာ အပေါ်ထပ်တက်ရန် ပြင်လိုက်တော့၏။ အောက်ထပ်တွင် နေရာလွတ်မှ မရှိသည်ပဲ။



www.burmeseclassic.com

www.burmeseclassic.com

အပေါ်ထပ်မှာလည်း ထူးမခြားနားပါပင်။ အိပ်စက်နေသူတွေ များလှ၏။ ဒါပေမဲ့ အောက်ထပ်မှာလိုတော့ တန်းလျားလုပ်ထားခြင်း မဟုတ်။ ထရံကာထားသော အခန်းငယ်လေးတွေ ဖြစ်ပါသည်။ အခန်းတိုင်းလိုလိုမှာလည်း လူရှိပုံပေါ်ပါ၏။ သေချာအောင် အခန်းစုံ လိုက်ကြည့်မိတော့ . . .

ကံကောင်းလွန်းစွာ တစ်ခန်းလွတ်နေသည်။ ဒါပေမဲ့ တံခါးတော့ လုံခြုံမှုမရှိပါ။ ယောကျ်ားလေးတွေမို့ တံခါးမလုံတာကိစ္စမရှိ။ နေရာရတာပင် ကျေးဇူးတင်ရဦးမည်။

နောက်လူတွေလည်း အပေါ်တက်လာသည်မို့ ကျွန်တော်တို့ အလျင်အမြန်ပင် အခန်းထဲ ဝင်လိုက်ပါသည်။ အခန်းမှာ ကျွန်တော်တို့ လေးယောက်အတွက် လွန်စွာ ကျဉ်းလွန်းလှ၏။ အထဲရောက်တာပင် အအေးရှိန်မလျော့သေးတာမို့ လိုရမည်ရထည့်လာသော စောင်ပါးလေးကို ထုတ်ရသည်။

ကျွန်တော်စောင်ထုတ်တော့ ဟိုကောင်တွေကလည်း အားကျမခံပါ။ သူတို့စောင်ထုတ်ပြီးချိန်၌ ကျွန်တော်ကတော့ ထရံကို ကျောကပ်ရင်း လှဲချလိုက်လေပြီ။ မိုးလင်းဖို့ လိုသေးသည်မို့ တစ်မှေးလောက်ရရန် ကြိုးစားလိုက်သည်။

ထိုစဉ်မှာပဲ နေရာရွေးမှားသွားပြီဖြစ်ကြောင်း သိလိုက်ရတော့၏။

"ခလော . . . ခလူး . . . ခလူး . . . ခလောက်"

ကပ်လျက် ထရံဟိုဘက်ခြမ်းဆီမှ ထွက်လာသော ဟောက်သံကျယ်ကြီး။ ထို့အတူ ဘယ်ကမှန်းမသိသော တရှူးရှူး နှာမှုတ်သံတွေကိုလည်း နေရာပေါင်းစုံမှ ကြားရပါသည်။ သွားလေပြီ။

"ကျွတ် . . . သေရောကွာ . . . ဟောက်သံကြားရင် ငါလုံးဝ မအိပ်တတ်ဘူး"



"ငါလည်း အတူတူပဲ"

ကျွန်တော့်စကားအဆုံး ဟိုဘက်အစွန်ဆုံးမှ အောင်ဇော်မင်းက အသံထွက်လာ၏။ အလယ်နှစ်ကောင်မှာတော့ ခပ်တည်တည်မျက်လုံးမှိတ်ထားပေမဲ့ အိပ်လို့ရသေးဟန်မတူပါ။

မျက်လုံးကို တင်းတင်းမှိတ်ပြီး ကြိုးစားအိပ်ကြည့်ပါသော်လည်း ဘယ်လိုမှမရ။ တိတ်ဆိတ်လေ ဟောက်သံက ပိုကျယ်လာလေဖြစ်သည်။ ထို့နောက်ဆုံးတော့ ထပင်ထိုင်လိုက်ရတော့သည်။

ကျွန်တော်ကိုယ်တိုင် အိပ်မရမှတော့ မြင့်မြတ်သော စိတ်ဓာတ်အတိုင်း တခြားသူတွေကိုလည်း အိပ်ခွင့်မပေးနိုင်တော့ပါ။ ထို့ကြောင့်..

နီးစပ်ရာ စိုင်းထက်ခြေထောက်ကို လှမ်းကန်ကာ . . .

"ဟေ့ကောင် . . . ထ . . . စကားပြောရအောင်"

စိုင်းထက်မှာ အထာနပ်စွာ မျက်လုံးမှိတ်ထားလျှက်မှပင် . . .

"ဘာကိစ္စ ထရမှာလဲ။ မင်းအိပ်လို့မရတာနဲ့ သူများကို လိုက်နှောင့်ယှက်မနေနဲ့"

စိုင်းထက်ကို ကျော်ကာ အောင်ရဲ ခြေသလုံးကို လှမ်းကန်ပြီး..

"ဟေ့ကောင်တွေ . . . မင်းတို့ကောင်တွေကလည်း အသေကြီးတွေ ကျနေတာပဲ။ နေ့တိုင်း အိပ်နေတဲ့ဥစ္စာကွာ။ တစ်ရက်တလေ မအိပ်ဘဲ နေကြည့်စမ်းပါဦး"

"ဟာကွာ . . . ဒီကောင်ကတော့ ကျိုင်ပဲ။ အိပ်ပျော်တော့မယ်ကွ"

ကျွန်တော် 'ခွီ' ခနဲ ရယ်မိသည်။ အောင်ဇော်မင်းကိုတော့ လှမ်းမကန်ရပါပေ။ သူကောင်းသားက သူ့အလှည့်မရောက်ခင် ထထိုင်သည်။

"ငါတို့ ဘုရားပေါ် ဘယ်လိုတက်ကြမလဲ"

ထိုမေးခွန်းကိုတော့ . . .

"ခြေလျင်တက်မယ် . . . "



www.burmeseclassic.com

www.burmeseclassic.com

"ကားနဲ့တက်မယ် . . . "

ဆန့်ကျင်ဘက်နှစ်ခုက ပြိုင်တူလိုထွက်လာသည်။ ဒီတစ်ခါတော့ နှိုးစရာမလို။ အသည်းအသန် အိပ်ချင်နေသူနှစ်ကောင်မှာ မျက်လုံးပြူးပြီး တစ်ယောက်ကိုတစ်ယောက် ဘုကြည့်ကြည့်ကုန်သည်။ အောင်ရဲက ထပ်ပြော၏။

"ကားနဲ့တက်မယ်ကွာ"

"မရဘူး . . . ခြေလျင်ပဲ တက်မယ်"

စိုင်းထက်ကလည်း မခံပါ။ ထိုနှစ်ကောင်ကို ခဏမေ့ပြီး အောင်ဇော်မင်းကိုလှမ်းမေးတော့ . . .

"မင်းရော ဘာနဲ့တက်မလဲ"

"ငါကတော့ ကားနဲ့ပဲ တက်ချင်တယ်"

"မင်းတို့ ရူးနေလားကွ။ ကျိုက်ထီးရိုးလာပြီး ကားနဲ့တက်တော့ ဘာအဓိပ္ပာယ်ရှိမှာလဲ"

စိုင်းထက်မှာ ဆတ်ခနဲ ကုန်းထရင်း ဒေါနဲ့မောနဲ့ပြောတော့ . .

"ဟ . . . ရူးတာက ငါတို့မဟုတ်ဘူးကွ မင်း။ ခြေလျင်တက်ရမယ့်အချိန်ကိုလည်း တွက်ကြည့်ဦး။ ဟိုရောက်မှ မလှုပ်နိုင်၊ မရှားနိုင်ဖြစ်လို့ အခန်းထဲ လဲနေမယ်"

အောင်ရဲကလည်း အားကျမခံ ပြန်အော်သည်။ စိုင်းထက်က ဘာမှပြန်မပြော ခပ်တည်တည်နဲ့ ကျွန်တော့်ကိုမေးသည်။

"မင်းကရော . . . "

"ငါကတော့ မင်းကိုထောက်ခံတယ်၊ မင်းပြောတာ အမှန်ပဲ၊ ကျိုက်ထီးရိုးလာပြီးမှတော့ ကားနဲ့မတက်ချင်ဘူး။ တကယ့်တောင်တက်ရတဲ့ အရသာကို ခံစားပြီး ကျိုက်ထီးရိုးဘုရားကြီးကို တဝကြီးဖူးချင်တယ်"

"ကျွတ် . . . "



အောင်ရဲက စုတ်သပ်၏။

"မင်းတို့နှစ်ကောင်တော့ ဒူးတွေ အပိုပါတယ်နဲ့တူတယ်၊ ဟုတ်[illegible]"

စိုင်းထက်က ခပ်ရွဲ့ရွဲ့ပင် သောင်းဘီကို လှန်ပြီး ဒူးနှစ်လုံးကို [illegible]နှ်းဖျန်း ပုတ်ပြသည်။

"အဲလိုလည်း မဟုတ်ပါဘူးကွာ။ ငါဆိုလိုတဲ့သဘောက တို့တွေ [illegible]လျင်တက်လို့ ပင်ပန်းမှုတွေအဆုံးမှာ ကျိုက်ထီးရိုးဘုရားကြီးကို ဖူး[illegible]ရတယ်။ အဲဒီအချိန် ငါတို့စိတ်ထဲက ဖြစ်လာမယ့် ကြည်နူးမှု၊ ကျေနပ်[illegible] ပျော်ရွှင်မှု၊ အဲဒါတွေအားလုံးကို အပြည့်အဝခံစားချင်တာ"

"ဒါဆို မင်းပြောတဲ့သဘောက ကားနဲ့တက်ရင်ပဲ အဲဒီခံစားမှု[illegible]မရတော့ဘူးပေါ့"

"အဲလိုလည်း မဟုတ်သေးဘူး။ ကားနဲ့တက်တယ်ဆိုတာလည်း [illegible]အကြောင်းနဲ့သူ ရှိတာပေါ့။ ခြေလျင်မတတ်နိုင်တဲ့ သက်ကြီးရွယ်အို[illegible]၊ အချိန်မပေးနိုင်တဲ့ ဘုရားဖူးတွေ၊ ကျန်းမာရေးမကောင်းသူတွေကျ[illegible] ကားနဲ့တက်မှ အဆင်ပြေမှာလေ။ ငါတို့က လူငယ်ခြေတက်တွေ[illegible]"

အောင်ရဲဆိုသည့် ကောင်ကလည်း ဒါမျိုးကျ ခေါင်းမာသည်။ [illegible]ယ်လွယ်နဲ့ အလျှော့ပေးမယ့်ပုံမပေါ်။

"နောက်ပြီး ကားနဲ့တက်တာနဲ့ ခြေလျင်တက်တာမှာ လုံးဝမတူ[illegible] ကွဲလွဲမှုတစ်ခုလည်း ရှိသေးတယ်။ အဲဒါက ဘာလဲဆိုတော့ ကျိုက်ထီး[illegible]တောင်ရဲ့သဘာဝဟာ ခြေလျင်တက်တဲ့ လမ်းတစ်လျှောက်ပေါ်မှာပဲ [illegible]တယ် . . . သူငယ်ချင်း"

တတ်သလောက် နပ်သလောက် နားချကြည့်ပေမဲ့ မရပါချေ။ [illegible]နုပညာသမားပီပီ ခေါင်းကျော တော်တော်မာ၏။

"မရဘူးဟေ့ကောင် . . . ကားနဲ့ပဲ တက်မယ်ကွာ"



www.burmeseclassic.com

www.burmeseclassic.com

"အဲဒါဆို မင်းတို့နှစ်ယောက် ကားနဲ့တက်ကြကွာ။ ငါနဲ့သီဟ ခြေလျင်တက်မယ်"

စိုင်းထက်ကလည်း လုံးဝအလျှော့မပေးဘဲ ပြောသည်။ ဒီလို တော့လည်း မဟုတ်သေးပါ။ လာတာမှလေးယောက်၊ နှစ်ယောက် ခြေလျင်တက်ပြီး ကျန်နှစ်ယောက်က ကားနဲ့တက်လို့မဖြစ်နိုင်၊ ကျို ထီးရိုးလာဖို့ ဆုံးဖြတ်ကတည်းက ထိုအရေးကို အရင်ဆုံး တိုင်ပင်ထာ ဖို့ ကောင်းပါသည်။

မေ့မေ့လျော့လျော့ ဖြစ်လာပြီး ကင်ပွန်းစခန်းရောက်ကာမှ . . .

"အဲလိုတော့လည်း မဟုတ်သေးဘူးကွ။ လေးယောက်တည်း ရှိတာကို ညီညီညွတ်ညွတ်ပဲ ဖြစ်သင့်တယ်"

"ကဲ . . . ဒါဆို ဒီလိုလုပ်ကွာ"

အောင်ရဲက ပြောပြောဆိုဆို သူ့ကျောပိုးအိတ်ကို ဖွင့်သည်။ ရှိ ထုတ်လာသည်က (ကိုးသုံးလုံး) ဖဲထုပ်တစ်ထုပ်။

"ကိုးမီးသုံးပွဲ ကစားမယ်။ မင်းတို့နှစ်ယောက်က တစ်ဖက်၊ ငါ တို့က တစ်ဖက်။ နိုင်တဲ့အဖွဲ့ရဲ့ အဆုံးအဖြတ်ပဲ"

ဘယ်အချိန်က ထည့်လာမှန်းပင် မသိပါ။ ဒါကိုတော့ သဘော တူ၏။ ထို့ကြောင့် . . .

"အိုကေကွာ . . . "

ဒီဇင်ဘာ (၃၁) ၏ မနက်ခင်းတစ်ခုတွင် ကင်ပွန်းစခန်း တ နေရာ၌ ကျွန်တော်တို့လေးယောက် ဖဲကစားခဲ့ဖူးပါသည်။



# IX

မိုးစင်စင်လင်းချေပြီ။ သို့ပေမဲ့ ကျွန်တော်တို့ လေးယောက်လုံး အခန်းထဲမှာပင်ရှိသေး၏။ စောင်ခြုံကာ ကွေးကောင်းတုန်း။ အိပ်တော့ အိပ်ပါ။ ယခုအချိန်မှာတော့ နံဘေးမှ ကြားနေကျဟောက်သံကိုလည်း ကြားရတော့ပါ။ ကိုယ့်အရှိန်နဲ့ကိုယ် ဖြစ်နေသည်မို့ ဘယ်အချိန် ထွက်သွားမှန်းပင် မသိပါချေ။

အပေါ်ထပ်တစ်ထပ်လုံးမှာလည်း အသံဗလံများ တိတ်ဆိတ်နေ၏။ တစ်ညတာ အနားယူမှုပြီးဆုံး၍ လိုရာခရီးဆက်ကြပြီထင်ပါသည်။ အပေါ်ထပ်တစ်ထပ်လုံး ကျွန်တော်တို့ လေးယောက်သာ ကျန်ခဲ့သည်လားမသိပါ။

မိုးလင်းရုံပင်မဟုတ်။ နေရောင်က ခေါင်မိုးမှဖြတ်ပြီး အခန်းထဲသို့တိုင် ဝင်ရောက်နေပေပြီ။ ခေါင်မိုးမှာ သွပ်များသာမိုးထားသည်မဟုတ်ဘဲ အလင်းပေါက်ပြားသုံးလေးခုခံထားတာမို့ ပြင်ပမှ ပြောင်းလဲမှုကို ထိတွေ့ခွင့်ရနေပါသည်။

သို့ပေမဲ့ အချမ်းဓာတ်မှာ မလျော့သေး။

ဆက်ကွေးချင်သေးပေမဲ့ ခရီးဆက်စရာရှိသေးသည်မို့ ဟိုကောင်တွေကို ဆော်ကြကာ ထလိုက်သည်။ ပြီးတော့ လေးယောက်သား သိမ်းဆည်းစရာရှိတာ သိမ်းဆည်းပြီး အောက်ဆင်းလာခဲ့၏။

www.burmeseclassic.com

ထိုစဉ်မှာပဲ မနက်ခင်းတစ်ခုရဲ့ စည်ကားမှုကို ကျွန်တော်တို့ မျက်ဝါးထင်ထင် တွေ့လိုက်ရသည်။ ဆိုင်ရှေ့လမ်းပေါ်မှာ လူတွေမြင်မကောင်းအောင် များပြားစည်ကားနေ၏။ ဆိုင်ထဲမှာလည်း ဝိုင်းပြည့်လုနီးနီး စားသောက်သူတွေ ရှိနေသည်။

အတွင်းဘက်တန်းလျားမှာလည်း သိမ်းဆည်းသူတွေ၊ ဖီးလိမ်းသူတွေနဲ့ ကျိုက်ထီးရိုးတောင်၏ ပြယုဂ်တစ်ခုကို ဖော်ကျူးလို့၊ ကျွန်တော်တို့တွေ ဤမျှ လူစည်ကားနေခြင်းအပေါ် အံ့ဩခြင်းဖြစ်မိသည်။ ဘုရားဖူး ရာသီချိန်ဆိုတာသိပေမဲ့ တောင်ခြေမှာပင် ဤမျှလောက် စည်ကားနေပါက တောင်ပေါ်မှာ ဆိုဖွယ်ရာမရှိတော့။

ကျွန်တော် ပခုံးတွန့်မိတော့ . . .

"ငါတို့ဆင်းလာတာ နောက်ကျသွားတယ်ကွာ။ အမှန်က မနက်အစောကြီးကတည်းက ဆင်းပြီး ရှုစားနေရမှာ"

စိုင်းထက်စကားကို သဘောပေါက်ပါသည်။ အကြောင်းကဆိုင်အတွင်းနဲ့ အပြင်မှာ လိပ်ဥလေးတွေ အများအပြားတွေ့နေရပြီ မဟုတ်ပါလား၊ နောက်ဖေးဘက်ဝင်ကာ အုတ်ကန်တွင် မျက်နှာသစ်၊ ခြေလက်ဆေးလိုက်၏၊ ပြီးတော့ ကျန်းမာရေးကိစ္စပြုလုပ်ကာ ဆိုင်ရှေ့ပြန်ထွက်ခဲ့ပါသည်။

စားပွဲလွတ်တစ်လုံးကို ရွေးထိုင်ပြီးတော့ . . .

"ဘာသုံးဆောင်မလဲရှင့် . . . ထမင်းကြော်၊ ခေါက်ဆွဲကြော်၊ ကြာဇံကြော်၊ မုန့်ဟင်းခါး၊ အုန်းနို့ခေါက်ဆွဲ၊ အသုပ်စုံ အကုန်ရပါတယ်"

လေသံဝဲဝဲနှင့် မိန်းကလေးတစ်ယောက် လာမေးတော့ . . .

"ထမင်းကြော်တစ်ပွဲ . . . ဆတ်သားခြောက်ကြော်နဲ့"

ခပ်သွက်သွက်ပင် ကျွန်တော်မှာလိုက်၏။ တခြားဟာတွေမစားချင်ပါ။ ကျန်တာတွေက ရန်ကုန်မှာ မုန်းလောက်အောင် ရပါသည်။



စားချင်တာက ဆတ်သားခြောက်ကြော်၊ ဘာပဲဖြစ်ဖြစ် တောရိုင်း၊ တောင်ခိုးနှင့် မှုဆိုးတို့ ကျင်လည်ရာဒေသမို့ ဆတ်သားတော့ စစ်မည်ထင်ပါသည်။

ကျွန်တော်မှာတော့ ကျန်သုံးကောင်ကလည်း အားကျမခံပါချေ။ ကျွန်တော့်နည်းတူပင် ဆတ်သားခြောက်ကြော်၊ ဆတ်သားခြောက် ဆီဆမ်းစတာတွေကို အသီးသီးမှာကြ၏။

လာချတော့ ဆတ်သားခြောက်မှာ အလွန်နည်းပါသည်။ မကျီးခွံ သာသာရှိသော အတုံးလေးတွေတစ်ပွဲတွင် ဆယ်တုံးဝန်းကျင်လောက်သာပါ၏။ တစ်ခုယူစားကြည့်တော့ နည်းတာကိုလက်ခံလိုက်သည်။ မွှေးချယ်မှုမှန်ကန်ပါသည်။ ဆတ်သားစစ်၏။

ထမင်းကြော်ကပဲ အငွေ့တထောင်းထောင်း ထနေလို့လား၊ ဆတ်သားခြောက်ကပဲ ဆီရွှဲရွှဲ၊ ပူပူနွေးနွေး ကြော်ထားပေးလို့လားမသိ၊ စားရအလွန်ကောင်းသည်။ အရသာတော်တော်ရှိ၏။ ထမင်းကြော်တစ်ပွဲက ခဏချင်းပင် ပြိုက်ခနဲကုန်ကာ လိုက်ပွဲပင် ထပ်မှာရသေးသည်။

ဟိုသုံးကောင်မှာလည်း ခေါင်းမဖော်စတမ်း။

ထမင်းကြော်ကုန်တော့ ကော်ဖီတစ်ခွက် မှာသောက်လိုက်သည်။ ထို့နောက်မှာတော့ ဆေးလိပ်ကိုထုတ်ကာ တစ်ဖွာချင်း တရှိုက်ချင်း အရသာခံ သောက်နေလိုက်ပါတော့သည်။

"ဟေ့ကောင်တွေ . . . မင်းတို့လည်းပြီးရင် ကော်ဖီပဲဖြစ်ဖြစ်၊ လ္ဘက်ရည်ပဲဖြစ်ဖြစ် သောက်ထားကြနော်၊ တောင်ပေါ်တက်ရတော့မှာ။ ပြီးမှ အိပ်ရေးမဝလို့ ခေါင်းကိုက်လို့ လာမလုပ်နဲ့"

အောင်ရဲနှင့် အောင်ဇော်မင်းမှာ နှုတ်ခမ်းကို မဲ့သည်။ စိုင်းထက်ကတော့ လက်မထောင်ကာ ထောက်ခံ၏။ အဆုံးအဖြတ်တစ်ခုအရ ဘုရားဖူးပြင်တော်ရောက်ရန် လမ်းနှစ်သွယ်အနက် ခြေလျင်လမ်းကို အသုံးပြုရန် ဆုံးဖြတ်ပါသည်။ သူတို့ကိုယ်တိုင် ယူဆောင်လာသော အဆုံးအဖြတ်ပေမို့ ကန့်ကွက်ခွင့်မရှိ၊ ထပ်တွန့်တက်ခွင့်မရှိ။ ငြင်းပယ်ခွင့်မရှိ။



www.burmeseclassic.com

www.burmeseclassic.com

ကော်ဖီကို တစ်ငုံငုံရင်း ဆေးလိပ်ကို ဖွာရင်းနှင့် ဆိုင်တွင်း ဆိုင်ပြင်မှာ ရှိလတ္တံ့သော အနယ်နယ်အရပ်ရပ်မှ အလှပဂေးများကို ငေး ကာ လောကရဲ့ ကြည်နူးမှုတစ်ရပ်ကို ခံစားနေမိသည်။

ထိုစဥ်မှာပဲ စိုင်းထက်က အဆိုတစ်ခု တင်သွင်းလာသည်။

"ဟေ့ကောင်တွေ . . . ဒီမှာရှိတဲ့ လူတွေထဲမှာ ခြေလျင်တက် မယ့်အဖွဲ့ ဘယ်နှစ်ဖွဲ့လောက် ပါမယ်ထင်လဲ"

ဒီလိုဆိုတော့လည်း လေ့လာရပြန်ပါ၏။ ဆိုင်ထဲတွင် ထိုင်နေ သူများမှာ အားလုံးပေါင်း ဆယ်ဝိုင်းကျော်ကျော်လောက်ရှိသည်။ ထိုအထဲ မှ ခြေလျင်တက်မည့်အဖွဲ့ကို ခန့်မှန်းရသည်ဖြစ်ရာ သိပ်တော့မလွယ် လှ။ သက်ကြီးရွယ်အိုတွေပါသောအဖွဲ့ ခြေလျင်တက်လို့ အဆင်မပြေ လောက်သော ကလေးငယ်များပါသောအဖွဲ့ လူနည်းသော အဖွဲ့များကို ရှောင်ရသည်။

ခြေလျင်တက်ရာဝယ် အဖော်ကောင်းမှသာ တက်ပျော်ကြသည် မဟုတ်ပါလား။ ထို့ကြောင့် လူနည်းသောအဖွဲ့များကို ရှောင်သည်။

(ကျွန်တော် အထင်ဖြစ်ကာ လူနည်းသော်လည်း ခြေလျင်တက် ချင်တက်ပါလိမ့်မည်)

နောက်ဆုံး လူစစ်ချလိုက်သည့်အချိန်မှာ လူလည်းများပြီး ခြေ လျင်တက်ဖို့ ဖြစ်နိုင်လောက်သော အဖွဲ့သုံးဖွဲ့ကို တွေ့ရသည်။ ဒါပေမဲ့ ကျွန်တော်တို့အတွက် တစ်ဖွဲ့ကိုတော့ ဖြုတ်ပစ်ရပေမည်။ အကြောင်းက သူလိုကိုယ်လို ယောကျ်ားလေးအဖွဲ့ပင်ဖြစ်၏။

နောက်နှစ်ဖွဲ့က ဒတော့ စိတ်ဝင်စားဖို့ကောင်းသည်။

"လောလောဆယ်တွေ့ရသလောက် နှစ်ဖွဲ့ရှိတယ်"

အောင်ရဲက ကိုယ့်ထက် ပိုကျွမ်း၏။

"နှစ်ဖွဲ့မှာမှ ငါတို့အတွက် အဖော်ဖြစ်လောက်တာ တစ်ဖွဲ့ပဲ"

ဟုတ်ပါသည်။ တစ်ဖွဲ့မှာ ယောကျ်ားလေး၊ မိန်းကလေး ရော နေပြီး လူငယ်တွေပင်ဖြစ်ပါသည်။ ဒါပေမဲ့ ကျွန်တော်တို့အတွက် အခြေ



နေကောင်း။ အကြောင်းက သူတို့မျက်လုံးတွေက သက်သေခံနေ သည်။ သူငယ်ချင်းမက သမီးရည်းစားမကျတွေဖြစ်ပြီ တစ်ဦးနဲ့တစ်ဦး မှာ ချိတ်တိတ်တိတ် ငြိတိတိ။

ဒီတော့ ထိုအဖွဲ့မှာ ခြေလျင်တက်သည်ထားဦး ကျွန်တော်တို့ နှင့် သမ်းခရီးတစ်လျှောက် အပေါင်းအဖော်ဖြစ်ဖို့ ဘယ်လိုမှ အဆင်မပြေ နိုင်ပါ။ သူတို့အချင်းချင်းသာ တရန်းရန်း တလုံးလုံးဖြင့် တက်ရန်ရှိသည်။ အားလူ အဝင်ခံမှာမဟုတ်။

နောက်တစ်ဖွဲ့ကတော့ အဆင်ပြေရန်ရှိ၏။ လှတပတ လိပ်ဥ အား နှစ်လုံးပါသည်။ ရွက်ကြမ်းရေကျိုကတစ်ယောက် မိန်းမကြီးတစ် ယောက်၊ ထိုမိန်းမကြီး၏ ခင်ပွန်းဖြစ်ဟန်တူသူတစ်ယောက်၊ ကလေး နှစ်ယောက်ကို တွေ့ရ၏။

ဒီလိုဆိုတော့ ဟိုလိုလို၊ ဒီလိုလိုဖြင့် ဝင်လုံးလို့ရနိုင်သည်။ ပြီး တော့ ထိုအဖွဲ့တွင် သတိထားဖို့အကောင်းဆုံး ဘိုးတော်ကြီးမှာလည်း သဘောကောင်းမည့်လက္ခဏာရှိကြောင်း တွေ့ရသည်။

ကလေးတွေလည်း ပါသည်မို့ ဖြူစင်စွာ လက်တွဲကူညီလျင် ရည်မှန်းချက်တွေပြည့်မြောက်နိုင်မည့် အလားအလာရှိသည်။ အမိကက ကြီးတွေအမြင်မှာ ကိုယ်တွေလေးယောက်လုံး ဖြူစင်နေဖို့ပင် မဟုတ် ပါလား။ ဖြူစင်မှုသည် လူကြီးနဲ့လူငယ်ကြား ဆက်ဆံရေးအတွက် အကောင်းဆုံး ပေါင်းကူးမှုတစ်ခုပါပင်။

ကျွန်တော် ကြည့်နေစဥ်မှာပဲ ထိုအထဲမှ လှတပတလေးတစ် ယောက်နှင့် မျက်လုံးချင်းဆုံသွား၏။ ထင်မှတ်မထားသည်မို့ သူမ မျက်အမ်းအမ်း ဖြစ်သွားပါသည်။

"ငါတို့တွေ ပိုက်ဆံရှင်ထားကြမလား၊ သူတို့ကြည့်ရတာ အချိန် မရွေးထထွက်သွားမယ့်ပုံပဲ"

စိုင်းထက်စကားမှာ ဖြစ်ထိုက်သည်မို့ ပိုက်ဆံခေါ်ရှင်းစဥ် . . .



www.burmeseclassic.com

www.burmeseclassic.com

"အစ်ကိုတို့က အားလုံးပေါင်း နှစ်သောင်းတစ်ထောင် ကျ
တယ်"

"ဘာ . . . "

ကြားရသော ဈေးနှုန်းကြောင့် ကျွန်တော် အံ့သြသွားသည်။ ပိုက်ဆံလာရှင်းသူ မိန်းကလေးကိုကြည့်ပြီးလည်း မျက်လုံးတွေပြူး ကြ၏။ အောင်ရဲက မယုံကြည်နိုင်သလို . . .

"ဘယ်လောက်ကျတယ် . . . "

"နှစ်သောင်းတစ်ထောင်ပါ"

မျက်လုံးအကြောင်သားနဲ့ စားပွဲပေါ်မှ စားသောက်ပန်းကန်များကို ကျွန်တော် ငေးကြည့်ပြီးတော့ . . .

"ဒါလေးစားတာ ဒီလောက်တောင် ကျတယ်လား"

"ဆတ်သားကြော် ခြောက်က တစ်ပွဲလေးထောင်ပါ"

"လေးထောင် . . . "

အောင်ဇော်မင်း ပါးစပ်ဟောင်းလောင်း ပွင့်သွားသည်။

"များလှချည်လား . . . "

"ကျွန်မတို့က ဆတ်သားစစ်တယ် . . . အစ်ကို။ ဆတ်သား ခြောက်က တစ်ပွဲလေးထောင်၊ ထမင်းကြော်က တစ်ပွဲရှစ်ရာ၊ လိုက်ပွဲ ကော်ဖီနဲ့အားလုံးပေါင်း နှစ်သောင်းတစ်ထောင်ကျပါတယ်"

သွားလေပြီ။ တောင်ပေါ်မတက်ရသေး၊ လည်ကုပ်ခွစီးခံလိုက် ရသလို လူက လေးလံကျသွားသည်။ ကျွန်သုံးယောက်လုံးမှာလည်း မျက်စိမျက်နှာပျက်လို့ ဘယ်လိုမှ ထင်မထားပါ။ မတတ်နိုင်တော့ပါ စားပြီးမှတော့ ကျသလောက် ရှင်းရတော့မည်။

ပိုက်ဆံထုတ်တော့ အောင်ဇော်မင်းမှာ လက်များပင်တုန်လို့ ပိုက်ဆံရှင်းပြီးတော့ ကျွန်တော်တို့ဦးတည်ထားသောအဖွဲ့မှာ ဆိုင်တွင်းမှ ထွက်သွားချေပြီ။ ထို့ကြောင့် ကပျာကယာပင် လိုက်ဖို့ပြင်လိုက်၏။



ဒါမျိုးကျ သွက်ပါသည်။ ခုန မျက်စိမျက်နှာပျက်နေကြသော အောင်ရဲနှင့် စိုင်းထက်မှာ ဘာစိတ်အနှောင့်အယှက်မှ မရှိတော့သလိုမျိုး ခပ်သွက်သွက်ပင် ထလိုက်ကြသည်။ ဆိုင်ဝရောက်တော့ . . .

"အစ်ကိုတို့က နှစ်ညအိပ်သုံးရက်မလား"

ဝန်ထမ်းမိန်းကလေးတစ်ဦးက အော်မေးတော့ ကျွန်တော် ခေါင်းညိတ်ပြစဉ် . . .

"ဒါဆို အဲဒီနေ့မနက် ဆယ့်တစ်နာရီ ဒီကိုအရောက်ပြန်လာခဲ့နော်။ ကားက ဒီကိုပဲ ပြန်လာခေါ်မှာ"

ကားသမားပြောပြီးသားမို့ ကျွန်တော်ခေါင်းညိတ်ပြစဉ် ကောင်တာမှ မိန်းမဝဝကြီးကလည်း အားကျမခံ အော်ပြန်၏။

"မောင်လေးတို့ တောင်ပေါ်မှာလည်း အစ်မတို့ထမင်းဆိုင်ရှိတယ် သိလား။ အဲဒီမှာပဲ သွားစားနော်။ တည်းတာလည်း အဲမှာပဲ တည်းလို့ရတယ်"

ဒီတစ်ခါတော့ ကျွန်တော် ခေါင်းညိတ်မပြတော့ပါ။ အောင်ဇော်မင်းက ထိုတာဝန်ကို ယူလိုက်ပါသည်။ ရှေ့မှ နှစ်ကောင်ကတော့ အမဲသားပြခေါ်သွားသော ခွေးနှစ်ကောင်လိုလည်း တမော့မော့နှင့် ပါသွား၏။

ခြေလှမ်းအနည်းငယ် လှမ်းပြီးတော့ ရှေ့အုပ်စုမှ မိန်းကလေးတစ်ဦးမှာ နောက်လှည့်ကြည့်လာသည်။ ကျွန်တော်တို့ကိုမြင်တော့ အံ့သြသလို မျက်လုံးလေး ဝိုင်းသွားသည်။ ပြီးတော့ အဖော်ဖြစ်သူအား တိုးတိုးကပ် ပြောနေသည်ကိုတွေ့ရ၏။ မကြာပါ၊ အဖော်ဖြစ်သူရဲ့ဦးခေါင်းလေး နောက်ဘက်လည်လာတော့ . . .

ကျွန်တော်တို့မှာ ဈေးတန်းပဲငေးသလိုလို၊ လူတွေပဲ လိုက်ကြည့်သလို လုပ်နေလိုက်ရသည်။ ကျွန်တော်တို့ပါလာသည်ကို မြင်တော့ ထိုမိန်းကလေးမှာ ရှက်ပန်းတစ်ပွင့် လွှင့်ဝဲကျသွား၏။



www.burmeseclassic.com

www.burmeseclassic.com

ဒီလောက်ဆို အခြေနေမဆိုးဟု တွေးမိသည်။ ဒါပေမဲ့ ကျွန်တော်တို့ တွက်ကိန်းလွဲပြန်ပြီဆိုတာ မကြာမီမှာပင် တွေ့လိုက်ရတော့သည်။ အကြောင်းကား သူတို့ဦးတည်သော နေရာသည် ခြေလျင်တောင်တက်လမ်းမဟုတ်ပဲ တောင်တက်ကားဝန်းဆီသို့ . . .

တောင်တက်ကားဝန်းကြီးကလူတွေ အထုပ်အပိုးတွေ၊ ဝန်စည်စလှယ်တွေဖြင့် ပြည့်ကြပ်များပြားလျက်ရှိနေပါသည်။ ကားတစ်စီး ဂိတ်ထိုးသည်နှင့် လုယက်တိုးဝှေ့တက်ရသည်မှာ အသည်းအသန်၊ ယောကျ်ားလေးများအတွက် ကိစ္စမရှိပေမဲ့ မိန်းကလေးနှင့် သက်ကြီးရွယ်အိုများအတွက် အန္တရာယ်များပါသည်။

ရှေ့ဆီမှ အဖွဲ့မှာ ကားဝန်းတွင်းဝင်ရောက်တော့ ကျွန်တော်တို့မှာ ရပ်ကျန်နေခဲ့ရတော့၏။ ဒါတောင် အောင်ရဲက . . .

"ငါတို့လည်း ကားနဲ့ တက်ရအောင်ကွာ"

ဖွဲ့မလျှော့ဘဲ အခွင့်သာတုန်း ဆွယ်နေလိုက်သေးသည်။

"မရဘူး . . . ဟေ့ကောင်၊ ခြေလျင်ပဲ တက်ရမယ်"

အောင်ဇော်မင်းကတော့ ကျွန်တော်တို့အဖြစ်ကို ကြည့်ပြီး ရယ်သည်။

"ဘယ်လိုလဲကွ . . . ကောင်မလေးတွေနဲ့ အဆင်ပြေလိုက်ရဲ့လား"

သုံးယောက်လုံး ဘာမှပြန်မပြောနိုင်။ အောင်ရဲက တစ်စခန်းထလာပြန်ပါ၏။

"တောင်တက်ရင် ငါ့ဖိနပ်နဲ့ အဆင်မပြေလောက်ဘူးကွ။ ဖိနပ်က နည်းနည်းသေးနေတော့ ခြေထောက်ထိပ်ပိုင်းတွေ ကြပ်ပြီး နာနေတယ်"

စကားရဲ့ ဦးတည်ရာကို သဘောပေါက်သည်မို့ . . .

"ကြပ်ရင် ဖိနပ်အသစ်ဝယ်စီးကွာ"



စိုင်းထက်က ခပ်ဆတ်ဆတ်ပြောကာ နီးစပ်ရာ ဆိုင်တစ်ဆိုင်သို့ ဦးတည်ဝင်သွားပါသည်။ ထိုဆိုင်က အကြမ်းစီးဖိနပ်တွေရောင်းသောဆိုင်။ အောင်ရဲ၏ ဆွယ်တရားကို လုံးဝလက်မခံသည့်ပုံစံ။

နောက်ဆုံးတော့ အောင်ရဲပင်မဟုတ် လေးယောက်စလုံး တစ်ယောက်ဖိနပ်တစ်ရန်စီ ဝယ်ဖြစ်လိုက်ပါသည်။ အောင်ရဲနည်းတူ ရှူးစီးသောသည်မို့ ခြေလျင်တက်ပါက ကျွန်တော်ဖိနပ်လည်း ရေရှည်မဖြစ်နိုင်ပါ။

အကြမ်းစီးဝတ်ပြီးတော့ မူလစီးလာသော ဖိနပ်အား ကျောပိုးအိတ်ကြိုးမှာ တွဲလောင်းချည်လိုက်၏။ ဟိုကောင်တွေကတော့ အိတ်တစ်လုံးစီထပ်ဝယ်ကာ ကျောပိုးအိတ်တွင်း ပတ်ထည့်သည်။ ပြီးတော့ ဘေးဆိုင်မှ တောင်ဝှေးတစ်ယောက်တစ်ချောင်းစီ ဝယ်လိုက်ပါသေးသည်။

အားလုံးပြီးဆုံးသွားချိန်မှာတော့ အကြမ်းစီး (Shower) ဖိနပ်ကိုယ်စီစီးကာ ကျောပိုးအိတ်ကိုယ်စီလွယ်လို့ တောင်ဝှေးတစ်ယောက်တစ်ချောင်းကိုင်ရင်း တောင်တက်ဖို့ အဆင်သင့်ဖြစ်သွားကြလေပြီ။

ဆိုင်ရှင်အဒေါ်ကြီးက လမ်းညွှန်သည်။

"ဘယ်ဘက်ကို တည့်တည့်ထွက်သွား . . . အဲဒါခြေလျင်တောင်တက်လမ်းပဲ"

တစ်ယောက်ကိုတစ်ယောက် ကြည့်မိ၏။

ပြီးတော့ . . .

စလေပြီ။



www.burmeseclassic.com

www.burmeseclassic.com

# X

ဈေးဆိုင်တန်းတို့လွန်တော့ ပြေပြစ်ညီညာသော တောင်တက်လမ်းလေးကို ကြည်နူးဖွယ်တွေ့ရ၏။ တစ်ဖက်တစ်ချက်မှာလည်း သစ်ပင်၊ ဝါးပင် အုံ့အုံ့ဆိုင်းဆိုင်းနှင့်မို့ လမ်းလေးက အရိပ်ရနေပါသည်။ လမ်းတစ်လျှောက် သူလိုကိုယ်လို ခြေလျင်ဘုရားဖူးအများအပြားကို တွေ့ရရာ အားတော့ဖြစ်မိသည်။

ဖိနပ်လဲစီးလိုက်လို့လားမသိ၊ လမ်းလျှောက်ရတာ ပိုမိုလွတ်လပ်သွားသလို ခံစားရသည်။ လမ်းလည်းကောင်း၊ အရိပ်လည်းရသည်မို့ ကျွန်တော်တို့တွေ သက်သောင့်သက်သာပင် တက်လာခဲ့၏။ မကြာပါ ဆင်ဆွဲလမ်းအတက်လေးကို ရောက်လာပါသည်။

ဘယ်ဘက်တွင် 'ဓာတ်ပေါင်းစုစေတီတော်သို့' ဟူ၍ မြားထိုးထားသည်ကို တွေ့ရပါသည်။ လမ်းမသိပေမဲ့ ရှေ့လူတွေက ဆင်ဆွဲလမ်းအတိုင်း သွားကြသည်မို့ ကျွန်တော်တို့လည်း ထိုအတိုင်းပင် လိုက်ခဲ့ကြသည်။ ထိုနေရာမှာပဲ အတက်ခရီး မသိမသာ စတင်လာပြီဖြစ်ကြောင်း သတိပြုမိလိုက်ပါသည်။

ဆင်ဆွဲလမ်းအထက်တွင်တော့ သစ်ရိပ်ဝါးရိပ် ကျဲပါးသွားသည်မို့ နေရောင်ကို တိုက်ရိုက်ခံစားရသည်။



နာရီကိုကြည့်မိတော့ (၉)နာရီ။

စထွက်ချိန် (၉)နာရီ ဆိုသော်လည်း ဘယ်အချိန်မှ တောင်ပေါ်ရောက်ကြမည်မသိပါ။

ကင်ပွန်းစခန်းတွင် ရှိစဉ်က အချမ်းမပြေသေးသည်မို့ အနွေးထည်များ စတင်ဝတ်ထားဆဲဖြစ်ရာ နေပူလာတော ခံရချေပြီ။ ဆယ့်ငါးမိနစ်လောက် လျှောက်ပြီးစဉ်မှာပဲ ချွေးပြိုက်ပြိုက်ကျလာတော့၏။ ထိုစဉ်မှာပဲ နောက်ဆုံးမှပါလာသူ အောင်ဇော်မင်းက စကားဆိုသည်။

"ဟေ့ကောင်တွေ . . . ငါဒီအတိုင်း မဖြစ်တော့ဘူး၊ ဘောင်းဘီလဲမှရတော့မယ်။ မင်းတို့ဘောင်းဘီက မတရားလေးလာပြီကွ"

ကြည့်မိတော့ အောင်ဇော်မင်းပုံစံက တာဝေးအပြေးသမားတစ်ယောက်လို ပင်ပန်းနွမ်းနယ်ကာ နားထင်မှာ ချွေးတွေခိုတွဲကျနေ၏။ ကျောတစ်ပြင်လုံးရွဲကာ ဘောင်းဘီကို လက်ဖြင့် မ,ထားရသည်။ ခါးပတ်မပါသည်မို့ ဘောင်းဘီက ခွကျကာ အောက်တွင် ပုံနေသည်။

"ငါလည်း လဲမယ်ကွာ"

အောင်ရဲကပါ ပြောလာတော့ . . .

ကျွန်တော်တို့နီးစပ်ရာ ဇရပ်တစ်ဆောင်ကို ဝင်လိုက်ရပါသည်။

စိုင်းထက်က လှမ်းစသည်။

"ဘယ်လိုဖြစ်တာလဲကွ။ တောင်တက်တာ နာရီဝက်မရှိသေးဘူး တိုက်ပွဲကျကုန်ကြပြီလား"

"အဲဒါ မင်းတို့ကြောင့်။ ငါဘာသာ လုံချည်နဲ့နေရင် အကောင်း။ မင်းတို့ဘောင်းဘီ အတင်းဝတ်ခိုင်းလို့ အခုလိုဖြစ်တာ"

အောင်ဇော်မင်းစကားကြောင့် ကျွန်တော်တို့ ပြုံးမိသည်။ ဇရပ်ဆီရောက်တော့ အောင်ဇော်မင်းက သူ့ကျောပိုးအိတ်တွင်းမှ ဘောင်းဘီတိုတစ်ထည်ကို ထုတ်ပါသည်။

အောင်ရဲက ကွာတားတစ်ထည်ကို လဲသည်။

www.burmeseclassic.com

"မင်းရော မလဲဘူးလား။ ပြီးတော့မှ လဲချင်တယ် မလုပ်နဲ့နော်။ မင်းကို ဘယ်သူမှမစောင့်ဘူး"

"ဟုတ်တယ် . . . သီဟ . . . မင်းလည်း လဲချင် တစ်ခါတည်း လဲထား"

ကျွန်တော်ကို ပိုင်းပြောတော့ ကိုယ့်ကိုယ်ကိုယ် ဆန်းစစ်မိသည်။ စိုးရိမ်ဖွယ်တော့ မရှိသေးပါ။ ဒါပေမဲ့ ရေရှည်ကို ရည်ရွယ်တော့ အခုနေ လဲထားတာပင် ကောင်းလိမ့်မည်ထင်သည်။

ထို့ကြောင့် သူတို့သဘောအတိုင်းပင် ကွာတားတစ်ထည်နှင့် လဲပေးလိုက်ရသည်။ ပြီးတော့ အနွေးထည်ကိုချွတ်ကာ လဲထားသောဘောင်းဘီရှည်နှင့် တွဲခေါက်ပြီး ကျောပိုးအိတ်တွင်း ထိုးထည့်လိုက်၏။

အလေးချိန် တော်တော်စီးသွားပါသည်။ ဖိနပ်နှစ်ဖက်ကိုလည်း ကြိုးနဲ့တွဲချည်ထားသေးတာမို့ ကျောပိုးအိတ်က နင့်နေအောင် ဖြစ်သွား၏။ မတတ်နိုင်တော့ တစ်ကိုယ်လုံး ပူလောင်နေတာထက်စာလျှင် ပခုံးလေးတာက ပိုခံသာပါလိမ့်မည်။

စိုင်းထက်မှာ အတိုဝတ်ထားသူမို့ လဲစရာမလိုပါ။ ထို့နောက်မှာ ကျွန်တော်တို့ ဇရပ်ကထွက်ပြီး ခရီးထပ်ဆက်ကြသည်။ မကြာခင် တွေ့ရသည်က ရေမြောင်းကလေးစခန်း။ ထိုနေရာကတော့ ကြည်နူးဖို့ကောင်း၏။ တောင်ပေါ်မှာ တဖွဲဖွဲစီးဆင်းကျလာသော တောင်ကျချောင်းကလေးကို အုတ်လှေကားဖြင့် လမ်းကူးတံတားလေး လုပ်ပေးထားသည်။

ထိုစခန်းတွင် အထုပ်အပိုးတွေချပြီး အနားယူနေကြသော ဘုရားဖူးများကိုတွေ့ရသည်။ ကျွန်တော်တို့ကတော့ နားမနေတော့ပါ။ သက်လုံကောင်းသူတွေအဖြစ် ခပ်ကြွားကြွားပင် ထိုစခန်းကို ကျော်ဖြတ်လိုက်သည်။ ဒါပေမဲ့ ဘယ်သူကို ဦးတည်မှန်းမသိသော စကားတစ်ခုကတော့ ကျွန်တော်တို့နောက်မှ ကပ်ပါလာ၏။



"တက်နိုင်တယ်ဆိုပြီး ဖင်ယားမနေနဲ့။ အခုမှ အစပဲရှိသေးတယ်။ ပုံစံတွေကိုက ဆောင့်ကြွားကြွားနဲ့။ လမ်းတစ်ဝက်က လှည့်ပြန်လာရင် ကံကောင်း"

မိန်းမကြီးတစ်ယောက်ရဲ့ စကားသံကြောင့် လှည့်ကြည့်သော်လည်း ဘယ်သူပြောမှန်း မသိပါချေ။ စခန်းတွင် နားနေသူတွေက သက်ကြီးပိုင်းတွေ များ၏။ ပြီးတော့ သူတို့က ရှုးချင်ယောင်ဆောင်ကာ တောင်ငေးမြောက်ငေး လုပ်နေသည်။

ဘာပြန်ပြောရမှန်း မသိတာကြောင့် တင်ပါးနှစ်ဖက်ကိုသာ လက်နဲ့ကာမိလိုက်ပါသည်။

"ဩော် . . . ဖင်ယားတာ သူတို့ မြင်သွားတယ်ထင်ရဲ့"

• • •

တောင်ကျောတစ်ခုကို လွန်တော့ မှိုင်းညို့ညို့တောင်တန်းကြီးကို ရီဝေလွမ်းဆွတ်ဖွယ်မြင်တွေ့လိုက်ရသည်။ ယခုမှ စတက်သည်ဖြစ်၍ လွမ်းဆွတ်စရာတော့ မရှိသေးပါ။ ဒါပေမဲ့ ဘာကိုမှန်းမသိ ရင်ထဲမှာ လွမ်းတမ်းတမ်း ခံစားရ၏။

"ငါတို့ တောင်မကြီးနဲ့ နီးလာပြီထင်တယ်"

ရှေ့ဆုံးမှသွားနေသူ အောင်ရဲက လှည့်ပြောတော့ . . .

"ထင်တာပဲ"

ထိုစဉ်မှာပဲ ကျွန်တော်တို့လျှောက်သော လမ်းလေးမှာ ကျောက်တုံးကျောက်ခဲများ ထူထပ်သောနေရာသို့ ရောက်လာသည်။ တော်သေး၏ ဖိနပ် လဲလာခဲ့ပေလို့။ မဟုတ်ပါက ဤမျှလောက် ခရီးကြမ်းကို အလှစီးဖိနပ်လေးမှာ အန်တုနိုင်လိမ့်မည်မထင်ပါ။

ကျောက်တုံး၊ ကျောက်ခဲ ပေါများပြီး လမ်းက အတက်ဖက်သို့ ဦးတည်လာသလို ခံစားရသည်။ တောင်ဝှေးကို တဒေါက်ဒေါက်ထောက်



www.burmeseclassic.com

www.burmeseclassic.com

ရင်း တက်ရတာ ပင်ပန်းခဲရင်းလာသလို၊ တောင်ကုန်းတစ်ခုသို့ တက်နေခြင်းဖြစ်ကြောင်း ရိပ်စားမိသည်။

နောက်ဆုံးမှပါလာသူ အောင်ဇော်မင်းကတော့ ဘောင်းဘီလဲလိုက်လို့လားမသိ၊ လေလေးတချွန်ချွန်ဖြင့် ပါလာသည်။ ဒါပေမဲ့ ထိပ်ပိုင်းရောက်ခါနီးမှာ အုတ်လှေကားလေးတွေ ခင်းပေးထားသည်ကြောင့် သက်သာရာ ရသွားခဲ့သည်။ အနည်းငယ် ခရီးပေါက်လာတော့ လမ်းဘေးတစ်ဖက်တစ်ချက်မှာ မုန့်ဆိုင်တန်းလေးများကို တွေ့ရ၏။

"ဟော့ကောင်တွေ . . . နားဦးမလား"

စိုင်းထက်နဲ့အောင်ရဲမှာ နားချင်သလိုရှိသော်လည်း အောင်ဇော်မင်းမှာတော့ . . .

"နားမနေတော့ဘူး။ တက်နိုင်နေသေးတာပဲ ဆက်တက်ကြမယ်ကွာ"

ဒီလိုဆိုတော့ နီးစပ်ရာဆိုင်မှာ ရေသန့်ဘူး ဝင်ဝယ်ရ၏။ ခန္ဓာကိုယ်က ရေဓာတ်လိုအပ်နေလို့လားမသိ၊ သုံးဘူးဝယ်တာပင် လေးယောက် မလောက်ချင်၊ ပိုလည်း မဝယ်ချင်ပါ။ သယ်ရတာ ဒုက္ခရောက်သည်။ မည်သူမှလည်း သယ်ချင်မှာမဟုတ်။

ရေဝယ်ရင်းနဲ့ ရောက်ရာနေရာကိုမေးကြည့်တော့ ကင်ပွန်းစခန်းဟု ဆိုပါသည်။ ရှေ့တွင် ရွှေရင်ဆို့၊ ရွှေရင်သာ၊ ကဒပ်ချောင်းလမ်းခွဲစခန်းတို့ ရှိကြသည်ဆို၏။

ရွှေရင်တော့ ဆို့ရပေဦးတော့မည်။

တကယ်ပါပဲ လက်တွေ့တက်ကြည့်မှပင် ရွှေရင်ပင်မဟုတ်၊ အသက်ပါ ဆို့သွားမလောက် မောဟိုက်ရပါသည်။ ဒါပေမဲ့ သိပ်အကြာကြီး မဟုတ်လိုက်ပါ။ တက်ရင်းတက်ရင်းနဲ့ တောင်တက်လမ်းမှာ ပြန့်လည်ပြေပြစ်သလို ရှိလာသည်။

ပင်လယ်ရေမျက်နှာပြင်ထက် အတော်အတန်မြင့်လာပြီမို့ လေကလည်း တဟူးဟူးတိုက်ခတ်နေ၏။ လမ်းလည်း သာသည့်အပြင်



နေသော ခန္ဓာကိုယ်က တောင်ပေါ်လေနဲ့ ပေါင်းက အေးစိမ့်စိမ့်ဖြစ်လာသည်။ ထို့နောက်မှာ လူက အနည်းငယ် တက်ကြွကြည်လင်သလို ခံစားရသည်။

နာမည်နဲ့ လိုက်ပါပေ့ 'ရွှေရင်သာရယ်'။

သန့်ရှင်းလတ်ဆတ်သောလေ၊ အောက်စီဂျင်ပြည့်နေသော လေကို အခွင့်သာတုန်း အားရပါးရ ရှူရှိုက်မိပါသည်။ အရာရာက အေးလှ၏။ မြို့ပြ၏ လူနေမှုနဲ့ မလဲနိုင်ပါ။ လတ်ဆတ်သည်၊ သန့်ရှင်းသည်။ ပြီးတော့ စိတ်ဓာတ်အချုပ်အနှောင်မှ ကင်းလွတ်နေသည်။

ထို့နောက်မှာတော့ အချိန်တော်တော်ကြာအောင်ပင် စိတ်လက်ကြည်လင်စွာ ခရီးဆက်ခွင့်ရခဲ့သည်။ လမ်းမှာ ပြေပြစ်သည်မို့ မောပန်းသည်း အလျဉ်းမရှိ။ တစ်ဦးနဲ့တစ်ဦး ပြောင်လိုက်၊ နောက်လိုက် သဘာဝရှုခင်းများကို ခံစားလိုက်။

အခြားဘုရားဖူးများကို မထိတထိစလိုက်ဖြင့် ရေတံခွန်ငယ်များအရပ်ကို ရောက်လာခဲ့သည်။ ထိုနေရာတွင်လည်း နားနေကြသော သွားများကို တွေ့ရပါသည်။ ထိုစခန်းရောက်စဉ်တွင် အပေါ်မှဆင်းကြသော တောင်ဆင်းခရီးသည်များကို စတွေ့ရ၏။

လူတော်တော်များပါသည်။ အင်္ကျီဆင်တူတွေဝတ်ပြီး နောက်တွင် တက္ကသိုလ်ကျောင်းတစ်ခုနာမည်ကို တံဆိပ်ရိုက်ထားသည်။

အတန်းငယ် ဆက်လျှောက်လာပြီးတော့ . . .

"ကဲ . . . ငါတူတို့ရေ၊ လာကြ . . . လာကြ။ လမ်းခရီးတစ်ထောက် အန္တရာယ်ကင်းအောင်ရှင်းရအောင် ကျားဆွဲဘိုးဘိုးကြီးကို ဝင်ဦးတိုက် သွားကြချည်ကွယ့်"

ဦးလေးကြီးတစ်ဦးရဲ့အသံကို ခပ်ဝေးဝေးကတည်းကပင် ကြားရပါသည်။ ကျွန်တော်တို့ရောက်သွားတော့ နတ်ကွန်းတစ်ခုရှေ့တွင် ထိုဦးလေးကြီးက ဘုရားဖူးဧည့်သည်များကို ခေါ်ငင်ပြောဆိုနေ၏။



www.burmeseclassic.com

www.burmeseclassic.com

"လမ်းခရီးမှာ မကြားဝံ့ မနာသာစကားတွေ မပြောမဆိုကြ အရက်သေစာ မသောက်စားကြနဲ့နော်။ ဘိုးဘိုးကြီးက မကြိုက်ဘူးကွယ် ကဲ . . . ကဲ . . . လာကြ၊ ဘိုးဘိုးကြီးကို ဝင်ဦးတိုက်သွားကြချည် တောင်ပေါ်ကိုပဲ တက်တက်၊ တောင်အောက်ကိုပဲ ဆင်းဆင်း လမ်းခရီး မှာ အန္တရာယ်ကင်းအောင် ဝင်ဆုတောင်းကြနော်"

ထိုစကားတွေ ကြားသည့်နောက်မှာ ကျွန်တော်တို့လည်း မ သာတော့ပါချေ။ အရက်သေစာမသောက်စားပေမဲ့ ပြောမှားဆိုမှားရှိ က ခွင့်လွှတ်ရန် နတ်ကွန်းတွင်ဝင်ကာ ဦးတိုက်တောင်းပန်လိုက်ရ သည်။

နတ်ကွန်းတွင်းမှာက မာန်ဖီနေသော ကျားကြီးတစ်ကောင် ဘိုးဘိုးကြီးရုပ်ထုကို ကိုးကွယ်ထား၏။ ကျွန်တော်တို့လို ဦးတိုက် တောင်းနေသူများလည်း ရှိသည်။

ဦးတိုက်ပြီးတော့ ထိုစခန်းမှာပဲ ခဏတစ်ဖြုတ် နားလိုက်သည် တတ်နိုင်သလောက်ကိုလည်း လှူဒါန်းပူဇော်ကြသည်။ အမောဖြေလုတော့ ကျောပိုးအိတ် ပြန်လွယ်ရင်း ခရီးဆက်ကြပြန်ပါ၏။ ဒါပေမဲ့ အရင်လို တော့ ထင်ရာမြင်ရာ လျှောက်မပြောတော့ပါ။ တတ်နိုင်သလောက် စောင့်စည်းလိုက်သည်။

ဘာပဲပြောပြော ဧည့်သည်က အိမ်ရှင်ကို လေးစားရမည်မဟုတ် ပါလား။ ဟိုနှစ်ကောင်ဆို တော်တော်သိသာ၏။ တခြားဘုရားဖူးအဖွဲ့ များကိုပင် အရင်လို နောက်ပြောင်ခြင်းမရှိတော့။ ဒါပေမဲ့ ထိုပိုးမှာလည်း ခဏသာ ငြိမ်ဝပ်နေခြင်းဖြစ်ပါသည်။

နောက်စခန်းတစ်ခုရောက်ရန် တော်တော်လျှောက်လိုက်ရ၏။ ဒါပေမဲ့ လမ်းခရီးမှာတော့ ပျင်းရန်မရှိတော့ပါ။ အတက်၊ အဆင်း ဘုရား ဖူးတွေနှင့် သူဟာနဲ့သူ စည်ကားနေပါသည်။ အချိန်တစ်ခုကြာအောင် လျှောက်ပြီးသွားစဉ်မှာတော့ . . .



အဝေးကြည့်မှန်ပြောင်းတွေ တန်းစီထောင်ထားသော နေရာ တစ်ခုကို ရောက်လာ၏၊ မှန်ပြောင်းကြည့်သူတွေလည်း ကြိတ်ကြိတ်တိုး နေပါသည်။ သဘောပေါက်မိ၏။ ကျိုက်ထီးရိုးဘုရားကြီးအား အဝေး ကြည့်မှန်ပြောင်းဖြင့် ဖူးမျှော်ကြည်ညိုနိုင်သော နေရာတစ်ခုပါပင်။

လူများနေသည်မို့ ကျွန်တော်တို့ ဝင်မကြည့်ဖြစ်တော့။

တိတ်နေသော ခြေးတွေ စို့လာရုံမဟုတ်၊ စိမ့်ထွက်ကျလာရ လောက်အောင် အမောတကော လျှောက်လိုက်ပြီး သွားချိန်မှာတော့။

ကျွန်တော်တို့ စောင့်မျှော်နေသော စခန်းကြီးတစ်ခုကို ရောက်လို့ လာလေတော့သည်။ ထိုစခန်းမှာကား . . .

"ရေမြောင်ကြီးစခန်း"

'ဘုန်း' ခနဲ ကျောပိုးအိတ်ပစ်ချသံက ပတ်ဝန်းကျင်မှာ တော် တော်ကျယ်သွား၏။ ဝါးတန်းလျားတစ်ခုပေါ် လှဲထိုင်ချလိုက်သည်။ ကျွန်တော့်နည်းတူ စိုင်းထက်မှာလည်း ခြေပစ်လက်ပစ် ထိုင်ချလိုက်ချိန် မှာ . . .

"ဂျွတ် . . . ဟာ . . . ဘုန်း . . . "

အရှိန်လွန်ပြီး စိုင်းထက်မှာ နောက်ဘက်သို့ လန်ကျသွားသည်။ ကျောမှီမရှိသည်မို့ မောမောပန်းပန်းထိုင်ချလိုက်စဉ် အားများသွားရကာ ဝါးတန်းလျားနှင့်နောက်ဖက် သစ်မြစ်ဆုံကြားတွင် စိုင်းထက်မှာ ကွေး ကွေးလေး။ စိုင်းထက်ပုံစံကို ကြည့်ပြီး ဆွဲထူရမည်ထက် ကျွန်တော် 'ခွီး' ခနဲ ထရယ်တော့ . . .

မထိုင်ရသေးသော အောင်ရဲနှင့် အောင်ဇော်မင်းမှာလည်း ဝိုင်း ရယ်ကြပါသည်။ ပထမဦး စိုင်းထက်မှာ ကိုယ့်ကိုယ်ကိုယ် ဘာဖြစ်လို့ ဖြစ်သွားမှန်းပင် သိမည်မထင်ပါ။ နောက်မှ အခြေအနေကို သဘော ပေါက်ပြီး . . .

"ဟာ . . . ဟောကောင်တွေ ဝိုင်းထူပါဦးဟ။ ဒီမှာ ခါးဆက် တော်နာနေပြီ၊ လုပ်ပါဦး"



www.burmeseclassic.com

www.burmeseclassic.com

ဒီတော့မှ အရယ်တစ်ဝက်နဲ့ ဝိုင်းထူတော့ စိုင်းထက်မှာ ရှက်လို့ပဲလား၊ တကယ်ပဲ နာသွားတာလားမသိ မျက်နှာကြီး ရဲရဲနီနေသည်။ ဖင်ကို ဖုန်ခါကာ တံတောင်ဆစ်ကို လှန်ကြည့်မိစဉ် အနည်းငယ်ပွန်းသွားကြောင်း တွေ့ရ၏။

ထိုမှအပ အားလုံးအေးဆေးနေသည်မို့ ဒီကောင်ကိုကြည့်ပြီး ဝိုင်းရယ်ကြပြန်သည်။ စိုင်းထက်ကတော့ ရှက်ရမ်းရမ်းကာ နောက်မှီမပါသောခုံကိုပင် အပြစ်တင်နေလိုက်သေး၏။ ပြီးမှ မူလနေရာမှ ခပ်ယို့ယို့ ဝင်ထိုင်သည်။

ကျွန်တော်တို့ ရှေ့မလှမ်းမကမ်းတွင် ထုံးဖြူးသုတ်ထားသော အုတ်တံတားလေးတစ်ခုရှိ၏။ တံတား၏ညာဘက်တွင် စိမ့်စမ်းချောင်းတစ်ခုရှိပြီး ဘယ်ဘက်တွင်တော့ ရေချိုးခန်းများ ရှိနေသည်။ ဂေါပကအဖွဲ့ရုံလည်းရှိကာ ဘုရားဖူးများ နားနေရန် ဇရပ်များအပြင် ဈေးဆိုင်တန်းများကိုလည်း တွေ့ရပါသည်။

စားသောက်ဆိုင်တွေ ပေါများ၏။

တံတားညာဘက်ရှိ စမ်းရေကန်အတွင်းမှာတော့ ယောကျ်ားလေးအချို့ ရေချိုးနေကြသည်။ မိန်းကလေးများကိုတော့မတွေ့ရ။ ဘယ်ဘက်ရေချိုးခန်းများသည် မိန်းကလေးများအတွက် ရည်ရွယ်ဆောက်လုပ်ထားခြင်း ဖြစ်လောက်ပါသည်။

ရေမြောင်ကြီးသည် စခန်းကြီးတစ်ခု ဖြစ်သည့်အလျောက် အပန်းဖြေအနားယူသူတွေ တော်တော်များ၏။ ဇရပ်များ၌သာ မဟုတ်ဘဲ စားသောက်ဆိုင်များတွင်ပါ ဧည့်သည်တွေဖြင့် စည်ကားလျက်ရှိနေပါသည်။

ရေချိုးနေသူတွေ အပန်းဖြေနေသူတွေ၊ စားသောက်နေသူတွေ၊ တောင်ဆင်းတောင်တက် ဘုရားဖူးတွေဖြင့် ရေမြောင်ကြီးက ပွဲတော်တစ်ခုသဖွယ်၊ ကျွန်တော်တို့ကတော့ အမောသာ အရင်ဖြေနေမိသည်။ လောလောဆယ် ဘာမှမလုပ်ချင်သေး။



လူတစ်ကိုယ်လုံးက ထင်မှတ်မထားစွာ နွမ်းနယ်သောင်းညာနေသည်။ ဆယ်မိနစ်၊ ဆယ့်ငါးမိနစ်လောက်ကြာအောင်ပင် ထိုင်နားနေလိုက်၏။ အမောပြေလောက်စဉ်မှာ နာရီကြည့်မိတော့ ဆယ့်တစ်နာရီခွဲ ခြေလျင်လျှောက်လာရသည်မို့ ဗိုက်ကဆာနေပြီ။ ထို့ကြောင့် . . .

"မင်းတို့ ရေချိုးကြမှာလား"

သုံးယောက်သား တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ကျွန်တော့်ကို ပြန်မေးသည်။

"မင်းရော . . . "

"ငါက ချိုးမှာ။ ရေချိုးလိုက်မှ လန်းသွားမယ်ထင်တယ်။ လူက တော်တော် ပြိုင်းနေပြီကွ"

နောက်ဆုံးတော့ လေးယောက်လုံး ရေချိုးရန် တက်ညီလက်ညီ သဘောတူပါသည်။ ရေချိုးမည်ဆိုတော့ ဘာဝတ်ချိုးရမှန်း မသိပါချေ။ ရေဝတ်ချိုးရန် အဝတ်အပိုမပါ။ ရေလဲသာ ပါလာကြသည်။ စုံစမ်းကြည့်တော့ ဟိုဘက် ယောကျ်ားလေးရေချိုးခန်းတွင် ရေဝတ်လဲတွေ ငှားသည်ဆို၏။

သွားကြည့်တော့ အခြေအနေမှာ တော်တော်ဆိုးသည်။ လုံချည်တစ်ကွင်းကို ထက်ပိုင်းဖြတ်ထားသော အဝတ်တွေမို့ ရေဆင်းကူးရန် မဖြစ်နိုင်ပါ။ မတော်တရော်တွေ ဖြစ်ကုန်မည်။ ဘောင်းဘီကို လေ့လာတော့လည်း အကောင်းတစ်ထည်မှ မရှိပါချေ။

အစုတ်နှင့် အပြဲသာရှိသည်။ ထိုအစုတ်ပုံထဲမှပင် ခွဲကောင်းကောင်းနှင့်ရွေးလိုက်ရာ အောင်ရဲနှင့်စိုင်းထက်မှာ ခပ်လတ်လတ် ဘောင်းဘီနှစ်ထည်ရသွား၏။ အောင်ရဲက စစ်ဘောင်းဘီဖြစ်ပြီး စိုင်းထက်ကတော့ အားကစားဘောင်းဘီဖြစ်ပါသည်။

ဘောင်းဘီစုတ်ရတာကိုပင် ထိုနှစ်ကောင်က ထိထပေါက်သလိုလက်ခမောင်း ထခတ်သေး၏။ အမှန်က ကျွန်တော်တို့ကို သရော်ချင်တဲ့သဘောပါ။ ကျွန်တော်လည်း အားကျမခံ ရေစိုပုံထဲမှ ရှာလိုက်ရာ



www.burmeseclassic.com

www.burmeseclassic.com

နောက်ဆုံး လက်သုံးလုံးလောက် ခွပြနေသော ဘောင်းဘီတစ်ထည်ကို ရ၏။

ရေကူးမှာမို့ ထိုမျှလောက်က သိပ်အရေးမကြီးဟု ထင်ပါသည်။ ကျန်တာတွေက ခါးသားရေကြိုး ပြုတ်တွေများသည်ဖြစ်ရာ ဘောင်းဘီတိုကို ပုဆိုးလိုဝတ်ရေကူးဖို့က အဆင်မပြေနိုင်။ နောက်ဆုံးမှာတော့ အောင်ဇော်မင်းလည်း ပန်းတိုင်ရောက်သွားခဲ့သည်။

တင်ပါးနေရာတွင် လက်သီးဆုပ်လောက် ပြဲနေသည်ကလွဲလို့ ကျန်တာအားလုံး ကောင်းနေ၏။

ထို့နောက်တော့ ရရှိထားသော ဘောင်းဘီတိုများကို လဲလှယ်ဝတ်ဆင်ပြီးသကာလ . . .



# XI

"ဗွမ်း . . . "

အရင်ဆုံး ခုန်ဆင်းသွားသော အောင်ရဲမှာ ကြောက်လန့်တကြား ကမ်းပေါ်ပြန်ပြေးတက်လာ၏။

"ဟာ . . . အေးလိုက်တာကွာ"

မေးချင်းရိုက်ရာမှ ထွက်လာသော လေသံနဲ့ပြောတော့ ရေထဲဆင်းရန် တာစူနေကြသော ကျွန်တော်တို့တွေ အနည်းငယ် လန့်သွားရသည်။ အောင်ရဲပုံစံက ဟန်ဆောင်ခြင်း လုံးဝမဟုတ်ပါ။ တကယ်အေးတည်၊ ဒါပေမဲ့ တခြားသူတွေလည်း ကူးနေကြသည်ကိုကြည့်ပြီး . .

"ဟုတ်လို့လားကွာ . . . သူများတွေတောင် ကူးနေနတဲ့ဥစ္စာ။ မင်းကလည်း ပိုပြန်ပြီ"

အောင်ဇော်မင်းက မယုံသလို ပြောတော့ . . .

"မယုံရင် မင်းဆင်းကြည့်လိုက်လေ . . . "

ဒီကောင်ကြီးကတော့ စကားသိပ်များတတ်သူမဟုတ်ပါ။ လက်တွေ့သိရရန် ခပ်တည်တည် ဆင်းသွား၏။ ပေါင်လည်လောက်ရောက်အောင်ထိ လုံးဝမဖြုပါချေ။ ပြီးတော့ ခပ်တည်တည်ပင် ဟိုဘက်ကမ်းသို့ ဆက်ပစ်ကူးပြလိုက်သေး၏။



www.burmeseclassic.com

www.burmeseclassic.com

ထိုအခြင်းအရာကို မြင်တော့ အောင်ရဲစကားကို မယုံတစ်ဝ
ယုံတစ်ဝက်ဖြစ်သွားသည်။ သို့သော်လည်း အောင်ဇော်မင်းဆိုသ
ကောင်က တကယ့်ထုံပေပေ။ ဘာမှ သိပ်ခံစားတတ်သူမဟုတ်။ အော
ရဲကတော့ ကုန်းပေါ်တွင် ခပ်ကျုံ့ကျုံ့ထိုင်ကာ မေးချင်းရိုက်နေသည်မို့

"ဟေ့ကောင် . . . ရေထဲပြန်ဆင်းလေကွာ။ ဒါမှ တဖြည်းဖြည်
နွေးလာမှာပေါ့။ ဒီမှာထိုင်နေရင် လေကတိုက်တိုက်နဲ့ ပိုဆိုးနေလိမ့်မယ်

သည့်တော့မှ အောင်ရဲမှာ မရဲတရဲပြန်ဆင်းသွား၏။ ထို့နော
မှာ ကျွန်တော် လိုက်ဆင်းလိုက်သည်။ အောင်ရဲ ပိုမပြောပါ။ ခြေမျက်
မြုပ်ရုံဆင်းလိုက်မိစဉ်မှာပဲ ခြေထောက်တစ်ခုလုံး ထုံသွားသလိုပင် ခံ
လိုက်ရသည်။

နေက အပေါ်တည့်တည့်မှာ ရောက်နေပြီ။ အချိန်က ဆယ့်
နာရီထိုးတော့မည်။ ဒါဆို တောင်ကျစမ်းချောင်းလေးက ရေခဲတမျှ
စက်မှုတွေပေါင်းစုံလို့၊ ပြန်တက်ပြေးလို့တော့ မဖြစ်နိုင်ပါ။ တခြားအ
တွေရှိနေသည်မို့ သူစိမ်းတွေရှေ့မှာတော့ သိက္ခာကျခံလို့မဖြစ်။

ထို့ကြောင့် ကြိတ်မှိတ်ပြီးတော့ပဲ ကူးလို့ရသော အနက်ရှော
အောင် ဆင်းသွားလိုက်သည်။ ပြီးတော့ ရေပြင်ကို ဝမ်းလျားထိုး
အတော်ဝေးဝေးရောက်အောင် ကူးသွားလိုက်၏။

လှုပ်ရှားလိုက်လို့လားမသိ၊ ကိုယ်တွင်းမှာ နွေးထွေးသောခံ
မှု တစ်ရပ်အုံကြွလာတော့ ခဏအကြာမှာ ပြင်ပအအေးဒဏ်ကို မှု
မလိုတော့ပါ။ နောက်တစ်ခေါက် အစုန်အဆန် ကူးလိုက်ပြီးချိန်မှာ
ဖြစ်သွားလေပြီ။ သုံးယောက် ရေထဲရောက်ပြီဖြစ်ပေမဲ့ စိုင်းထက်မှာ
ချိန်ထိ ဆင်းမလာသေး။ ထို့ကြောင့် အောင်ရဲနဲ့ မျက်စပစ်ကာ သကော
သားကို ဆွဲချဖို့ ဆုံးဖြတ်လိုက်သည်။

ကျွန်တော်တို့နှစ်ဦး ကုန်းပေါ်တက်လာတော့ သူ့အန္တရာယ်
မြင်သလို စိုင်းထက်က နောက်တစ်လှမ်း ဆုတ်သည်။ ဒါပေမဲ့ ကျွန်တော်



တို့လက်က မလွတ်ပါဘူး။ သုံးယောက်သား လုံးထွေးသွားပြီး နောက်ဆုံးမှာတော့ ပုကွကွ စိုင်းထက်ခန္ဓာကိုယ်က ကျွန်တော်တို့ နှစ်ဦးလက်တွင်း ပါလာသည်။

ထို့နောက်မှာတော့ . . .

စိုင်းထက် ခန္ဓာကိုယ်လေထဲမှာ ဝဲသွား၏။ ပြီးတော့ . . .

"ဗွမ်း . . . "

ကြိုးတုပ်ပြီး ပစ်ချခံလိုက်ရသလို ခြေလွတ်လက်လွတ် ပစ်ကျသွားပါသည်။ ပြီးတော့ မျောက်ရေနစ်သလို အသည်းအသန် ကုန်းထလာရင်း ကျွန်တော်တို့ကို ဆဲလေတော့သည်။

မှောက်လျက် ကျသွားသည်မို့ ပါးစပ်ထဲမှ ရေတွေအပြည့်။ ကျွန်တော်တို့မှာတော့ သကောင့်သားပုံစံကိုကြည့်ပြီး အူပြတ်မတတ်။

အောင်ရဲက တဟားဟားရယ်နေရာမှ . . .

"ဟေ့ကောင် . . . လျှောက်ဆဲမနေနဲ့။ တော်ကြာ ကျားထွက်ဆွဲနေဦးမယ်"

ဒါတောင် မရပါ။ ပါးစပ်နဲ့ ဆဲလို့မရတော့ အမူအရာနဲ့ ဆဲသည်။ ထို့နောက်မှာတော့ ကျွန်တော်တို့လည်း ရေထဲပြန်ဆင်းရင်း လေးယောက်သား အားရပါးရ ရေချိုးနေလိုက်၏။

သိသိသာသာ ပြောင်းလဲသွားသော အရာတစ်ခုတော့ရှိသည်။ အဲဒါက ခန္ဓာကိုယ်မှာ ထင်မှတ်မထားရလောက်အောင် ပေါ့ပါးသွားတာပါ။ တောတောင်စိမ့်စမ်းတွေရဲ့ သဘာဝရေကြည်မလို့လား။ ဒါမှမဟုတ် ကျွန်တော်တို့မသိသော ဓာတ်တစ်မျိုးမျိုး ရှိနေလို့လားမသိ။ လူက လုံးဝ ပေါ့ကျသွားတာသေချာသည်။

ရုပ်ခန္ဓာပင် မဟုတ်၊ စိတ်ပိုင်းဆိုင်ရာများပင် ကြည်လင်သွားသလို။

ဟိုဘက်ဒီဘက် ခေါက်တုံ့ခေါက်ပြန်ကူးလိုက်၊ အေးလျှင် ကျောက်တုံးပေါ်တက်နားလိုက်ဖြင့် နာရီဝက်နီးနီးလောက် ကြာသွား



www.burmeseclassic.com

www.burmeseclassic.com

သည်။ စိမ်နေချင်သေးပေမဲ့ ခရီးဆက်ရန်ရှိသေးတာမို့ နောက်ငါးမိနစ်လောက်ကြာတော့ ကုန်းပေါ်ပြန်တက်လိုက်ကြ၏။

ထို့နောက်တော့ ရေချိုးခန်း ပြန်ဝင်းရင်း အဝတ်အစားလဲကာ ကျသင့်ငွေကို ရှင်းလိုက်ပါသည်။

ထုံးစံအတိုင်းပါပဲ ရေကူးပြီးချိန်မှာ ဗိုက်တွေက ပြင်းပြင်းထန်ထန် ဆာလောင်လာသည်။

ဒီတော့ . . .

ᨏ ᨏ ᨏ



# XII

တောင်တက်လမ်းဘေးရှိ ဆိုင်တစ်ဆိုင်သို့ ဝင်ရောက်လိုက်သည်။ အတွင်းမှာ နေရာရှိပေမယ့် အပြင်ဝိုင်းကိုပဲ ရွေးချယ်ဖြစ်ပါသည်။ ထုန်းမြင့်ဝိုင်းကျသည်မို့ တောင်တက်တောင်ဆင်း ဘုရားဖူးများနှင့် ရေချိုးသူများ၊ အပန်းဖြေရသူများအားလုံးကို အပေါ်စီးမှ မြင်ရသည်။

မှာထားတာတွေ ရောက်လာတော့ ဆာဆာနှင့် စားလိုက်ကြ၏။ လက်ရာက မဆိုးပါ။ တောထဲတောင်ထဲရောက်နေသော်လည်း စားရတာ အဆင်ပြေသည်။ မြို့ကြီးပြကြီးကို မမှီပေမဲ့ သူ့ဟာနဲ့သူတော့ အရသာရှိလှ၏။ (ဆာနေသောကြောင့်လည်း ဖြစ်နိုင်ပါသည်။)

စားလို့မပြီးသေးခင်မှာ အောက်ဘက်မှ တက်လာသော အဖွဲ့တစ်ဖွဲ့ကို တွေ့ရသည်။ မိန်းမကြီးတွေနှင့် ကလေးများသာပါသောအဖွဲ့။ မိန်းမကြီးများမှာ အားကောင်းမောင်းသန်တွေဖြစ်ကြပြီး အထုပ်အပိုးများကို ခေါင်းပေါ်တင် ရွက်လာကြသည်။ ကလေးများကလည်း မခေ။ လက်ဆွဲခြင်းများကို ဝါးလုံးဖြင့် လျှိုထမ်းလာကြသည်။

ပုံစံတွေကို မြင်ရုံဖြင့် တောသူတောင်သား ဘုရားဖူးအဖွဲ့ဖြစ်ကြောင်း သိသာပါသည်။ ကြည့်ရင်းနဲ့ ထိုအဖွဲ့မှာ ကျွန်တော်တို့နှင့် နီးထပ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com

ဒီတော့မှ သဟိထားမိလိုက်၏။ မြင်ဖူးသလိုလိုတော့ ထင်သား။

ရေတံခွန်စခန်းတွင် ကျွန်တော်တို့ လေးယောက်အား 'ဖင်ယား မနေနဲ့' ဟု ပြောလိုက်သော အဖွဲ့ပါ။ ဘယ်သူပြောမှန်းမသိပေမဲ့ ထို အဖွဲ့ဆိုတာတော့ သေချာပါသည်။ နီးကပ်လာတော့ သူတို့ကလည်း ကျွန် တော်တို့ကို မှတ်မိသွားသည်ထင်သည်။

ရှေ့မှတက်လာသော အသားမည်းမည်းမိန်းမကြီးက နောက်မှ ပါလာသော အသားညိုညိုတစ်ယောက်ကို လှည့်ပြောသည်။ အပြော ရသူမိန်းမကြီးမှာ ကျွန်တော်တို့အားမြင်တော့ မျက်နှာကို ချိုလိုက်၏။ ပြီးတော့ ရင်ကိုကော့ပြီး တက်လာကာ ရှေ့အရောက်တွင် . . .

"နောက်ဆုံးတော့လည်း လုပ်သက်က စကားပြောတာပါ အေ နွားပျို့သန်လှ နွားအိုပေါင်ကျိုးပါ။ ဒီနေရာမှာ သိသာတာပဲ။ ရှေ့က ကော့ တော့ကော့တော့နဲ့ တက်သွားပြီး အခုတော့ နားနေရပြီမလား"

"ဟုတ်ပါ့အေ . . . ဒဏ်မခံနိုင်တော့လို့ ထမင်းစားပြီးတော့ အားဖြည့်နေရပြီ"

"ငါပြောသားပဲ လှည့်မပြန်တာ ကံကောင်းလို့"

မိန်းမကြီးနှစ်ယောက်က အတိုင်အဖောက်ညီညီနဲ့ ကျွန်တော် တို့ရှေ့က အော်ကျယ်အော်ကျယ် ပြောသွားတော့ လေးဦးသား တစ် ယောက်ကိုတစ်ယောက် ကြည့်ကာ ပြုံးမိသည်။ တော်တော်လာသည့် မိန်းမကြီးတွေပါ။ သူတို့ကပင် ကိုယ့်ပြန်ရိသွားကြသေးသည်။

ခရီးသွားတစ်ဖွဲ့နဲ့တစ်ဖွဲ့ စနောက်သွားကြတာ ထုံးစံဖြစ်ပေ တော့ အလှည့်ကျရင်ခံရမှာ မမှုတာပင်။ တောသူတောင်သားတွေဆိုတော့ သူတို့ပုံစံက ခင်မင်ဖို့ပင် ကောင်းနေပါသေး၏။

ပြီး သူတို့အချင်းချင်း တိုးတိုးကြိတ်ကြိတ် ရယ်သွားသေးတာ မို့ ပျော်တတ်ပုံလည်း ရပါသည်။ ရှေ့ကကျော်သွားတော့ အောင်ဖော် မင်းက . . .



"မြန်မြန်စားကြကွာ . . . သူတို့ကို ပြန်ကျော်တက်ရအောင်"

"ဟာ . . . အေးဆေးစားပါကွာ။ သူတို့တွေများ ဘယ်အချိန်ပြန် ကျော်တက်တက်ရတဲ့ဟာကို"

အောင်ရဲကလည်း ထောက်ခံသည်။

"ဟုတ်ပါတယ်ကွာ . . . ဖြည်းဖြည်းပဲစားပါ။ သူတို့ အသက် အရွယ်နဲ့ ဘယ်လောက်ဝေးဝေး တက်နိုင်ဦးမှာလဲ"

အောင်ရဲစကားကို လက်ခံ၍ပင် လေးယောက်သား နေ့လယ်စာ ကို အေးဆေးသက်သာ စားလိုက်ကြသည်။ ထမင်းစားပြီးတော့ လက် ဖက်ရည်ပင် ထိုင်သောက်နေလိုက်သေး၏။ ပြီးမှ ပိုက်ဆံရှင်းပြီး ဆက် တက်လိုက်ကြသည်။

ဘယ်လောက်ဝေးဝေး တက်နိုင်ဦးမှာလဲဆိုပေမဲ့ တကယ့် တကယ်က အတော်ဝေးဝေးကို ရောက်သွားလေပြီ။ နာရီဝက်နီးနီး မနား တမ်း တက်လိုက်ကြတာပင် ရှေ့လူတို့ရဲ့အစအနကို မမြင်ရ။

ထို့ကြောင့် ကျွန်တော်တို့လည်း နားမနေတော့ဘဲ ဆက်တက် လိုက်ကြသည်။ မွန်းတည့်လွန်ပြီမို့ နေမှာ ပြင်းပြင်းပူနေပါပြီ။ ဒါပေမဲ့ သစ်ရိပ်ဝါးရိပ်ထူသော တောင်တက်လမ်းပေမို့ နေရောင်ဒဏ်ကို မခံစား ရ။

ကျေးငှက်သာရကာတွေကလည်း တောအုပ်အကြီးအငယ်ပေါ် တွင် မူတည်ကာ အရောင်အသွေး စုံလှသည်။ နေရာအနှံ့ဆီမှ တေး သီငှက်တို့၏ သံဝါညီသံများကိုလည်း ကြားနေရသည်။

တောနက်ပိုင်း တစ်စထက်တစ်စ ရောက်လာသည်နှင့် လမ်းဘေး ဈေးဆိုင်တို့ဆီမှာ ဂျီသား၊ ဆတ်သား၊ ယုန်သားကင်များကို တွေ့လာ ၏။ ဆတ်သားကင်မှာ အများဆုံးဖြစ်သည်။ ပရဆေးဆိုင်များကိုလည်း ခပ်စိပ်စိပ် တွေ့လာရသည်။

တောင်ဆိတ်ဆီနှင့် သစ်ဥ၊ သစ်ဖု အကြောဖြေလိမ်းဆေးဆီ အရောင်းဆိုင်များလည်း ရှိ၏။

www.burmeseclassic.com

လူသားထဲက လူပေမို့ ကျိုက်ထီးရိုးတောင်ကျောကို ဆက်တက်မတက်နိုင်ပါ။ ဘိုးပြန့်တောင်စခန်းရောက်စဉ်မှာပဲ ကျွန်တော်တို့အား နောက်ပြောင်သွားသည့်အဖွဲ့အား အထုတ်အပိုးများကြား၌ ချွေးဒီးဒီးကျ လျက် တွေ့ရပါသည်။

ခေါင်းပေါ်ရွက်ထားသော အထုတ်အပိုးများကို ပုံချရင်း အုပ်စု လိုက်ကြီး ထိုင်နားနေကြ၏။ အမှန်မှာ ကျွန်တော်တို့လည်း မီလို ဖြင့်သာ တက်လာရပါသည်။ ခန္ဓာကိုယ်က အနားယူချင်နေပြီဖြစ်သည်။

ဒါပေမဲ့ ထိုအုပ်စုရှိနေသည့်အတွက် ဒီအနီးအနားမှာတော့ နား လို့မရ။ လူက ဟိုက်ထိုးနေပေမဲ့လည်း အေးအေးသက်သာပုံစံဖမ်းကာ

"နောက်ဆုံးတော့ အသက်က စကားပြောပြီပေါ့ကွာ။ လူငယ် နဲ့လူကြီး ဘယ်လောက်ကြာကြာ ယှဉ်နိုင်မှာလဲ။ တော်တော်ဝေးလှပြီထင် နေတာ အခုမှ ဒီနားပဲရှိသေးတယ်"

ကျွန်တော့်စကားကို စိုင်းထက်က ထပ်ဖြည့်သည်။

"ငါတို့မှာ အခုမှ သွေးပူရုံရှိသေး။ တချို့တွေတော့ မပင်ပန်း လှူးနေပြီ"

ပြီး ကိုယ့်စကားကိုယ် သဘောကျကာ တခွီးခွီးရယ်ကြသည်။ ကျွန်တော်တို့ပုံစံတွေက မောပန်းနွမ်းနယ်မှု အလျဉ်းမရှိဘဲ လေပေါ် လာရသလိုမျိုး လန်းလန်းဆန်းဆန်း။ ဒါပေမဲ့ ကျွန်တော်တို့ လုံအောင် မဖုံးနိုင်ပါ။

"သွေးပူရုံရှိသေးတယ် . . . ဟုတ်လား။ ကိုယ့်အင်္ကျီလည်း ကိုယ်ပြန်ကြည့်ဦး။ ချွေးတွေက ရေညှစ်ချလို့ ရတော့မယ်"

"သေဟ . . . "

ခံလိုက်ရပြန်ပါပြီ။ ပါးစပ်ကသာ သွေးပူရုံရှိသေးဆိုပေမဲ့ ထို အဒေါ်ကြီးပြောသလို ကျွန်တော်တို့အင်္ကျီတွေမှာ ရေညှစ်ချလို့ရနေပြီ။

ဘာမှပြောမနေတော့။ ဘာပဲဖြစ်ဖြစ် ကိုယ်တွေက သာနေသည်



နိုင်ကြားခန့်ညားစွာပင် သူတို့ရှေ့မှ ဖြတ်ကျော်ပစ်လိုက်သည်။ ဒါတောင် စိုင်းထက်ကရအောင် ပြန်တွတ်သေးတယ်။

"အဒေါ်ကြီးတို့ မသိပါဘူး၊ ဒါချွေးမဟုတ်ဘူး၊ ပူလို့ရေလောင်း ထားတာ"

"ဟုတ်လား . . . ။ ဒါဆို အပူသက်သာအောင် ငါတို့ ထပ် ဆောင်းပေးရမလား"

ကျွန်တော်တို့ပြေးတက်တော့ ထိုအုပ်စုမှာ တဟားဟား ဝိုင်း ရယ်သည်။ ပျော်ဖို့ အင်မတန်ကောင်းသည်။ ပင်ပန်းနေချိန်မို့ တစ်ဖွဲ့နဲ့ တစ်ဖွဲ့ စနောက်ရတာ အားရပါးရရှိလှပါသည်။ ဒါသည်ပင် ကျိုက်ထီးရိုး ရဲ့ သဘာဝတစ်ခုပင်မဟုတ်ပါလား။

ကျွန်တော်တို့လည်း သိပ်အဝေးကြီး မတက်နိုင်ပါ။

စိုင်တမော့ စခန်းရောက်စဉ်မှာ ထပ်မတက်နိုင်တော့ဘဲ ခြေပစ် လက်ပစ် နားလိုက်ကြတော့သည်။ ကျွန်တော်တို့ နားသည့်နေရာက တောင်တက်လမ်းဘေး ဆတ်သားကင်၊ ကျီသားကင်ရောင်းသော ဆိုင်လေး တစ်ဆိုင်။

တောင်စောင်းထိပ်တွင် တစ်ဘက်ရပ်တဲထိုးထားတာမို့ လေတ ဖြူးဖြူးတိုက်ခတ်နေ၏။ အမြင့်ပိုင်းကျသည်ဖြစ်ရာ အောက်ဖက်ရှိ တော အလှ၊ တောင်အလှများကိုလည်း ခံစားရပါသည်။

လောလောဆယ်တော့ ထိုအလှများကို မကြည့်နိုင်သေး။ သေးယောက်လုံး ပက်လက်လန်နေကြပြီ၊ တစ်ကိုယ်လုံး ချွေးတွေရွှဲကာ ရင်ဘတ်မှာ နိမ့်လိုက်၊ မြင့်လိုက်၊ အမောလွန်ကာ တလှပ်လှပ်ပင် တုန် နေသေးသည်။ အာခေါင်တွေခြောက်နေပေမဲ့ ရေမသောက်ချင်။ တစ် ထမ်းလုံး သောက်လာရလွန်းလို့ ဗိုက်ပင်လေးနေပြီ။

တောင်လေတိုက်နေသည်ဖြစ်ရာ လူက လှဲနေရာမှ မထချင် တော့။ ပစ်ချထားသော ကျောပိုးအိတ်ကို သယ်ဖို့မပြောနဲ့ မြင်ပင်မမြင်



www.burmeseclassic.com

www.burmeseclassic.com

ချင်တော့ပါ။ ဒါပေမဲ့ မလှုပ်ချင် မသယ်ချင်ဖြစ်ရသော ကျွန်တော်တို့အ
လုပသော ဆွဲဆောင်မှုတစ်ခုက ညို့ငင်လိုက်ပါသည်။

ဆတ်သားကြော်နံ့လေးက ဒယ်အိုးထဲမှထွက်ကာ ကျွန်တော်
တို့ နှာသီးဖျားကို မပီကလာ၊ ပီကလာ ပွတ်တိုက်သွားသည်။ ခေါင်းထော
ကြည့်တော့ ဆိုင်ရှင်လင်မယားက ဆတ်သားချောင်းများကို အတုံးလေး
တွေတုံးကာ ကြော်နေသည်။

ချက်ချင်းပဲ ပါးစပ်က သွားရည်တွေ ကျဲလာ၏။

ကျွန်တော်ထထိုင်တော့ ဝါးကြမ်းခင်း လှုပ်သွားသည်ကြော
လှဲနေသောသုံးကောင်မှာ မျက်လုံးဖွင့်ကြည့်သည်။ တံတွေးကို တစ်ချ
မျိုချရင်း . . .

"ဆတ်သားကြော်က တစ်ပွဲဘယ်လောက်လဲ . . . ဦးလေး"

ဈေးမေးကြည့်ရသေး၏။ မနက်ကလိုဖြစ်လျှင် ရင်ကျိုးရချည
ရဲ့။

"တစ်ပွဲတစ်ထောင်"

ဒီလောက်ဆို ပွဲဖြစ်ပေပြီ။ ဘာဘာညာညာ စဉ်းစားမနေတော့

"တစ်ပွဲလောက် မြန်မြန်လုပ်ပေးပါဗျာ"

ထိုစကားကြားတော့ လှဲနေသော သုံးကောင်လုံး ဝုန်းခနဲ ထထိုင်
ကာ . . .

"ကျွန်တော့်ကိုလည်း တစ်ပွဲ"

"ကျွန်တော်လည်း တစ်ပွဲ"

ᨀ ᨀ ᨀ



## XIII

အရသာရှိလှ၏။ ဆတ်သားကြော် တစ်ဖက်ဝါးလိုက်၊ ရေနွေး
ကြမ်းတစ်ခွက်သောက်လိုက်၊ တောင်စဉ်တောင်တန်းတို့ရဲ့ အလှကို ခံ
စားလိုက်။ ဖြတ်သွားဖြတ်လာ ဘုရားဖူးများကို ငေးလိုက်နှင့် ခြေလျင်
ဆက်ခြင်း၏ အရသာကို ပြည့်ပြည့်ဝဝ ခံစားမိသည်။

ကားနှင့်သာတက်ပါက ဒီလိုအရသာရှိရှိ၊ သဘာဝကျကျ သိ
မြင်ခံစားရမည်မဟုတ်။ မောပန်းမှုကို ကုစားသည့် တောတောင်ရေမြေ၊
အလောင်မှုကို ကုစားသည့် သဘာဝတောတွင်းသားစစ်စစ်၊ ညောင်းညာ
မှုကို ကုစားသည့် တောင်ဆိတ်ဆိ၊ သစ်ဥသစ်ဖု အကြောပြေလိမ်းဆေး
ညည်။

ပျင်းရိမှုကို ကုစားသည့် ခရီးသွားဖော်အချင်းချင်း၊ တစ်ဖွဲ့နှင့်
တစ်ဖွဲ့ ရီးသားခင်မင်စွာ စနောက်ကြမှု၊ အော်ဟစ်နောက်ပြောင်ကြမှု။
ဪတော့ ဘာနဲ့မှလဲမရသည့် အောက်စီဂျင်အပြည့်ပါသည့် လတ်ဆတ်
သောလေ။

စတာ စတာတွေကို ခံစားရတော့ ကားနဲ့တက်ချင်သည့် ဆောင်
ရွက်နှင့် အောင်ဖော်မင်းပင် မညည်းညူတော့ပါ။ ပင်ပန်းကြောင်းလည်း



www.burmeseclassic.com

www.burmeseclassic.com

မပြောတော့။ အမှန်က ကျွန်တော်တို့ခြေထောက်တွေ မသယ်ချင်တော့လောက်အောင် ညောင်းညာနေပါပြီ။ ဒါပေမဲ့ စိတ်မပျက်။ ကျိုက်ထီးရိုးဘုရားဖူးရခြင်း၏ တကယ့်အရသာစစ်ကို ရာနှုန်းပြည့် ခံစားနေရပြီမဟုတ်ပါလား။

တိုင်းရင်းသားတို့၏ဖော်ရွေမှုတွေ၊ ဧည့်သည်ဘုရားဖူးများကို ဂရုစိုက်တတ်မှုတွေ၊ တာဝန်သိတတ်မှုတွေ စတာတွေကိုလည်း လက်တွေ့သိမြင်ခံစားရသည်။

တောတောင်ရဲ့ လှပမှု၊ နက်ရှိုင်းမှု၊ အေးချမ်းမှုများကိုလည်း ကိုယ်တွေ့နှင့်ယှဉ်ကာ မြင်မိကြ၏။

"သြော် . . . သာမောလှပါတဲ့ အရှေ့ရိုးမတောင်တန်းကြီးတွေရယ်"

အနားယူကောင်းနေစဉ်မှာပင် ကျွန်တော်တို့ရဲ့ ပြိုင်ဘက်ကြီးများအဖွဲ့မှာ တဒိုင်းဒိုင်း ချီတက်လာလေတော့သည်။ ဒါပေမဲ့ ခြေလှမ်းတွေက အရင်လိုမဟုတ်တော့ သွက်လက်မှုတွေပျောက်ကွယ်ပြီး တုံ့ဆိုင်းနှေးကွေးမှုတွေ အထင်အရှားပေါ်လွင်နေ၏။ ပုံစံတွေကြည့်ရတာလည်း တက်ကြွမှုတွေ မှေးမှိန်ကာ နွမ်းနယ်ဟန်တွေ အထင်းသား ပေါ်လွင်နေပါသည်။

ကျွန်တော်တို့ရှေ့မှ ဖြတ်ကျော်တော့ မျက်နှာမဲ့ပြသွားသည်။ လွှဲပြီး အရင်လို ခနဲ့ခနဲ့ စကားတွေမပြောတော့။ (မပြောနိုင်တော့လောက်အောင် ပင်ပန်းနေတာလည်း ဖြစ်ပါလိမ့်မည်။) တော်တော် ဒဏ်ခံနိုင်သည့်အဖွဲ့ဆိုတာတော့ အသိအမှတ်ပြုရပေမည်။ ဒီအသက်အရွယ်တွေ အခုလို တက်ရောက်နိုင်တာကပင် သဒ္ဓါကြည်ညိုစိတ် ပြင်းထန်လွန်းကြောင်း ထင်ရှားလှသည်။

ကျွန်တော်တို့ကတော့ ဗိုက်လေးလေးနဲ့ နားနေလိုက်ကြသေး၏။ အမှန်က ဗိုက်လေးရုံမဟုတ်၊ ထပင်မထချင်တော့တာပါ။ ခရီးကြမ်း



လျှောက်လာသူတွေရဲ့ ထုံးစံအတိုင်း ထိုင်နားပြီးသွားလျှင် ပြန်ထလိုစိတ်မရှိတော့။

ဒါပေမဲ့လည်း မတက်လျှင် ရောက်မှာမဟုတ်သည်မို့ နောက်ဆုံးတော့ ပျင်းရိလေးတွဲစွာနဲ့ပဲ ထလိုက်ရသည်။ ခြေလှမ်းတို့ တကယ်ပင် မသွက်တော့ပါ။ ခပ်ဝေးဝေးဆီမှ ကျောက်ဖျာကဲ့သို့ ကျောက်တုံးအများအပြားရှိသော တောင်ကျောတစ်ခုကိုတွေ့ရ၏။ တောင်တက်လမ်းမှာ ထိုနေရာသို့ ကွေ့ဝိုက်ပတ်နွှယ်ထားသည်မို့ ခပ်လေးလေးပဲ တက်ခဲ့ကြပါသည်။

လေးယောက်လုံးက ခြေလှမ်းများပင်မဟုတ်။ နှုတ်ပင် လေးသွားခဲ့ပြီ။ စကားတောင် ကျယ်ကျယ်မပြောချင်တော့။ ရင်ပြင်တော်ပေါ်အမြန်ဆုံး ရောက်ချင်နေပြီ။

စိုင်းထက်ကအပေါ်မှ ဆင်းလာသည့် အဖွဲ့တစ်ဖွဲ့ကို လှမ်းမေး၏

"ရင်ပြင်တော်ရောက်ဖို့ တော်တော်လိုသေးလား အစ်ကို"

"မလိုတော့ဘူး . . . ညီလေး၊ တစ်ခေါ်လောက်သွားရင် ရောက်ပြီ"

စိုင်းထက်မှာ ဝမ်းသာအားရ ကျွန်တော်တို့ဘက်လှည့်ကြည့်စဉ်-

အောင်ရဲက သဘောပေါက်စွာ . . .

"ဘာနဲ့တစ်ခေါ်လဲ . . . အစ်ကို"

"GSM ဖုန်းနဲ့"

စိုင်းထက်မျက်နှာကြီး ရှုံ့မဲ့သွား၏။ ကျွန်တော်တို့ ဝိုင်းဟားတော့ . . .

"တော်သေးတာပေါ့။ အင်တာနက်ဖုန်း မဟုတ်လို့"

သကောင့်သားက အားကျမခံပြန်ပြောသေး၏။ တကယ်လည်း ရင်ပြင်တော်ပေါ်ရောက်ရန် တော်တော်လိုလိမ့်ဦးမည် ထင်ပါသည်။ ကျောက်တုံးများပေါ်သည့် တောင်ကျောကိုလွန်တော့ ဘုရားဖူးများ အမော

www.burmeseclassic.com

ပြေရပ်နားရာ စခန်းကလေးတစ်ခုကို ခပ်ဝေးဝေးမှ မြင်လိုက်ရသည်။

ရောက်သွားတော့မှ ထိုစခန်းနာမည်မှာလည်း 'စခန်းကလေး
ဖြစ်ကြောင်း သိရပါသည်။ ထိုစခန်း၏ နားနေသူများထဲတွင် ကျွန်တော်
တို့ရဲ့ပြိုင်ဘက် အဖွဲ့ကြီးကို ထိပ်ဆုံးမှာပင် မြင်ရလေသည်။

အရင်အခေါက်တွေတုန်းကလို ခေါင်းမော့ရင်ကော့ပြီး ကျော်
တက်သွားချင်ပေမဲ့ ခြေထောက်တွေက လက်မခံတော့ပါ။ မတတ်နိုင်
တော့၊ မျက်နှာပူစွာနဲ့ပဲ အများနည်းတူ ထိုင်ချလိုက်ရပါသည်။

တောက်လျှောက်ရိုလာသူ မိန်းမကြီးက ကျွန်တော်တို့အဖွဲ့
ကြည့်ကာ ပြုံး၏။ ခနိုးခနဲ့တော့ မပြောပါ။ သူလည်း နည်းနည်း
ပါး ကိုယ်ချင်းစာတတ်သွားပြီ ထင်ပါသည်။

ခနိုးခနဲ့မပြောပေမဲ့ တစ်စုံတစ်ရာကိုတော့ ထုတ်ဖော်ပြောဆို
သည်။ ကျွန်တော်တို့ကို ရည်ရွယ်သည်တော့မဟုတ်။ သူတို့အဖွဲ့တွ
ပါလာသူ ကလေးများအား အဓိကရည်ရွယ်ရင်း ဖြစ်ပါသည်။

"ဟိုးလွန်ခဲ့တဲ့ တစ်ချိန်တုန်းက ဒေါ်ကြီးတို့ရဲ့ ဂေါတမမြတ်
ဘုရားမပွင့်မီ နှစ် ၅၀ လောက် အလိုတုန်းကပေါ့။ ဂစ္ဆကိရိလို့ခေါ်
ဇင်းကျိုက်တောင်အနီးမှာ သုဘိန္ဒဂရဆိုတဲ့ မင်းနေပြည်တော်ကြီး ရှိခဲ့
တယ်။ အဲဒီနေပြည်တော်မှာ တိဿဓမ္မရာဇာနဲ့ မိဖုရား သီရိကပ္ပာဒေ
တို့ ထီးနန်းစိုးစံခဲ့ကြတယ်။ သူတို့မှာ သားတော်နှစ်ပါးရှိတယ်။ သားကြ
က တိဿဓမ္မမင်းသားရှိသတဲ့။ သားငယ်ကတော့ သီဟကုမ္မာမင်းသ
လို့ ခေါ်တယ်"

ထိုအဒေါ်ကြီးပြောသမျှကို မောမောနှင့်ငြိမ်ကာ နားထောင်
မိပါသည်။

"သားတော်နှစ်ပါးဟာ အရွယ်ရောက်လာတော့ ထီးနန်းစည်
စိမ်ကို မလိုလားဘဲ ရသေ့ရဟန်းဝတ်လိုကြောင်း သူတို့ရဲ့ ဖခမည်းတော်
အဖေပေါ့ကွယ်။ အဖေ့ကိုပြောတယ်၊ ဖခင်ဘုရင်ကြီးကလည်း သူ့သ
နှစ်ယောက်ကို ဘယ်လိုမှ နားချလို့မရတော့ ခွင့်ပြုလိုက်ရတာပေါ့။ အဲ



ညီနောင်မင်းသားနှစ်ပါးဟာ မြို့တောင်ဘက်တံခါးကနေထွက်ပြီး ရသေ့
ရဟန်းဝတ်သွားကြလေရဲ့။ ညီဖြစ်သူ ရသေ့က ဇွဲကပင်တောင်၊ အစ်ကို
ဖြစ်သူက ဇင်းကျိုက်တောင်မှာ အသီးသီးသွားရောက် တရားကျင့်ကြ
တာပေါ့။ တစ်နေ့တော့ အစ်ကိုဖြစ်သူတိဿရသေ့က ထူးဆန်းတဲ့အဖြစ်
အပျက်တစ်ခုနဲ့ ကြုံရတယ်"

နားထောင်နေရင်းနဲ့ ထိုအဒေါ်ကြီးမှာ ကျိုက်ထီးရိုးသမိုင်းအား
ကလေးများကို ပြောပြနေခြင်းဖြစ်ကြောင်း ရိပ်စားမိလာသည်။ ကိုယ်ကိုယ်
တိုင်လည်း ထိုအကြောင်းများကို သေချာမသိသည်မို့ ငြိမ်ကာ နားထောင်
နေလိုက်၏။

"တစ်နေ့တော့ ဝိဇ္ဇာဓိုရ်တစ်ဦးက တောတွင်း လှည့်လည်နေ
ရင်း လူယောင်ဖန်ဆင်းထားတဲ့ နဂါးမနဲ့တွေ့ပြီး ချစ်ကျွမ်းဝင်သွားတယ်"

"ဝိဇ္ဇာဓိုရ်ဆိုတာ ဘာလဲကြီးကြီး"

ကလေးတစ်ယောက်က သွက်သွက်လက်လက် ဝင်မေး၏။

"ဝိဇ္ဇာဓိုရ်ဆိုတာ သားတို့နားလည်အောင် အလွယ်ဆုံးပြောရရင်
ကြေလျှို့မှိုးပျံနိုင်တဲ့ အစွမ်းရှိသူ တန်ခိုးရှင်ပေါ့"

"နဂါးကရော လူယောင်ဖန်ဆင်းလို့ ရတယ်လား"

ကလေးတစ်ဦးက ထမေးပြန်သည်။ ဒီတစ်ခါတော့ လွယ်လွယ်
ကူကူ အဖြေပေး၏။

"ရတာပေါ့ . . . သူတို့ ချစ်ကျွမ်းဝင်ကြတဲ့အခါမှာ နဂါးမက
ဥနှစ်လုံးဥပြီး နဂါးတိုင်းပြည်ကို ပြန်သွားတယ်။ အဲဒီဥနှစ်လုံးကို တိဿ
ရသေ့ကတွေ့တော့ တစ်လုံးကို ညီတော် သီဟရသေ့ကိုပေးပြီး တစ်လုံး
ကို သူယူထားလိုက်တယ်တဲ့။ လတော်တော်ကြာတော့ ဥတစ်လုံးစီက
နေ သားယောကျ်ားလေးတစ်ဦးစီ ဖွားမြင်တယ်။ ရသေ့နှစ်ပါးဟာ ကလေး
တို့ကိုကျွေးဖို့ အဓိဋ္ဌာန်ပြုဆုတောင်းတော့ သူတို့လက်ညိုးတွေကနေ
နို့ချိုရည်တွေ ထွက်ကျလာတယ်တဲ့"



www.burmeseclassic.com

www.burmeseclassic.com

"လက်ညှိုးက နို့ထွက်တယ် . . . ဟုတ်လား"

"အေး . . . "

ကလေးသုံးဦးမှာ သူတို့လက်ညှိုး သူတို့ထောင်ကြည့်ပြီး ငြိမ်သွားလေသည်။ မယုံကြည်နိုင်သလို အမူအရာတွေလည်း သူတို့ဆီမှာ တွေ့ရ၏။ အဒေါ်ကြီးက ရှင်းမနေတော့ဘဲ စကားကိုထပ်ဆက်သည်။

"အဲလို နို့တိုက်ကျွေးပြီ မွေးလာလိုက်တာ သီဟရသေ့မွေးတဲ့ သားငယ်ဟာ အရွယ်တော်တော်ရမှ ကျောက်ရောဂါဖြစ်ပြီး သေသွားတယ်တဲ့။ တိဿရသေ့ရဲ့ သားကတော့ အသက်(၂၁)နှစ်အရွယ်မှာ သုဝဏ္ဏဘူမိနေပြည်တော်ကြီးမှာ ရှင်ဘုရင်ဖြစ်လာတယ်။ အဲဒီနှစ်မှာပဲ တိဿရသေ့ကြီးဟာ မြတ်စွာဘုရားထံကနေ ဆံတော်နှစ်ဆူကို ကိုးကွယ်ပူဇော်ခွင့် ရခဲ့တယ်တဲ့"

တိဿရသေ့ကြီးနည်းတူပဲ ညီတော်သီဟရသေ့နဲ့ ကေလာသတောင်ပေါ်မှာ သီတင်းသုံးနေထိုင်တော်မူတဲ့ ကေလာသရသေ့ဟာလည်း ဆံတော်မြတ်နှစ်ဆူစီကို ကိုးကွယ်ပူဇော်ခွင့်ရခဲ့တယ်။ သီဟရသေ့ကတော့ သူရခဲ့တဲ့ ဆံတော်နှစ်ဆူကို ဇွဲကပင်တောင်နဲ့ ဇင်းကျိုက်တောင်တို့မှာ တစ်ဆူစီဌာပနာပြီး စေတီတည်တယ်။ ကေလာသရသေ့ကတော့ ဆံတော်တစ်ဆူကို ကေလာသတောင်ပေါ်မှာ သွင်းနှံဌာပနာ စေတီတည်ပြီး ကျန်တစ်ဆူကိုတော့ ဦးခေါင်းထက်မှ ဝှက်ထားတယ်တဲ့။

တိဿရသေ့ကြီးကတော့ ရရှိထားတဲ့ ဆံတော်နှစ်ဆူကို ဘုရားမတည်ဘဲ ဦးခေါင်းဆံကျစ်ကြားမှာ ဝှက်ပြီး ကိုးကွယ်ထားတယ်။ ကေလာသရသေ့ ကွယ်လွန်တော်မူတော့မှ တိဿရသေ့ကြီးရဲ့ ဆံတော်နှစ်ဆူနဲ့ပေါင်းပြီး ဆံတော်သုံးဆူကို တောင်(၃၃)လုံးရဲ့ထိပ်ဖျား တောင်ထွက်လုံးတင်တောင်ပေါ်မှာ သွင်းနှံဌာပနာပြီး ကျိုက်ထီးရိုးစေတီတော်ကို တည်ထားကိုးကွယ်ခဲ့တာပဲ"



ကလေးများမှာ သမိုင်းကြောင်းပြောပြသူ အဒေါ်ကြီးအား ငေးကြည့်နေ၏။ ကျွန်တော်တို့လေးဦးလည်း ကလေးများနည်းတူ ငေးနေကြပါသည်။

"သမိုင်းကြောင်း အကုန်ပြောပြရင်တော့ အရှည်ကြီးပေါ့ကွယ်။ မင်းတို့နားလည်လွယ်အောင် အကြမ်းပဲပြောပြတာ။ တိဿရသေ့ကြီး ရထားတဲ့ ဆံတော်နှစ်ဆူကို ဘုရားမတည်ဘဲ ဆံကျစ်ကြားထဲ ဝှက်ထားတာတို့၊ နောက်ဆုံး အိုမင်းမစွမ်းဖြစ်မှ လက်လျှော့ပြီး စေတီတည်ဖို့ လိုက်လျော့တာတို့ သိကြားမင်းတန်ခိုးနဲ့ ရသေ့ဦးခေါင်းနဲ့တူတဲ့ ကျောက်တုံးကြီးရှာတာတို့ အများကြီးပေါ့"

ကလေးများတော့ မသိပါ။ ကျွန်တော်တို့မှာတော့ ခေါင်းဆတ်ဆတ်ညိတ်မိကြသည်။ စိုင်းထက်က တစ်ခွန်းဝင်ပြော၏။

"ကျွန်တော်တို့ ကြားဖူးထားတဲ့ ကျိုက်ထီးရိုးသမိုင်းနဲ့တော့ နည်းနည်းလွဲနေတယ်နော်"

အဒေါ်ကြီးက ပခုံးပေါ်တင်ထားသော သဘက်ဖြင့် မျက်နှာကို ခပ်ချက်သုတ်ကာ . . .

"အေးပေါ့ကွယ် . . . ခေတ်ဦးကာလသမိုင်း ဖြစ်စဉ်တွေအတိုင်း တစ်ခုနဲ့တစ်ခုက ခြားနားနေတာပေါ့။ နောက်ပြီး သမိုင်းကြောင်းကလည်း ထူးဆန်းရှည်ဆန်နေတယ်လေ။ စာအုပ်စာတမ်းတွေထဲမှာတောင် တစ်မျိုးနဲ့တစ်မျိုး မတူကြဘူး"

ကျွန်တော် လက်ခံမိလိုက်၏။ နောက်ပြီး သိလိုက်တာတစ်ခုလည်း ရှိသေးသည်။ အဲဒါက သမိုင်းကြောင်းပြောသူ အဒေါ်ကြီးမှာ လူကြမ်းတွေနည်းတူ အပင်ပန်းခံနိုင်ရုံမဟုတ်။ စာတတ်ပေတတ်တစ်ယောက်လည်း ဖြစ်ရပေမည်။ ဗဟုသုတကြွယ်ဝပုံလည်းရ၏။

သူမကြောင့်ပင် မသိသေးသော သမိုင်းကြောင်းတစ်ခုကို သိခွင့်ရလိုက်သည်။ ထို့နောက်မှာ ကျွန်တော်တို့ တစ်ဖွဲ့နှင့်တစ်ဖွဲ့ ခင်မင်



www.burmeseclassic.com

www.burmeseclassic.com

သွား၏။ နာမည်တွေ မိတ်ဆက်တော့ ထိုအဒေါ်ကြီးမှာ ဒေါ်ချစ်တင်ဟု ခေါ်ကြောင်း သိရသည်။ မော်လမြိုင်ဇာတိဖြစ်ကာ ရေလုပ်ငန်းလုပ်ကိုင်သည်ဆို၏။ ကျွန်တော်တို့ ထင်ထားသလို လယ်ယာလုပ်ကိုင်သူတွေ မဟုတ်ပါ။

သူတို့အဖွဲ့မှာ ကလေးများအပါအဝင် ပေါင်းခုနစ်ယောက်။ ထို့နောက်မှာတော့ ကျန်သောလမ်းခရီးအား နှစ်ဖွဲ့တစ်ဖွဲ့ပေါင်းကာ တစ်ဦးကိုတစ်ဦး ဖေးမရင်း လက်တွဲရင်း ပျော်ရွှင်စွာ တက်လှမ်းလိုက်ကြပါသည်။



အမည်ကျော်ဟိုး၊ ကျိုက်ထီးရိုးဟု
တန်ခိုးလွှမ်းပတ်၊ စေတီမြတ်ကို
မပြတ်နေ့ည၊ သတိရလျက်
ဦးချကြိမ်ဖန်၊ အတန်တန်ကြောင့်
နိဗ္ဗာန်ထုတ်ပေါက်၊ ကောန်ရောက်၍
မျက်မှောက်ပြုရပါလိုသော် ...

လယ်တီဆရာတော်



www.burmeseclassic.com

www.burmeseclassic.com

## XIV

ဈေးဆိုင်တန်းတို့ တဖြည်းဖြည်း စိပ်လာချေပြီ။ လမ်းတစ်လျှောက်မှာလည်း လူတွေ တစ်စထက်တစ်စ များပြားလာကြောင်းတွေ့မြင်နေရ၏။

ကက်ဆက်ဖွင့်သံ၊ ဈေးခေါ်သံ၊ ဈေးဆစ်သံတို့အပြင် ဆီနံ့၊ ညှော်နံ့၊ လူနံ့တွေ လှိုင်လှိုင်ထွက်လာပြီး၍ အဆုံးမှာတော့ . . .

ကျွန်တော်တို့ လှိုက်လှဲဝမ်းမြောက်စွာ ဖူးမြော်ချင်သော ကျိုက်ထီးရိုးဘုရားကြီးကို နှစ်ထောင်းအားရစွာ ဖူးမြော်လိုက်ရတော့၏။ တကယ့်ကြည်ညိုဖွယ်အတိပြီးသော ကျွန်တော်တို့နိုင်ငံရဲ့ ဂုဏ်ယူစရာ ဆံတော်ရှင်စေတီတော်မြတ်ကြီးပါပင်။

ဒါပေမဲ့ ခပ်ဝေးဝေးမှပင် ဖူးတွေ့ရသေးတာကြောင့် စိတ်ကျေနပ်မှုသိပ်မရသေး။ အောင်မြင်ပြီဟူသည့် အသိကြောင့်လားမသိ၊ လူက အားသစ်လောင်းလိုက်သလို ခြေလှမ်းတွေ သွက်လက်သွားသည်။ အတူတူတက်လာသော ဒေါ်ချစ်တင်တို့အဖွဲ့ပင် ကျွန်တော်တို့ကို မမီတော့။

ကျိုက်ထို ဟိုတယ်ကို လွန်ပြီးချိန်မှာ အံ့မောဖွယ်အဖြာဖြာနှင့်ပြည့်စုံတော်မူသော စေတီတော်မှဒ်ဦးသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာပါတော့သည်။



အံ့သြစရာပါ မုခ်ဦးဝမှာပင် လူတွေ မြင်မကောင်းအောင် စည်ကားနေပါ၏။ ဒေါ်ချစ်တင်တို့အဖွဲ့က အများနည်းတူ မုခ်ဦးမှာ ထိုင်နားကြသေးသည်။ ကျွန်တော်တို့ကတော့ မနားချင်တော့ပါ။ ဆံတော်ရှင်စေတီတော်မြတ်ကြီးအား အနီးကပ် ဖူးတွေ့ချင်လှပြီ မဟုတ်ပါလား။

ထို့ကြောင့် ဒေါ်ချစ်တင်တို့ကို နှုတ်ဆက်ကာ ဆက်တက်လာလိုက်သည်။ ရိုးရိုးလေးဟိုတယ်ကိုလွန်တော့ သမိုင်းဝင် ရွှေနန်းကျင်နတ်ကွန်းနေရာကို ရောက်လာ၏။ ထိုမှလွန်တော့ ကြီးမားကျယ်ပြန့်လှသော ဘုရားရင်ပြင်တော်ကြီးကို မျက်စိတစ်ဆုံး မြင်လိုက်ရလေတော့သည်။

လူတွေမြင်မကောင်းအောင် များလွန်းလှ၏။ ရင်ပြင်တော်ပေါ်မှာတင် အထုပ်အပိုးတွေချကာ စောင်တွေအမိုးလုပ်ပြီး တဲထိုးနေသူတွေ၊ ခန်းလုပ်နေသူတွေ၊ တုံးလုံးပက်လက် လှဲနေသူတွေ။ ထမင်းစား၊ ဆော့ကစားနေကြသော ကလေးတွေ၊ လျှောက်လမ်းနေရာမှ ကြပ်ညပ်တိုးဝှေ့နေသော ဘုရားဖူးတွေဖြင့် ပွဲတော်တစ်ခုထက် ကျော်လွန်ကာ နေပါတော့၏။

ကျွန်တော်တို့လေးယောက်မှာတော့ ပေတီပေစုတ် ပုံစံတွေနှင့်ပင် ဘုရားကြီးဆီ တိုးဝှေ့သွားလိုက်သည်။ ခြေထောက်မှာ ဖုန်တွေ လိမ်းလိမ်းထနေသည်။ ထမ်းပိုးထားသော အိတ်တွေမှာလည်း အချိန်မရွေး ပြတ်ထွက်တော့မတတ်။ တစ်ကိုယ်လုံးမှာလည်း ချွေးတွေ ဖုန်တွေ လုံးလို့။

ဒါပေမဲ့ ဆံတော်ရှင်စေတီတော်မြတ်ကြီးအား တစ်ဝဖူးပြီးနောက်မှာ ထိုပင်ပန်းမှုတွေ ကြက်ပျောက်၊ ငှက်ပျောက်ဆိုသလို ပျောက်ကွယ်သွားပါတော့သည်။ (အပိုပြောခြင်းမဟုတ်ပါ။ ကြည်ညိုသဒ္ဓါစိတ် ပြင်းပြသူတိုင်း ထိုခံစားမှုမျိုး ခံစားခဲ့ရမည်ဖြစ်ပါသည်။)

ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးအား တစိမ့်စိမ့်ဖူးရင်း ကြည်ညိုသဒ္ဓါစိတ်တွေ တဖွားဖွားဖြစ်မိ၏။။ ဖူးတွေ့ရတာ အေးချမ်းလှသည်။



www.burmeseclassic.com

www.burmeseclassic.com

နေလုံးက အနောက်ဘက်ခြမ်းမှာရောက်ရှိနေပြီမို့ ဘုရားကြီးအား နေရောင်ထိုးကျနေပုံက ရောင်ခြည်တော် ကွန့်မြူးနေသလို အလင်းတွေ ဖြန်းဖြန်းပွင့်နေ၏။

ဆံတော်ရှင်စေတီတော်မြတ်ကြီးရဲ့ အံ့သြဖွယ် ကြည်ညိုဖွယ်တည်ရှိနေပုံမှာလည်း ဘုန်းတန်ခိုးအရှိန်အဝါကို မျက်မြင်ကိုယ်တွေ့ဖူးနေရသလိုမျိုး စိတ်ထဲမှာ ခံစားမိသည်။

ဒါဟာ ရသေ့ဦးခေါင်းနဲ့တူတဲ့ ကျောက်တုံးကြီးတဲ့။ ထိုကျောက်တုံးကြီးမှာ ဆံတော်မြတ်သုံးဆူဌာပနာပြီး စေတီတည်ထားတာတဲ့၊ ဟိုးရှေးယခင်တုန်းက စေတီတော်ရဲ့ တန်ခိုးအာနုဘော်ကြောင့် အောက်ခံကျောက်တုံးနဲ့ ကြက်မတစ်ဝပ်အကွာမှာ အပူဇော်ခံနေခဲ့တာတဲ့။

ဘုရား . . . ဘုရား . . .

ကျွန်တော်ဖူးမျှော်နေရင်းနဲ့ ကြက်သီးများပင် ဖြန်းဖြန်းပွင့်မိပါသည်။ ဟိုသုံးကောင်ကို ကြည့်တော့လည်း ကျွန်တော်နည်းတူပင် ကြည်နူးစိတ်တွေ လျှံဖိတ်ကျနေမှာ သေချာ၏။ ဘုရားဖူးများ ရွှေသင်္ကန်းသွားရောက်ကပ်လှူနေတာမြင်ပေမဲ့ ကျွန်တော်တို့ကတော့ အချိန်အနည်းငယ်စောင့်ချင်သေးသည်။ ကိုယ့်ကိုယ်ကိုယ် ရေမိုးချိုး၊ ကိုယ်လက်သန့်စင်ချင်သည်။ ပြီးမှ ရုပ်ရော၊ စိတ်ရော ကြည်လင်စွာ ရွှေသင်္ကန်းကပ်လှူလို၏။

တခြားဘုရားဖူးများလည်း စောင့်နေသည်မို့နေရာဖယ်ပေးကာ အနောက်ဘက် ပြန်ဝင်လိုက်သည်။ ထို့နောက်မှာတော့ ကျွန်တော်တို့လုပ်စရာမှာ တစ်ခုပဲရှိတော့သည်။ တည်းခိုရန်နေရာရှာဖို့။

ရင်ပြင်တော်ပေါ်မှာတောင် ဤမျှ ပြည့်ကြပ်အုံ့ခဲနေရာ ဓမ္မာရုံများတွင်လည်း နေရာလွတ်ရှိတော့မှာမဟုတ်။ ထို့ကြောင့် တည်းခိုခန်းများကိုပဲ ဦးတည်ချက်ထားလိုက်ပါသည်။ တည်းခိုခန်းများက ထမင်းဆိုင်တန်းဆီဆင်းသော လှေကားတစ်လျှောက်မှာ ရှိနေသည်။

အခန်းလွတ်ရှိမရှိ ဝင်မေးကြည့်တော့ အခန်းလွတ်က ရှိပါသည်။ ဈေးကမတတ်နိုင်၊ နောက်တစ်ခုဝင်မေးကြည့်တော့လည်း တစ်ညတာ



စရိတ်က ရန်ကုန်အဆင့်မြင့်ဟိုတယ်များထက်ပင် သာနေပါသေးသည်။

သုံးခုမြောက် သွားပြီးစဉ်မှာတော့ တည်းခိုခန်းတည်းဖို့ အစီအစဉ်ကို ကျွန်တော်တို့ လက်လျှော့လိုက်ရတော့၏။

ထို့နောက်မှာ ကျွန်တော်တို့ရဲ့ ဦးတည်ရာက ထမင်းဆိုင် ဖြစ်လာပါသည်။ ထမင်းဆိုင်တွင်တည်းရန် ဆုံးဖြတ်ပြီးချိန်မှာ နားတွင်းသို့စကားတစ်ခွန်းက ဆိုင်းမဆင့်ဘုံမဆင့် ဝင်ရောက်လာသည်။ ကင်ပွန်းစခန်းထမင်းဆိုင်မှ ဆိုင်ရှင်မိန်းမကြီး ပြောလိုက်သည့်စကား . . .

တောင်ပေါ်တွင် သူတို့ထမင်းဆိုင်ရှိကြောင်း၊ တည်းခိုလို့ရကြောင်း ပြောလိုက်သည့်စကား။ ထိုစကားကို အမှတ်ရပြီးနောက် ကျွန်တော်တို့အားလုံး နာမည်တူ ထမင်းဆိုင်ကို ရှာလိုက်ကြတော့၏။

ထမင်းဆိုင်တန်းများ ရှိရာဆီရောက်တော့ လေးဘက်လေးလံမှ ကျီးများဝိုင်းအာသလို ဆူညံပွက်လောရိုက်စွာထွက်လာသော အသံများကို နာမခံသာအောင် ကြားလိုက်ရပါသည်။

ထမင်းဆိုင်များဆီမှ အလုပ်သမားမိန်းကလေးများ စားသုံးသူရရှိရေး အပြိုင်ခေါ်ငင်နေကြခြင်းဖြစ်၏။ နှစ်ဖက်လုံးမှ non-stop အော်နေသည်ဖြစ်ရာ နားများမှာ မခံသာ။

သိပ်မရှာလိုက်ရ၊ သုံးဆိုင်လောက် လွန်သွားပြီးစဉ်၌ နာမည်တူထမင်းဆိုင်အား ရှာဖွေတွေ့ရှိပါတော့သည်။ ဆိုင်တွင်းလှမ်းဝင်တော့ ဈေးခေါ်သူ မိန်းကလေးများ ငြိမ်သွား၏။ ဒါပေမဲ့ ခဏပါပင် နောက်တစ်ဖွဲ့ ဆင်းလာပြန်တော့ ဝိုင်းအာကြပြန်လေသည်။

ဆိုင်တွင်းရောက်ရောက်ချင်းပင် . . .

"ဘာသုံးဆောင်ကြမလဲရှင်။ မြန်မာထမင်းဟင်း အစုံရပါတယ်။ ခေါက်ဆွဲကြော်၊ ကြာဇံကြော်၊ အစိမ်းကြော်၊ ကုန်းဘောင်ကြီးကြော်"

စသဖြင့် သူတို့ဆိုင်တွင်ရသော အစားအသောက်များကို တန်းစီရွတ်ချသွားသည်။ ကျွန်တော်တို့မှာ ဘာပြောလို့ ပြောရမှန်းမသိ၊ ကြောင်တောင်တောင်နဲ့ ရပ်ကြည့်နေရာမှ ရွတ်ဆိုမှုပြီးသွားချိန်မှာတော့ . . .



www.burmeseclassic.com

www.burmeseclassic.com

“အခန်းတစ်ခန်းလိုချင်တယ်”

“ရှင် . . . ”

“ညအိပ်ဖို့ အခန်းတစ်ခန်း လိုချင်တယ်လို့ပြောတာ”

ကျန်သူများက ထိုကောင်မလေးအား ကြည့်ပြီး ဝိုင်းရယ်သည်။ ဘာမမေးညာမမေး ထင်ရာရှုတ်ပြနေသော ကောင်မလေးမှာ ရှက်ရမ်းရမ်းပြီး ဆိုင်ရှေ့ပြေးထွက်ရမလို၊ နောက်ဖေးပဲဝင်ရမလို ဖြစ်သွားသည်။ ပြီးမှ ပါးစပ်ကို လက်ဝါးအုပ်ရယ်ရင်း . . .

“ခဏလေးနော် . . . အစ်မကြီးကို သွားပြောပေးမယ်”

ဟုဆိုကာ နောက်ဖေးဘက် ပြေးဝင်သွားပါသည်။ မကြာပါ နောက်ဖက်ဆီမှ ထူးခြားထင်ရှားသော အန်တီကြီးတစ်ဦး ထွက်လာလေ တော့သည်။

ခရမ်းရောင်ဝမ်းဆက်နှင့် ဆံပင်ကို ကျစ်ဆံမြီးထုံးပြီး ရှေ့ကိုချ ထား၏။ မျက်နှာတွင် သနပ်ခါးကို ဖုံနေအောင်လိမ်းကာ လျှောက်လာ သော ခြေလှမ်းတွေက တော်ဝင်နေသလို၊ အားလုံးရဲ့ အကြည့်တွေကို သိမ်းပိုက်တော့မလို။

တော်တော်လေး အသက်ကြီးပေပြီ။ over Thirty Five ပတ်လည် လောက် ရှိမည်။ အပိုအလို နည်းနည်းရှိတာကလွဲပြီး ကြည့်ရတာ မဆိုး ပါ။ အပျိုကြီးဖြစ်ကြောင်း အတွေ့အကြုံအရလည်း ရိပ်စားမိပါသည်။

ကျွန်တော်တို့ရှေ့ရောက်တော့ . . .

“ပြော . . . ဘာကိစ္စလဲ”

“ကျွန်တော်တို့တည်းဖို့ အခန်းတစ်ခန်းလောက် လိုချင်လို့ပါ။ အဲဒါ အခန်းရဦးမလား ဝင်မေးကြည့်တာ”

စိုင်းထက်ကလည်း မှတ်သားလာသောစကားကို မမေ့မလျော့ ဝင်ပြော၏။

“ကျွန်တော်တို့ ကင်ပွန်းစခန်း (        ) ဆိုင်မှာ တည်းလာ တာပါ။ အဲဒီက ညွှန်လိုက်လို့ ဒီကိုရောက်လာတာ”



“လေးယောက်တစ်ခန်းယူမှာလား”

“ဟုတ်ပါတယ်”

“အေး . . . အခန်းတော့ရှိတယ်။ တစ်ညကို နှစ်သောင်း”

“ဗျာ . . . ”

“ဟင် . . . ”

ကျွန်တော်တို့ မျက်လုံးပြူးသွားသည်။ ထမင်းဆိုင်မှာပင် အခန်းဈေးက ကြားရသူအဖို့ လွင့်သွားလောက်သည်။ အပေါ်ဘက် တည်းခိုခန်းများနှင့် သုံးပုံတစ်ပုံလောက်သာ သက်သာ၏။ စိုင်းထက်က မျက်နှာငယ်နှင့် ဈေးဆစ်သည်။ ဒါပေမဲ့ စိုင်းထက်သည် ဈေးဆစ်တတ်သူ မဟုတ်မှန်း ဒီကောင့်ပြောစကားအရ နားလည်လိုက်၏။ အခေါ်အဝေါ်ကပင် လွဲသွားချေပြီ။

“မများဘူးလား . . . အန်တီရယ်၊ ဟိုဘက် တည်းခိုခန်းတွေတောင် တစ်ညကို သုံးလေးသောင်းပဲရှိတာပါ”

မျက်နှာတစ်ချက် တင်းသွားသည်ကို မြင်ရ၏။ ဈေးဆစ်လို့လား။ သူ့ကို အန်တီခေါ်လို့ပဲလားမသိပါ။

“မရဘူးကွယ့် . . . ဒီမှာ ပွဲတော်ရက်ကတော့ ဒီဈေးပဲ တခြား ထမင်းဆိုင်တွေဆို ဒီထက်တောင် ပိုယူဦးမယ်”

“တတ်နိုင်ရင် လျှော့ပေးပါလား . . . အန်တီရယ်၊ ကျွန်တော်တို့က အဝေးကြီးက လာရလို့ပါ”

“အဟင်း . . . ရမှာမဟုတ်ဘူး”

အပျိုကြီးက ပါးစုံများမို့ ထွက်အောင်ပြုံးရင်း ခေါင်းယမ်း၏။ ကျွန်တော် ဝင်လိုက်ရတော့သည်။

“ဟိုလေ . . . ဒီလိုပါ မမ”

ထိုစကားနဲ့တင် အပျိုကြီးမျက်လုံး ကျွန်တော်ထံ ‘ဒိုင်း’ ခနဲ ရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော်တို့ ခရီးလည်း ပန်းထ... ...မြ... ...ပါ
မသွားချင်တော့ပါဘူး။ မမတို့ဆိုင်မှာပဲ တည်းချင်လို့ပါ။ ပြီးတော့ ဆိုင်လေးကလည်း တစ်မျိုးဆွဲဆောင်မှုရှိနေတယ်လေ။ ဆိုင်ထဲဝင်ပြီးကတည်းက ပြန်မထွက်ချင်လောက်အောင် ဖြစ်နေလို့။ အဲဒါ . . . ဟဲ ဟဲ"

စကားပိတ်မှာ အကြည့်တစ်ချ 'ဒိုင်း'ခနဲကျွေးတော့ အပျိုကြီးမျက်နှာ ဖျန်းခနဲ ရဲသွားသည်။ နောက်ပြီး မလုံသလို ဘေးဘီကိုကြည့်ရင်း မျက်စောင်းတစ်ချ ရောက်လာ၏။

"အပိုတွေ . . . "

မပီကလာ ပီကလာလိုလို၊ မပွင့်တစ်ပွင့်လိုလို လေသံတိုးတိုးထွက်လာတော့ . . .

"တကယ်ပါ . . . ကျွန်တော်တို့ မမရဲ့ထမင်းဆိုင်မှာပဲ တည်းချင်တာပါ။ ဟော့ကောင်တွေ . . . ဟုတ်တယ်နော်"

"ဟုတ်ပါတယ် မမ"

"ဟုတ်ပါတယ်"

"ကျွန်တော်တို့ မမဆိုင်မှာပဲ တည်းချင်တာပါ"

အရိပ်ပြအကောင်မြင်သူတွေမို့ အခြေအနေကို သဘောပေါက်ပြီး အားလုံး 'မမ' လုပ်ပစ်လိုက်သည်။ ပြီးတော့ နောက်တစ်ဆင့် ထပ်ချည်သည့်သဘော . . .

"ကျွန်တော့်နာမည် သီဟလို့ ခေါ်ပါတယ်"

ပြောပြောဆိုဆို လက်တစ်ဖက်ထိုးပေးတော့ အပျိုကြီး ခေါင်းငုံ့သွားပါသည်။ ခေါင်းငုံ့လျက်မှ ပတ်ဝန်းကျင်အား မလုံမလဲကြည့်နေကြောင်း တွေ့ရ၏။ ဆိုင်ထဲမှာက ထမင်းစားသူတွေနှင့် သူတို့အလုပ်သူတို့လုပ်နေကြသော ဝန်ထမ်းများသာရှိပါသည်။ အားလုံးရဲ့အာရုံတွေက ကျွန်တော်တို့ အနီးဝန်းကျင်မှာမရှိ။ ဒီတော့မှ အသက်ရှူချောင်သလိုမျက်နှာကို တစ်ဖက်လွှဲရင်း လက်ကို ပြန်ထိုးပေး၏။

ကျွန်တော် ဝမ်းသာအားရ လှမ်းကိုင်ကာ . . .



"...တွေ့ရတာ အရမ်းဝမ်းသာတယ်ဗျာ"

ကျွန်တော်ပြီးလျှင် အလှည့်ကျသဘောမျိုး လက်ဆွဲနှုတ်ဆက်ရန် ဟိုကောင်တွေ ကပျာကရာ တန်းစီလိုက်ကြပေမဲ့ သူတို့ အလှည့်ရောက်ပါ။ အပျိုကြီးမှာ ဘယ်သူမှမရိပ်မိခင် သူ့လက်ကို ပြန်သိမ်းသွားပါသည်။

ဒါပေမဲ့ စိုင်းထက်ဆိုသည့် ဂျပုမှာ ခေသူတစ်ယောက်တော့ မဟုတ်။

"မ,က ခင်တတ်တဲ့ပုံပဲနော်။ ကျွန်တော်တို့ကို တစ်ည ငါးထောင်လောက် လျှော့ပေးပါလား"

အပျိုကြီးမျက်နှာမှာ ချက်ချင်း ပြန်တည်သွားပါသည်။

"မဖြစ်ဘူးကွယ့်"

"...ပ်ပါ . . . မ,ရယ် . . . ကျွန်တော်တို့ တကယ် အဆင်မပြေလို့ပါ . . နော် . . . နော်"

အောင်ရဲပါ တစ်တပ်တစ်အားပါဝင်လာတော့ နောက်ဆုံး အပျိုကြီး လက်လျှော့လိုက်ရလေသည်။ တစ်ည တစ်သောင်းခွဲ၊ နှစ်ည သုံးသောင်း၊ ခပ်မြန်မြန်ပင် ကျွန်တော်တို့ ထုတ်ရှင်းလိုက်သည်။

အပျိုကြီးကလည်း တစ်ခုပြန်ချုပ်၏။

"မောင်လေးတို့ ထမင်းတော့ ဒီမှာစားရမယ်နော်"

ဝမ်းသာအားရဖြင့် တညီတညွတ်တည်း ပြန်ပြောဖြစ်သည်က–

"ဟုတ်ကဲ့ပါ . . . မရယ်"

• • •

ဝန်ထမ်း မိန်းကလေးတစ်ဦး အခန်းလိုက်ပြ၏။

ပါးစပ်ကလည်း စည်းမျဉ်းလား၊ စည်းကမ်းလား မသိတာတွေကို တောက်လျှောက်ပြောသွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com

"စောင်၊ ခေါင်းအုံးငှားမှာလား၊ ငှားရင် တစ်စုံငါးရာ။ ရေချိုး ချိုးလို့ မရဘူး၊ ရေချိုးဆိုင် သွားချိုးရမယ်။ အောက်ထပ်မှာ အိမ်သာ တယ်။ မျက်နှာသစ်ချင်ရင် ဆိုင်ရှေ့မှာ ဘေဇင်ချထားတယ်"

ကျွန်တော်တို့ကတော့ ငြိမ်၍သာ ပါလာပါသည်။ အခန်းများ မှာ အပေါ်ထပ်တွင်ရှိ၏။ အပေါ်ရောက်တော့ ကင်ပွန်းစခန်း ထမင်း ဆိုင်အတိုင်းပင် အလယ်တွင် လျှောက်လမ်းချန်ပြီး တစ်ဖက်တစ်ချက်စီ မှာ ငါးထပ်သားပြားနဲ့ အခန်းတွေ ဖွဲ့ထား၏။

အခန်းတိုင်းလိုလိုမှာ လူရှိနေသည် ထင်ပါသည်။ တချို့အခန်း တွေက တံခါးပိတ်ထားပေမဲ့ တချို့ကတော့ အတွင်းမှ စကားပြောသ သံကိုပင် ကြားရသည်။ အခန်းတစ်ခန်းရှေ့ကိုရောက်တော့ ဦးဆောင် မိန်းကလေးက သော့ဖွင့်ပေးသည်။

တံခါးပွင့်သွားစဉ် ကျွန်တော်တို့မြင်လိုက်ရသည်ကား . . .

ဖိနပ်ချွတ်ရန် နေရာချန်ပြီး ခန်းလုံးပြည့် သစ်သားကွပ်ပျစ် ခင် ထား၏။ သစ်သားကွပ်ပျစ်မှာ ပေါင်တစ်ဝက်လောက် အမြင့်ရှိပါလိမ့် မည်။

"ဟင် . . . အခန်းက ဒါလေးပဲလားဗျ"

တစ်ချိန်လုံး ငြိမ်နေသည့် အောင်ဇော်မင်းက ဖွင့်ပြသော အခန်း ကိုကြည့်ပြီး မေးတော့ . . .

"ဒါပဲလေ . . . ရှင်တို့လေးယောက်တည်းဥစ္စာ၊ အခန်းက ကြီး တောင် ကြီးနေဦးမယ်"

"ဖျာတောင် ခင်မထားပေးဘူးလား"

"ဖျာတစ်ချပ် ငါးရာ"

အောင်ဇော်မင်း ပါးစပ်ပိတ်သွားလေသည်။ ခေါင်းဝင်ကြည့် တော့ ပြတင်းပေါက်နှင့် နှစ်ပေမီးချောင်းမှလွဲ၍ အခန်းမှာ ပြောင်ရှင်း နေပါသည်။



"ဒါ . . . ရော့ . . . အခန်းသော့"

သော့ပေးပြီး ထိုမိန်းကလေးမှာ အောက်ထပ်ပြန်ဆင်းသွားလေ ၏။

ကျန်ခဲ့သော ကျွန်တော်တို့ လေးယောက်မှာတော့ လုပခန့်ညား ပြည့်စုံလွန်းသော အခန်းလေးကိုကြည့်ရင်း . . .

မတတ်နိုင်ပါ။ ဖိနပ်ကိုယ်စီချွတ်ပြီးပဲ ကွပ်ပျစ်ပေါ်တက်လိုက် သည်။ မီးဖွင့်ကြည့်တော့ ခပ်ရေးရေး လင်းနေ၏။ တော်သေးသည်။ လုံးဝမလင်းတာထက် စာလျှင်တော့ တစ်ခုလောက်လင်းနေတာမဆိုးဟု ပြောရမည်။

ထို့နောက်တော့ အဝတ်ပေါ့ပေါ့ပါးပါးလဲကာ ကြမ်းပေါ်လှဲချ လိုက်ပါသည်။

က ထူပင်မထူချင်တော့လောက်အောင် ပင်ပန်းနေပြီဖြစ်၏။ အခ ပါ၊ ဘာမပါ။

ကျောပိုးအိတ် ခေါင်းအုံးထားရပေမဲ့ တစ်ညလုံး မအိပ်ရသည့် ဒဏ်၊ ခရီးပန်းလာသည့် ဒဏ်တွေကြောင့် ခဏအတွင်းပင် ကျွန်တော် မှေးခနဲ အိပ်ပျော်သွားပါသည်။

ဘာဆိုဘာမှမသိတော့။



www.burmeseclassic.com

www.burmeseclassic.com

# XV

"ခြေထောက်ကို 'ဘုန်း'ခနဲ အကန်ခံရတော့မှ လူက လန့်နိုး
သွားသည်။ ခြေကိုရုတ်ကာ မျက်လုံးဖွင့်ကြည့်တော့ ကျွန်တော့်အား ...
ကြောင်ပေကြောင် ရပ်ကြည့်နေသူတစ်ဦး။

အောင်ရဲ . . .

ပုဆိုးကို တိုတိုဝတ်ကာ ငုံ့ကြည့်နေရင်း . . .

"ဟေ့ကောင် . . . နာရီလေးဘာလေးလည်း ကြည့်ဦး။ အိပ်...
နေလိုက်တာ ကုလားသေ ကုလားမောပဲ။ ငါတို့က မင်းကို မထတာ...
အိပ်သွားပြီထင်နေတာ"

"ဟုတ်ပ့ါကွာ။ အခင်းမပါ၊ ဘာမပါနဲ့ ဒီကောင်မို့လို့ အိပ်တတ်...
တယ်၊ ကျောမနာဘူးလား မသိဘူး"

အောင်ဇော်မင်းလိုကောင်က ဝင်ပြောတော့ ကျွန်တော် တင်...
သွားသည်။

"ဟေ့ကောင် . . . ရှာသား၊ ဘာစကားပြောတာလဲ။ ရှာ...
ကောက်ရိုးပုံဖက်အိပ်ရတဲ့ကောင်က ကြီးကြီးကျယ်ကျယ် လာပြော...
တယ်"



စကားမှာ တော်တော် ထိရောက်သွားသည်ထင်၏။ တစ်ခွန်းတည်းနဲ့ တိတ်သွားကာ ဟိုနှစ်ကောင်ကတော့ ရယ်သည်။ စိုင်းထက်က . . .

"ကဲ . . . ကဲ . . . ထတော့ . . . ဟေ့ကောင်။ ငါးနာရီကျော်နေပြီ။ ရေချိုးပြီး ထမင်းစားကြမယ်"

နာရီကိုကြည့်တော့ တကယ်ပင် ညနေငါးနာရီကျော်နေပါပြီ။

"ဘယ်လိုဘယ်လို အိပ်ပျော်သွားမှန်းကို မသိဘူး။ မင်းတို့ရော မအိပ်ကြဘူးလား"

သုံးကောင်လုံး ခေါင်းယမ်းပြ၏။

"အိပ်မရပါဘူးကွ။ အောက်က ဒီလောက်ဆူညံနေတာ။ မင်းတစ်ကောင်ပဲ အိပ်ပျော်သွားတာ"

ပုံစံတွေကြည့်ရတော့ တကယ်လည်း အိပ်ထားရပုံမပေါ်သည်မို့ ငြိမ်နေလိုက်သည်။ ဘယ်နေရာပဲဖြစ်ဖြစ် ဘယ်လောက်ပဲ ဆူညံနေပါစေ၊ ပျော်အောင်အိပ်တတ်တာ ကျွန်တော့်အရည်အချင်း တစ်ခုပါပင်။

ထို့နောက်တော့ သွားတိုက်ဆေး၊ သွားပွတ်တံ၊ ဆပ်ပြာ၊ မျက်နှာသုတ်ပဝါ၊ ရေလဲလုံချည် စတာတွေကို ယူရင်း အောက်ကို ဆင်းခဲ့လိုက်၏။ ကျွန်တော်ကတော့ ဖုန်းတစ်လုံးပါ အပိုပါလာသည်။ ဖုန်းက တောင်ပေါ်တွင် လုံးဝလိုင်းမမိပါ။

ဒါပေမဲ့လည်း အခန်းထဲ မထားခဲ့ရက်သည်မို့ ယူလာခဲ့ခြင်းဖြစ်ပါ၏။

"အောင်ရဲ . . . အခန်းသော့က မင်းဆီမှာနော်"

"ဟုတ်တယ်လေ"

"သတိလည်းထားဦး။ ပျောက်သွားလို့ အပျိုကြီးနဲ့ ကွိုင်တက်နေဦးမယ်"

"မင်းရှိနေတာပဲကွာ၊ ဘာအရေးလဲ"



www.burmeseclassic.com

www.burmeseclassic.com

ပြောပြီး သုံးကောင်သား တဟီးဟီး ရယ်နေကြသည်။ ဒီကောင်တွေ ဘာအဓိပ္ပာယ်နဲ့ပြောမှန်း သဘောပေါက်သည်မို့ ဆဲရေးဖြစ်၏။

ကျွန်တော်တို့ ဆိုင်ပြင်ထွက်ကာ လှေကားထစ်တွေအတိုင်း အပေါ်ဘက် တက်ခဲ့လိုက်ပါသည်။ ရေချိုးဆိုင်များသည် အပေါ်ဘက်တွင်ရှိသည် မဟုတ်ပါလား။

လှေကားထစ်နှစ်ဆယ်လောက် တက်ပြီးသွားချိန်မှာ 'ရေချိုးဆိုင်သို့' ဟူ၍ မြားပြထားသော လမ်းချိုးလေးကို တွေ့ရ၏။ ဝင်သွားတော့ လှေကားထစ်များ ဆုံးသွားချိန်မှာ . . .

ရေချိုးပွဲကြီးတစ်ခုအား မျက်ဝါးထင်ထင် မြင်တွေ့လိုက်ရတော့သည်။

ရေချိုးဆိုင်မှာ ပွဲတော်အလာ စည်ကားနေပါ၏။ သစ်သားပြားများကို စီခင်းထားသော ရေကပြင်ကြီးတစ်ခုပေါ်တွင် ရေချိုးနေသူတွေမှာ ခဲခဲလှုပ်လို့။ မြန်မာတစ်နိုင်ငံလုံးမှ ဘုရားဖူးများလာရောက်ကြသည်မို့ ရေချိုးဆိုင် လူပြည့်နေခြင်းသည် ဆန်းတော့မဆန်းပါချေ။

ရေကပြင်ကြီးက ပေအစိတ် သုံးဆယ်လောက်ပင် ကျယ်မည်ထင်ပါသည်။ ပတ်ပတ်လည်မှာ သစ်သားတန်းများဖြင့် ကာရံထားပြီး ထိုပေါ်တွင် ရေဝတ်ချိုးရန် လုံချည်တို၊ ဘောင်းဘီတိုတို့ကို လွှားထားသည်။ အဝင်ဝတွင် မိန်းမကြီးတစ်ယောက် ကုလားထိုင်တစ်လုံးနှင့် ထိုင်နေ၏။ သူ့မရှေ့စားပွဲပေါ်တွင် ကတ်ပြားတွေ စီချထားပါသည်။

ခပ်ဝေးဝေးမှာ ရေပုံးတွေ တန်းစီချထား၏။ တစ်ပေအမြင့်လောက်ရှိပြီး လူကြီးပေါင်လုံးသာသာ အဝကျယ်သည့် သံပုံးလေးတွေပါ။ ရေက အပြည့်ဖြည့်ထားပေးသည်မဟုတ်။ လက်သုံးလုံးလောက် လျော့နေသေး၏။

"အဒေါ်ကြီး . . . ရေတစ်ပုံး ဘယ်လောက်လဲ"

"ငါးရာ . . . "



တစ်ပုံးတည်းကတော့ ရေချိုးဖို့မပြောနှင့် မျက်နှာသစ်၊ ခြေလက်ဆေးပင်မလောက်ချင်ပါ။ အများကြီးဝယ်လို့လည်း မဖြစ်၊ ရေချိုးနေသူတွေကြည့်ရသလောက် ရေတစ်ခွက်လောင်းပြီးတိုင်း ဖျတ်ဖျတ်လူးနေသည်။ အချို့မှာ အံကြိတ်ထားလျက်မှ မေးချင်ပင်ရိုက်လို့ . . .

နေစောင်းပြီမို့ အအေးဓာတ်က ကြောက်ခမန်းလိလိပါပင်။ ထိုလျှင် ထပ်ဝယ်၍ရသည်မို့ တစ်ယောက်နှစ်ပုံးစီပဲ လောလောဆယ်ဝယ်ဖို့ ဆုံးဖြတ်လိုက်သည်။ လေးထောင်ဖိုးဝယ်တော့ တုံကင်ရှစ်ပြားပေး၏။ ထိုရှစ်ပြားကို သွားလဲတော့ ရေရှစ်ပုံးရပါသည်။

လူရှင်းသောနေရာကို သယ်ကာ ရေစိုအဝတ်များ လဲပြီးသွားချိန်၌ . . .

တစ်ခွက်လောင်းတော့ ဆွေမျိုးမေ့သွား၏။

နှစ်ခွက်လောင်းတော့ ကိုယ်ကိုယ်ကိုယ် မေ့သွားသည်။

သုံးခွက်လောင်းပြီးသွားစဉ်မှာ မှန်ကန်သော သဘောထားတစ်ရပ်ကို ချမှတ်နိုင်ပါသည်။

ကမ္ဘာ့အအေးဆုံးရေပင် ဖြစ်ချေတော့၏။

• • •

ရေချိုးပြီးတော့ ခပ်သွက်သွက်ပင် အခန်းပြန်လာလိုက်သည်။ ဒီးလိမ်းပြင်ဆင်ပြီးသွားချိန်မှာ အောက်ဆင်း၍ ထမင်းစားလိုက်ကြပါသည်။

ထမင်းစားရင်းနဲ့ စိုင်းထက်က ဝန်ထမ်းကောင်မလေးတစ်ယောက်ကို ခေါ်မေးသည်။

"ညီမလေး . . . ဒီည တောင်ပေါ်မှာ Happy New Year လို့ အရင်ဆုံး အော်နိုင်တဲ့အဖွဲ့ကို ဆုပေးတယ်ဆို ဟုတ်လား"

ကောင်မလေးက ပြုံး၏။ ပြီးတော့ . . .



www.burmeseclassic.com

www.burmeseclassic.com

"အရင်ဆုံး အော်နိုင်တဲ့အဖွဲ့တင်မဟုတ်ဘူး၊ ဘယ်သူအော်အော် ဆုပေးတာ"

ပြီးလေပြီ။ အားရှိအောင် မိုက်ဖြည့်ထားဖို့ပဲ လိုတော့သည်။ ကျွန်တော်ကတော့ ဟိုဟိုဒီဒီမငေးဘဲ ထမင်းသာ ငုံ့စားနေလိုက်ပါသည်။ အကြောင်းကား ဆိုင်ရှင်အဖိုးကြီးမှာ ကျွန်တော့်အား ပြုံးပြုံးကြီး စိုက်ကြည့်နေသည်။

ᨏ ᨏ ᨏ



# XVI

ထမင်းစားပြီးနောက်မှာ ဘုရားပေါ်တက်ရန် ဆွယ်ပေမဲ့ ဟိုကောင်တွေက အခန်းမှာပင် နားချင်သည်ဆို၏။ ဆယ့်နှစ်နာရီ ထိုးခါနီးမှ ဘုရားကန်တော့ရင်း Happy New Year အော်ကြမည်ပြောသည်။

သုံးယောက်တစ်ယောက်ဖြစ်လေတော့ လက်လျှော့လိုက်ရပါသည်။ အပြင်မှာ လုံးဝမှောင်သွားချေပြီ။ ကျွန်တော်တို့ အခန်းထဲ ပြန်ဝင်တော့ ည(၇)နာရီထိုးပြီး မိနစ်အနည်းငယ်။

လာမယ့် ညသန်းခေါင်အတွက် စိတ်မှာ ပျော်ရွှင်တက်ကြွနေမိကြသည်။ အခန်းထဲရောက်စဉ်မှာ ဘာရယ်မဟုတ် နှုတ်က လွှတ်ခနဲ အော်မိ၏။

" Happy New Year "

ကျွန်တော်အော်တော့ စိုင်းထက်ကပါ လက်ခုပ်သုံးချက်တီးပြီး လိုက်အော်သည်။

"ဖြောင်း . . . ဖြောင်း . . . ဖြောင်း . . . Happy New Year"

ထိုခဏမှာပဲ . . .

"ဆယ့်နှစ်နာရီ မထိုးသေးဘူးလေ၊ အစောကြီး ရှိသေးတယ်"

www.burmeseclassic.com

အရှေ့ဘက်ဆီမှ ထွက်လာသော မိန်းကလေးသံတစ်သံ။ ထိုအသံကြားတော့ ကျွန်တော်နှင့် စိုင်းထက်ပင်မဟုတ်။ လှဲနေသော အောင်ရဲပါ ငေါက်ခနဲ ထထိုင်သည်။ မှားစရာမရှိပါ။ အရှေ့ဘက်ဆီမှ ထွက်လာခြင်းဖြစ်သည်။

"Happy New Year ..."

သေချာရန် နောက်တစ်ကြိမ် ထပ်အော်တော့ . . .

"အစောကြီးရှိသေးတာကို တော်တော်တက်ကြွနေပါလား"

သေချာလေပြီ။ ကျွန်တော်တို့နဲ့ မျက်နှာချင်းဆိုင်အခန်းဆီမှ ထွက်လာနေခြင်း။ ကောင်မလေးသံကြားတော့ မျောက်အုန်းသီးရသလို စိုင်းထက်နှင့် အောင်ရဲမှာ နေမထိထိုင်မသာ ဖြစ်သွား၏။

တံခါးပိတ်ထားသည်မို့ ရှေ့ခန်းက အခြေအနေကို အကဲခတ်လို့မရ။ အနားယူချင်သည်ဆိုသော နှစ်ကောင်မှာ ခါးတဆန့်ဆန့်၊ လည်တမော့မော့ ဖြစ်သွားပါပြီ။ အောင်ဖော်မင်းတော့ မပါပါချေ။ မွေးကတည်းက နှလုံးသားမပါသူမို့ ဒီကောင့်ကိုတော့ ထည့်တွက်မနေတော့။

စိုင်းထက်က တံခါးဖွင့်ကြည့်ရန် လက်လှမ်းတော့ ကျွန်တော်လှမ်းဆွဲထားလိုက်သည်။ ပြီးအခန်းအပေါ်ဘက်ကို လက်ညှိုးထိုးပြကာ–

"ချက်ချင်းကြီး သွားမဖွင့်နဲ့လေကွာ . . . အောက်တာပေါ့။ ဟိုအပေါ်က တက်ချောင်းချည်"

အခန်း၏ လူတစ်ရပ်သာသာ အပေါ်ပိုင်းမှာ သံဇကာကွက်များ ကာထားသည်မို့ အပြင်ကို ချောင်းကြည့်၍ ရနိုင်ပါသည်။ ပြောက်ကျားစစ်ဆင်နွှဲမည့် စစ်သည်တွေလို တစ်ခန်းလုံး တိတ်ကျသွား၏။ ပါးစပ်ပြောသာ လွယ်သော်လည်း တကယ့်လက်တွေ့မှာ မလွယ်ကူ။ သံဇကာကွက်က လူတစ်ရပ်ကျော်နေသည်။ အောက်ခြေမှ ခုစရာ၊ ခံစရာလည်း မရှိ။ ပင်ပန်းလွန်း၍ ညည်းညူနေသော အောင်ရဲမှာ ဒါမျိုးကျ မပင်ပန်း။ စိုင်းထက်ကို အောက်မှ ပွေ့ချည်ပေး၏။ ပုပုကွကွကောင်ကလည်း သံပန်းမျောက်တွယ်သလိုကုတ်တွယ်ပြီးနောက် ခဏချင်းပင်ပြန်ဆင်းလာကာ–



"အပြင်မှာ ဘယ်သူမှမရှိဘူး။ ရှေ့ခန်းကဆိုတာတော့ သေချာတယ်"

အသစ်ရောက်လာသူများ ဖြစ်နိုင်ပါသည်။ ရေချိုးပြီးတက်လာချိန်ထိ ရှေ့ခန်းမှာ သော့ပိတ်ထားဆဲပင် မဟုတ်ပါလား။ ဘာပဲဖြစ်ဖြစ် ခရီးစဉ်က နွေးထွေးသွားလေပြီ။

"Happy New Year . . ."

နောက်တစ်ကြိမ် ထပ်စမ်းပြန်တော့ . . .

"ကဲ . . . ကြည့်၊ နာရီမရှိဘူးနဲ့တူတယ်၊ အော်ပြန်ပြီ"

အသံမှာ ချွဲပျစ်ပျစ်လေး ဖြစ်ကာနေသည်။ ယခုခေတ် ဆယ်ကျော်သက်မိန်းကလေးများ၏ တမင်တကာလုပ်ပြောသော ခပ်ချွဲချွဲအသံမျိုး။ (ဘယ်လိုသဘောဖြင့် ထွင်ပြောနေမှန်း မသိပေမဲ့ ကြားရသူအဖို့မှာ နားချွဲကြပ်လှသည်။)

ဂျပုက ဒါမျိုးတော့ သွက်၏။

"ဟုတ်တယ် . . . နာရီမရှိလို့။ ဘယ်နနာရီထိုးပြီလဲ မသိဘူး"

"ခုနစ်နာရီခွဲ"

ချွဲပျစ်ပျစ် အသံနဲ့အတူ ချိုကြည်ကြည် အသံလေးတစ်ခုပါ နောက်ဆက်တွဲပါလာတော့ ကျွန်တော်တို့ တစ်ယောက်ကိုတစ်ယောက် ကြည့်မိသွားပါသည်။ ရှေ့ခန်းတွင် လိပ်ဥနှစ်လုံးတော့ ရှိနေချေပြီ။ နောက်ထပ်ရော ရှိဦးမလား။ နှစ်ယောက်တည်းတော့ မရပါချေ။ ကျွန်တော်တို့က လေးယောက်ဖြစ်နေပါသည်။

ပြီးတော့ အရေးကြီးတာတစ်ခုလည်း ရှိသေးသည်။ သူတို့မှာ လူကြီးတွေ ပါသေးလား။ ဒါမှမဟုတ် ကျွန်တော်တို့လို သူငယ်ချင်းတွေချည်း စုလာတာလား။ ထိုအချက်မှာ အရေးကြီး၏။

"ဆယ်နှစ်နာရီထိုးဖို့ တော်တော်လိုသေးတာပေါ့"

"ဟုတ်တယ်"

"ဒါဆို ဆယ့်နှစ်နာရီထိုးရင်ရော အတူတူအော်မှာလား"



www.burmeseclassic.com

www.burmeseclassic.com

"အဲ . . ."

ဂျပုစကားက တော်တော်တာသွားသည်။ ပြီး အရမ်းလည်း သွက်လွန်းသွားသည်ထင်၏။

"ဟွန့် . . . လူကြီးတွေက အလာချည်းပဲ"

"ဟုတ်ပ . . . ဒုံးပျံဖက်စီးလာတာနဲ့ တူတယ်။ အဆင့်တွေကျော် သွားလိုက်တာ နောက်ဆုံးရောက်တော့မယ်"

"ခစ် . . . ခစ် . . . ခစ် . . ."

ပြီး သူမတို့စကား သူမတို့ သဘောကျသလို တခစ်ခစ်ရယ်ကြ၏။ ဒီဘက်တွင်လည်း ကျွန်တော်တို့မှာ ကျိတ်ရယ်နေမိပါသည်။ စိုင်းထက်၏ သွက်လက်မှုကိုလည်း အသိအမှတ်ပြုမိသည်။

"ညီမတို့က အခုမှ အသစ်ရောက်လာတဲ့ အဖွဲ့လား"

"ဟုတ်တယ် . . . ကိုကြီး"

ကြားရသော စကားကြောင့် ကျွန်တော်တို့တွေ မျက်လုံးပြူးသွား၏။ တစ်ဖက်မှလည်း သူတို့ အသုံးအနှုန်းအား သဘောကျသလို တိုးတိုး ကြိတ်ရယ်သံတွေ ထွက်လာသည်။ စိုင်းထက်မှာတော့ 'ကိုကြီး' ဟု အခေါ်ခံလိုက်ရသည့်အတွက် ထွန့်ထွန့်လူးသွားချေပြီ။

"ညီမတို့က ဘယ်နှစ်ယောက်အဖွဲ့လဲ"

"သုံးယောက် . . ."

"မိန်းကလေးချည်းပဲလား"

ထိုမေးခွန်းက အရမ်းအရေးကြီးပါသည်။ ဒါပေမဲ့

"ဟုတ်တယ်"

ပွဲပြတ်လေပြီ။ စိုင်းထက်က လက်မလှည့်ထောင်ပြသည်။ အောင် ရဲဆိုတာ ဝမ်းသာလွန်း၍ မျက်ရည်များပင် ဝဲလို့။ ကြားရသောသတင်း စကားကြောင်း ကျွန်တော်လည်း ပျော်သွားသည်။

"ကိုကြီးတို့ကရော ဘယ်နှစ်ယောက်လဲ"

"လေးယောက်"



"ဟယ် . . . သူတို့က လေးယောက်တဲ့တော့"

ပျစ်ချွဲချွဲအသံလေး ထွက်လာတော့ နောက်တစ်ယောက်က ဝင် မေးသည်။

"ယောကျ်ားလေးတွေ ချည်းပဲလား"

"သေချာတာပေါ့"

ထို့နောက်မှာတော့ တစ်ဖက်မှ စကားသံတိတ်သွားပါသည်။ ယောကျ်ားလေးတွေချည်းပဲဟု ပြောလိုက်သည့်အတွက် ကြောက်များ ကြောက်သွားလား။ စိုးရိမ်လိုက်မိသေးသည်။ ထို့ကြောင့် ကျွန်တော်က ပင် စကားစကြည့်လိုက်သည်။

"ညီမတို့က ဘယ်ကလာတာလဲ"

"ပဲခူးကောလိပ်က"

"ဒါဆို ကောလိပ်ကျောင်းသူတွေပေါ့"

"ဟုတ်တယ် . . . ကိုကြီးတို့ကရော"

"အစ်ကိုတို့က ရန်ကုန်က . . ."

"သဋ္ဌာတို့လို ကျောင်းတက်တုန်းပဲလား"

"မဟုတ်ဘူး . . . အစ်ကိုတို့က ကျောင်းပြီးသွားပြီ"

"ဟယ် . . . ဒါဆို သဋ္ဌာ ကိုကြီးလို့ခေါ်လိုက်တာ မှန်သွား တာပေါ့"

"မှန်တာပေါ့ . . . သဋ္ဌာရယ်"

"ဟာ . . ."

"ငွတ် . . ."

ကျွန်တော့်စကားအဆုံး ကိုယ့်ဘက်က လူတွေမှာ လက်မ ထောင်ကာ အားပေးသည်။

အခန်းတံခါးတွေမှာ အခုအချိန်ထိ ပိတ်ထားဆဲပင်ဖြစ်ပါ၏။ တစ်ဖက်နှင့်တစ်ဖက် အသံနှင့်သာ ဆက်သွယ်နေကြခြင်းပါ။ အလုံပိတ်



www.burmeseclassic.com

www.burmeseclassic.com

မဟုတ်ဘဲ အပေါ်ဘက်တွင် သံဇကာတပ်ထားသော အခန်းတွေမို့ သူ့ဘက်ကိုယ့်ဘက် အတိုင်းသား ကြားနေရ၏။

"ဒါပေမဲ့ အစ်ကိုတို့ဘက်က သုံးယောက်အသံပဲ ကြားရတယ်နော်။ တစ်ယောက်က ဘယ်ရောက်နေလို့လဲ . . . မရှိဘူးလား"

"ရှိတယ် . . . သူက အရမ်းရှက်တတ်လို့ . . . မိန်းကလေးတွေနဲ့ စကားမပြောရဲဘူးလေ၊ အဲဒါကြောင့်"

အောင်ရဲကဆိုတော့ရွာသားက ဆောင့်ကန်သည်။ ပြီးတော့ . . .

"မင်းတို့ကိစ္စ မင်းတို့ဘာသာလုပ် . . . ဟောကောင်၊ ငါ့ကို လာဆွဲမထည့်နဲ့"

အောင်ရဲက မျက်လုံး ပြန်မိတ်ပြရင်း . . .

"အသာနေစမ်းပါ။ ဒီမှာ မင်းအတွက် ချုပ်နေတာ"

"ချုပ်ရင်လည်း မင်းတို့ပါးစပ်သာ မင်းတို့ ပိတ်ချုပ်လိုက်တော့ နားညည်းတယ်"

ထိုစဉ်မှာပဲ . . .

"ကိုကြီးတို့က ရုပ်ချောလား"

လုံးဝထိသွားသော အမေးပါပင်။ ဖြေဆိုသူကတော့ ကျွန်တော်တို့ရဲ့ရွာစော်ကြီး စိုင်းထက်ပါပဲ။

"ကိုယ့်ကိုယ်ကိုယ်ဆိုတော့ ဘယ်လိုပြောရမလဲ။ ပြောရင် အရိုလုပ်တယ်လို့ ထင်မှာလည်း စိုးတယ်။ အစ်ကိုတို့လေးယောက်လုံးထ ချောတယ်ဆိုတာထက် ဖြောင့်တဲ့ဘက်ကို ပိုအလေးသာတယ်"

"အဲတော့ . . ."

"ခွိး . . . အစ် . . . ခစ် . . ."

"တကယ်လာကြည့်မှာနော်"

စသည့်အသံတွေ တစ်ဖက်မှထွက်လာတော့ ကျွန်တော်တို့ ရယ်မိကြပါသည်။ ရယ်နေလျက်မှပင် စိုင်းထက်က . . .

"ရော် . . . ဟုတ်ပါတယ်ဆို။ ဘယ်လိုသက်သေပြရမလဲ"



တစ်ဖက်မှ အသံတိတ်သွား၏။ တီးတိုးတီးတိုး တိုင်ပင်သံလိုလိုကိုလည်း ကြားရသည်။ ထို့နောက်မှာ . . .

"ဒီလိုလုပ်လေ . . . ကိုကြီးတို့နဲ့ ညီမတို့ မိတ်ဆက်ကြမယ်"

ဒါပါပဲ။ ကျွန်တော်တို့ စောင့်မျှော်နေသည်မှာလည်း ထိုအကွက်ပင်ဖြစ်ပါသည်။

"ရတယ်လေ . . . ဘယ်လိုမိတ်ဆက်မှာလဲ။ တစ်ယောက်နဲ့တစ်ယောက် နာမည်ပြောပြီး မိတ်ဆက်ကြမှာလား"

ကျွန်တော့်စကားအဆုံး တစ်ဖက်မှ ခပ်သွက်သွက်ပင်ဖြေရင်း သံထွက်လာသည်။ ပျစ်ချွဲချွဲမဟုတ်သည်မို့ နောက်တစ်ဦးဖြစ်မှန်း သိရ၏။ သူမကတော့ ကျွန်တော့်အား အစ်ကိုဟုသာ နာမ်စားသုံးပါသည်။

"အဲလိုမဟုတ်ဘူး . . . ။ အစ်ကိုတို့ဘက်က တံခါးတစ်ချပ်ဖွင့်လိုက်။ ညီမတို့ဘက်ကလည်း တံခါးတစ်ချပ်ဖွင့်လိုက်မယ်။ ပြီးရင် တံခါးပေါက်ကနေ တစ်ယောက်ချင်းထွက်ပြီး မိတ်ဆက်မယ်။ အစ်ကိုတို့ဘက်ကလည်း တစ်ယောက်ထွက်ပြ။ ညီမတို့ဘက်ကလည်း တစ်ယောက်ထွက်ပြမယ်။ ပြီးသွားရင် နောက်တစ်ယောက်စီပေါ့"

အစီအစဉ်လေးက ရင်ခုန်ဖို့ကောင်း၏။ မိန်းကလေးတွေဖြစ်လေတော့ ဒါမျိုးကိစ္စများတွင် စိတ်ကူးကောင်းပါသည်။ ကျွန်တော်တို့ပင် ထိုသို့မတွေးမိလိုက်ပါ။

"ဘယ်လိုလဲ . . . ညီမတို့အစီအစဉ်ကို လက်ခံလား"

"လက်ခံတယ်"

"ဒါဆို ညီမတို့ဘက်က တံခါးဖွင့်ပြီနော်"

မကြာမီမှာပင် အရှေ့ဆီမှ တံခါးတစ်ချပ်ပွင့်သွားသံကို ကြားရ၏။ သို့ပေမဲ့ ကျွန်တော်တို့ကတော့ သူအရင်ထွက်မယ် ငါအရင်ထွက်မယ်နဲ့ တိုင်ပင်ကောင်းတုန်းပါ။ စိုင်းထက်မှာ 'အတိုင်းထက်အလွန် တပ်ကြွနေသည်ကြောင့် သူ့ကို ပထမဆုံးထားလိုက်သည်။ ပြီးတော့ အောင်ရဲ၊ သုံးယောက်မြောက်က ကျွန်တော်။

www.burmeseclassic.com

မိန်းကလေးသုံးယောက်သာရှိတာမို့ အောင်ဇော်မင်းကိုတော့ ထည့်တွက်မနေတော့။ သကောင့်သားကလည်း စိတ်မဝင်စားစွာ စောင်ခြုံကွေးနေသည်။

"တံခါးဖွင့်တော့လေ . . . ညီမတို့ဘက်ကတောင် ဖွင့်ပြီးနေပြီ။ ဘာလို့လဲ၊ မျက်နှာပြရမှာ ရှက်နေလို့လား"

စိုင်းထက်မှာ ရင်တုန်ပန်းတုန်နှင့် တံခါးဖွင့်ရန် လက်လှမ်းတော့ . . .

"ဟော့ကောင် ကျုရာပဲနော်။ လူပြန်လဲလို့ မရဘူး"

အောင်ရဲက လှမ်းပြောတော့ စိုင်းထက် နောက်တွန့်သွားသည်။ ရှင်းပါသည်။ ဟိုဘက်က ဝတုတ်ကြီးပဲ ထွက်လာထွက်လာ၊ အသားမည်း ရုပ်ဆိုးကြီးပဲ ထွက်လာထွက်လာ ကျုရာကိုပင် လက်ခံရမည်ဖြစ်၏။ ဒါသည်ပင် ကံကောင်းကံဆိုး အဆုံးအဖြတ်ဖြစ်ပါသည်။ ပြီးတော့မှ လဲယူလို့မရ။

စိုင်းထက်က နဖူးတွင် လက်အုပ်ချီကာ အိုဇာအိုက်တင်တွေ လုပ်လိုက်သေးသည်။

ပြီးတော့မှ အံကို တစ်ချက်ကြိတ်ကာ တံခါးကိုဆွဲဖွင့်တော့ . . .

ကျွန်တော်နှင့် အောင်ရဲမှာလည်း မမိမကမ်းဖြင့် သံဇကာပေါ် ကုတ်တက်ပြီး တစ်ဖက်မှ မိန်းကလေးကို ချောင်းကြည့်ခိုက် . . .

စိုင်းထက် ကံကောင်းသွားပြီမှန်း မျက်ဝါးထင်ထင် မြင်လိုက်ရပါသည်။ အရှေ့ခန်းဆီမှ တံခါးချပ်မှာ ပွင့်နေသည်။ ထိုတံခါးပေါက်ရဲ့ နောက်ဖက်မှာကား မိန်းကလေးတစ်ဦး ထိုင်နေ၏။ ပိန်ပိန်သွယ်သွယ်၊ အသားလတ်လတ်နှင့် ရုပ်ဆိုးစာရင်းထဲက ကင်းလွတ်ပါသည်။

"အစ်ကို့နာမည် စိုင်းထက်ပါ"

"ညီမက သက်ထား။ ပဲခူးကောလိပ်ပထဝီ ဒုတိယနှစ်က"

"အစ်ကိုကတော့ သချ်ာဒုတိယနှစ်နဲ့ ကျောင်းပြီးထားတာ ကြာပြီ"



ပြော . . .

သက်ထားဆိုသူလေးမှာ စိုင်းထက်စကားကို သဘောကျပြီး ပြုံး၏။ အချောကြီး မဟုတ်သော်လည်း ကြည့်ကောင်းသော ရုပ်ရည်ကြောင့် စိုင်းထက်မှာ မြူးတူးသွက်လက်နေပါသည်။

"ညီမကို တစ်နေရာမှာ မြင်ဖူးထားသလိုပဲ"

ဂျပုချုပ်ကွက်က ရိုးလွန်းသည်။ ဟိုက အသာလေးပင် ပတ်ချွက်သွား၏။

"ညီမကတော့ မမြင်ဖူးဘူး"

ဒါပေမဲ့ စိုင်းထက်ပါပင်။ ပြောင်သလို နောက်သလိုဖြင့် အချိန်တိုအတွင်း အထိရောက်ဆုံး စကားတစ်လုံးကို ပစ်ထည့်လိုက်သည်။

"ပြောရမှာ အားတော့နာတယ်၊ သိပ်လည်း ဆိုင်မယ်မထင်ဘူး။ ဒါပေမဲ့ မပြောလိုကလည်း မဖြစ်လို့လေ။ အဲဒါ . . ."

ပြောရကောင်းနိုးနိုး၊ မပြောရကောင်းနိုးနိုးပုံစံနဲ့ အိုက်တင်ကျွေးနေသေး၏။ ပြီးမှ သက်ပြင်းကိုချသည်။ ဒီကောင့်ပုံစံကို ကြည့်ကာ ဟိုဘက်က . . .

"ဟုတ်ကဲ့ . . . ပြောပါအစ်ကို . . . ရပါတယ်"

စိုင်းထက်မှာ နှုတ်ခမ်းကို တစ်ချက်သပ်ပြီး . . .

"ဒီလိုကွာ . . .။ အစ်ကို အခု အသက်နှစ်ဆယ့်တစ်နှစ် ပြည့်ပြီးသွားပြီ။ ဒါပေမဲ့ ရည်းစားတစ်ယောက်မှ မထားဖူးသေးဘူး။ အဲဒါလေးကို ပြောပြချင်တာပါ။ ဟီ . . . ဟီး . . ."

"ရှင် . . ."

တောက်လျှောက်ကောင်းလာပြီး အဆုံးသတ်ရောက်မှ မထိန်းနိုင်ဘဲ 'ခွီး' ခနဲ ထရယ်သည်။

ဟိုဘက်မှ မိန်းကလေးမှာ ဘာလုပ်ရမှန်းမသိ ကြောင်တောင်တောင်ဖြစ်နေရာမှ . . .

"အို . . ."

www.burmeseclassic.com

မျက်နှာတစ်ပြင်လုံး ရဲတွတ်ကာ အတွင်းသို့ ထပြေးသွားလေ တော့သည်။ ကျွန်တော်တို့ ပါးစပ်ပိတ်ရယ်မိပေမဲ့ စိုင်းထက်မှာတော့ အောင်နိုင် သူစစ်သူကြီးတစ်ယောက်လို လက်သီးလက်မောင်းတန်း ကာ . . .

"လုံး၀ ဟတ်ထိတယ် . . . သက်ထားရယ်"

သောက်မြင်ကပ်ကပ်ဖြင့် ဝိုင်းကန်လိုက်ကြသည်။

နောက်တစ်ယောက်က အောင်ရဲ။

အောင်ရဲအလှည့်မှာလည်း ကျွန်တော်တို့တွေ သံဇကာပေါ မှ ချောင်းကြပြန်ပါသည်။ တစ်ဖက် တံခါး၀မှ ပေါ်လာသည်ကား . .

ဖြူဖြူဖွေးဖွေး ကောင်မလေးတစ်ယောက်။ ဆံပင်ကိုကော ကာ ရွှေအိုရောင်ဆိုးထား၏။ ရှည်ရှည်သွယ်သွယ်ပင်မို့ အောင်ရဲနှင့်လို ပါသည်။ နှာယောင် နည်းနည်းပွသည်မှလွဲ၍ လက်ခံလို့ရသည်။

သူမကတော့ သွက်လွန်းသူတစ်ယောက်ဖြစ်၏။

"သမီးက သဥ္စာပါ။ ပထဝီ ဒုတိယနှစ်ကပဲ"

သေစမ်း။ အသံကို ပျစ်ချွဲချွဲလုပ်ပြောသူ ကောင်မလေးမှာ အော ရဲနှင့်မှ သွားတိုးနေပါသည်။ ကျွန်တော် တော်တော်ကံကောင်းသွား အောင်ရဲကိုမြင်တော့ နေရင်းထိုင်ရင်း ထိုမိန်းကလေးရဲ့နာမ်စားမှာ သ ဖြစ်သွားပါသည်။

"ကျွန်တော်က အောင်ရဲထွန်း။ သူငယ်ချင်းတွေကတော့ အော ရဲလို့ပဲ ခေါ်တယ်"

ကောင်မလေးကရယ်တော့ ဟိုကောင်လည်း အူကြောင်ကြော ဖြင့် လိုက်ရယ်သည်။

"ကိုကြီးက ရန်ကုန်ကပဲလား"

"ဟုတ်တယ် . . ."

"ဒါဆို ရန်ကုန်သားပေါ့"

"အင်း . . ."



"သဥ္စာက ရန်ကုန်သားတွေဆို ကြောက်တယ်"

"ဟင် . . . ဘာဖြစ်လို့လဲ"

"စကားပြောကောင်းလို့"

"အာ . . . အဲဒါဆိုရင်တော့ ကျွန်တော့်ကို ကြောက်စရာမလို တော့ဘူး။ ကျွန်တော်က စကားပြောညံ့တယ်"

ဟုတ်နေကြသော နှစ်ယောက်ကိုကြည့်ပြီး ကျွန်တော်နဲ့ စိုင်း ထက်မှာ ချောင်းကြည့်နေရာမှ ပြန်ဆင်းလိုက်သည်။ စကားကို ပျစ်ချွဲ ချွဲလုပ်ပြောတတ်သူမို့ ကျွန်တော် ခံစားလို့မရပါ။ ကာယကံရှင်နှစ်ယောက် ကတော့ . . .

"နာမည်လေးက လှတယ်နော်၊ နားစွဲလွယ်သလိုပဲ"

"နာမည်ပဲလား"

မျက်စောင်းထိုးရင်း ညလုံးတစ်လုံးထည့်လိုက်ချိန်မှာ ကျွန်တော် တို့ကောင်ကလည်း အားကစားသမားကောင်း ပီသ၏။

"လူကတော့ ပြောစရာမလိုဘူးလေ။ ရုပ်မမြင်ခင်ကတည်းက အသံကိုနားထောင်ပြီး ဒီရုပ် ဒီရည်တော့ ရှိလိမ့်မယ်လို့ တွက်ထားပြီး သား။ ဒါပေမဲ့ တကယ်မြင်ရတော့ ကိုယ့်ကိုယ်ကိုယ် သတ်ပစ်ချင်စိတ် ပေါက်သွားတယ်"

"ဘာဖြစ်လို့ . . ."

"ထင်ထားတာထက် အများကြီးလှနေလို့"

"အဲ . . ."

ဟိုဘက်ခြမ်းဆီမှ ရယ်သံတွေ တစ်ခဲနက် ထွက်ပေါ်လာပါ သည်။ ကိုယ့်ကောင်ကိုလည်း ချီးကျူးလိုက်မိသည်။ ကောင်မလေးက အရယ်တစ်ဝက်နဲ့ပင် . . .

"တွေ့လား . . . အဲဒါကြောင့် ရန်ကုန်သားတွေကို မယုံချင် တာ"



www.burmeseclassic.com

www.burmeseclassic.com

မျက်စောင်းလှလှတစ်ခုကို ခပ်ပြင်းပြင်းထိုးရင်း အတွင်းပြန်ဝင်သွားတော့ . . .

နောက်ဆုံးကျန်နေသူက ကျွန်တော်။

ကျွန်တော့်အလှည့်မှာလည်း ထုံးစံအတိုင်း အောင်ရဲနှင့် စိုင်းဆက်မှာ အပေါ်တက်ချောင်းကြ၏။

တံခါးပေါက်ရှေ့ကို ရောက်ပြီးသွားချိန်မှာ . . .

ရင်တထိတ်ထိတ်နဲ့ စောင့်နေမိသည်။ သိပ်တော့ စိတ်မပူမိ။

ကျွန်တော်က အမြဲတမ်း ကံကောင်းလေ့ရှိသူ မဟုတ်ပါလား။ လက်လေးတစ်ဖက် အရင်ဆုံးရွေ့လာသည်။ ပြီးတော့ တံခါးပေါက်ရှိရာဘက် တိုးထိုင်လာသော အရိပ်တစ်ခု။ ကျွန်တော် မျှော်လင့်ထားသလိုပါပဲ။ သုံးယောက်ထဲမှာ ကံအကောင်းဆုံးက ကျွန်တော်တစ်ယောက်သာ။

မှုန်ညက်ညိုစိမ့်သော အသားအရေနဲ့ ကည်ငြိမ်အေးဆေးသူ မိန်းကလေးတစ်ယောက်။ ကျွန်တော့်ကိုမြင်တော့ တည့်တည်ငြိမ်ငြိမ်ပင် ပြုံးပြသည်။ မျက်နှာမှာ သွယ်သည့်ဘက်ရောက်ပြီး ကျောလယ်လောက် ဆံပင်ရှည်ကို ဖြန့်ချထား၏။

ညအိပ်ဝတ်စုံလေးကို ဆင်မြန်းထားပြီး ကြည့်ရတာ ရိုးယဉ်နေပါသည်။ ဟန်ဆောင်မှုအငွေ့အသက်များကင်းကာ အပေါ်ယံမြင်ရုံနဲ့ပင် အတွင်းသဏ္ဍာန်ဖြူစင်မှုက ပေါ်လွင်ကာနေတော့ . . .

"ကျွန်တော့်နာမည် သီဟပါ"

"တို့နာမည်က သဲဆုမွန်"

ရင်ခုန်ရပြန်ပါပြီ။ ကျွန်တော့်အတွက် မျက်နှာလိုက်ပေးလွန်းသော ကံကြမ္မာကြီးကိုပင် ဘယ်လို ကျေးဇူးတင်ရမည်မသိ။ 'တို့' ဟု နာမ်စားသုံးတတ်သည့် မိန်းကလေးမျိုးကို ကျွန်တော်ရဲ့ ရူးသွပ်မှုအရ သဘောကျတတ်ပါသည်။ ယခု ဒီညိုစိမ့်လေးက သူမကိုယ်သူမ 'တို့' တဲ့။ ပြီးတော့ . . .



"သူကရော ဟိုဘက်ယောက်လို ရန်ကုန်သားပဲလား"

"မဟုတ်ဘူး"

အခြေအနေအရဖြေဆိုမှု သီအိုရီကို ကျွန်တော်နားလည်လိုက်သည်။ ထို့ကြောင့် လက်ရှိနေထိုင်ရာဒေသကို မပြောဘဲ မွေးရပ်ဇာတိကိုသာ ပြောပြလိုက်၏။ ကျွန်တော့်မွေးဖွားရာ ဇာတိမြို့လေးကို ကြားသော့ . . .

"သြော် . . ."

ဟု အသံထွက်ရုံသာ ရေရွတ်သည်။ အမှန်က သူမတို့ ပဲခူးနှင့် နီးငါးပယ်ဝန်းကျင်လောက်သာဝေးသည့် နယ်မြို့လေးပါ။ ပုံစံကြည့်ရသလောက် သူမ ကြားဖူးပုံမပေါ်။

"ညီမကရော ဒုတိယနှစ်ကျောင်းသူပဲလား"

"မဟုတ်ဘူး . . . ပထမနှစ်က"

အနည်းငယ်အံ့သြသွားသည့် ကျွန်တော့်ပုံစံကြောင့် . . .

"တို့က မသက်ထားနဲ့ အိမ်နီးချင်းလေ။ အတန်းမတူပေမဲ့ ငယ်ငယ်တည်းက တွဲဖြစ်တာ"

သဘောပေါက်လိုက်သည်။ ဆိုလိုသည့်သဘောက အတန်းမတူပေမဲ့ သူငယ်ချင်းတွေဟု ဆိုလိုတာပါ။ သူများအလှည့်တုန်းကသာ အားပေးအားမြှောက်လုပ်တတ်ပေမဲ့ ကိုယ့်အလှည့်ကျတော့ ဘာပြောလို့ ပြောရမှန်းမသိ။

ထို့ကြောင့် ပါးစပ်ထဲတွေ့ရာသာ ပြောလိုက်သည်။

"နာမည်က သဲဆုမွန်နော်"

မျက်လုံးလေးဝင့်ကာ ကြည့်ရင်း ခေါင်းညိတ်ပြတော့ . . .

"ဆုမွန်လို့ပဲ ခေါ်ရင်ရလား"

ပြုံးပါသည်။ ပြီးတော့ နှုတ်ခမ်းတစ်ဖက်ကို မထိတထိကိုက်ရင်း . . .



www.burmeseclassic.com

www.burmeseclassic.com

"ရပါတယ်"

ထို့နောက်မှာတော့ ကျွန်တော်တို့ရဲ့ လူတွေ့မိတ်ဆက်မှုက ပြီးဆုံးသွားခဲ့ပါသည်။ ဒါတောင် အောင်ရဲက အပိုးမသေစွာ အော်ပြောသေး၏။

"တစ်ယောက်ကျန်နေသေးတယ်၊ ကြည့်ဦးမလား"

တစ်ဖက်မှလည်း ဝိုင်းအော်သည်။

"ကြည့်မယ် . . . ကြည့်မယ် . . ."

"ကြည့်ချင်တယ် . . ."

"ဘယ်မှာလဲ"

စောင်ခြုံကွေးနေသော အောင်ဇော်မင်းမှာ ကျွန်တော်တို့အားဆဲပါလေတော့သည်။

ကျိုက်ထီးရိုးတောင်တန်းကြီးမှာ ထိုညက ရယ်လို့မောလို့။

* * *



# XVII

တံခါးပြန်ပိတ်ပြီးတော့ . . .

"သူတို့သုံးယောက်မှာ ဘယ်သူအချောဆုံးလဲ"

"သိဟ . . ."

"အံမယ် . . . နင်တို့က ဘယ်လိုလုပ်သိတာလဲ"

"တံခါးပတ္တာကြားထဲက ချောင်းကြည့်တာလေ"

သူမတို့သုံးဦးသား ကျိတ်ရယ်မိကြပါသည်။ အသံကျယ်ကျယ်လည်း မရယ်ရဲ။ တစ်ဖက်က သူမတို့အသံကို နားစွင့်ကောင်း စွင့်နေနိုင်ပါသည်။ သဥ္ဇာက ဆို၏။

"အောင်ရဲဆိုတဲ့ တစ်ယောက်ကရော"

"အင်း . . . မဆိုးပါဘူး။ ယောကျ်ားတစ်ယောက်အနေနဲ့ တော့ ကြည့်ကောင်းပါတယ်"

သက်ထားက သူ့လူကို ပျာပျာသလဲ ဝင်မေးသည်။

"စိုင်းထက်ကရောဟဲ့"

"သူကတော့ နည်းနည်းရုပ်ဆိုးတယ်၊ အသားလည်းမည်းတယ်၊ အရပ်လည်းပုတယ်"



www.burmeseclassic.com

www.burmeseclassic.com

သက်ထားမှာ မျက်နှာ ရှုံ့မဲ့သွား၏။ ပြီးမှ ပြောသူ သဥ္စာအား နှုတ်ခမ်းစူ မျက်စောင်းထိုးရင်း . . .

"သူ့ဟာနဲ့သူတော့ ကြည့်လို့ကောင်းပါတယ်ဟယ်။ နင်တို့ပြော သလောက်လည်း မဟုတ်ပါဘူး"

သက်ထားပုံစံကိုကြည့်ပြီး ဝိုင်းရယ်ဖြစ်ကြပါသည်။ သဥ္စာက မျက်နှာကိုမဲ့ကာ . . .

"ကောင်မစုတ် . . . ကိုယ့်ငါးချဉ် ကိုယ်ချဉ်နေပြန်ပြီ။ မယုံ လိုက်မေးကြည့်။ သူတို့သုံးယောက်ထဲမှာ နင့်လူက ရုပ်အဆိုးဆုံး"

သက်ထားက စိတ်ကောက်သလို။

"တော်ပြီဟာ . . . မပြောတော့ဘူး"

ဟုဆိုကာ လှဲနေရာမှ ဟိုဘက်လှည့်သွား၏။ သူမတို့နှစ်ယောက် ကျိတ်ရယ်မိပါသည်။ သဥ္စာက . . .

"ဒါဆို ငါတို့ထဲမှာ မိဆုက ကံအကောင်းဆုံးပေါ့"

"ဘာဆိုင်လို့လဲ"

"သိဘူးလေ . . . ဆိုင်များ ဆိုင်မလားလို့"

"သဥ္စာနော်"

အရှက်သည်းစွာ သဥ္စာ့ခါးအား ဆွဲလိမ်လိုက်မိသည်။ သဥ္စာ က ခါးကိုတွန့်ရင်း သက်ထားဘက် တိုးသွား၏။

"မိန်းမတွေနော် . . . ဤမြို့ကို မရဘူး။ အသက်ကြီးပြီး အချိန် ပေါ့နေတယ်။ အစ်မတွေဖြစ်ပြီး ကိုယ့်ညီမလေးကို ဘာပေါက်တက်ကရ တွေ သင်ပေးနေတာလဲ"

"အမယ်လေး . . . ဒါတွေကမသင်ဘဲ တတ်တဲ့ပညာတွေပါ ဆုမွန်ရယ်။ ဟုတ်တယ်မလား မိသက်ထား"

"သိဘူး . . ."

သက်ထားက ဟိုဘက်လှည့်နေရာမှ ခပ်ဆတ်ဆတ်အော်သည်။ ထိုစဉ်မှာပဲ . . .



"သဥ္စာတို့ရေ . . ."

ရှေ့ဆီမှ အသံဝါကြီးထွက်လာတော့ အောင်ရဲဆိုသူတစ်ယောက် ရဲ့ အသံမှန်း သိလိုက်သည်ကြောင့် . . .

"ရှင် . . . ကိုကြီး"

သဥ္စာရဲ့ ပျက်ချော်ချော်အထူးကြောင့် လက်မောင်းကိုဆွဲဆိတ် လိုက်သည်။ သဥ္စာက ထုံးစံအတိုင်း လှုငယ်ပီပီ ပေါ့ပေါ့ပါးပါး နောက် နောက်ရွတ်ရွတ်လုပ်တတ်ပေမဲ့ တစ်ဖက်မှ အထင်သေးသွားမှာ စိုးပါ သည်။ လက်မောင်းဆွဲဆိတ်တော့ 'အာ့'ဟု ခပ်တိုးတိုးအော်ရင် လက်သီး ပြန်ဆုပ်ပြ၏။

"ဆယ့်နှစ်နာရီ ထိုးရင် ကိုကြီးတို့နဲ့ New Year လိုက်အော်မှာ လား"

တစ်ဖက်ကလည်း မြွေမကြောက် ကင်းမကြောက် သူ့ကိုယ်သူ ကိုကြီးတဲ့။

"အော်မှာပေါ့။ ကိုကြီးတို့က ဘယ်မှာအော်မှာလဲ"

"ရင်ပြင်တော်ပေါ်သွားအော်မယ်လေ။ လိုက်မှာလား"

သဥ္စာက သူမတို့ဘက်လှည့်ကာ 'ဘယ်လိုလဲ'ဟူသည့်သဘော မျက်လုံးနဲ့ မေးသည်။ သူမ ခေါင်းယမ်းပြလိုက်ပါသည်။ သက်ထား ကိုကြည့်တော့ တစ်ဖက်လှည့်ကာ မသိချင်ယောင်ဆောင်နေ၏။

"လိုက်မယ် . . . ကိုကြီး"

သဥ္စာအဖြေကြောင့် သူမ အံ့ဩသွားသည်။ ဒီမိန်းမ ဘာအကွက် တွေ ထွင်ပါလိမ့်။

"သွားခါနီးရင် သဥ္စာတို့ကို နှိုးလိုက်လေ။ အခုတော့ ခရီးပန်း ထားလို့ ခဏအိပ်လိုက်ဦးမယ်"

"အိုကေ . . . အိုကေ . . ."

သဥ္စာကတော့ ဘာတွေလုပ်ဦးမည်မသိ။ ခရီးပန်းလာသည်မို့

www.burmeseclassic.com

သူမ အနားယူချင်နေပါပြီ။ အရင်ကလည်း New Year အော်မယ်လို့ အစီအစဉ်လည်း သူမမှာ မရှိ။

အိပ်ချင်နေပြီဖြစ်သည့်အတွက် ညအိပ်ဝတ်စုံ လဲဝတ်ထားတာပင် ကြည့်တော့ . . .

မနက်လည်း အစောကြီး ထရဦးမည်။ ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးအား အရုဏ်ဆွမ်း ကပ်လှူရဦးမည်မဟုတ်ပါလား။ တစ်နှစ်တစ်ခါပင် ရောက်ဖို့မသေချာတာမို့ ရောက်တုန်းရောက်ခိုက်ရသလောက်ကုသိုလ်ယူရမည်။

သဥ္စာကတော့ ဘယ်လိုစိတ်ကူးနဲ့ လိုက်မည်ဟု ပြောလိုက်သည်မသိပါ။ သေချာတာကတော့ ထိုအစီအစဉ်မှာ သူမ ပါဝင်မည်မဟုတ်။ ပင်ပန်းလှနေပြီ။ အိပ်တော့မည်။

သက်ထားကတော့ တစ်ဖက်စောင်းအိပ်နေရာမှ ခပ်ညည်းညည်းဆို၏။

"စောင်တွေကလည်း တစ်ထည်ငါးရာ ပေးငှားရပြီး နံလိုက်တာ"



# XVIII

စောင်ခြုံထားလို့လားမသိပါ။ ရင်ထဲမှာ နွေးတေးတေးဖြစ်နေသည်။ ဆိုင်တော့ မဆိုင်ပါချေ။ စောင်ခြုံထားခြင်းသည် အပေါ်ယံအလွှာဖြစ်ပြီး နွေးနေသည်က ရင်ထဲမှာဖြစ်၏။ ရင်ခုန်နေတာလား၊ ကိုယ့်ကိုယ်ကိုယ် ပြန်စမ်းစစ်တော့ လွန်ခဲ့သည့် အချိန်ပိုင်း အနည်းငယ်ကပင် စတင်နေတာပါ။

အောင်ဇော်မင်းကတော့ စောင်ကို တင်းနေအောင်ခြုံကာ တရှူးရှူး အိပ်ပျော်နေပါပြီ။ စိုင်းထက်မှာ ဟိုဘက်လှည့်လိုက်၊ ဒီဘက်စောင်းလိုက်ဖြင့် အိပ်မရဘူးထင်၏။ အောင်ရဲမှာလည်း ထိုအတိုင်း။

ကျွန်တော်ကတော့ ဝန်ခံစရာမလိုပါ။ တကယ်ပင် အိပ်မရဖြစ်နေသည်။ ဆယ့်နှစ်နာရီမထိုးခင် ထရမည်အတွက်ကြောင့်လား။ မဟုတ်ပါ။ ထို့အတွက်က ဖုန်းကို Alarm ပေးထားပြီး ဖြစ်နေပါပြီ။ နှစ်နှစ်ခြိုက်ခြိုက်အိပ်လျှင် အိပ်လို့ရနေပြီ။ ဒါပေမဲ့ အိပ်လို့မရ။

မျက်လုံးတွင်းမှာ ရုပ်ပုံတစ်ခုကို တဝဲလည်လည် မြင်ယောင်နေ၏။ နာမည်က သဲဆုမွန်။ ညိုစိမ့်စိမ့် အသားအရေနှင့် မျက်နှာသွယ်သွယ်ပေါ်မှာ အရည်လဲ့နေသည့် မျက်ဝန်းတစ်စုံကို ပိုင်ဆိုင်ထားသည်။ စကားပြောလျှင် 'တို့'ဟု နာမ်စားသုံးတတ်ပြီး ကျွန်တော့်ကိုတော့ 'သူ' ဟု ခေါ်ဝေါ်သည်။



www.burmeseclassic.com

www.burmeseclassic.com

တကယ်ပါပင်။ မျက်လုံးတွင်းမှာ ထိုမိန်းကလေးမျက်နှာအား တဝဲလည်လည် မြင်ယောင်မိနေသည်။ ခရီးလမ်းတစ်လျှောက် ငြိမ်သက်နေခဲ့သော ရင်ခုန်သံတို့က ယခုမှ နှစ်ဆတိုး အခုန်မြန်နေသလို။

အောင်ရဲနှင့်စိုင်းထက်လည်း ကျွန်တော့်လိုပင် ဖြစ်နေမည်ထင်၏။ နာရီကိုကြည့်တော့ ဆယ်နာရီသာသာ။ ဆယ့်နှစ်နာရီထိုးရန် တော်တော်လိုသေး၏။ ထိုစဉ်မှာပဲ အောင်ရဲက အိပ်ရာမှထကာ တံခါးကိုဖွင့်ပြီး အပြင်ထွက်သွားသည်။

'ဘယ်သွားမလို့လဲ' မမေးတော့ပါ။ အပေါ့အပါးထသွားသည်ထင်၏။ စိုင်းထက်တော့ အတင်းကို ကြိတ်မှိတ်အိပ်နေသည့် သဘောရှိသည်။ သို့ပေမဲ့ အချိန်တစ်ခုကြာပြီးသည့်တိုင် အောင်ရဲမှာ ပြန်ဝင်မလာခဲ့။ ယောကျ်ားတစ်ယောက်အနေနဲ့ ထိုကိစ္စလောက်မှာ အရေးမကြီးပါ။ ပြန်မလာရုံမကလို့ တစ်ညလုံး အပြင်မှာနေလည်း ကိစ္စမရှိ။

သို့ပေမဲ့ ကျွန်တော်လည်း အခန်းထဲမှာ ကြာရှည်နေလို့မရ။ အောင်ရဲမှာ တံခါးကို ပြန်ပိတ်မသွားဘဲ စေ့ရုံသာ စေ့ထားခဲ့သည့်အတွက် တစ်ဖက်အခန်းကို လှမ်းမြင်နေရပါသည်။ ရှေ့ခန်းကိုကြည့်ပြီး လွမ်းပဲလွမ်းသလို ရင်ထဲမှာပဲ မွန်းကြပ်လာသလို ခံစားရသည်ကြောင့် ထထိုင်လိုက်ရသည်။

ထို့နောက်မှာတော့ ဆေးလိပ်ဘူးကိုယူကာ အပြင်ထွက်ခဲ့လိုက်ရတော့၏။ အပြင်မှာ အေးနေသည်။ လျှောက်လမ်းအဆုံး ပြတင်းပေါက်ပေါင်ပေါ်တွင် ထိုင်နေသူက အောင်ရဲ။ ထမင်းဆိုင်၏အပေါ်ဘက်မျက်နှာစာတွင် ပြတင်းပေါက်လေးတွေ ဖောက်ပေးထား၏။ ထိုမှကြည့်လျှင် အပြင်လမ်းမပေါ်နှင့် တခြားထမင်းဆိုင်တို့ကို မြင်ရသည်။ အောင်ရဲက ပြတင်းပေါက်ပေါင်ပေါ်တွင် တစ်ယောက်တည်းထိုင်ကာ အပြင်ကို ငေးနေပါသည်။

"ဟေ့ကောင် . . . ဘာလုပ်နေတာလဲ"

အောင်ရဲက နောက်ကို တစ်ချက်လှည့်ကြည့်ပြီး . . .



"ဒီလိုပါပဲကွာ . . . ဘာရယ်မဟုတ်ပါဘူး၊ အိပ်လို့မပျော်တာနဲ့ လာထိုင်နေတာ"

အပြင်မှာ လူတွေ စည်ကားဆဲပင် ရှိသေး၏။ ထမင်းဆိုင်တချို့ပင် မပိတ်သေး။ တခြားဆိုင်တွေ၏ အပေါ်ဘက် ပြတင်းပေါက်များတွင်လည်း ကျွန်တော်တို့လို ထိုင်နေသူတွေ တစ်ဖက်နှင့်တစ်ဖက် အော်ဟစ်စနောက် မိတ်ဆက်နေသူတွေ၊ လက်ဟန်အမူအရာဖြင့် ဖုန်းနံပါတ်တောင်းနေသူတွေ စသည်တို့ကို တွေ့ရသည်။

ကျွန်တော်တို့ရဲ့ရှေ့တည့်တည့် ထမင်းဆိုင်မှာတော့ ဂစ်တာခေါက်နေသော လူတစ်စုရှိသည်။

"ဆေးလိပ်သောက်ဦးမလား"

အောင်ရဲက တစ်လိပ်ယူကာ မီးညှိသည်။ ကျွန်တော်လည်း လွတ်သော ပြတင်းပေါက်တွင် ခြေနှစ်ဖက်ရှေ့ကို စုံချကာ ဝင်ထိုင်လိုက်သည်။ ပြီးတော့ ဆေးလိပ်တစ်လိပ်ထုတ်ကာ အရသာခံသောက်နေလိုက်၏။ ရာသီဥတု အေးလို့လားမသိ။ ဆေးလိပ်မှာ တော်တော်သောက်လို့ကောင်းပါသည်။

ခဏလေးပင် တစ်လိပ်ကုန်သွား၏။ ပြီးတော့ နောက်တစ်လိပ်။ ဆေးလိပ်ကိုဖွာရင်း လမ်းပေါ်မှလူများကို ငေးရင်း ကြယ်ရောင်စုံတွေဖြင့် ခမ်းနားနက်ပြာနေသော ကောင်းကင်ကြီးကို ကြည့်ရင်း တစ်လိပ်ထပ်ကုန်သွားချိန်မှာ . . .

"ရှေ့ကကောင်တွေ မဆိုးဘူးကွ"

အရင်းအဖျားမရှိ ထွက်လာသောစကားကြောင့် . . .

"ဘာလဲ . . ."

"ဩော် . . . ရှေ့ကကောင်တွေ ဂီတာတီးမဆိုးဘူးလို့ ပြောတာ"

ဒီတော့မှ ကျွန်တော် လှမ်းကြည့်ဖြစ်သည်။ ဂီတာတီးနေသူက



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့ထက် အနည်းငယ် အသက်ကြီးပုံရပါသည်။ ဆံပင်ရှည်
ကို နောက်မှာ စုချည်ကာ ပေါ့ပေါ့ပါးပါးပင် တီးခတ်နေတော့ . . .

နားစိုက်ထောက်ကြည့်စဉ် ထူးအိမ်သင်၏ 'အဓိပတိလမ်းက
ခြေရာများ' ကို picking တီးနေခြင်းဖြစ်ကြောင်း သိရ၏။ ကျွန်သူများ
က ပေါင်ကိုလက်ဖြင့် ပုတ်ကာ စည်းဝါးလိုက်နေသည်။ သီချင်းကိုမဆို
အဖိ၊ အဖော့ ကောင်း၏။ တီးပုံတီးလက် သပ်ရပ်သည်။ သံစဉ်
က ဟာကွက်မရှိ။ သီချင်း Flow အတိုင်း အနိမ့်အမြင့် ညီညီညာညာ
သွားပါသည်။ ခဏတာ နားစိုက်ထောင်ရုံဖြင့် သတိထားမိ၏။ ဂီတ
တီး ကျွမ်းကျင်သူတစ်ယောက်ဖြစ်ပါသည်။ နောက်ပြီး ဂီတနှင့်အနေ
ဝေးသူတစ်ယောက်လည်း ဟုတ်ဟန်မတူ။ တီးနေပုံ အသားကျက
ဂစ်တာကို အဆင့်တစ်ခုထိ ကျွမ်းကျင်တတ်မြောက်ထားသူဖြစ်ကြောင်
သိသာလှသည်။

"ဘယ်လိုလဲ . ."

ကျွန်တော် ခေါင်းညိတ်ပြတော့ . . .

"ငါနားထောင်နေတာ ကြာပြီကွ။ ဒီလူ တော်တော်ကောင်
တယ်"

ဘာပဲဖြစ်ဖြစ် ကိုယ့်လောကသားချင်း စိတ်ထဲက လေးစာ
လိုက်သည်။ ထိုစဉ်မှာပဲ သီချင်းပြောင်းသွားလေ၏။ ထွက်ပေါ်လာသ
က 'ဒိုးလုံး' ၏ 'မချစ်ဘူးမပြောပါနဲ့'။

ထိုသီချင်းကိုကလည်း အဆိုမပါဘဲ သံစဉ်သီးသန့်ပင် တီးသွ
သည်။ တော်တော်ဟုတ်သည့် ငနဲပါ။ ဘေးပတ်ဝန်းကျင်ကို လှ
တော့ ကျွန်တော်တို့နည်းတူပင် နားထောင်နေသူများရှိကြောင်း တွေ့
ပါသည်။

ထမင်းဆိုင်၏အပေါ်ထပ်များမှာ ကျွန်တော်တို့လို ထွက်ထို
နေသူများရှိ၏။ တချို့လည်း အပေါ်သို့တက်သည့် ထမင်းဆိုင်နှစ်ခုကြ



လှေကားလေးတွေပေါ်မှာ ထိုင်နေသည်။ အဆိုမပါဘဲ သံစဉ်သီးသန့်ဖြစ်
နေတာမို့ တချို့တွေမှာ အထူးအဆန်းလိုပင် နားထောင်နေကြ၏။

လူတော်တော်များများရဲ့အာရုံတွေ သူ့ဆီမှာရှိကြောင်း သိသည်
ထင်သည်။ တစ်ပုဒ်ပြီးတစ်ပုဒ်ကို လက်စွမ်းပြနေတော့၏။ သုံးလေးပုဒ်
နားထောင်ပြီးချိန်မှာ အောင်ရဲက မြင်ပြင်းကပ်လာပုံရကာ . . .

"ဟေ့ကောင် . . . ဒီဘဲတော့ မဟုတ်တော့ဘူးကွ။ ပုံစံက
ဂီတာတီးတာနဲ့ မတူတော့ဘူး ပညာပြတာနဲ့ တူနေပြီ"

ကျွန်တော် တစ်ချက်ပြုံးကာ . . .

"ဒီလိုပဲပေါ့ကွာ . . . အားလုံးက သူ့ကို ဝိုင်းငေးနေတော့
လည်း ဒီလောက်တော့ လုပ်ပြမှာပေါ့"

အောင်ရဲ့ စုတ်တစ်ချက်သပ်၏။

"ကျွတ် . . . တီးပြလိုက်ချင်သေးတယ်"

ကျွန်တော် ဘာမှထပ်မပြောတော့ဘဲ ငြိမ်၍သာ နားထောင်နေ
လိုက်ပါသည်။ သီချင်းဆုံးတော့ ကပ်လျက်အဆောင်မှ မိန်းကလေး
တစ်အုပ်၏ လက်ခုပ်တီးသံကို ကြားရသည်။ ဒီတော့မှ သဘောပေါက်
မိသည်။

"ဒါကြောင့်မို့ ဒီလူ ပညာတွေ စွတ်ပြနေတာကို"

ထိုစဉ်မှာပဲ နောက်ဖက်ဆီမှ ခေါ်သံတစ်ခုကို ကြားရ၏။

"မောင်လေးတို့"

လှည့်ကြည့်တော့ ကျွန်တော့်တို့ကို အခန်းလိုက်ပြသည့် ထမင်း
ဆိုင်ဝန်ထမ်းပါ။

"မနက်ကျရင်ဘုရားကို အရုဏ်ဆွမ်းကပ်ကြဦးမလား . . .
အရုဏ်ဆွမ်းကပ်မယ်ဆိုရင် အစ်မတို့က ပြင်ဆင်ပေးတယ်"

ဟုဆိုကာ ကျွန်တော်တို့အား လက်မှာကိုင်လာသည့် ကတ်ပြား
တစ်ချပ်ကို ထိုးပေး၏။ ယူကြည့်တော့ အရုဏ်ဆွမ်းပွဲများကို ဈေးနှုန်း
အလိုက် ခတ်ပုံရိုက်ထားသော ကတ်တလောက်ပုံများဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ဈေးနှုန်းအလိုက် ဆွမ်းပွဲ အကြီးအသေး ပြင်ဆင်ပေးထား၏။ ဈေးအမြင့်ဆုံးမှာ ခြောက်ထောင်ဖြစ်ပြီး အနည်းဆုံးက သုံးထောင်။

"ဘယ်လိုလဲ ကပ်ကြဦးမလား။ ကပ်မယ်ဆိုရင်တော့ အစ်မတို့က ဒီပုံတွေအတိုင်း ပြင်ဆင်ပေးတယ်"

အောင်ရဲက ကျွန်တော့်ကို လှမ်းကြည့်၏။ ကျွန်တော် ခေါင်းညိတ်ပြရင်း . . .

"ကပ်တာပေါ့ကွာ။ ရောက်တုန်းရောက်ခိုက် ကပ်ရတာ။ အိမ်ပြန်ရောက်မှ ကျိုက်ထီးရိုးဘုရားကြီးကို အရုဏ်ဆွမ်းကပ်ချင်တယ်ဆိုလို့ မရဘူး"

ဝန်ထမ်းမလေး မျက်နှာဝင်းသွားပြီး . . .

"မောင်လေးတို့ ဘယ်လောက်တန်ကပ်မလဲ"

"လေးယောက်ဆိုတော့ လေးထောင်တန်ပေါ့"

ကတ်ပြားယူကာ လေးထောင်တန်ကို ကြည့်မိတော့ တော်တော်စုံပါသည်။ ဆွမ်း၊ ခဲဖွယ်၊ သောက်တော်ရေ၊ ဖယောင်းတိုင်၊ အမွှေးတိုင်တို့ပါဝင်ကြောင်း တွေ့ရ၏။

"ဒီပုံအတိုင်းပဲနော်"

"စိတ်ချမောင်လေး . . . ဘုရားကိုဆွမ်းကပ်တာ အစ်မတို့မဟုတ်တာမလုပ်ဘူး"

ပိုက်ဆံရှင်းပြီးတော့ ဝန်ထမ်းမလေး လှည့်ထွက်သွားပါသည်။ ပြီး အခန်းတိုင်းလိုလိုအား တံခါးလိုက်ခေါက်နေပါသည်။ နိုးသည့်အခန်း ဖွင့်ပေးကြ၏။ မနိုးသည့်အခန်းက ဆက်အိပ်ကြသည်။

နာရီကိုကြည့်တော့ ဆယ့်တစ်နာရီထိုးပြီးစပဲ ရှိသေး၏။

"ကော်ဖီသောက်ချင်လိုက်တာကွာ"

အောင်ရဲက အပေါ်ဘက် လက်ဖက်ရည်ဆိုင်များရှိရာဆီ လှမ်းကြည့်ပြီး . . .



"ထမင်းဆိုင်တွေတော့ ပိတ်ကုန်ပြီ။ ဟိုအပေါ်မှာတော့ လက်ဖက်ရည်ဆိုင် ရှိဦးမယ်ထင်တယ်"

"သွားမလား"

နှစ်ခါမခေါ်ရပါ။ စိတ်ကူးကိုယ်တူမို့ ချက်ချင်းပင် ဆင်းခဲ့လိုက်ပါသည်။ အပြင်ရောက်တော့ ရာသီဥတုက ထင်ထားတာထက် ပိုအေးနေ၏။ ထို့ကြောင့် ဂျာကင်ဇစ်အား အဆုံးထိ ဆွဲတင်လိုက်ရသည်။ ပြီး လက်ဖက်ရည်ဆိုင်ရှိရာဆီ လှေကားထစ်များအတိုင်း တက်သွားလိုက်တော့ . . .

"ညလုံးပေါက်ဖွင့်တာနဲ့ တူတယ်ကွ။ လူတွေ အများကြီးရှိသေးတယ်"

လက်ဖက်ရည်ဆိုင်က အောင်ရဲပြောသလိုပင် ဝိုင်းပြည့်လုအောင် လူစည်နေဆဲရှိသေး၏။ စားပွဲလွတ်တစ်လုံးမှာ ဝင်ထိုင်ပြီးတစ်ယောက် ကော်ဖီတစ်ခွက်ဆီ မှာသောက်လိုက်ပါသည်။

ရာသီဥတု အေးအေးမှာ ကော်ဖီတစ်ငုံ ငုံလိုက်၊ ဆေးလိပ်ဖွာလိုက်နှင့် အရသာရှိလှ၏။ ဘေးဝိုင်းတွင် ကောင်လေးတစ်ယောက်ဂီတာခေါက်နေပါသည်။ သူကတော့ ခုနလို ပညာပြနေခြင်းမဟုတ်။ ဟိုခေါက်ဒီခေါက် လုပ်နေခြင်းပါ။ တစ်အောင့်ကြာတော့ ထိုကောင်လေးက ကျွန်တော့်ကိုလှည့်ပြီး ပြုံးပြ၏။ ဘာရယ်မဟုတ် ကျွန်တော် ပြန်ပြုံးပြလိုက်တော့ . . .

"အစ်ကို . . . ဂစ်တာတီးတတ်လားမသိဘူး"

"ဟေ . . . ဘာဖြစ်လို့လဲ"

"တီးတတ်ရင် ကြိုးညှိပေးပါလား အစ်ကို။ ကျွန်တော် မညှိတတ်လို့ပါ"

ဒီတော့မှ ခုနကပြုံးတဲ့အဓိပ္ပာယ်ကို သဘောပေါက်ပြီး ဂစ်တာကိုယူကာ အောင်ရဲဆီ ပေးလိုက်သည်။ ခုန ပုဂ္ဂိုလ်လက်စွမ်းပြကတည်းက အောင်ရဲမှာ ခံပြင်းပြင်းဖြစ်နေသည် မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com

ဂစ်တာလက်ထဲရောက်တော့ ငယ်ပေါင်းနဲ့ ပြန်တွေ့သလို
လည်စွာ ကြိုးညှိယူလိုက်၏။ ပြီးတော့ ကြိုးစမ်းသည့်သဘော သီချ
တစ်ပုဒ် တီးကြည့်လိုက်သေးသည်။ စိတ်ကြိုက်ဖြစ်တော့မှ ပြန်ပေး
တွင် . . .

"တီးပါ . . . အစ်ကို၊ အစ်ကိုပဲ ဆက်တီးပါ"

"ဟင် . . . မင်းက . . ."

"ကျွန်တော်က မတီးတတ်ဘူး"

ကြားရသောစကားကြောင့် ကျွန်တော်တို့အံ့သြသွားစဉ် ကော
လေးက အားနာသလို ပြုံးကာ . . .

"ဂစ်တာက ကျွန်တော့်သူငယ်ချင်း ဂစ်တာပါ။ သူတို့
အဆောင်မှာ အိပ်ပျော်နေကြပြီ။ ကျွန်တော်တစ်ယောက်တည်း အိပ်
တာနဲ့ ဂစ်တာယူပြီး လက်ဖက်ရည်ဆိုင် လာထိုင်တာ"

"ဪ . . ."

အောင်ရဲမှာ အကြိုက်တွေ့သွားလေပြီ။ အဆိုကို ညည်းရုံး
ညည်းပြီး သီချင်းနှစ်ပုဒ်လောက် တီးပစ်လိုက်ပါသည်။ ထိုစဉ်မှ
လျက်ဝိုင်းမှ ကောင်လေးမှာ ထိုင်ခုံကိုယူရင်း အောင်ရဲနား ရောက်သွ
ပြီဖြစ်သည်။

လွှတ်ထားလျှင် ဘုန်းကြီးရှူးနဲ့ လေ့လူးတွေ့ကြဦးမှာမို့ နာရီ
ကြည့်ကာ သတိပေးလိုက်ရသည်။

"ဟေ့ကောင် . . . ဆယ့်တစ်နာရီခွဲပြီးသွားပြီနော်"

"အေးပါကွာ . . . ဒီတစ်ပုဒ်ပြီး သွားကြတာပေါ့"

သီချင်းတစ်ပုဒ်ဆုံးအောင် တီးလိုက်သေး၏။ ပြီးတော့မှ ကော
လေးကို ဂစ်တာပြန်ပေးရင်း လက်ဖက်ရည်ဆိုင်မှ ထလိုက်ပါသည်။
တောင် ကောင်လေးက ပိုးမသေသေးစွာ ကျွန်တော့်တို့တည်းခိုသည့်နေ
အား မေးနေသေးသည်။



အောင်ရဲက လှည့်ပြောပြတော့ . . .

"ဟာ . . . ကျွန်တော်တို့နဲ့ ကပ်လျက်အဆောင်ကပဲ"

ဝမ်းသာအားရပြောရင်း သူတည်းသော ထမင်းဆိုင်နာမည်ကိုပင် ပြောပြနေသေး၏။ ဟုတ်မဟုတ်မသိပေမဲ့ ခေါင်းညိတ်၍သာ ထွက်လာခဲ့လိုက်ပါသည်။ ဆိုင်ရှေ့ပြန်ရောက်တော့ ဘေးလှေကားမှအပေါ်သို့ တက်လိုက်၏။ အခန်းရှေ့ရောက်စဉ်မှာ အတွင်းမှထွက်လာသော ဟောက်သံပီပီပြင်ပြင်ကိုပင် ကြားလိုက်ရသည်။

တံခါးကိုဖွင့်ကာ အိပ်နေသောနှစ်ကောင်ကို နှိုးလိုက်၏။ ဝိုင်းထက်မှာ လျှော့လျှော့ရှုရှုထလာသော်လည်း အောင်ဇော်မင်းက ဆက်အိပ်မည် လုပ်နေပါသေးသည်။ သုံးယောက်ဝိုင်းခေါ်တော့မှ မလိုက်ချင်လိုက်ချင်နဲ့ ပါလာ၏။

"ခေါက် . . . ခေါက် . . . သဥ္ဇာ"

အောင်ရဲက တံခါးကို နှစ်ချက်ခေါက်ရင်း အတွင်းမှ တုံ့ပြန်မှုကို နားစွင့်သည်။ တုံ့ပြန်မှုမရှိတော့ . . .

"သဥ္ဇာရေ . . . ခေါက် . . . ခေါက် . . ."

ဒီတစ်ကြိမ်မှာတော့ အတွင်းမှ 'ရှင်' ဟု ထူးသံခပ်အုပ်အုပ်ကို ကြားရ၏။ တစ်အောင့်ကြာတော့ တံခါးတစ်ချပ် ပွင့်လာသည်။

"ဆယ့်နှစ်နာရီထိုးခါနီးပြီ၊ သွားရအောင်"

အောင်ရဲက တိုးတိုးဆိုတော့ . . .

"သဥ္ဇာတို့ မလိုက်တော့ဘူး။ အစ်ကိုတို့ပဲ သွားလိုက်ပါတော့"

"ဟင် . . . ဘာဖြစ်လို့လဲ"

သဥ္ဇာက နောက်ဖက်ကို တစ်ချက်လှည့်ကြည့်ရင်း အားနာသလို ပြောသည်။

"ဟိုနှစ်ယောက်ကို အဖော်ညှိမရဘူး။ သူတို့ အိပ်နေကြပြီ"

အောင်ရဲက ဖွဲ့မလျှော့။



www.burmeseclassic.com

www.burmeseclassic.com

"ဒါဆို သူတို့နှစ်ယောက်ကို ထားခဲ့လိုက်လေ။ သဉ္ဇာတစ်ယောက်တည်း လိုက်ခဲ့လို့ရတာပဲ"

သဉ္ဇာဆိုသူ မိန်းကလေးမှာ တစ်ချက်တုန်သွား၏။ ယောကျ်ားလေးလေးယောက်ကြားမှာ သူမတစ်ယောက်တည်း လိုက်ခဲ့ရမည်ဆိုတော့ . . .

"ဟင့်အင်း . . . ရတယ်။ တော်ကြာ သူတို့ကို ထားသွားလို့ ပြဿနာရှာနေဦးမယ်။ သဉ္ဇာ မလိုက်တော့ပါဘူး။ အစ်ကိုတို့ပဲ သဉ္ဇာတို့အစား ပိုအော်လိုက်ကြတော့နော်"

ပြီးတော့ ကောင်မလေးမှာ တံခါးပြန်ပိတ်သွားပါသည်။ ကျွန်တော်တို့မှာ ဟာတာတာနဲ့ ဆင်းခဲ့လိုက်ရတော့သည်။ သူမတို့ မလိုက်၍ ကိုယ်တွေလည်း မသွားတော့ဟု လုပ်၍မရပါချေ။ ရန်ကုန်က တကူးတကလာပြီး မင်္ဂလာနှစ်သစ်ကိုတော့ အကောင်းဆုံး ကြိုဆိုရမည်။

ရင်ပြင်တော်ဆီတက်တော့ လမ်းမှာ ကျွန်တော်တို့လိုပင် လူငယ်နှစ်ဖွဲ့၊ သုံးဖွဲ့ကို တွေ့ရ၏။ သူတို့တွေလည်း နှစ်သစ်ကို ကြိုဆိုကြမည့်လူတွေ ထင်ပါသည်။

ရင်ပြင်တော်ဆီရောက်တော့ ထူးခြားမှုတစ်ခုကို ကြုံတွေ့ရသည်။ အဲဒါက ရင်ပြင်တော်အဝင်ဝမှာ ဘုန်းကြီးလေးငါးပါးနှင့် လုံခြုံရေးဝန်ထမ်းများ ကျိုက်ထီးရိုးတောင်ဝေ့းကိုယ်စီကိုင်ကာ ရပ်နေကြသည်။ ရင်ပြင်တော်ပေါ်မှာလည်း ဘုရားဖူးတွေမှာ မြင်မကောင်းအောင် တန်းစီအိပ်နေကြသည်မို့ လုံခြုံရေး ချထားသည်ထင်မိပါသည်။

ကျွန်တော်တို့လို အဖွဲ့အဖွဲ့တွေတော့ နေရာအနှံ့မှာ မြင်နေ၏။ New Year အော်ကြရန် တာရူနေခြင်း ဖြစ်လောက်သည်။ ငါးမိနစ်သာသာလောက် လိုသေးသည်မို့ ကျွန်တော်တို့အဖွဲ့ အရင်ဆုံး ဘုရားဖူးလိုက်ကြပါသည်။

ရွှေအတိပြီးသော ဘုရားကြီးက ညအမှောင်ကို နောက်ခံပြုရင်း စလိုက်မီးများဖြင့် ကြည်ညိုဖွယ်အတိပြီးနေသည်။ ဘုရားရှိခိုးနေသူများ



နေသူများလည်း ရှိ၏။ ဘုရားရှိခိုးပြီးတော့ ကျွန်တော်တို့လေးယောက် လူရှင်းသောနေရာကို သွားကာ အချိန်တစ်ခုကို စောင့်နေလိုက်သည်။

အောက်ခံကျောက်ပြားတွေက ရက်ရက်စက်စက် အေးခဲနေပါသည်။ တောင်ပေါ်ဖြစ်နေလို့လားမသိ။ လေကလည်း တဟူးဟူး တိုက်ခတ်နေသည်။ အအေးလွန်ကဲသော နှစ်သစ်ကူးညတစ်ညပါ။

သူလို ကိုယ်လိုအဖွဲ့တွေကတော့ နာရီကြည့်ကာ ခြေတကြွကြွဖြစ်နေသည်။ ထိုစဉ်မှာပဲ အောင်ဇော်မင်းက ကျွန်တော်တို့မေ့နေသော အချက်တစ်ချက်ကို သတိပေး၏။

"မင်းတို့ပြောတော့ အချိန်အမှန်ဆုံး အောင်နိုင်တဲ့အဖွဲ့ကို ဆုပေးမှာဆို။ ဘယ်မှာလဲ ဆုပေးမဲ့လူတွေ"

ဒီကောင်ပြောမှ ကျွန်တော်တို့လည်း ပတ်ဝန်းကျင်ကို လှေ့လာမိသည်။ ဆုပေးမည့်သူ မရှိပါ။ နှစ်သစ်ကိုကြိုမည့်အဖွဲ့တွေရှိပေမဲ့ အကဲဖြတ် အမှတ်ပေးမည့်သူလည်း မရှိ။ ရင်ပြင်တော်နေရာအနှံ့အိပ်နေကြသော ဘုရားဖူးတွေသာရှိပါသည်။

"ငါတို့တော့ ဟိုကောင်ဘုမလိမ်တာ ခံလိုက်ရပြီနဲ့တူတယ်ကွ။ ဆုပေးမဲ့သူလည်း မရှိဘူး။ အကဲဖြတ်ပေးမဲ့သူလည်း မရှိဘူး။ ငါတို့လို နှစ်သစ်ကြိုမဲ့အဖွဲ့တွေပဲ ရှိတယ်"

စိုင်းလတ်ကလည်း မြင်တွေ့သမျှ ပြောသည်။ အောင်ရဲကပါ ဝင်ထောက်ခံ၏။

"ဟုတ်တယ်ကွ . . . ငါတို့တော့ ဟိုကောင်ဘုမလိမ်တာ ခံလိုက်ရပြီ"

"မင်းတို့တွေကလည်း စွတ်ဆက်ပြီး ပြောမနေနဲ့ဦး၊ ငါတို့မမြင်တာလည်း ဖြစ်ရင်ဖြစ်မှာပေါ့ကွ။ မမြင်ကွယ်ရာကနေ ထိုင်ကြည့်ပြီး အမှတ်ပေးနေရင် ဘယ်လိုလုပ်မလဲ"

ကျွန်တော် ရမ်းသမ်းပြောလိုက်ပေမဲ့ တကယ့်တကယ်က ထို



www.burmeseclassic.com

www.burmeseclassic.com

အတိုင်းပင် အမှန်ဖြစ်ပါသည်။ (မမြင်ကွယ်ရာက ထိုင်ကြည့်နေသည် မဟုတ်။ လူမြင်ကွင်းမှာ ရှင်းရှင်းလင်းလင်းကြီး ရပ်ကြည့်နေကြခြင်းပါ)

နာရီကိုကြည့်တော့ သတ်မှတ်ချိန်ရောက်ရန် သုံးမိနစ်။ ပြီးတော့ နှစ်မိနစ်။

ရင်တွေ ခုန်လာနေပြီ။ ကြိုရတော့မည်။ ကျွန်တော်တို့ရဲ့မင်္ဂလာ ရှိလှစွာသော နှစ်သစ်ကို ကြိုဆိုကြဲ့တော့မည်။

တပျော်တပါးကြီး အော်ရတော့မည်။

ပြီးတော့ . . .

အော်မည်၊ အော်ကြမည်။

အပျော်ရွှင်ဆုံး ကြိုဆိုကြမည်။

ရင်တထိတ်ထိတ်၊ သက်သက်မောမော။

ရောက်ရှိလာမည့်အချိန်တစ်ခုကို စောင့်မျှော်လို . . .

သုံးစက္ကန့် . . . နှစ်စက္ကန့် . . .

"Happy New Year . . ."

ကျွန်တော်တို့ နောက်ကောက်ကျသွားလေပြီ။ အော်ရန် ဆိုင်းပြင်းနေသော လူအားလုံးကိုကျော်ကာ အဖွဲ့တစ်ဖွဲ့က အသံကုန်ဟစ်အော်လိုက်သည်။ နောက်တစ်ဖွဲ့ကလည်း အားကျမခံခုန်ပေါက်ကာ ထပ်အော်သည်။

"Happy New Year . . . "

ပြီးတော့ နောက်တစ်ဖွဲ့ . . .

"Happy New Year . . . ဟေ့ . . . Happy New Year ကွ"

အော်မည့်ဆဲဆဲ ပါးစပ်ဟောင်းလောင်းပွင့်ကာ ကြောင်သွားစဉ်လုံး၀ ထင်မှတ်မထားသော ဖြစ်ရပ်တစ်ခု။

ဘုန်းကြီးတစ်သိုက် တောင်ဝှေးတွေကို လေပေါ်ထောင်ရင်းညာသံပေး ပြေးလာကာ . . .



"ဘယ်ကောင်တွေလဲကွ . . . အော်တာ ဘယ်ကောင်တွေလဲ"

ရှေ့ဆုံးမှပြေးလာသူ ဘုန်းကြီးမှာ အသံဝါကြီးနဲ့ အော်ပြောနီးစပ်ရာအဖွဲ့တစ်ဖွဲ့ကို ဝင်ရိုက်လေတော့သည်။

"ဖြောင်း . . ."

"ဟာ . . ."

"ဟင် . . . "

"ဘယ်ကောင်တွေလဲကွ . . . Happy New Year . . . ဖြောင်းဖုန်း . . . ဖုန်း . . ."

ထို့နောက်မှာတော့ နောက်မှပါလာသူ ဘုန်းကြီးတွေမှာ မည်းမည်းမြင်ရာ ဆော်ကုန်တော့၏။

"ဖြောင်း . . . ဖြောင်း . . ."

"ဟာ . . . ဘာတွေလဲဟ . . . ဆော်ကုန်ပြီဟ"

"ရိုက်နေပြီဟ . . . လုပ်ကြပါဦး"

ဘုန်းကြီးတွေမှာ သံကုန်ဟစ်ပြီး . . .

"အော်စမ်းကွာ . . . ကိုယ့်ရိုးရာမဟုတ်တာကို အထင်ကြီးတဲ့ကောင်တွေ . . . ဗိုး . . . ဘုန်း . . . အော်စမ်း"

ပတ်ဝန်းကျင်က ရှုပ်ယှက်ခတ်သွား၏။ အရိုက်ခံရသူ၊ ရှောင်တိမ်းသူ၊ ထွက်ပြေးသူ၊ ဘာမှန်းညာမှန်းမသိ ဝင်ဆော်သော ဘုန်းကြီးများကိုကြည့်ပြီး ကြောင်တောင်ငေးသွားသူ စတာတွေနဲ့ ပတ်ဝန်းကျင်မှာ ရှုပ်ထွေးသွားပါသည်။

"အော်ဦးကွ . . . အော်တဲ့ကောင်မှန်သမျှ ရိုက်သာရိုက်"

ကျွန်တော်တို့ လေးယောက်လည်း ကြောင်တောင်တောင်ဖြင့်လွတ်ရာကို အလျှင်အမြန် ရှောင်လိုက်ရသည်။

"ဟာ . . . ဟိုမှာ လုံခြုံရေးတွေကပါ ဝင်ရိုက်ကုန်ပြီ"

ရင်ပြင်တော်ပေါ်မှာ တောင်ဝှေးတွေ ပလူပျံသွား၏။ ဘုန်းကြီးတွေပင်မဟုတ်၊ လုံခြုံရေးလက်ပတ် ပုဂ္ဂိုလ်တွေပါ ဝင်ရိုက်ကုန်ပါပြီ။



www.burmeseclassic.com

www.burmeseclassic.com

"အော်ဦးမလားကွ"

ထွက်ပြေးတိမ်းရှောင်ရင်း ခပ်ရွှတ်ရွှတ်ကောင်တွေက ပြန်အော်

သည်။

"အော်မယ်ကွာ"

"အော်ရင် ဆော်တယ်ကွာ . . . ဗိုး . . . ဖြောင်း . . . ဘုန်း"

အရိုက်ခံရသူတွေမှာ ကျောက်ပြားခင်းပေါ် လူးလိမ့်ကုန်သည်။ အိပ်နေသူတွေမှာလည်း ရန်ဖြစ်တယ်ထင်ပြီး ထပြေးကြ။ အလန့်တကြား အော်ဟစ်ကြဖြင့် . . .

ကျိုက်ထီးရိုးရင်ပြင်တော်ကြီးက နှစ်သစ်ကူးညမှာ ပွက်ပွက်ညံ သွားချေပြီ။

"ဒါ . . . ဗမာအယူမဟုတ်ဘူးကွ . . . Happy New Ye ဟုတ်လား . . . ယားကြစမ်း . . . ယားကြစမ်း"

စိတ်ဆတ်သူ ဘုန်းကြီးတွေမှာ တောင်ဝှေးနှင့်ပင် ထွက်ရှ သူများကို လှမ်းပစ်သေး၏။

"ဗိုး . . . ဒေါင်း . . ."

"အမယ်လေးဗျာ . . . ပစ်တယ်ဗျ"

ရယ်လည်း ရယ်ချင်သည်။ စိတ်ပျက်ဖို့ကောင်းသည်။ ထို မှာပဲ လော်စပီကာမှ အသံထွက်လာသည်။

"နှစ်သစ်ကြိုသူ လူငယ်များကို အထူးပဲ မေတ္တာရပ်ခံအပ်ပါတ ခင်ဗျာ . . . ယခု နှစ်သစ်ကြိုကြခြင်းသည် မြန်မာအယူမဟုတ်ဘ အနောက်နိုင်ငံများ၏ ဓလေ့ထုံးစံသာဖြစ်ပါသည်။ ကျွန်တော်တို့ ကျို ထီးရိုးတောင်နယ်မြေသည် ဗုဒ္ဓသာသနာ အစဉ်ထွန်းကားသော နေ ဒေသဖြစ်သည့်အပြင် ရင်ပြင်တော်ပေါ်၌ အိပ်စက်နေကြသော ရပ်ဝေ ရပ်နီး ဘုရားဖူးများအား အနှောင့်အယှက်ဖြစ်စေနိုင်ပါသည်။ ထို့အတွ ကြောင့် အနောက်နိုင်ငံများ၏ ဓလေ့စရိုက်ဖြစ်သော နှစ်သစ်ကြိုခြ



အား ဘုရားရင်ပြင်တော်ပေါ်တွင် ခွင့်မပြုပါကြောင်း သတိပေးအပ်ပါ သည်"

ပြီးလေပြီ။ စောစောကတည်းက သိဖို့ကောင်းသည်။ အဝင်ဝ တွင် တောင်ဝှေးတယမ်းယမ်းမြင်ကတည်းက သတိထားမိခဲ့ဖို့ကောင်း သည်။ ယခုတော့ . . . (အမှန်က ထိုသတိပေးစကား ပြောကြားနေ သည်မှာ ကြာလှပြီဖြစ်၏။ ကိုယ့်ဇာနှင့်ကိုယ်မို့ သတိမထားမိခဲ့ခြင်း ဖြစ်ပါသည်။)

"ရတယ်လေ . . . ရင်ပြင်တော်ပေါ်မှာ ခွင့်မပေးလည်း အောက် ဆင်းအော်တာပေါ့"

"ဟုတ်တယ်ကွာ . . . အောက်ဆင်းအော်မယ်"

စိုင်းထက်က ကျွန်တော့်အဆိုကို ထောက်ခံသည်။ လူတကာ အသီးအသီး ကြိုပြီးသွားတာတောင် ကိုယ်တွေ မကြိုလိုက်ရသည့်အတွက် ရင်ထဲမှာ မချင့်မရဲ။ အရိုက်ခံရတာ၊ မခံရတာ ထားလိုက်တော့။

ဟုတ်တော့လည်း ဟုတ်သည်။ ဒီဇင်ဘာ (၃၁) ရက်ည နှစ်သစ် ကြိုခြင်းအထိမ်းအမှတ်သည် မြန်မာအယူတော့မဟုတ်။ သာသနာထွန်း ကားရာနယ်မြေမှာ ဒါမျိုးလက်မခံတာ သဘာဝကျသည်။ ကိုယ့်ဘာသာ ကိုယ်လူမျိုးချင်း ဂုဏ်တော်ယူရဦးမည်။ ပြီး ဘုရားပေါ်တွင် အိပ်စက် နေသူတွေရှိသဖြင့် အနှောင့်အယှက်ဖြစ်နိုင်သည်။ မှန်၏။

တစ်ခုတော့ ဘဝင်မကျ။ ဘုန်းကြီးတွေပင်မဟုတ်ဘဲ လုံခြုံရေး အမည်ခံတွေကပါ ဆွမ်းကြီးဝင်လောင်းကြခြင်းဖြစ်သည်။ ကိုယ့်လူမျိုး အချင်းချင်း သာသနာပိုင်းဆိုင်ရာအကြီးအကဲတွေ ဆုံးမတာကို လက်ခံ နိုင်၏။ ဘာမဟုတ်သည့်ကောင်တွေ ဝင်ရိုက်တာကို လက်မခံနိုင်။

ထို့ကြောင့် . . .

"အောက်ဆင်းအော်မယ်ကွာ"

နာရီကိုကြည့်တော့ ဆယ့်နှစ်နာရီထိုးပြီး သုံးမိနစ်၊ ကိစ္စမရှိသေး။ ဒီလောက်အတိမ်းအစောင်းက လက်ခံလို့ရသည်။ လေးဆောက်သား



www.burmeseclassic.com

www.burmeseclassic.com

အောက်ဖက်ကို ခပ်သွက်သွက် ပြန်ဆင်းလာလိုက်ကြ၏။ အောက်ဖက် လှေကားထစ်တွေမှာလည်း အပေါ်မှဆင်းလာသူတွေဖြင့် ရှန်းစုရှန်းစုဖြစ်နေသည်။ အားလုံးက စတင်မှုတစ်ခုကို စောင့်နေသလိုမျိုး။

ကျွန်တော် အောင်ရဲကို ကပ်ပြောလိုက်၏။

"အော်ဖို့စောင့်နေတဲ့လူတွေ တော်တော်များတယ်ကွ။ ဘယ်သူစအော်မလဲ စောင့်နေတာ။ တစ်ယောက်ထအော်ရင် အကုန်လိုက်အော်လိမ့်မယ်"

အောင်ရဲက အကဲခတ်သည်။ ပြီးတော့ ကျွန်တော့်စကားကို ထောက်ခံကာ . . .

"ဟုတ်တယ် . . . အဲဒါဆို ငါတို့ ဦးဆောင်လိုက်ရအောင်"

ခုနထိုင်လာခဲ့သော လက်ဖက်ရည်ဆိုင်နားရောက်တော့ ဆိုင်တွင်းမှအဖွဲ့တစ်ဖွဲ့က ကျွန်တော်တို့ကို မေးဆတ်ပြ၏။ 'ဘယ်လိုလဲ' ဟူသည့်သဘော။ ကျွန်တော် ခေါင်းပြန်ညိတ်ပြကာ တိုင်ပင်ခေါ်လိုက်သည်။

"ဝမ်း . . . တူး . . . သရီး . . ."

တိုင်ပင်ဆုံးတာနဲ့ လှေကားထစ်မှခုန်ထကာ လက်နှစ်ဖက်ကို ပါးစပ်မှာကာရင်း သံကုန်ဟစ်အော်လိုက်သည်က . . .

"Happy New Year"

ကျွန်တော်တို့ပြီးတော့ လက်ဖက်ရည်ဆိုင်ထဲမှအဖွဲ့ . . .

"Happy New Year . . ."

အောင်ရဲက လက်ခုပ်သုံးချက်ကိုတီးကာ တိုင်ပင်ပြန်ခေါ်သည်။

"ဖြောင်း . . . ဖြောင်း . . . ဖြောင်း . . . Happy New Year"

အချိန်အခိုက်အတန့်လေးပါပင်။

ဘယ်ချောင်က ထွက်လာသည်မသိသော တုတ်တစ်ချက်။ 'ရိပ်' ခနဲ မြင်တော့ ကျွန်တော် ငုံ့ရှောင်လိုက်သည်။ ကျွန်တော် လွတ်သွားခဲ့



သောမှ စိုင်းထက်နောက်စေ့ကို 'ဒေါင်' ခနဲ။ စိုင်းထက်ခေါင်း ငိုက်စိုက်ကျသွား၏။ ထိုစဉ်မှာပင် ဘယ်ကမှန်းမသိသော တုတ်ချက်တွေ ပလူပျံလာသည်။

တချို့တုတ်တွေက အသစ်ဆက်ဆက်။ တချို့က ကွဲနေပြီ။ တချို့ကျတော့ ရိုက်ထားရလွန်းလို့ ထိပ်ဖျားတွေပင် ဖွာနေပြီဖြစ်၏။ စိုင်းထက် ငိုက်ကျသွားတာကို ကြောင်ကြည့်နေသော အောင်ရဲမှာ ကျောပြင်ကို နှစ်ချက် အဆော်ခံလိုက်ရသည်။

"ယားလို့ မပြီးသေးဘူးကွ။ ဟော . . . ယားဦးကွာ . . . ဖြောင်း . . . ယားဦးကွ . . . ဘုန်း . . ."

အောင်ဇော်မင်းမှာလည်း အရှောင်မြန်သည်ကြောင့် သီသီလေး လွတ်သွားသည်။ ဒါတောင် ညို့သကျည်းကို အဆော်ခံလိုက်ရသေးသည်။

"ဝုစ် . . . ဒေါင် . . ."

"ဆော်ကြပြန်ပြီဟ . . . ပြေး . . . ပြေး . . ."

"ခွပ် . . . ဖြောင်း . . . အ့ . . ."

ကျွန်တော်လည်း ရှောင်သည့်ကြားက တင်ပါးကို အဆော်ခံလိုက်ရသည်။ ရိုက်သူက ဘုန်းကြီးမဟုတ်။ ဖျင်းခနဲ ဒေါသတစ်ချက်ထွက်သွားတော့ ရှုပ်ယှက်ခတ်နေသည့်ကြားမှ အပေါ်ဘက်ကိုလွတ်အောင် ပြေးတက်လိုက်သည်။ ထိုစဉ်မှာပဲ အောက်ဘက်မှ ဝါးလုံးကိုယ်စီကိုင်ထားသော လူတစ်စု ပြေးတက်လာ၏။ သူတို့ရဲ့ဦးတည်ရာက ကျွန်တော်တို့နဲ့ပြိုင်တူ။

"ဟော့ကောင်တွေ . . . ပြေး . . . ပြေးတော့"

ကျွန်တော်လှမ်းအော်ပေမယ့် နောက်ကျသွားလေပြီ။

"ခွပ် . . .ဖြောင်း . . . အ့ . . . "

"အမယ်လေး . . . ထိပြီ"

"ဘုန်း . . . ဘုန်း . . . ဗျတ် . . . ဂလွပ်"



www.burmeseclassic.com

www.burmeseclassic.com

ဝရုန်းသုန်းကားဖြစ်သွားသည့်အတွက် ဆိုင်ထဲမှာ ပွက်လော ရိုက်သွားပြီး ခွက်တွေ ပလုံးတွေ ပြုတ်ကျကုန်သည်။ ဆိုင်ထဲမှ လူတွေ လည်း ဝေါခနဲ ထပြေးကုန်သည်။ တုတ်ချက်လွတ်ရာမှာ ရပ်ရင်း ကြည့် တော့ . . .

ဦးဆောင်သူ ဘုန်းကြီးတစ်ပါးသာ ပါ၏။ ကျန်တာတွေက အလွတ်ကြီး ဆွမ်းကြီးဝင်လောင်းသူတွေ။ ထိုအခြင်းအရာကိုကြည့်ပြီ လူက ခံပြင်းစိတ်ဖြင့် ကြက်သီးများပင် ထမိသွား၏။

ဘုရားပေါ်တွင် ခွင့်မပြုရ၍ စောင်းတန်းမှာ လွတ်လွတ်လပ်လပ် အော်ကြသည်။ ဒါကို တုတ်ဖြင့် ဝိုင်းရိုက်၏။ တုတ်နဲ့ရိုက်၍ အပြစ် ပေးရလောက်အောင် ကျွန်တော်တို့မှာ ပြစ်မှုကြီးကြီးမားမား ကျူးလွန် ထားသူများမဟုတ်ပါ။

ရိုက်သူများကလည်း (ဘုန်းကြီးမှလွဲ၍) အာဏာပါးကွက်သား တွေ မဟုတ်။ ဥပဒေအရ ဆုံးမပိုင်ခွင့်ရှိသည့် အမှုထမ်းတွေမဟုတ်။ ဒါကို အုပ်စုနှင့် ရိုက်နှက်နေကြသည်။ ကြည့်မိတော့ ကျွန်တော့်ကောင် တွေမှာ အခြေအနေ တော်တော်ဆိုးနေပြီ။

“ငါ ဘာလုပ်နိုင်မလဲ”

အမြန်ဆုံးစဉ်းစားတော့ သူတို့ကို ပြန်ရိုက်ရန် မဖြစ်နိုင်ပါ။ အများနဲ့တစ်ယောက်၊ ကျွန်တော်တစ်စစီ ဖြစ်သွားဖို့သာရှိသည်။ ဒီတော့ လုပ်စရာ တစ်ခုပဲရှိတော့၏။

လက်သီးကိုဆုပ်၊ အံကိုကြိတ်ကာ အကုန်လုံးကြားအောင် အာ ခေါင်ခြစ်အော်လိုက်သည်။

“Happy New Year . . .”

ရိုက်နေသောတုတ်ချက်တွေ ရပ်သွား၏။ ပြီးတော့ ကျွန်တော့် ကို ကြောင်တောင်တောင် မော့ကြည့်စဉ် . . .

“ဟော့ကောင်တွေ . . . မင်းတို့ကို Happy New Year ပဲ”



ပြောပြီးပြီးချင်း ကျွန်တော် နောက်ဖက် လှည့်ပြေးတော့သည်။ လမ်းတစ်လျှောက်လုံးလည်း အာခေါင်ကိုခြစ်ကာ တောက်လျှောက်အော် သွား၏။

“Happy New Year . . .”

“Happy New Year . . .”

အဖြစ်ပျက်အားလုံးအား တွေ့ထားသူ စောင်းတန်းတစ်လျှောက် ရှိလူတွေမှာလည်း ကျွန်တော့်ကိုပဲ အားပေးသည်လား၊ ဆွမ်းကြီးဝင် လောင်းသည့် ပုဂ္ဂိုလ်တွေကိုပဲ အမြင်ကပ်လို့လားမသိ။

“Happy . . . New Year . . . ညီလေးရေ . . .”

“Happy . . . New Year . . . ကွ”

“Happy . . . New Year . . .”

စောင်းတန်းတစ်လျှောက် အော်သံတွေမှာ ဟိန်းထွက်လာသည်။ ကျွန်တော့်နောက်မှာ ဝါးလုံးတဝင့်ဝင့် ပြေးလိုက်လာသူများမှာ ထိုအော် သံတွေကိုကြားတော့ ခြေလှမ်းတို့ ရပ်သွား၏။

ထိုလူအုပ်ကြီးကိုတော့ သူတို့ ဝင်မရိုက်ရဲပါ။ အုပ်စုတောင့် သည်။ ပြီးတော့ သူတို့အားကိုးရာ ဘုန်းကြီးလည်း ပါသည်မဟုတ်။ လူလူချင်းမို့ သူတို့ တစ်ချက်ရိုက်ပါက နှစ်ချက်ပြန်ဆော်မည့်လူတွေ များ သည်။

သူတို့အသားနာမည်တော့ ကြောက်ပါသည်။ ဝင်မရိုက်ရဲဘဲ ကျွန်တော့်နောက်သာ ပြေးလိုက်လာကြ၏။ သို့ပေမဲ့ တော်တော်ဝေးသွား ချေပြီ။ အားကုန်ပြေးတက်သည်မို့ ခဏချင်းပင် ရင်ပြင်တော်ပေါ် ပြန် ရောက်လာသည်။

စောင်းတန်းတစ်လျှောက်အော်သံတွေကို ကြားတော့ ရင်ပြင် တော်ပေါ်မှ အဖွဲ့တစ်ဖွဲ့လည်း ဆင်းလာပါသည်။ သူတို့ရှေ့ရောက်တော့ ကျွန်တော် ကိုယ်ရှိန်ကိုသတ်ရင်း ခပ်ယိုင်ယိုင်ပင် ဖြတ်ကျော်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

သံကုန်အော်၍ ပြေးတက်လာသူမှာ ကျွန်တော်ဖြစ်ကြောင်း သူတို့ မသိဘူးထင်သည်။

ဒါပေမဲ့ . . .

အောက်မှတက်လာသောအဖွဲ့နှင့် ဆင်းသောအဖွဲ့၊ နှစ်ဖွဲ့ပေါင်းမိသွားချိန်မှာ . . .

"ဒီပေါ်ကို လူတစ်ယောက် ပြေးတက်လာတာ မြင်လိုက်လား"

အသံက တော်တော်ကျယ်၏။ ကျွန်တော်လှည့်ကြည့်တော့ ..

"ဂျာကင်အမည်း . . . ဂျင်းဘောင်းဘီအရှည်နဲ့ တစ်ယောက်"

ကျွန်တော် ကျောချမ်းသွားသည်။ အခုပင် ဖြတ်ကျော်လာခဲ့သည်မို့ ကျွန်တော့်ကို သေချာပေါက် မှတ်မိမှာပါ။ ဘယ်ဘက်ကို ချိုးကွေ့ကာ အလျင်အမြန် ပြေးရပြန်ပါ၏။ ရွှေဆိုင်းရောင်သော မဏ္ဍပ်ဆီရောက်တော့ နံရံကို ပြေးကပ်လိုက်သည်။

ထိုအကွယ်မှပင် နောက်သို့ ပြန်ချောင်းကြည့်တော့ . . .

ခုနစ်ယောက်ထက်မနည်းသော လူတစ်စု တောင်ဝေးကိုယ်စီကိုင်ကာ တတ်လာကြ၏။ ပြီးတော့ ဓာတ်မီးတယမ်းယမ်းနှင့် ရင်ပြင်တော်တစ်ဝိုက် လူစုခွဲကာ ကျွန်တော့်ကို ရှာနေကြပါပြီ။ ယခုမှ လူက ကြောက်စိတ်ဝင်လာသည်။ ဒီအတိုင်းနေပါက တစ်ယောက်မဟုတ်တစ်ယောက် သေချာပေါက်တွေ့လိမ့်မည်။ တွေ့လျှင်တော့ သေချာသည်။ ကျွန်တော့်ဘဝမှာ မတွေးရဲ။

ထိုစဉ်မှာပဲ . . .

"ဟေ့ကောင်လေး . . . ဒီကိုလာ . . . ဒီကိုလာပုန်းချည်။ မြန်မြန် . . ."

ရှေ့မလှမ်းမကမ်းမှ လက်ယပ်ခေါ်နေသော မိန်းမကြီးတစ်ယောက်၊ တန်းထိုးအိပ်နေသူများထဲမှ ဖြစ်ပါသည်။ ဘာဘာညာညာ စဉ်းစားမနေတော့။ ထိုမိန်းမကြီးဘေး နေရာလွတ်ဆီသို့ အလျင်အမြန် ပြေးသွားကာ ဝမ်းလျားထိုးချလိုက်သည်။



ထိုအခိုက်မှာပဲ ကျွန်တော့်တစ်ကိုယ်လုံးကို စောင်တစ်ထည်အုပ်ကျလာ၏။

"နင်တို့ကလည်း နင်တို့ပဲ။ သူတို့မကြိုက်တာကို ဘာလို့သွားအော်တာလဲ"

အသံကို ကြားဖူးသည်မို့ မျက်လုံးပေါ်အုပ်နေသော စောင်ကို ဆွဲဖယ်ကြည့်တော့ . . .

"ဟာ . . . ဒေါ်ချစ်တင်"

အတိုင်းထက်အလွန် ဝမ်းသာသွားသည်။ ပြီးတော့ ကျေးဇူးတစ်ပုံတစ်ပင်လည်း တင်လိုက်မိပါသည်။ ထိုစဉ်မှာပဲ ကျွန်တော့်တို့ခေါင်းရင်းဘက်ကို ဓာတ်မီးရောင်တစ်ခု ဝေ့ကျလာ၏။

စောင်ကို ခေါင်းမြီးခြုံကာ ဒေါ်ချစ်တင်ကတော့ မူလအတိုင်းအိပ်သယောင်ပြုလိုက်သည်။ ခြေသံတွေ ကျွန်တော်တို့နားမှ ဖြတ်ကျော်သွားသည်။ အသက်ပင် ကောင်းကောင်းမရှူရဲ။ နာရီဝက်လောက်ကြာအောင် ဓာတ်မီးတယမ်းယမ်းနှင့် ရှာကြသေးသည်။ နောက်ဆုံး ဘယ်လိုမှ မတွေ့တော့မှ လက်လျှော့ကာ ပြန်ထွက်သွားကြ၏။

ဒီတော့မှ အသက်ဝဝရှူမိပါသည်။ ဒေါ်ချစ်တင်ကိုလည်း ကျေးဇူးတင်စကား အကြိမ်ကြိမ်ပြောမိသည်။ ဒါပေမဲ့ ခက်သည်က ကျွန်တော်အောက်ပြန်ဆင်းဖို့။ လိုက်မရှာတော့ဘူးဆိုပေမဲ့ အဝင်ဝမှာတော့ ထုံးစံမပျက် လုံခြုံရေးအစောင့်တွေ ရှိနေမှာပါ။

ဒါကိုလည်း ဒေါ်ချစ်တင်ကပင် အိပ်ရေးပျက်ခံကာ ကူညီပေးသည်။ ကျွန်တော့်ခေါင်းအား လုံအောင် စောင်အုပ်စေ၏။ ပြီးတော့ သူမကပင် ဦးဆောင်ကာ ခေါ်သွားသည်။ ကံကောင်းသည်လို့ ပြောရမလားမသိ။ အောက်သို့ဆင်းကြမည့် အဖွဲ့တစ်ဖွဲ့နှင့် ကြုံနေသည်။

ကျွန်တော်တို့ ရောယောင်လိုက်သွားတော့ လုံခြုံရေးများရှေ့အရောက်တွင် . . .

www.burmeseclassic.com

"နင်တို့ဗိုက်ကလည်း ဆာကိုဆာနိုင်လွန်း။ ညသန်းခေါင်ရောက်ခါမှ။ အောက်မှာ မုန့်ဆိုင်တွေတောင် ပိတ်ကုန်ပြီလား မသိဘူး"

အမေက သားကိုဆူသလိုမျိုး ကျယ်ကျယ် ဆူလိုက်သေး၏။ လုံခြုံရေးတွေ သတိမထားမိပါ။ တော်တော်အားကိုရသည့် ဒေါ်ချစ်တင်ပါပင်။ အဆောင်ရှေ့ရောက်အောင်လိုက်ပို့ပေး၏။ အဆောင်ရှေ့ရောက်မှ သူ့စောင်သူ့ပြန်ယူကာ အပေါ်ပြန်တက်သွားပါသည်။

"ကျေးဇူးကမ္ဘာပါပဲ . . . ပြိုင်ဘက်ကောင်းကြီးရယ်"

ᚷᚷᚷ



# XIX

ကျွန်တော့်ကိုမြင်တော့ အဆောင်ပေါ်မှ လူတစ်အုပ် ပြေးဆင်းလာသည်။

"ဟာ . . . ဟော့ကောင် . . . သီဟ . . . ကျွတ် . . . စိတ်ပူလိုက်ရတာကွ"

"မင်း ဘယ်ထိသွားသေးလဲ . . . တော်တော်များလား"

"မင်းပြန်မလာလို့ အခုပဲ လိုက်ရှာကြတော့မလို့"

တစ်ယောက်တစ်ပေါက် ပြောရင်း ပြေးဆင်းလာသည်က ကျွန်တော့်ရဲ့ ချစ်လှစွာသော သူငယ်ချင်းများပါပင်။ အကုန်လုံးက တကယ်ပင် စိတ်ပူနေကြသည်မို့ ဖြစ်ကြောင်းကုန်စင်ကို ပြောပြလိုက်ရသည်။ စကားဆုံးသွားတော့မှ . . .

"ကျွတ် . . . တော်သေးတာပေါ့ကွာ။ ငါတို့က မင်းတော်တော်ခံလိုက်ရပြီ အောက်မေ့နေတာ"

"အေးကွာ . . . မင်းနောက်ကို ပြေးလိုက်သွားတဲ့ အုပ်စုကနည်းမှမနည်းပဲ"

ကျွန်တော် တစ်ချက်ပြုံးရင်း . . .

"ငါကတော့။ ဒေါ်ချစ်တင်နဲ့တွေ့လို့ ကံကောင်းသွားတယ်ကွာ။ မင်းတို့ရော . . ."



www.burmeseclassic.com

www.burmeseclassic.com

သုံးကောင်လုံး ရှုံ့မဲ့သွားကြသည်။

"ဒီမှာသာ ကြည့်တော့ကွာ"

စိုင်းထက်က လက်မောင်းလှန်ပြတော့ အရှိုးရာများကို အထင်းသား တွေ့ရသည်။

"နောက်စေ့လည်း တော်တော်အီသွားတယ်"

အော်ဇော်မင်း ခြေသလုံးမှာလည်း အရှိုးရာတွေ မနည်း။ ညိုသကျည်းလည်း ယောင်နေသည်။ အောင်ရဲကတော့ . . .

"ငါ့ကျောကုန်းကိုတော့ ရေချိုးမှပဲ ကြည့်ပါတော့ကွာ။ ဘယ်နှစ်ချက်တောင် ထိသွားလည်းမသိဘူး။ အခုချိန်ထိ စပ်နေတုန်း"

ပြီး လေးယောက်သား တစ်ယောက်ကိုတစ်ယောက်ကြည့်ကာ တခွီးခွီး ရယ်မိကြသည်။ အဆိုးထဲက အကောင်းတစ်ခုလည်းရှိသေး၏။ အဲဒါက အောင်ဇော်မင်းမှာ ပရုပ်ဆီဘူး ပါလာခြင်းပင်။

ပရုတ်ဆီဖြင့် သူ့ခြေထောက်အား လိမ်းနေတာမြင်တော့ . . .

"ဘာလဲကွ . . . အရိုက်ခံရမှာ ကြိုသိလို့ မင်းက ပရုပ်ဆီယူလာတာလား"

စိုင်းထက်၏ နောက်ရွှတ်ရွှတ်အမေးကို . . .

"မဟုတ်ပါဘူးကွာ . . . ခြေထောက်ညောင်းရင် လိမ်းဖို့ ယူလာတာပါ"

ဘာပဲပြောပြော အလုပ်ဖြစ်ပါသည်။ ပရုပ်ဆီလိမ်းခြင်းဖြင့် အနည်းငယ် သက်သာရာရနိုင်သည် မဟုတ်ပါလား။ ဟိုသုံးကောင် ပရုတ်ဆီလိမ်းနေစဉ်မှာ ကျွန်တော် အခန်းပြင် ပြန်ထွက်လိုက်ပါသည်။

မျက်နှာချင်းဆိုင်အခန်းလေးကတော့ အိပ်မောကျနေလောက်ပြီထင်၏။ ပြင်ပမှ ဖြစ်ပျက်မှုအလုံးစုံကို အဆက်အသွယ်ဖြတ် မျက်ကွယ်ပြုထားသလိုမျိုး။ သူတို့မလိုက်တာပင် ကံကောင်းပါသည်။ မဟုတ်ပါက ရောယောင်အရိုက်ခံနေရဦးမည်။ ပြတင်းပေါက်ဆီ ပြန်သွားကြည့်တော့ အပြင်မှာ လူတွေရှိနေသေး၏။



တစ်ညလုံးပင် မအိပ်ဘဲ နေကြမလားမသိပါ။

ခပ်ဝေးဝေးမှာကား တောင်ဝှေးထောက် မတ်တတ်ရပ်နေသော ဘုန်းကြီးတစ်ပါးကို ယခုတိုင် တွေ့နေရသေး၏။ ထိုဘုန်းကြီးအား အကဲခတ်နေသော လူများကိုလည်း အဆောင်အပေါ်ထပ်တွေမှာ တွေ့နေရသည်။ ဆွမ်းကြီးလောင်းအဖွဲ့ဝင်တွေလည်း ဟိုတစ်ယောက် ဒီတစ်ယောက်ရှိနေသည်။

ယခုတိုင် အရှိန်မသေကြသေးပါ။

ထိုလူတွေကိုတွေ့တော့ အရိုက်ခံထားရသော တင်ပါးက ဘာမဆိုင်ညာမဆိုင် စပ်ဖျင်းဖျင်း ပြန်ဖြစ်လာသည်။ သွေးတို့ပင် အနည်းငယ် ပြန်ဆူပွက်လာသလို၊

ထိုစဉ်မှာပဲ ခေါင်းထဲသို့ အကြံတစ်ချက် ဝင်လာသည်။ လက်ဖျောက်တစ်ချက် ထတီးမိ၏။

"ဖျောက် . . ."

ဟုတ်ပေသားပဲ။ နှစ်သစ်ကူးပွဲတော်ကို အပြင်မှာ ကျင်းပလို့ မရပေမဲ့ အတွင်းမှာ ကျင်းပလို့ရပါသည်။ နာရီကိုကြည့်တော့ (၁) နာရီထိုးပြီ။ ကိစ္စမရှိ။ မင်္ဂလာနှစ်သစ်ကို တစ်နာရီနောက်ကျပြီးမှ မကြိုရဟု စည်းမျဉ်းထုတ်မထား၊ စည်းကမ်းချက်မရှိ။

ထို့ကြောင့် . . .

ပါးစပ်ကို လက်ဝါးနှင့်အုပ်ကာ ခပ်အုပ်အုပ် အော်လိုက်သည်။

"Happy New Year . . ."

ကျွန်တော့်အသံကိုကြားတော့ အခန်းတံခါးတစ်ချပ် ဖျတ်ခနဲ ပွင့်လာကာ မျက်လုံးပြူး၊ မျက်ဆံပြူးအကြည့်တွေ ဝိုင်းအုံလာသည်။ ထိုအကြည့်တွေက . . .

"မင်း ဘာလုပ်တာလဲ၊ နာချင်လို့လား"

စသော အဓိပ္ပာယ်များပါဝင်သည့် အကြည့်တွေ။

ဒါပေမဲ့ . . .



www.burmeseclassic.com

www.burmeseclassic.com

ပါးစပ်ကို လက်ညှိုးနဲ့ကာရင်း . . .

"ရှူး . . ."

ကျွန်တော့်ပုံစံကြောင့် သုံးကောင်လုံး တိတ်သွား၏။ ပြီးတော့ မူလအတိုင်း အသံခပ်အုပ်အုပ်ဖြင့် . . .

"Happy New Year . . ."

နှစ်ခါသာ အော်လိုက်ရသည်။ ဘာကိုဆိုလိုကြောင်း သဘောပေါက်ပြီး သုံးကောင်လုံး ကျွန်တော့်နောက် ပါလာတော့သည်။ ပါးစပ်ကို လက်နှစ်ဖက်နဲ့ အော်လံသဘောမျိုးကာသည်။ ထို့နောက်မှာ အပြင်မရောက်လောက်သော လေသံတိုးတိုးဖြင့် . . .

"Happy New Year . . ."

"Happy New Year . . ."

အရှိန်ရလာသည်ထင်၏။ အတွင်းမှာထိုင်နေသော သုံးကောင်လုံးအပြင် ရောက်လာကာ . . .

"Happy New Year . . ."

အဆောင်တွင်း ခေါက်တုံ့ခေါက်ပြန်လျှောက်၍ ခြေကို ဆောင့်ကာဆောင့်ကာဖြင့် . . .

"Happy New Year . . ."

"Happy New Year . . ."

ကျွန်တော်တို့ပုံစံက လူစုပြီး Rap ပဲ ရွတ်နေသလို၊ အောင်ရဲက ခြေကို သုံးချက်ဆောင့်ပြီး တိုင်ပင်ခေါ်သည်။

"ဒုန်း . . . ဒုန်း . . . ဒုန်း . . . Happy New Year . . ."

"အဆောင်ကလူတွေအားလုံးပဲ . . . Happy New Year . . ."

သံပြိုင်ကို အော်လိုက်ကြပါသည်။ ဒါပေမဲ့ အသံခပ်အုပ်အုပ်ရယ်ပါ။ အပြင်က ကြားသွားလို့မဖြစ်။

"ကဲ . . . ဘာတတ်နိုင်သေးလဲ"

⁂ ⁂ ⁂



# XX

"ဒေါက် . . . ဒေါက် . . . ဒေါက် . . ."

"ဒေါက် . . . ဒေါက် . . . ဒေါက် . . ."

ဆက်တိုက်ဆိုသလို ထွက်လာသည့် တံခါးခေါက်သံကြောင့် တရှိက်မတ်မတ် အိပ်ပျော်နေသည့် အသိအာရုံတွေ ဝေဝေဝါးဝါးနိုးလာသည်။ မီးပိတ်ထားပေမဲ့ အပြင်မှ အလင်းရောင်နည်းနည်းက အခန်းတွင်းသို့ ရောင်ပြန်ဟပ်နေသည်။

"ဒေါက် . . . ဒေါက် . . . ဒေါက် . . ."

ဒီတစ်ခါတော့ ကျွန်တော်ပင်မဟုတ်၊ ကပ်လျက်အိပ်နေသည့် အောင်ရဲပါ နိုးလာသည်။ တံခါးခေါက်သံက ဆက်တိုက်ဆိုသလို ထွက်လာပြန်သည်မို့ စောင်ကိုဖယ်ကာ မီးထဖွင့်လိုက်ရ၏။

ညကြီးအချိန်မတော် ဘယ်သူတံခါးလာခေါက်သည်မသိ။ အိပ်မှုန်စုန်မွှားဖြင့် တံခါးဖွင့်ကြည့်တော့ . . .

"မောင်လေးတို့ အောက်မှာ ဆွမ်းတော်အဆင်သင့်ဖြစ်ပြီနော်။ အရက်ဆွမ်းကပ်ရင် ကပ်လို့ရပြီ"

"ဟင် . . . မိုးလင်းပြီလား"



www.burmeseclassic.com

သနပ်ခါးအဖွေးသားနှင့် မိန်းမကြီး[illegible]

www.burmeseclassic.com

မိတော့ . . .

“မိုးတော့ မလင်းသေးဘူး။ ဒါပေမဲ့ မနက်ငါးနာရီထိုးတော့မယ်”

ကြားရသောစကားကြောင့် အကြီးအကျယ် စိတ်ဓာတ်ကျသွားပါသည်။ စိတ်ထဲမှာ အိပ်ပျော်ခါစပင် ရှိသေးသည်ထင်ထားတာပါ။ မနက်ငါးနာရီတောင် ထိုးတော့မယ်တဲ့။

ဒီမိန်းမကြီး လိမ်များပြောနေသလားဟုပင် ထင်လိုက်မိသေးသည်။

“ဟုတ်လို့လားဗျာ . . . ကျွန်တော်တို့ အခုမှ အိပ်ပျော်ခါစပဲ ရှိသေးတာပါ။ မနက်ငါးနာရီထိုးပြီတဲ့”

“ပေါက်ပေါက်ရှာရှာကွာ”

စိုင်းထက်က အိပ်နေရာမှ ဘာမှန်းညာမှန်းမသိ ထအော်သည်။

“မယုံရင် အပြင်ထွက်ကြည့်လေ။ သူများတွေဆို ဆွမ်းကပ်ပြီးလို့ ပြန်တောင်ဆင်းလာကြပြီ”

နားစွင့်ကြည့်တော့ အပြင်ဘက်ဆီမှ ဆူညံသံများကို ကြားရ၏။

“နင်တို့သဘောပဲ။ ငါက ဆွမ်းကပ်ဖို့ အဆင်သင့်ဖြစ်ပြီလို့ လာပြောတာ။ ထချင်ထ၊ မထချင်နေ”

ထိုသို့ပြောပြီး မိန်းမကြီးမှ တခြားအခန်းတွေဘက် လှည့်သွား၏။ မိန်းမကြီး၏ ကိုယ်လုံးလွတ်သွားမှ ရှေ့ခန်းဆီကြည့်မိတော့ . . .

“ဟာ . . . ဟော့ကောင်တွေ . . . သူတို့မရှိတော့ဘူး”

“ဟင် . . . ဘယ်သူလဲ . . .”

တစ်ဖက်စောင်းအိပ်နေရာမှ အောင်ရဲက ခပ်လေးလေးပြန်မေးတော့ . . .



[illegible] . . . ရှေ့ခန်းက ကောင်မလေးတွေ။ ဟိုမှာ အခန်းတံခါးကို အပြင်က သော့ခတ်ထားတယ်”

“ဘာ . . . ဘာဖြစ်တယ်”

“ဘယ်ရောက်သွားလို့လဲ . . . ဘယ်သွားကြတာလဲ”

ဆက်အိပ်ဖို့ပြင်နေသော နှစ်ကောင်မှာ အလူးအလဲကုန်းထကြသည်။ ပြီးတော့ ကျွန်တော့်စကားကို မယုံသလို လာကြည့်ကြ၏။ အကယ်ပင် ရှေ့ခန်းတံခါးက အပြင်မှ သော့ခတ်ထားတာပါ။

“အရုဏ်ဆွမ်း သွားကပ်ကြတာလားမသိဘူး”

“အေး . . . ဖြစ်နိုင်တယ်”

ကျွန်တော့်စကားကို အောင်ရဲက ထောက်ခံကာ စိုင်းထက်ကတော့

“သွားမယ် . . . သွားမယ် . . . ငါတို့တွေ လိုက်ကြမယ်”

“ဘယ်ကိုလိုက်မှာလဲ”

အောင်ရဲက ရယ်ကျဲကျဲမေးတော့ . . .

“သူတို့နောက်ကို လိုက်မှာပေါ့ကွ။ ဘယ်ကိုလိုက်ရမှာလဲ”

အောင်ရဲက ‘အုန်း’ခနဲ နားရင်းကိုပိတ်အုပ်ကာ . . .

“မင်းပုံစံလည်း မင်းကြည့်ဦး။ မျက်လုံးမှာ မျက်ချေးတွေပိတ်ပြီး ပါးစပ်က သွားရည်တွေ ကျထားသေးတယ်။ ဒီပုံစံနဲ့ ကောင်မလေးနောက်ကို လိုက်မလို့လား”

စိုင်းထက်မှာ အိပ်ချင်စိတ် မပြေသေးဟန်ရှိ၏။

“အဲတော့ ငါက ဘာလုပ်ရမှာလဲ”

“ဘုန်း . . . ”

ကျွန်တော် နောက်တစ်ချက်ထပ်အုပ်မှ မျက်လုံးကျယ်သွားသည်။

“မျက်နှာသစ်ရမှာပေါ့ကွ . . . ဘာလုပ်ရမှာလဲ”



www.burmeseclassic.com

ထို့နောက်မှာ အောင်ဇော်မင်းအ...

ခပ်သွက်သွက်ပင် မျက်နှာသစ်သွားတိုက်ရန် အောက်သို့ ဆင်းလာခဲ့ကြ၏။ တည်းခိုသူများ မျက်နှာသစ်ဖို့ရန် Basin တစ်ခု လုပ်ပေးထားပါသည်။ ဆိုင်နောက်ဘက်မှာမဟုတ်။ ဆိုင်ရှေ့လှေကား အတက်အဆင်းမှာပါ။

လှေကားရောက်စဥ်မှာပဲ . . .

“ဟာ . . . ဟိုမှာ သူတို့ . . .”

ရှေ့ဆုံးမှဆင်းသူ အောင်ရဲစကားကြောင့် အကြည့်တွေ အောက်ဘက်သို့ စုပြုံသွားစဥ် . . . ကျွန်တော်တို့က ငုံ့အကြည့်၊ သူတို့က မော့အကြည့် . . .

“ဟာ . . .”

“ဟယ် . . .”

“အို့ . . .”

အာမေဍိတ်သံကိုယ်စီ ထွက်သွား၏။ သူမတို့ မျက်နှာသစ်နေကြခြင်းဖြစ်ပါသည်။ ဗြုန်းစားကြီး တွေ့လိုက်ရသည်ကြောင့် သူမတို့ ရှက်အမ်းသွားကာ ကျွန်တော်တို့ကတော့ မျက်နှာပူသွား၏။ အပေါ်ပြန်တက်ရင် ကောင်းမလား၊ ဒီနေရာမှာပဲ ရပ်နေရကောင်းမလား စဥ်းစားနေသေးသည်။

ကျွန်တော်တို့ပုံစံကို ကြည့်ပြီးလည်း သက်ထားနှင့် သဉ္ဇာတို့နှစ်ယောက်မှာ ဟိုဘက်လှည့်သွားပါသည်။ ပြီးတော့ မျက်နှာသုတ်ပဝါဖြင့် ကပျာကယာ မျက်နှာသုတ်ကြသည်။ ခေါင်းငုံ့၍ မျက်နှာသစ်နေသူ ညိုစိမ့်လေးကတော့ ကျွန်တော်တို့ကို မမြင်သေးပါ။

အပေါ်ပြန်တက်လျှင်လည်း အူကြောင်ကြောင်နိုင်နေမည်မို့ မျက်နှာပူပူနှင့်ပင် အောက်သို့ ဆင်းခဲ့လိုက်ရပါသည်။ သူမတို့နားရောက်တော့ . . .

ညိုစိမ့်လေးမှာလည်း မျက်နှာသစ်ပြီး၍ မော့အကြည့် . . .



ညိုစိမ့်စိမ့်မျက်နှာလေးမှာ ဝေသီမှုန်မှိုင်းသော ရေစက်ရေမှုန်တို့အောက်၌ ပန်းရောင်သွေး ပြောင်းသွားပါသည်။ သတိလွတ်စွာငေးကြည့်နေမိသော ကျွန်တော်ကိုယ်တိုင်လည်း ထူအမ်းသွားရ၏။

ပြီးတော့မှ ညိုစိမ့်လေးမှာ သတိဝင်သွားပြီး လှစ်ခနဲ သက်ထားတို့နောက် ပြေးကပ်သည်။ ဒီတော့မှ ကျွန်တော်သည် သတိရကာ ဣန္ဒြေထိန်းလိုက်ရ၏။ မျက်နှာပူပူဖြင့် တစ်ဖက်လှည့်လိုက်စဥ်မှာ . . .

“အဟီး . . . မျက်နှာလာသစ်တာလား”

စိုင်းထက်က အူကြောင်ကြောင်မေးတော့ . . .

“မြင်တဲ့အတိုင်းပဲလေ”

“အစ်ကိုတို့လည်း မျက်နှာသစ်မလို့ ဆင်းလာတာ”

“ဟုတ်လား . . . အဲါဆို သစ်ကြလေ။ သဉ္ဇာတို့က ပြီးပြီ။ သွားတော့မယ်”

ပြောပြောဆိုဆို လှေကားပေါ်တက်ရန်ပြင်တော့ . . .

“ညီမတို့ အရဏ်ဆွမ်း သွားကပ်ကြမလို့လား”

“ဟုတ်တယ် . . .”

“ဟာ . . . ဒါဆို အတော်ပဲ။ အစ်ကိုတို့လည်း သွားကပ်ကြမှာ အတူတူသွားကြမယ်လေ”

ဘယ်ယုန်မြင်လို့ ဘယ်ချုံထွင်တယ်ဆိုတာကို သဘောပေါက်သလို သက်ထားနှင့်သဉ္ဇာက ဆံပင်ကွယ်ကာ ပြုံးသည်။ ကျွန်တော့်ညိုစိမ့်လေးကတော့ လုံးဝလှည့်မကြည့်ပါချေ။ တော်တော်ရှက်သွားသည်ထင်၏။ သက်ထားက နှုတ်ခမ်းကိုကိုက်ရင်း . . .

“ပြီးရောလေ . . . ကိုယ့်ကိစ္စကိုယ် ပြီးအောင်လုပ်ပြီး မြန်မြန်တက်ခဲ့ကြပေါ့”

သူမတို့တက်သွားသည်ကို အစအဆုံး ကျွန်တော် ငေးကြည့်နေပါသေးသည်။ ညိုစိမ့်လေး လှည့်များကြည့်ဦးမလား အတင်နဲ့ပါ။



www.burmeseclassic.com

www.burmeseclassic.com

တွေးထင်မှု မှန်ကန်ပါသည်။

လေကားအဆုံး တစ်ဆစ်ချိုးမကွေ့ခင်မှာ မသိမသာ လှည့်ကြည့်သော အကြည့်လေး တစ်ခုကိုရလိုက်သည်။

ရင်ထဲမှာ ပန်းတွေဝေသွား၏။ ကျွန်တော် ပြန်လည်ပြုံးပြသည်ကိုတွေ့တော့ ရှက်ဝါးဝါး ခေါင်းငုံ့သွားကာ နှုတ်ခမ်းထောင့်စွန်းလေးတွေပင် ရယ်ချင်ပက်ကျိ တွန့်ကွေးသွားသလို . . .

ဘာပဲပြောပြော ထိုနေ့မနက်က မိန်းကလေးတစ်ယောက်၏ အလှဆုံးအချိန်ကို မြင်တွေ့ခွင့်ရလိုက်ပါသည်။



# XXI

မျက်နှာကို အလျင်အမြန်သစ်ပြီး အပေါ်ပြေးတက်လိုက်ကြ၏။ ပြီးတော့ အခန်းတွင်းဝင်ကာ အပြတ်ရှိုင်းလိုက်သည်။ ညီစိမ့်လေးနှင့် ဘုရားအတူတက်ရမည်မို့ ရင်ထဲမှာ ကြည်နူးသလို ပျော်ရွှင်သလို၊ အဝတ်အစားလဲလို့ မပြီးမီမှာပင် . . .

"အစ်ကိုတို့ရေ . . . မပြီးသေးဘူးလား။ သဉ္ဇာတို့တွေတောင်ပြီးကုန်ကြပြီ"

"အေး . . . အေး . . . ပြီးပြီ ညီမလေး"

အောင်ရဲက ပြန်အော်ပြီး တစ်ကိုယ်လုံးကို ရေမွှေးတဖျန်းဖျန်းဆွတ်သည်။ ပြီးတော့ တံခါးကိုဆွဲဖွင့်လိုက်စဉ် . . .

"အာ . . . ရေမွှေးနံ့တွေကို မွှန်ထူနေတာပဲ"

အောင်ရဲက 'ဟီး'ခနဲ တစ်ချက်ရယ်ရင်း . . .

"အဟီး . . . ဟိုကောင်တွေပါ။ ကလေးကလားရေမွှေးတွေဆွတ်နေကြတာ"

သဉ္ဇာက နှာခေါင်းကို လက်ဖြင့်ကာ၍ . . .

"မဟုတ်ပါဘူး . . . ရေမွှေးနံ့ထွက်နေတာ အစ်ကိုကြီးဆီကပါ"



www.burmeseclassic.com

"ဟင် . . . ဟုတ်လား"

သကောင့်သား ဗျာများသွား၏။ ရှက်ရမ်းရမ်းပြီး ကိုယ့်အကျီ ကိုယ် တရှုံ့ရှုံ့ပြန်နမ်းကြည့်နေသည်။ စိုင်းထက် ထွက်လာပြန်တော့ . .

"အင် . . . ဟိုတစ်ယောက်ကလည်း မိတ်ကမ်းလိမ်းလာလိုက်တာ မျက်နှာတစ်ခုလုံးကို ပြာနေတာပဲ"

စိုင်းထက်မှာ ရေနွေးပူနဲ့ မျက်နှာအပက်ခံလိုက်ရသလို မျက်နှာကြီး နီရဲရှုံ့တွသွားပါသည်။

"ဟာ . . . မလိမ်းပါဘူး"

"မလိမ်းဘူးသာဆိုတယ် မျက်ခုံးမှာ ခဲလို့"

"ဟင် . . ."

စိုင်းထက် အူကြောင်ကြောင်ဖြင့် မျက်ခုံးကို ပွတ်ကြည့်လိုက်တော့ တကယ်ပင် လက်မှာ အခဲလိုက်ပါလာ၏။ ဒီတော့မှ . . .

"အဟီး . . . မှန်ပါမလာလို့ပါ"

ကျွန်တော့်အလှည့်မှာရော ဘယ်လိုမှတ်ချက်တွေ ရောက်လာမလဲ စိတ်တထင့်ထင့်ဖြင့် အပြင်ထွက်လိုက်သည်။ ဒါပေမဲ့ ဘာမှတ်ချက်ပြုသံမှ မကြားရပါချေ။ ဘာမှလည်း ထွေထွေထူးထူး ပြင်ဆင်မထားခဲ့။ ဂျင်းဘောင်းဘီကို တီရှပ်အဖြူနဲ့တွဲပြီး ခေါင်းစွပ်အနွေးထည် တစ်ထည် ထပ်ဝတ်ထားသည်။ ဒီလောက်ပါပဲ။

မှတ်ချက်ပြုသံမကြားပေမဲ့ ဆုတစ်ခုကိုတော့ ရလိုက်သည်။

ကျွန်တော်ဝတ်စားထားပုံကို ကြည့်ပြီး ဆုမွန် ယောင်ယောင်လေး ပြုံးသွားပါသည်။ပြီးတော့ ပါးပေါ်ဝဲကျနေသည့် ဆံပင်များကို နားရွက်နောက်သို့ စုသိမ်းကာ ခေါင်းငုံ့သွား၏။

လှလိုက်တာကွယ် . . .

စိတ်ထဲက ပြောမိသော စကားလေးခွန်းပါ။ ခရမ်းရောင် မြန်မာဝတ်စုံလေးကို ချပ်ရပ်သေသပ်စွာ ဝတ်ထားပြီး အပေါ်မှ ဆင်ဆွယ်ဖျော့



www.burmeseclassic.com

[illegible]ကို ထပ်ထားသည်။ ထိုအပေါ်မှာမှ ပန်းဆီရောင် သဘက်လေးကို တစ်ဖက်ချတင်ထားတော့ . . .

မြန်မာဆန်စွာ ကျက်သရေရှိနေပါတော့သည်။

"အရမ်းလှတာပဲ . . ."

တိုးတိုးလေး ကပ်ပြောချင်ပေမဲ့ ဘေးလူတွေရှိနေသည်ကြောင့် ပြောမထွက်ခဲ့။ ထိုသို့ပြောရလောက်သော အခြေအနေလည်း မရောက်သေးသည်မို့ မနည်းချုပ်တီးလိုက်ရသည်။

အောင်ဇော်မင်း ထွက်လာစဉ်မှာတော့ . . .

"ဟယ် . . . တကယ် လူရိုးကြီးတော့"

"တွံတေးသိန်းတန်နဲ့ တူလိုက်တာ"

"ဗျာ . . . ဘယ်လို . . ."

အော်ဇော်မင်း မတ်တတ်စုံရပ်ကာ ကြောင်သွားသည်။ အရင်ကတည်းက အတွေ့အကြုံမရှိသူမို့ သူ့ခမျာ ရှက်ရသည့်ကြားထဲ . . .

သဘောပေါက်စွာအောင်ရဲက ပခုံးကို လှမ်းပုတ်၍ . . .

"အလကား . . . မင်းကိုနောက်နေတာ။ လာ . . . အောက်ဆင်းကြမယ်"

လှေကားမှဆင်းလာတော့ ဆွမ်းတော်ပန်းကိုယ်စီကိုင်ရင်း ဘုရားပေါ် တက်နေသည့် လူတစ်စုကို တွေ့ရသည်။ ဆိုင်တွင်းသို့ ဝင်စဉ်မှာပဲ . . .

"လာ . . . လာ . . . မောင်လေး . . . မောင်လေးတို့ ဆွမ်းတော်ပန်း . . . ဒီမှာ။ ညီမလေးတို့က ဟိုခုံပေါ်ကဟာ"

ဓာတ်ပုံထဲကအတိုင်း ဟုတ်မဟုတ် စစ်ဆေးကြည့်တော့ ပုံသဏ္ဌာန်မတူပေမဲ့ အမျိုးအစားတူပါသည်။ ကျွန်တော် မယူကာ လှည့်ထွက်တော့ ဆိုင်အတွင်းထဲမှ အသံတစ်သံကို ကြားရသည်။

"ဖြည်းဖြည်းသွားနော် . . . မောင်လေး၊ ညက အိပ်ရေးအဆင်ပြေရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com

တခြားသူမဟုတ် ဆိုင်ပိုင်ရှင်အဖျိုကြီး။ သနပ်ခါးတွေ လိမ်းထားတာ ပဲဟင်းအိုးမှောက်ကျထားတဲ့အတိုင်း၊ စိုင်းထက်က ခပ်ချဉ်ချဉ် ပြန်ပြောသည်။

"ပြေတာမှ အရှိုးရာတွေကို ထပ်နေတာပဲ"

"ဟင် . . ."

ပြောမနေတော့ပါ။ ပေရှည်နေမှာစိုးသည်ကြောင့် ခပ်မြန်မြန်ပင် ဆိုင်ထဲမှ ထွက်လိုက်ပါသည်။ မိန်းကလေးအုပ်စုကို လှမ်းကြည့်တော့ ဆွမ်းတော်ပန်းကိုင်သူမှာ သူမဖြစ်နေ၏။

ထဘီရှည်ရှည်ဝတ်ထားသူမို့ လှေကားတက်ရတာ သူမအတွက် အဆင်မပြေပါ။ လူတွေလည်း ရှောင်ရ၊ ဆွမ်းတော်ပန်းလည်း သယ်ရ ဖြစ်နေတော့ . . .

နောက်လှည့်ကြည့်စဉ် အောင်ရဲမှာ သဥ္စာနားကပ်ဖို့ ကြိုးစား နေလေပြီ။ စိုင်းထက်ကတော့ လူကြပ်တာကို အခွင့်ကောင်းယူပြီး သက်ထားနှင့် လက်မောင်းသားချင်းထိရန် ကြိုးစားနေသည်။ အော်ဇော်မင်း ကတော့ နောက်မှာတစ်ယောက်တည်း။

"အောင်ရဲ . . . ဆွမ်းတော်ပန်း ခဏကိုင်ထားပေးစမ်းပါ"

အနားကပ်ရန် ကြိုးစားနေသော အောင်ရဲ အရှိန်တန့်သွားသည်။ ဘုမသိ ဘမသိ လက်လွှဲပေးပြီးတော့ ဆုမွန်ရှိရာသို့သွားကာ . . .

"ဆုမွန် . . . အစ်ကို့ကိုပေးပါလား၊ အစ်ကို သယ်လာခဲ့ပေး မယ်လေ"

"ရှင် . . . ရ . . . "

"မရပါနဲ့ ပေးပါ။ ဆုမွန်အဆင်မပြေမှန်း ကိုယ် ရိပ်မိပါတယ်"

ဒီတော့မှ ကောင်မလေးမှာ အားနာပြုံးတစ်ခုနဲ့အတူ ဆွမ်းတော် ပန်းကို ကျွန်တော့်လက်တွင်း ထည့်ပေး၏။ ဆွမ်းတော်ပန်းကို လက်ပြောင်း ယူတာမြင်တော့ နောက်ဘက်မှ အောင်ရဲက အသံတိတ်မေတ္တာပို့သည်။



ဆိုသည့်အသည်ဖြင့်ပင် မသိကျိုးကျွံပြု၍ အပေါ်သို့ ဦးဆောင် တက်လိုက်၏။ လူတွေမှာ များပြားလှပါသည်။ အပေါ်ရောက်ခါနီးလေ ပိုကြပ်လေဖြစ်နေတာမို့ အတင်းကြီးကို တိုးဝှေ့သွားရသည်။

ထိုအခါမျိုးတွင်တော့ နောက်မှ ညီစိမ့်လေးမှာ ကျွန်တော့်အင်္ကျီစ ကို မရဲတရဲ ဆွဲရင်းပါလာပါသည်။ ထိုကြောင့် ကျွန်တော်လည်း တစ်နေ ကုန် လူကြပ်ပါစေဟုသာ ဆုတောင်းနေမိတော့၏။ အပေါ်ပိုင်းရောက် တော့ လူပဲ ကြပ်လွန်းလို့လား၊ ဟိုကောင်တွေပဲ ခွင်ဖန်တာလားမသိ။ ကျွန်တော်တို့မှာ နှစ်ယောက်တစ်တွဲဖြင့် တစ်တွဲနှင့်တစ်တွဲ တော်တော် ဝေးဝေးကို ရောက်နေသည်။

ရင်ပြင်တော်ပေါ်ရောက်ပြီမို့ ဖိနပ်ချွတ်ရသည်။ ထိုမှာ အခက် တွေ့ပါသည်။ ဆွမ်းတော်ပန်းကိုင်ထားရသည်မို့ ဖိနပ်ကိုင်ဖို့မှာ အဆင် မပြေပါ။ ဘာမှကိုင်မလာသည့်စိုင်းထက်ကို ဖိနပ် ခဏကိုင်ခိုင်းရန် စဉ်း စားမိ၏။ ဒါပေမဲ့ . . .

ညီ့စိမ့်လေးမှာ ကိုယ်ကိုကိုင်ရင်း ကျွန်တော့်ဖိနပ်ကို မ,ယူလိုက် ပါသည်။ ပြီး သူမဖိနပ်နဲ့အတူ ရောကိုင်လိုက်သည်ကိုတွေ့တော့ . . .

"ဟာ . . . ညီမ . . . မလုပ်ပါနဲ့ . . . ရပါတယ်"

ရင်ထဲကမပါဘဲ တားလိုက်သည်။ အမှန်က ကျွန်တော့်ဖိနပ် အား သူမ ကိုင်ယူလိုက်ချိန် ရင်တွင်းမှ ဖြစ်ပေါ်လာသော ခံစားမှုသည် ပြောမပြတတ်အောင်ပင် ဖြစ်တော့၏။ ထိုခံစားမှုမျိုး တစ်ခါမှ မဖြစ် ဖူး။ ချစ်သူ၏ရှိသေခြင်းကို ခံရသောယောက်ျားတစ်ယောက်ရဲ့ ကြည်နူး မှု (ဝါ) အလိုက်သိတတ်လွန်းသော ချစ်သူအတွက် အတိုင်းမသိ ဝမ်း မြောက်ပီတိဖြစ်မှု။

ထိုခံစားမှုမျိုး ဖြစ်လိမ့်မည်ထင်သည်။

"သူက ဆွမ်းတော်ပန်းကိုင်ထားတဲ့ ဥစ္စာ။ သူ့ဖိနပ်ကို တို့ သယ် ပေးရမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com

လူက 'ငါကွ' လို့ ထမအော်ရုံတမည်သာ ကျန်တော့၏။ လေပေါ်မြောက်တက်မသွားအောင်တော်တော် ထိန်းလိုက်ရသည်။ အမှန်က ယခုလိုပုံစံအား ဟိုကောင်တွေကို ရပ်စောင့်ကြွားချင်ပါသေး၏။

ဒါပေမဲ့ အနေအထားက ကြာကြာရပ်၍ မရပါ။ အတက်၊ အဆင်း ဘုရားဖူးတွေ မတရားများပြားနေသည်မို့ ကျွန်တော်တို့နှစ်ဦး ရင်ပြင်တော်ပေါ် တက်လိုက်ရတော့၏။

ရင်ပြင်တော်ပေါ်မှာလည်း ထူးမခြားနားပါပင်။ ဟိုတိုးဒီရှောင်နဲ့ပင် ဆွမ်းကပ်ရာဆောင်းတန်းရှေ့ကို ရောက်တော့ . . .

ကိုယ့်ထက်အရင် ဆွမ်းကပ်ထားသူတွေမှာ ရေလို့တောင်ရမည် မထင်ပါ။ ဆောင်းတန်းရှေ့ တစ်ပြင်လုံးမှာ ဆွမ်းတော်ပန်းတွေ ပြည့်နေ၏။ နေရာတစ်နေရာရရန်ပင် မနည်းရှာလိုက်ရသည်။

အမွှေးတိုင်၊ ဖယောင်းတိုင်မီးညှိတော့ သူမက ကျွန်တော့်လုပ်ပုံကိုင်ပုံတွေကို ငေးကြည့်နေသည်။ ဆီမီးရောင်များဖြင့် သူမမျက်နှာက ပကတိငြိမ်ချမ်းကြည်စင်နေပါသည်။ ဆီမီးထွန်းပြီးချိန်၌ အောင်ရဲတို့အုပ်စု ရောက်လာပါသည်။

ဒီကောင်တွေလည်း နေရာတော်တော်ရှာလိုက်ရ၏။ ဆီမီးထွန်းပြီး၍ ဘုရားရှိခိုးရန် နေရာရှာတော့ သူမက လက်လှမ်းပြသည်။ သူမဘေးမှာ တစ်နေရာစာ လွတ်နေသည်လေ။

အရင်ကတည်းက ထိုင်ချင်နေသူမို့ ကျော်လွှားပြီး သွားလိုက်ပါသည်။ သူမရဲ့နောက်ဘက်လှမ်းလှမ်းမှာ သက်ထားနှင့် သဥ္ဇာတို့ကိုလည်း တွေ့ရ၏။ ကျွန်တော် လက်အုပ်ချီပြီး ဘုရားကန်တော့တော့ နဘေးဆီမှ ဘုရားရှိခိုးသံတိုးသဲ့သဲ့လေး ထွက်လာသည်။

စိတ်ရော၊ ကိုယ်ပါ ယုံကြည်သက်ဝင်စွာဖြင့် ရှိခိုးကန်တော့ပြီးချိန်မှာ ကျွန်တော့်စိတ်တွေ ကြည်လင်အေးချမ်းလာ၏။ ဘုရားရဲ့တန်ခိုးတော်ကြောင့် ပီတိစိတ်တွေ ရှိန်းရှိန်းထမိပါသည်။



အေးချမ်းလိုက်တာ၊ ညွတ်နူးဖို့ကောင်းလိုက်တာ။ အရုဏ်တက်ချိန် ဘုရားရှိခိုးရတဲ့အရသာ၊ တစိမ့်စိမ့်ကြည်ညိုရင်း တဖွားဖွားတက်လာတဲ့ ပီတိစိတ်တွေ၊ ကြည်နူးစိတ်တွေ၊ လူဖြစ်ရခြင်းရဲ့ အဓိပ္ပာယ်ရှိမှုတွေကို တစ်ပြိုင်တည်း မြင်ရ၊ ကြားရလိုက်ပါသည်။

ရွှေရောင်တွေ တဝင်းဝင်းလက်လို့၊ နှင်းတွေ တဖွဲဖွဲကျလို့၊ လက်အုပ်ချီလို့ မဝနိုင်။ ကြည်ညိုလို့ မဝနိုင်။

အချိန်အတော်ကြာ ဖူးမြော်နေမိပါသည်။ ကျွန်တော့်နောက်မှာအား ယခုချိန်ထိ ဘုရားကန်တော့ရန် နေရာမရနိုင်သေးသော အော်ဖော်မင်း။ ထို့ကြောင့် အောင်ဖော်မင်းကို လက်ယပ်ခေါ်ရင်း နေရာမှ ထပေးလိုက်သည်။

ပြီးတော့ လူရှင်းသည့်နေရာမှ ညိုစိမ့်လေးကို စိတ်မချ၍ ရပ်ကြည့်နေလိုက်ပါသည်။ နောက်သုံးမိနစ်လောက်ကြာတော့ သူမ ဦးချနေသည်ကို မြင်ရ၏။ အားလုံးပြီးဆုံး၍ လှည့်ကြည့်စဉ် ကျွန်တော့်ကိုတွေ့တော့ သူမခေါင်းမှာ ချာချာလည်သွားသည်။

ထို့ကြောင့် တန်ဆောင်းဘေးမှ ထွက်ပြီး ကျွန်တော် လက်ပြလိုက်ရပါသည်။ ဒီတော့မှ ထိုင်ရာမှထပြီး ကျွန်တော်ရှိရာကို လျှောက်လာ၏။ အနားကိုရောက်တော့ . . .

"သူ့ကိုမတွေ့တော့ လန့်သွားတာပဲ"

"ဘာဖြစ်လို့လဲ"

"သူ့သူငယ်ချင်းက ရပ်တည်ကြီးနဲ့ အနားရောက်နေတာ . . . ကြောက်ပါတယ်"

ကျွန်တော် ပြုံးမိလိုက်သည်။

"မဟုတ်ပါဘူး . . . သူက အေးအေးပဲ နေတတ်လို့ပါ။ သဘောကောင်းပါတယ်"

သူမ ဘာမှပြန်မပြော။ ကျွန်တော်နဲ့ယှဉ်ရပ်ရင်း ကျွန်တော့်ကို တစ်ခွန်းမေးသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဘုရားမှာ သူ ဘာဆုတောင်းလဲ ... ... တစ်ခါ ကျိုက်ထီးရိုးဘုရားကြီးကို ဖူးရပါစေလို့ ဆုတောင်းတယ်"

"ကိုယ်ကတော့ ရိုးရိုးပါပဲ။ ဖေဖေနဲ့မေမေ ကျန်းမာပါစေ။ ကိုယ် ကိုယ်တိုင်လည်း ကျန်းမာရေးကောင်းပါစေ၊ ရည်ရွယ်ချက်တွေ အောင် မြင်ပါစေ . . . အဲလိုမျိုးပါပဲ"

ကျွန်တော့်မျက်နှာကို မော့ကြည့်ပြီး သူမ အသာပြုံးသည်။

"သူက ဆုတောင်းတတ်သားပဲ"

"ဟာ . . . ကိုယ်တောင်းတဲ့ဆုတွေက လူတိုင်းတောင်းနေကျ ဆုတွေပဲ။ ဘာများထူးခြားလို့လဲ"

"တို့ဆို အဲလိုမျိုး ဆုမတောင်းတတ်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ တို့တောင်းသမျှဆုတိုင်းက ပြည့်မလာတာများတယ်လေ"

အနည်းငယ်ထူးခြားသွားသော စကားအသွားအလာကြောင့် ကျွန်တော် မျက်မှောင်ကြုတ်မိသွားသည်။ သူမကတော့ ပုံမှန်ပါပင်။ ပြီး တော့ . . .

"ဒီနားက အမွှေးတိုင်မီးခိုးတွေ မျက်လုံးထဲဝင်တယ်ကွ။ လာ ဟိုဘက်မှာ သွားထိုင်ရအောင်"

"ဆုမွန် . . . သူငယ်ချင်းတွေကို မစောင့်ဘူးလား"

"အာ . . . သူတို့က ပြီးဦးမှာ မဟုတ်သေးဘူး၊ ကြာဦးမှာ။ သူတို့ဘုရားရှိခိုးတာ ဆုမွန်ထက် ပိုကြာတယ်"

ထို့ကြောင့်ပင် ကျွန်တော်တို့နှစ်ဦး စောင်းတန်းနဲ့ မလှမ်းမကမ်း လူရှင်းသောနေရာမှာ ထိုင်မိကြ၏။

နှင်းမှုန်နှင်းပွင့်တို့က ဝေသီမှုန်ဝါးစွာ ကျဆင်းနေသည်။ မကြာ ခင်း မိုးလင်းတော့မည်။ ကောင်းကင်ရဲ့ အနားသတ်မျဉ်းကြောင်းတွေ တဖြည်းဖြည်း ဖျော့တော့လာနေကြပြီ။

ဆည်းလည်းသံ၊ ခေါင်းလောင်းသံ၊ ဘုရားစာရွတ်ဖတ်သံ၊ အမွှေးတိုင်နံ့၊ နှင်းစက်နံ့၊ ပြီးတော့ ကြားဖူးနေကျ ဂါထာတစ်ပုဒ်၊ လျှပ်



စီးမီး၊ အိပ်ပျော်နေသူတွေ စတာတွေနဲ့ မဝေးလွန်းမနီးလွန်းသော အရပ် မှာ ကျွန်တော်တို့နှစ်ဦး ရှိနေပါသည်။

"သူက အနုပညာသမားလားဟင်"

ဘာမဆိုင်ညာမဆိုင် မေးလိုက်သည့် မေးခွန်းက ကျွန်တော့်ကို ကြောင်သွားစေသည်။ ထင်မှတ်မထားစွာ ဒက်ထိမှန်နေသည့် မေးခွန်း။

"ဘာဖြစ်လို့ အဲလိုမေးတာလဲ"

"သူ့လက်ချောင်းလေးတွေက ရှည်ပြီး သွယ်နေလို့"

ကျွန်တော် ရယ်မိလိုက်၏။

"လက်ချောင်းတွေရှည်တာနဲ့ပဲ အနုပညာသမားဖြစ်ရစရာလား ဆုမွန်ရယ် . . ."

မျက်လုံးပြုံးလေးနဲ့ ကြည့်ကာ . . .

"ဟုတ်ဘူးလား . . . သိဘူးလေ၊ သူများတွေ ပြောတာကြား ဖူးလို့။ သူက အနုပညာသမားမဟုတ်ဘူးဆိုရင် ဘာလဲ"

"သီချင်းရေးတယ်"

"အန် . . ."

မျက်လုံးလေးနှစ်လုံးမှာ ထပ်ဆင့်ပြုံးသွားပါသည်။ ပြီးတော့မှ ကျွန်တော့်ပခုံးကို 'ဖြန်း'ခနဲရိုက်ကာ . . .

"သီချင်းရေးတာ အနုပညာအလုပ်မဟုတ်ဘူးလား"

"ဟုတ်တယ်လေ . . ."

"ဟုတ်တယ်ဆို သူက အနုပညာသမားပေါ့"

ကျွန်တော် သဘောကျသလို ရယ်မိတော့ . . .

"တကယ်လား . . . သူက တကယ်သီချင်းရေးတာလား"

"ဒီလိုပါပဲ . . . သူငယ်ချင်းတွေအတွက် အပျော်သဘော ဝင် ရေးပေးရုံလောက်ပါပဲ"

ခပ်ပေါ့ပေါ့ပင် ပြောလိုက်သည်။ မိန်းကလေးများရှေ့၌ ကြီးကြီး ကျယ်ကျယ်တွေ ပြောဆိုလုပ်ကိုင်တတ်လေ့မရှိပါ။ ထိုသို့လုပ်ရသည်ကို



www.burmeseclassic.com

www.burmeseclassic.com

လည်း ပေါကြောင်ကြောင်နိုင်သည်ဟုပင် ကို... မိ၏။ ခပ်ပေါ့ပေါ့ပင်ပြောတော့ သူမလည်း ပေါ့ပေါ့ပါးပါးပင် သဘော ထားသွားသည်။

ဒီလိုပါပဲ။ လောကကြီးနဲ့ အလိုက်သင့်ဖြစ်ဖို့ တစ်ခါတစ်ရံ ကိုယ့် ကိုယ်ကိုယ် ပေါ့ပါးတတ်ဖို့လည်း လိုသည်မဟုတ်ပါလား။

ထိုစဉ်မှာပဲ ကျွန်တော်တို့ရဲ့ ရှေ့စူးစူးဆီမှာ အလင်းတွေ အသိုက် အမြုံပြောင်းလာ၏။ အမှောင်တို့ပါးလျလာသည်နှင့်တစ်ပြိုင်နက် နှင်းရည် လူးထားသော တောင်စဉ်တောင်တန်းတွေက မှုန်ဝါးဝေသီစွာ ပေါ်လာ သည်။

လှလိုက်တာ။

ဘယ်နတ်ဘုရားက ဆေးခြယ်ပေးထားပါလိမ့်။ နံဘေးမှ ညို စိမ့်လေးကလည်း ဝေလီဝေလင်း၏ရသကို ထပ်တူခံစားရင်း . . .

"အရမ်းလှတာပဲ"

နှင်းတွေက မြူခိုးတွေနဲ့ရောကာ တောင်စဉ်တောင်တန်းတွေရဲ့ အထက်ပိုင်းဆီကို လွှမ်းခြုံထား၏။ အမြင့်ဆုံးတောင်ထိပ်ဆီမှ ကျွန်တော် တို့ကတော့ တိမ်တွေပေါ်ပဲ ရောက်နေသလို။

တောင်လေကလည်း သဖျိုးသဖြန်း တိုက်နေပါသေးသည်။ ညိုစိမ့်လေးမှာ သူမရဲ့ပါးနှစ်ဖက်ကို လက်ဝါးဖြင့်အုပ်ထား၏။ ထို့ကြောင့် ရှေ့နှုတ်ခမ်းနှစ်လွှာမှာ အပြင်ကို စူထွက်နေသည်။

"ကြွက်စုတ်လေး"

စိတ်ထဲမှပေးမိသော အမည်နာမလေးတစ်ခုပါ။ အသားအရေ ကိုလိုက်၍ နာမည်တပ်လျှင်တော့ 'ကြွက်ကုလား' လေးက ပိုအဆင် ပြေနိုင်ပါသည်။

"ဒီလောက်လှတဲ့ မနက်ခင်းကို တစ်ခါမှ မမြင်ဖူးဘူး"

နှုတ်ခမ်းကိုကိုက်ကာ မော့ကြည့်ရင်း . . .



"ဘာလဲ . . . သီချင်းရေးမလို့လား"

ပြုံးမိ၏။

"ကမ္ဘာပေါ်မှာ အကောင်းဆုံးသီချင်းတစ်ပုဒ် ကိုယ့်နားမှာ ရှိနေ ပြီပဲကွယ် . . ."

သတိလက်လွတ်စွာ နှုတ်ခမ်းလှုပ်ရုံထွက်သွားတော့ . . .

"ဟင် . . . သူ ဘာပြောလိုက်တာပဲ"

ဒီတော့မှ သတိဝင်ကာ လူက ထူပူသွားပါသည်။ ညိုစိမ့်လေး မှာ မျက်လုံးအဝိုင်းသားနဲ့ ကျွန်တော့်ကို မော့ကြည့်နေရာ ကမန်းကတန်း ငြင်းရတော့၏။

"ဘာမှမပြောလိုက်ပါဘူး"

ပါးစပ်ကငြင်းလိုက်ပေမဲ့ မျက်နှာက လိပ်ပြာမလုံစွာ ပြုံးဖြီးဖြီး ဖြစ်နေသည်မို့ . . .

"အာ . . . ပြောလိုက်ပါတယ်။ တို့ကြားလိုက်တယ်နော် . . . သီချင်းတစ်ပုဒ်ရှိတယ်ဆိုလား ဘာလား မသိဘူး"

သူမ အပြောကြောင့် . . .

'ခွီး . . . ' ခနဲ ရယ်မိပါသည်။ ကျွန်တော့်ပုံစံကို ကြည့်ပြီး ..

"အဲ . . . တွေ့လား၊ တွေ့လား . . . တို့ကို လိမ်နေတာမလား။ ပြော . . . သူ ဘာပြောလိုက်တာလဲ"

"မပြောပါဘူး"

"ပြောပါတယ်"

"ရော် . . ."

ထိုစဉ်မှာပဲ . . .

"ဟော့ကောင်တွေ . . . မင်းတို့နှစ်ယောက် ဘာတွေယိုနေကြ တာလဲ။ ယိုချင်ရင်တော့ အဆောင်ပြန်မှရမယ်။ ဒီပေါ်မှာတော့ အိမ်သာ မရှိလောက်ဘူး"



www.burmeseclassic.com

www.burmeseclassic.com

"ချီးပဲ . . ."

အော်ကျယ်အော်ကျယ် လာလုပ်သော စိုင်းထက်ဆိုသည့်ကောင်ကို ဆဲပေးလိုက်သည်။ ဖြေရခက်နေစဉ် ရောက်လာသည့်အတွယ်အသက်ရှူ ချောင်သွားသော်လည်း ဒီကောင့်စကားက တစ်ဖက်မိန်းကလေးကို အားနာစရာ။ ကျွန်တော်က 'ဂျော်' ဟု ပြောခြင်းကို သိရဲ့သားနှင့် တမင်တကာကို 'ယို'ဟု ပြောင်းသုံးခြင်းဖြစ်သည်။

အကဲခတ်ကြည့်တော့ ရဲဗလောင်းခတ်နေသည့် မျက်နှာလေးကို မြင်ရ၏။

"သူ့သူငယ်ချင်းက ညစ်စုတ်တယ်တော့"

"ဟုတ်တယ် . . . ဒီကောင်က အရမ်းညစ်စုတ်တဲ့ကောင်"

စိုင်းထက် မှုသွားစဉ် . . .

"သူတို့က ဒီနေ့ ရေတံခွန်ဆင်းကြမှာတဲ့ကွ။ အတော်ပဲ . . . ငါတို့လည်း ရေတံခွန်ဆင်းဖို့ စဉ်းစားထားတာနဲ့ . . ."

အောင်ရဲက မျက်စိတစ်ဖက် မှိတ်ပြရင်းဆိုသည်။ ဘေးနားမှာ သဥ္ဇာပါလာပါသည်။ ဒီကောင်လည်း တော်တော်ခရီးရောက်နေပြီထင်၏။ နောက်ဆုံးမှာ ရပ်နေသူ သက်ထားက . . .

"လာလေဟာ . . . အဆောင်ပြန်ရအောင်၊ ဒီမှာ အရမ်းအေးတယ်"

ရင်ပြင်တော်ပေါ်မှ ဆင်းလာတော့ စိုင်းထက်မှာ ရသည့်အခွင့်အရေးကို လက်လွှတ်မခံပါ။

"ဗိုက်မဆာကြဘူးလား . . . တစ်ခုခုစားရအောင်လေ။ မနက်လင်းနေပြီပဲ"

ကိုယ့်ကိုယ်ကိုယ် ပြန်ဆန်းစစ်တော့ တကယ်လည်း ဗိုက်ဆာနေချေပြီ။ ခုနတော့ အရှိန်တက်နေသည်မို့ ဗိုက်ဆာရကောင်းမှန်းမသိ။

"တစ်ခုခုစားကြမလား။ ပြီးမှပဲ အဆောင်ပေါ်တက်ကြတာပေါ့"



မိန်းကလေးသုံးဦး တိုင်ပင်သလို တစ်ယောက်ကိုတစ်ယောက်ကြည့်ပြီးချိန် သဥ္ဇာက . . .

"ကောင်းသားပဲ . . . ဟိုအောက်က မုန့်ဟင်းခါးအိုးတည်ထားတဲ့ဆိုင်မှာ စားကြမယ်လေ"

ညွှန်ပြရာဆီ လှမ်းကြည့်တော့ လှေကားအဆင်းမှာ မုန့်ဟင်းခါး၊ အုန်းနို့ခေါက်ဆွဲ၊ အသုတ်စုံရောင်းသော ဆိုင်များကို တွေ့ရ၏။

"ဒါပေမဲ့ . . ."

"ဟာ . . . မုန့်ဟင်းခါးအိုးတည်ထားတာက ငါးဆိုင်လောက်ရှိတာယ်။ ငါးဆိုင်လုံး ဝင်စားမလို့လား"

ကျွန်တော့်စကားကို သူမက တစ်ခွန်းပဲ တုံ့ပြန်သည်။

"ပထမဆုံးတွေ့တဲ့ ဆိုင်ပေါ့ကွယ်"

ဒါပေမဲ့ ကျွန်တော်တို့ထင်သလို ဖြစ်မလာပါချေ။ ဆိုင်တွင်းသို့ဝင်ကာ ကိုယ်စီထိုင်ပြီးချိန်မှာပဲ . . .

"ဟယ် . . . ဟိုမှာ . . . ဟိုလူ"

သက်ထားက တစ်နေရာကို လက်ညှိုးထိုးရင် သရဲသဘက်တွေ့သလို လန့်ဖျပ်သွားသည်။ လက်ညှိုးထိုးရာဆီ ဝိုင်းကြည့်တော့ လူတွေများနေသည်မို့ ဘယ်သူ့ကိုပြောမှန်း မသိပါချေ။

ညိုစိမ့်လေး မျက်နှာမှာ ချက်ချင်း လငပုပ်ဖမ်းသလို ငယ်ကျသွားသည်။ သဥ္ဇာက အထိတ်တလန့်ဖြင့် . . .

"ဟယ် . . . ဘယ်လိုလုပ်ကြမလဲ သူတို့လိုက်လာတယ်။ ဒုက္ခပါပဲ"

ဘာတွေမှန်း ကျွန်တော်တို့မသိ။ တစ်ခုခုဆိုတာတော့ သေချာသည်။ ထိုစဉ်မှာပဲ ညိုစိမ့်လေးမှာ ဝုန်းခနဲမတ်တတ်ရပ်၍ . . .

"ကျွတ် . . . အရမ်းသေချင်တာပဲဟယ်"

ထိုသို့ပြောပြီး မျက်နှာကိုတင်းကာ ဆိုင်တွင်းမှ ခြေဆောင့်ထွက်သွားပါသည်။ ကျွန်တော်တို့မှာတော့ ဘာမှန်းမသိကြောင်အင်းလျက် . .



www.burmeseclassic.com

www.burmeseclassic.com

"ဟဲ့ . . . ဆုမွန် . . . နေဦး . . . နေဦး . . . ငါတို့လည်း လိုက်မယ်။ ဆုမွန် . . ."

တစာစာခေါ်ရင်း ပြေးလိုက်သွားသည်က သက်ထားနဲ့သဉ္ဇာ တစ်ဆိုင်လုံးက ကျွန်တော်တို့ကိုငေးလို့။

ဘာလုပ်ရမှန်းမသိ။

ӿ ӿ ӿ



# XXII

"ဟိုမှာ . . . ဆံပင်ရှည်နဲ့ တစ်ယောက်ကိုတွေ့လား"

ပြတင်းပေါက်မှ ညွှန်ပြရာဆီလှမ်းကြည့်တော့ . . .

မသိမရှိပါချေ။ ညကတင် တစ်ကိုယ်တော် လက်စွမ်းပြသွားသည့် ဆံရှည်ပုဂ္ဂိုလ်။ သဉ္ဇာထပ်ပြောသည့် စကားကတော့ တဒိတ်ဒိတ်ခုန်နေသောရင်ကို ငြိမ်ကျသွားစေသည်။

"ဆုမွန်ကို အသည်းအသန် လိုက်နေတဲ့လူပေါ့"

အောင်ရဲက တစ်ချက်လှမ်းကြည့်တော့ . . .

"သူ့ကို သိတာပေါ့။ ညကတင် ဟိုပြတင်းပေါက်မှာ ဂီတာတီးနေသေးတယ်"

သဉ္ဇာ ပါးစပ်ဟောင်းလောင်းပွင့်သွားပြီး . . .

"ညက . . ."

"ဟုတ်တယ် . . . ညကတည်းက တွေ့နေတာ"

"ဟယ် . . . အဲဒါဆို သူတို့ ညကတည်းက ရောက်နေကြတာပေါ့။ တော်သေးတယ် ညက အပြင်မထွက်မိလို့"

"နေပါဦး . . . သူတို့လိုက်လာတယ်ဆိုတော့ သဉ္ဇာတို့ ဒီလာတာကို သိလို့လား"

"သိလို့နေမှာပေါ့။ ကျွတ် . . . ဘယ်လိုဘယ်လို သတင်းရသွားတယ်မသိဘူး။ ဆုမွန်တော့ သနားပါတယ်"



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်မှာလည်း ကျိုက်ထီးရိုးတောင်ကြီး ထမ်းပိုးလိုက်ရသလို၊ ရင်တစ်ခုလုံး လေးလံသွားသည်။ သူမဆို ဘယ်လိုနေမည်မသိ။

"တိုက်ဆိုင်ချင်တော့လည်း မျက်နှာချင်းဆိုင်အဆောင်မှာမှ လာတည်းရတယ်လို့"

"ဆုမွန်ရော . . . ဘာလုပ်နေလဲ"

စိုးရိမ်စွာ မေးမိလိုက်သောစကားပါ။

"အခန်းထဲမှာပဲ . . . ခုနတော့ စိတ်ညစ်လို့ဆိုပြီး ငိုနေတယ်။ သက်ထားရှိတယ်လေ။ သဥ္ဇာကတော့ အားနာလို့ အစ်ကိုပြန်အလာကို ထွက်စောင့်ပြီး ရှင်းပြတာ"

"ရပါတယ်"

တိုးရှုရှုသာ ဆိုမိသည်။

"သဥ္ဇာတို့တော့ စိတ်ညစ်ပါတယ်။ ရေတံခွန်ကိုတောင် ဘယ်လိုသွားရမလဲမသိဘူး။ သူတို့မြင်ရင် လိုက်လာမှာ"

"အာ . . . အေးဆေးပါ။ အစ်ကိုတို့ ရှိနေတာပဲ။ ဘာမှမဖြစ်ပါဘူး"

အောင်ရဲက စစ်သူကြီးတစ်ယောက်လို ရင်ကိုကားပြီးပြောသည်။

"သက်ထားကိုလည်း ပြောလိုက်ပါ . . . အစ်ကိုတစ်ယောက်လုံး ရှိပါတယ်လို့"

ခွေးသားဂျပုကလည်း မမှီမကမ်း ထပြောသေး၏။

"သဥ္ဇာတို့က ကိစ္စမရှိပါဘူး။ အဓိကက ဆုမွန်ပါ"

အကုန်လုံးရဲ့အကြည့်တွေက ကျွန်တော့်ထံရောက်လာသည်။

မိန်းမတစ်ယောက်အတွက်နဲ့တော့ စစ်ပွဲတွေ အလီလီ မနွှဲချင်ပါ။

ဒါပေမဲ့ . . .



## XXIII

ဆိုင်ရှေ့လမ်းပေါ်တွင် ကျွန်တော် အောင်ဇော်မင်း၊ စိုင်းထက်တို့ သုံးဦး လမ်းသလားနေကြ၏။ မျက်လုံးတွေမှာတော့ စုံထောက်တစ်ယောက်ရဲ့ နှိုးကြားမှုတွေနဲ့ ထက်၊ အောက်၊ ဝဲယာ ပြေးလွှားလျက်။

အပေါ်ထပ် ပြတင်းပေါက်ဆီမှာက အောင်ရဲရှိနေသည်။ အောင်ရဲ၏ ဦးတည်ရာမှာတော့ မျက်နှာချင်းဆိုင်ထမင်းဆိုင်ပင် ဖြစ်တော့၏။ ကျွန်တော်တို့ လေ့လာနေတာ ငါးမိနစ်သာသာလောက်ရှိချေပြီ။ ယခုချိန်ထိတော့ မျက်နှာချင်းဆိုင်အဆောင်ဆီမှ ဆံရှည်ကိုယ်တော်တို့အုပ်စုကို မတွေ့သေး။

အခြေအနေကောင်းနေသည်မို့ ကျွန်တော် တစ်ဖက်ခြမ်းဆီ ကူးသွားလိုက်၏။ ပြီးတော့ အပေါ်ထပ်ဆီမှ အောင်ရဲကို လက်လှမ်းပြတော့ မကြာခင်မှာပဲ အဆောင်ပေါ်မှ မိန်းကလေးသုံးဦး ခပ်ကုပ်ကုပ် ဆင်းလာသည်။

သုံးယောက်လုံး ခေါင်းတွေ ငုံ့ထား၏။ ဘေးဘီကိုမကြည့်ရဲ။ ကျွန်တော်ရှိရာ တစ်ဖက်ခြမ်းကိုရောက်တော့ ညိုစိမ့်လေးဆီမှ သက်ပြင်းချသံသဲ့သဲ့ကို ကြားရသည်။ ထမင်းဆိုင်ရဲ့ မျက်စောင်းထိုးသာသာလောက်ရှိ လမ်းချိုးထဲသို့ ကျွန်တော်ဦးဆောင်၍ ဝင်သွားလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

နောက်ဘက်ခပ်လှမ်းလှမ်းမှာ အောင်ရဲတို့သုံးဦး လိုက်လာသည်။ မိန်းကလေးများမှာ ကျောမလုံသလိုလို ဟိုကြည့်၊ ဒီကြည့်ဖြင့် ပါလာ၏။ ယောကျ်ားလေးချင်းမို့ ကျွန်တော်တို့အတွက် ဂရုစိုက်စရာ မရှိပေမဲ့ သူမတို့ကတော့ ဆံရှည်အုပ်စုတွေ့သွား၍ နောက်မှာပါလာမည်ကို ကြောက်နေသည်ထင်ပါသည်။

ဆယ်မိနစ်လောက် လျှောက်လာပြီးသည့်တိုင် သူမတို့ ကျောလုံ ဟန်မပြသေး။ ဒါပေမဲ့ စေတီတော်ရဲ့အနောက်ဘက် ဈေးဆိုင်တန်းများ လွန်သားပြီးချိန်မှာတော့ . . .

"ကိုးနဝင်းလိုဏ်ဂူတော်နှင့် ရေတံခွန်သို့"

ဟူသော ဆိုင်းဘုတ်ကို တွေ့လိုက်ရပါသည်။

"ဘာမှမကြောက်နဲ့တော့။ ဒီလောက်ဆို သူတို့ လိုက်မလာနိုင် တော့ဘူး"

စိတ်ကျေနပ်ဟန်မပြသေးသော ညိုစိမ့်လေးက . . .

"ဘာဖြစ်လို့လဲ"

"အခုချိန်ထိ နောက်မှာပါမလာဘူးလေ။ တောင်ဆင်းလမ်းပဲ ရောက်နေပြီ"

"ရှေ့မှာကြိုရောက်နေရင် ဘယ်လိုလုပ်မလဲ"

နှုတ်ခမ်းကို စူကာပြောတော့ ကျွန်တော် သဘောကျစွာ ရယ်မိသည်။

"ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ ဆုမွန်ရဲ့။ ကိုယ်တို့ ရေတံခွန်သွားမယ်မှန်း သူတို့မှမသိတာဘဲ"

ညိုစိမ့်လေးမှာ တော်တော် စိတ်ဒုက္ခရောက်နေပုံပေါ်ပါသည်။ ငိုထားလို့လားမသိ၊ မျက်လုံးထောင့်စွန်းတို့မှာ ရဲနေသည်။

ပါးပြင်လေးမှာလည်း ဖောင်းမို့မို့လေးဖြစ်နေပါ၏။ ထိုစဉ်မှာ ပဲ အောင်ရဲတို့အုပ်စု အနားရောက်လာကာ . . .

"ဘာရပ်လုပ်နေတာလဲ . . . ဆင်းကြမယ်လေ"



"မင်းတို့ကို စောင့်နေတာ"

ထိုခဏမှာပဲ အောင်ရဲ (ခေါ်) အုန်းကြီး၏ စွမ်းဆောင်ရည်ကို ကျွန်တော် 'ဂါ'လိုက်မိတော့သည်။ လုံးဝ ထင်မှတ်မထားပါ။

ဆင်းမည်ပြင်စဉ်မှာပဲ 'မြုန်း' ဆို အုန်းကြီးက သဥ္ဇာလက်ကို ကောက်ဆွဲပြီး ဆင်းချသွားပါသည်။ သဥ္ဇာမှာ အုန်းကြီးနောက်မှ ယက် ကန်ယက်ကန်ဖြင့် ပါသွား၏။ ကျွန်တော်ပင် မျက်လုံးပြူးသွားသည်။ 'သွက်လိုက်တဲ့ငနော' စိတ်ထဲက မှတ်ချက်ပြုလို့မဆုံးလိုက်။ ကျွန်တော့် အလှည့်ရောက်လာသည်။

ဘေးကိုငုံ့ကြည့်တော့ ညိုစိမ့်လေးမှာ ခေါင်းကို ငုံ့ထား၏။ သူမ ဘာတွေတွေးနေသည်မသိ။ ကျွန်တော်ကတော့ ထိုခဏလေးမှာပင် ရင် ခုန်သံမြန်လာပါသည်။ အုန်းကြီးလမ်းစဉ်ကို လိုက်ရမည်လား။ ဒါမှ မဟုတ် ဒီအတိုင်းပဲ ရှေ့က တစ်ယောက်တည်း ဆင်းသွားရမည်လား။

ဒါပေမဲ့ စိတ်က အုန်းကြီးဘက်ကို အလေးသာချင်နေသည်။ သူမမှာလည်း ကျွန်တော့်အဆင်းကိုစောင့်ကာ ငြိမ်ပြီး ရပ်နေ၏။ ထိုစဉ် မှာပဲ မော်ကြွားဝံ့မာနေမည့် အုန်းကြီးမျက်နှာကို စိတ်က မြင်ယောင်မိ သည်။ သူ့အတိုင်းမလိုက်ပါက သူ့ကိုယ်သူ လက်ရုံးရည်ပြည့်ဝသော လူ့သူရဲကောင်းကြီးအဖြစ် လက်ခမောင်းခတ်နေမှာ သေချာ၏။

'ဘာပဲဖြစ်ဖြစ်ကွာ' ကိုယ့်စိတ်ကိုယ် မာန်သွင်းပြီးသကာလ မျက်လုံးစုံမှိတ်ကာ . . .

"အင့်ဟာ . . ."

လက်လေးတစ်ဖက် ဆွဲခနဲပါလာစဉ် ဘယ်ကိုမှမကြည့်တော့ ဘဲ လှေကားထစ်ကို ဆင်းချလိုက်၏။ ရင်တွေ တလှပ်လှပ်ခုန်နေသည်။ သူမ လက်ဖဝါးလေးက သွယ်နူးညံ့မွတ်လို့။ လက်ဖျားတွေ အေးစက် နေသည်ကို အထိတွေ့အရ ခံစားမိ၏။

သူမဘက်ကတုံ့ပြန်မှုကို ရင်တထိတ်ထိတ်စောင့်ရင်း အကြောင်း မဲ့ မောလာသလို။



www.burmeseclassic.com

www.burmeseclassic.com

စွန့်စားမှုအောင်မြင်သည် ပြောရမည်။ သူမဘက်မှ တုံ့ပြန်မှု မရှိပါ။ အလိုက်သင့်ပင် ပါလာသည်။ ဒီတော့မှ မရဲတရဲနှင့် သူမမျက်နှာကို ကြည့်မိတော့ . . .

ပြုံးရိပ်သမ်းသော မျက်နှာလေးနှင့် နှုတ်ခမ်းတစ်ဖက်ကို ဖိကိုက်ထားပါသည်။ ကျွန်တော်ကြည့်နေတာကိုသိတော့ ရှက်တက်တက်ဖြင့် ခေါင်းငုံ့သွား၏။

ရင်ထဲမှာ ကုလားဘုရားပွဲတွေ ဆက်တိုက်လှည့်လို့။ ဒါပေမဲ့ ခြေလှမ်းအချို့ ဖြတ်ကျော်ပြီးသွားချိန်မှာတော့ သူမဘက်မှ တုံ့ပြန်မှုတစ်ခုကို ခံစားရပါသည်။ အဲဒါက ကျွန်တော့်လက်ကို သူမ၏လက်ချောင်းသွယ်သွယ်လေးများဖြင့် ပြန်လည်ဆုပ်ကိုင်လာခြင်းပါ။

ရင်ထဲမှာ ပျော်ရွှင်မှုတွေက အတိုင်းအဆမရှိ။

"လမ်းတွေတအား မတ်စောက်တယ် . . . သက်ထားရဲ့။ အစ်ကို ကူထိန်းပေးမယ်နော်"

ညောင်နာနာအသံကြောင့်လှည့်ကြည့်တော့ ဂျပုဆိုသည့်ကောင်ကလည်း မခေပါ။ သက်ထားလက်ကို ကိုင်ထားတာများ တင်းလို့။ လှည့်ကြည့်သော ကျွန်တော့်ကိုပင် သကောင့်သားက မျက်လုံးမှိတ်ပြလိုက်သေးသည်။ နောက်ဆုံးမှ ပါလာသူကတော့ ထုံးစံမပျက် ကျွန်တော်တို့ရဲ့ လူအေးကြီး အော်ဇော်မင်းပါပင်။

တောင်ဆင်းလမ်းအတိုင်း ဆင်းလာခဲ့ရာ တစ်ဖက်တစ်ချက်တွင် စေတီငယ်များကို ဖူးတွေ့ရသည်။ လမ်းမှာ တကယ်ပင့်ကျဉ်းမြောင်း မတ်စောက်လေသည်။ မိန်းကလေးများအတွက် အဆင်မပြေလှပါ။ ကျွန်တော်တို့ ကူတွဲပေးတာ အတော်ဖြစ်တော့၏။

လမ်းတစ်လျှောက် ရေတံခွန်ဆင်းသူတွေမှာလည်း ကြိတ်ကြိတ်တိုးလို့။ လမ်းလည်းကြမ်းသေးရာ ဖိနပ်ကြမ်းစီးလာသည့် ကျွန်တော်တို့အတွက် အဆင်ပြေသော်လည်း သူမတို့မှာ . . .



ဖြည်းဖြည်းနှင့်ရသည့်အတွက် ခရီးက သိပ်မတွင်ချင်။ တစ်ခါတလေ စောင့်ပင်ခေါ်ရသေးသည်။

ဒီလောက်သွားလာရခက်ခဲသည့် ကြားထဲ . . .

"ဟိုလူတွေတော့ လိုက်မလာလောက်ပါဘူးနော်"

သူမက စိုးရိမ်ကြီးနေသေး၏။

"မလိုက်လာပါဘူး . . . မပူနဲ့ စိတ်ချ"

ဒါတောင် တစ်ချက်တစ်ချက် နောက်လှည့်ကြည့်နေသေးသည် ဖြစ်ရာ . . .

"ဆုမွန် . . . ဘာလို့ အဲလောက်ကြောက်နေတာလဲ"

"ကြောက်တာပေါ့။ ဒီကောင်တွေက တအားတဖွတ်ထိုးနိုင်တဲ့ ကောင်တွေ။

ဆုမွန်ဆို သူ့ကြောင့် ခဏခဏ စိတ်ညစ်ရတယ်။ ကျောင်းတောင် စိတ်ဖြောင့်ဖြောင့် မတက်နိုင်ဘူး"

"ဩော် . . . သူလည်း ကျောင်းသားပဲလား"

"မဟုတ်ပါဘူး . . . အပြင်ကပါ။ မိဘပိုက်ဆံချမ်းသာလို့ ထင်တိုင်းကြဲနေတာ။ ပဲခူးမှာဆို ဆိုင်ကယ်တစ်စီး၊ ဂစ်တာတစ်လုံးနဲ့ လမ်းပေါ်မှာပဲ နေတဲ့ကောင်တွေ။ နာမည်ကလည်း လူနဲ့လိုက်တယ်။ ဖိုးတေတဲ့"

ကြားရသောစကားကြောင့် ညိုစိမ့်လေးအတွက် စိတ်ပူသွားမိသေး၏။ ရင်ထဲမှာ ဘယ်လိုမှန်းမသိ၊ ခံရခက်ခက်လည်း ဖြစ်မိသည်။ စိတ်ပဲပူသလို၊ သဝန်ပဲတိုသလို။

"နို့ . . . ပေမဲ့ ဂစ်တာတီးတော့ တော်တော်ကောင်းတယ်နော်"

"အဲဒီကောင်လား"

"အင်းလေ . . ."

"အလကားပါ"



www.burmeseclassic.com

www.burmeseclassic.com

သူမက မျက်နှာကိုမဲ့ကာ ခပ်ချဉ်ချဉ်လေးပြောသည်။ တော်တော်ရွံရှာနေပုံရ၏။

"တို့ကိုတော့ တစ်ခါပြောဖူးတယ်။ သူနဲ့ သူ့အပေါင်းအသင်းတွေစုပြီး စီးရီးလုပ်နေတယ်ဆိုလား ဘာလားပဲ"

"ဪ . . ."

ဟုတ်လောက်ပါသည်။ ဘဝတူချင်းမို့ ဒီနေရာမှာတော့ နားလည်ပေးလို့ရသည်။ လက်စလက်နကို နားထောင်ဖူးသည်မို့ ဒီဘက်တွင်တော့ အထင်မသေးရဲပါ။

နောက်ပိုင်း ကျွန်တော်တို့နှစ်ဦး စကားစပြတ်သွားပါသည်။ ပြတ်သွားရသည့်အကြောင်းကား . . .

မြေလှေကားထစ်ကလေးများအဆုံးတွင် 'အထက်ကိုးနဝင်းစေတီတော်'သို့ ရောက်ရှိလာသောကြောင့်ပင်ဖြစ်တော့၏။ စေတီတော်အဝင်မုခ်ဦးကို ဖြတ်ကျော်လိုက်သည်နှင့် လက်ဝဲဘက်ခြမ်း၌ နဂါးရုံဘုရားကို ဖူးတွေ့ရပါသည်။

အောင်ရဲတို့အတွဲမှာ ကျွန်တော်တို့အား ရပ်စောင့်နေပြီး . . .

"ဘယ်လိုလဲ နားကြဦးမလား"

ညိုစိမ့်လေးအား 'ဘယ်လိုသဘောရလဲ' ဟူသည့်သဘော ငဲ့ကြည့်တော့ . . .

"ရပါသေးတယ် ဆက်လျှောက်ကြတာပေါ့။ မခံနိုင်တော့မှ နားမယ်"

ထို့ကြောင့် စေတီတော်အောက်ဘက် ကျောက်လှေကားထစ်များအတိုင်း ဆင်းခဲ့ကြပါသည်။ အဆင်းမလို့လားမသိ၊ အတော်ခရီးပေါက်လာပေမဲ့ ကြီးကြီးမားမား မမောသေး။ ဒါပေမဲ့ နေပူနေသည်မို့ ချွေးတော့ ရွှဲနေပြီ။

အချိန်တစ်ခု ကြာသွားပြီးချိန်၌ ဘုန်းကြီးကျောင်းတစ်ကျောင်းသို့ ရောက်လာသည်။ ညာဘက်တွင် အထက်သို့တက်ရသော လှေကား



ထစ်အနည်းငယ်ကို တွေ့ရ၏။ အပေါ်မှာ အဆောက်အဦးလေး တစ်ခုရှိသည်။ သစ်ရိပ်ဝါးရိပ်အနည်းငယ်ရှိကာ အေးချမ်းမည့်ပုံလည်း ရ၏။ ညိုစိမ့်လေးက အပေါ်ကိုမော့ကြည့်ပြီး . . .

"ဟိုအပေါ်ရောက်ရင်တော့ ခဏနားမယ်နော်"

အသံမှာ လိုက်မောတုန်ခါနေသည်ကြောင့် သူမ တော်တော်မောနေပြီဖြစ်မှန်း ရိပ်မိပါသည်။ ထို့ကြောင့် ကျွန်တော်ကပင် ဦးဆောင်တက်ကာ သူမကို လက်ဆွဲခေါ်လိုက်ရ၏။ အပေါ်ရောက်စဉ်မှာတော့—

လိုဏ်ဂူတော်တစ်ခုဖြစ်ပါသည်။ အတွင်း၌ ဗုဒ္ဓရုပ်ပွားတော်မြတ်နှစ်ဆူနှင့် ပထမံဘိုးဘိုးအောင်ရုပ်ထု၊ ဘိုးမင်းခေါင်ရုပ်ထုများကို ကိုးကွယ်ထားကြောင်း တွေ့ရသည်။

မောမောပန်းပန်းနှင့်ပင် တစ်ဖွဲ့လုံး ရှိသေလေးမြတ်စွာ ရှိခိုးကန်တော့လိုက်ကြပါသည်။ တခြားဘုရားဖူးအချို့ကိုလည်း ဂူတွင်းမှာ တွေ့ရ၏။ တတ်နိုင်သလောက် အလှူငွေများလည်း ထည့်လိုက်ကြသေးသည်။

ထိုနေရာ၌ ဆယ့်ငါးမိနစ်၊ မိနစ်နှစ်ဆယ်လောက်ကြာအောင် ထိုင်နားမိကြပါသည်။ အမောပြေလောက်တော့မှ ဆက်ထွက်ဖို့ ပြင်၏။ ဒီတစ်ခါတော့ အရင်လို တုံ့နှေးမနေတော့ ရဲရဲဝံ့ဝံ့ပင် ညိုစိမ့်လေးလက်ကို ဆုပ်ကိုင်လိုက်သည်။

ကျွန်နှစ်ကောင်ကလည်း အလွှတ်မပေးပါ။

ကျောက်တုံးကျောက်ဆောင်များကြား ခက်ခက်ခဲခဲ ဆင်းရသည်မှာ ပင်ပန်းလှသလို ပျော်ဖို့လည်း ကောင်းပါသည်။ နောက်ပိုင်း အဆင်းလမ်းများ၌ ဈေးဆိုင်ငယ်များကို ကြိုကြားဆိုသလို တွေ့လာရသည်။ အတက်အဆင်းလူများကိုလည်း အများအပြား တွေ့ရ၏။

မောလျှင်ထိုင်နား၊ ရေဝယ်သောက်ဖြင့် ဆင်းလာလိုက်ကြတာ သုံးခါလောက် နားပြီးသွားစဉ်မှာတော့ စေတီတော်အမြောက်အများ တည်ထားကိုးကွယ်ထားသောနေရာသို့ ရောက်လာကြတော့၏။



www.burmeseclassic.com

www.burmeseclassic.com

စေတီတော်အဆူရေ တော်တော်များ၏။

မြေပြန့်သဘောမျိုးဖြစ်သည်မို့ သွားလာရမခက်ခဲ့ပါ။ လျှောက်လာကြရင်း မလှမ်းမကမ်းနေရာရောက်တော့ ဘုန်းကြီးကျောင်းတစ်ကျောင်းကို တွေ့ရသည်။ လူတွေ ကြိတ်ကြိတ်တိုး စည်ကားနေပါ၏။ လမ်းမှာ ထိုကျောင်းဝင်းကိုဖြတ်ပြီး သွားရပါသည်။

ထမင်းစားနေသူတွေ၊ အမောဖြေနေသူတွေဖြင့် ကျောင်းဆောင်ကြီးက စည်ကားသိုက်မြိုက်လို့။ လာရောက်သမျှ ဘုရားဖူးဧရီးသည်များကို သက်သတ်လွတ်ထမင်းဟင်းဖြင့် ကျွေးမွေးဒါနပြုကြောင်း သိရပါသည်။

ကျွန်တော်တို့ကတော့ ဝင်မစားတော့ပါ။ ဘုရားကန်တော့အမောဖြေပြီးနောက် ဆက်လက်ထွက်ခွာပါသည်။

နောက်ထပ် မိနစ်နှစ်ဆယ်လောက် ကြာပြီသွားချိန်မှာ . . .

ကျွန်တော်တို့ ရှေးရှုသော ပန်းတိုင်သည်ကား . . .

တဝေါဝေါညာသံပေးနေသော ရေစီးတွေနဲ့အတူ . . .

ᨏ ᨏ ᨏ



## XIV

လှပေစွ၊ သာယာပေစွ၊ လှသံ၊ ရေသံ၊ ကျေးငှက်သာရကာသံတွေ ဆူညံလို့။

တဝေါဝေါရေစီးသံက ကြောက်မက်ဖွယ် . . .

ချက်ချင်းပဲ ရာသီဥတုပြောင်းသွားသလို၊ အိုအေစစ်တစ်ခုဆီရောက်သွားသလို ခံစားလိုက်ရသည်။ ရေကျသံကျယ်ကြီးမှာ တောင်ကျောမဆုံးခင်ကတည်းက ကြားနေရခြင်းဖြစ်၏။

မျက်ဝါးထင်ထင်တွေ့စဉ်မှာတော့ မောပန်းလာသမျှအားလုံးပျောက်ရှကုန်တော့သည်။

ရေတံခွန်မှာ အထက်ပိုင်းတွင် ခြေပြစ်ပါသည်။ ရေကစားနေသော ကလေးနှင့် မိန်းကလေးအချို့ကို တွေ့ရ၏။ ဒါပေမဲ့ ရေကျသံက လှိုဏ်အတွင်းမှ ထွက်လာနေခြင်းဖြစ်ပါသည်။ လှသံတွေကိုလည်း အောက်ဘက်မှကြားရသည်ကြောင့် လှိုဏ်တွင်းဆင်းကြသည်တွင် . . .

အားပါး . . . တကယ့်အံ့ဖွယ်ပါပဲ။

ဟိုးအထက်ပေပေါင်း ခုနစ်ဆယ်၊ ရှစ်ဆယ်အမြင့်လောက်က တစ်ဟုန်ထိုးကျဆင်းလာသော ရေတွေမှာ နားကွဲမတတ် ဆူညံနေ၏။ အောက်ဘက်မှာ ရေချိုးသူ၊ ရေကူးသူ၊ ရေဆော့သူ၊ ဓာတ်ပုံရိုက်သူတွေ



www.burmeseclassic.com

www.burmeseclassic.com

ဖြင့် ပွဲတော်ကြီးတစ်ခုတမျှ။ အားလုံးက ရယ်မောပျော်ရွှင်နေသည်။ ပြီး
တော့ အေးစိမ့်ဖြူစင်နေကြသည်။

ကျွန်တော်တို့ ယောက်ျားလေးများ တစ်ယောက်ကိုတစ်ယောက်
ကြည့်မိ၏။

"ဘာလုပ်ကြမလဲ"

မေးဖို့မလိုပါချေ။ အင်္ကျီချွတ်ပြီး ရေထဲကို အသီးသီး ခုန်ချလိုက်
ပါသည်။

"ဗွမ်း . . ."

"ဗွမ်း . . ."

ရေခဲတမျှအေး၏။ ဒါပေမဲ့ အရမ်းပျော်သည်။

ဒါသည်ပင် ကျိုက်ထီးရိုးတောင်၏ ရသတစ်ရပ်ပါပဲ။

ㅈ ㅈ ㅈ



# XXV

နာရီဝက်လောက်ရေစိမ်ပြီးသွားချိန်မှာတော့ မေးချင်းရိုက်လာ
ပါတော့သည်။ ထို့ကြောင့် ကမန်းကတန်းပင် အပေါ်ပြန်တက်လိုက်ရ
၏။ ပြီး ကျောက်တုံးကျောက်ဆောင်များကြားမှ လှျိုပေါ်သို့ ပြန်တက်
လိုက်ပါသည်။ လမ်းမှာရေတွေနဲ့ ချော်နေသည်မို့ မနည်းပင် ကုတ်ကပ်
တက်ရ၏။

အပေါ်ရောက်တော့ နေရောင်ကျရာသို့ သွားပြီး နေပူဆာလှုံ
ရသေးသည်။ မိန်းကလေးအုပ်စုမှာတော့ ရေတံခွန်အထက်ဘက်ရှိ
အကြော်ဆိုင်တွင် စားသောက်နေကြပြီဖြစ်တော့၏။ သူမတို့မှာ ရေဆော့
ရုံသာဆော့သည်မို့ ကျွန်တော်တို့လောက် ချမ်းနေမည်မဟုတ်ပါ။

နေပူစာလှုံတာပင် အချမ်းက တော်တော်နဲ့မပြေ။ နေသာထိုင်
သာရှိတော့ အင်္ကျီပြန်ဝတ်ပြီး ဆိုင်တွင်းဝင်လိုက်ပါသည်။ ပြီးတော့ နေပူ
ရာအရပ်သို့ ဝိုင်းပြောင်းထိုင်ကြသည်။ ထို့နောက်မှာတော့ ကော်ဖီပူပူ
တစ်ယောက်တစ်ခွက်စီ သောက်ကြ၏။ အကြော်စုံ ထပ်မှာစားသည်။

ရေထဲဆင်းထားသည်မို့ ကျွန်တော်တို့ မျက်နှာတွေက ဖြူဖပ်
ဖြူရော်။ ထိုအခိုက်မှာပဲ လုံးဝမမေ့ထားသော စကားတစ်ခွန်း။

"ညက အစ်ကိုတို့အဖွဲ့ အရိုက်ခံရတယ်ဆို"



www.burmeseclassic.com

www.burmeseclassic.com

ရေနွေးပူမှုတ်သောက်နေသော စိုင်းထက် သီးသွားပါသည်။ သဥ္စာရဲ့အမေးမို့ သက်ဆိုင်ချင်နေသူ အောင်ရဲမှုပင် . . .

"မဟုတ်ပါဘူး။ ဘယ်သူပြောတာလဲ"

"ထမင်းဆိုင်က အစ်မတွေပြောတာ ကြားတာပဲ"

"အလကားပါ . . . ပေါက်ကရတွေ"

အောင်ရဲက အတည်နှင့်ဆိုလိုက်ပေမဲ့ . . .

"ဒါဆို ကိုကြီးကျောကုန်းက အရိုးရာတွေ၊ ဟိုအစ်ကိုကြီး လက်မောင်းက အရိုးရာတွေက ဘယ်ကရတာလဲ"

"ဟင် . . ."

"ဖွီး . . . ထွီး . . ."

စိုင်းထက် တံတွေးထပ်သီးသည်။ သက်သေခံ အပြည့်အစုံ နေပြီဆိုတော့ လိမ်ရန်မဖြစ်နိုင်တော့ပါ။ ထို့ကြောင့် ကျွန်တော်ကပင် ဖြစ်ရပ်မှန်အကြောင်းစုံကို ပြောပြလိုက်ရတော့သည်။

သူမတို့မှာ မျက်ရည်ထွက်မတတ်ပင် ရယ်ကြ၏။ မျက်ရည် ထွက် ရယ်ရအောင်ပင် ကျွန်တော်တို့အဖြစ်က ရယ်ဖို့ကောင်းနေသည် မဟုတ်ပါလား။ ဆုပေးမည်ဆို၍ သွားအော်ကြရာ ဆုမရဘဲ ဝိုင်းရိုက်ခံ ရသည့်အဖြစ်က ရယ်ဖို့လည်း ကောင်းသလို၊ ပျော်ဖို့လည်း ကောင်းသည်။

ကိုယ့်အကြောင်း ကိုယ်ပြန်တွေးကြည့်လျှင်ပင် တကယ် ရယ်စရာ။ ညက လုပ်မိလုပ်ရာလုပ်ခဲ့သော ကိုယ့်ကိုယ်ကိုယ်လည်း အံ့ဩ မိ၏။ စိန်ခေါ်ပြီး ထွက်ပြေးတာတွေ၊ ကျွန်တော်အော်လို့ စောင်းတန်း တစ်ခုလုံး လိုက်အော်ကြတာတွေက တကယ့်အမှတ်တရပါပင်။

ထိုအကြောင်းတွေပြောတော့ သူမတို့မှာ ရယ်လို့မဆုံး။

"ဒါဆို အစ်ကိုတို့ အလိမ်ခံလိုက်ရတာပေါ့"

"သေချာတာပေါ့ . . . ခွေးသားဘုမ၊ ပြန်ရောက်မှတွေ့မယ်"

စိုင်းထက်က အံကြိတ်ပြီး ကျိန်ဆဲသည်။

ခံရခက်ခက်နှင့်ပင် ရယ်မိသေးတော့၏။



ထိုနေ့ မနက်က ကျိုက်ထီးရိုးတောင်၏ အနောက်ဘက် လျှို အတွင်းမှာ ကျွန်တော်တို့ ခုနစ်ယောက်ရဲ့ ရယ်မောသံတွေ ဆူညံလို့။

• • •

နှစ်နာရီလောက်ကြာအောင် ရေတံခွန်မှာပဲ ကျွန်တော်တို့တွေ အနားယူ အပန်းဖြေမိပါသည်။ ရေကျသံ တဝေါဝေါကို နားဆင်ရင်း အတိတ်ကအဖြစ်တွေကို ပြန်ပြောင်းပြောဆိုကြရင်း ညီမိမ့်လေးရဲ့ မျက်နှာ ကို တမှတ်တရ ငေးမိရင်းနဲ့ ကျွန်တော် ကျေနပ်စွာ ကြည်နူးမိပါသည်။

ပတ်ဝန်းကျင်ကလည်း အေးချမ်းညွတ်နူးဖွယ်ကောင်းလှ၏။ ဒါပေမဲ့ . . .

ရေတံခွန်မှာတော့ ညအိပ်ရန် မဖြစ်နိုင်သည်မို့ ပျင်းရိလေးဖင့် စွာနဲ့ပင် တောင်ပေါ် ပြန်တက်ခဲ့ရပါသည်။

အတက်လမ်းက အဆင်းထက် နှစ်ဆ၊ သုံးဆလောက် ပိုပင် ပန်း၏။ ခွေးအလိမ်းလိမ်း၊ ဖုန်အလိမ်းလိမ်းနဲ့မို့ ရင်ခုန်ချိန်ပင်မရခဲ့ပါ။ လူတအားများသည်မို့ တစ်ဖွဲ့နှင့်တစ်ဖွဲ့ စရင်းနောက်ရင်း ပျော်စရာရာ ရသေးသည်။ တစ်ဦးနဲ့တစ်ဦး ဖေးမရင်း၊ ကူတွဲရင်း၊ အားပေးရင်းနဲ့ပင် နောက်ဆုံးမှာတော့ . . .

• • •

တောင်ပေါ်ရောက်တော့ ညနေ သုံးနာရီခွဲ။

လူတွေက ယဲ့ယဲ့သာ ကျန်တော့သည်။ မိန်းကလေးများမှာ ပို ဆိုး၏။ ခြေလှမ်းပင်မှန်အောင် မနည်းလျှောက်နေရသလိုမျိုး။

တောင်ပေါ်ရောက်သည့်တိုင် လက်ကို လွှတ်မပေးတော့ပဲ အစ်မ ရဲရဲပင် ကိုင်လာခဲ့ပါသည်။ ထမင်းဆိုင်ရှေ့ရောက်တော့ စုရုံးသော



www.burmeseclassic.com

www.burmeseclassic.com

အကြည့်တစ်စုံက ဘယ်အချိန်ကတည်းက စောင့်မျှော်နေသည်မသိ။

မီးဝင်းဝင်းတောက်မတတ် စိုက်ကြည့်နေပေမဲ့ . . .

ကျွန်တော့်လက်ဖဝါးကို ဆုပ်ကိုင်ကျစ်ညှစ်ရင်း သူမ ခေါင်းငုံ့သွားသည်။ ကျွန်တော်ကတော့ 'ဟက်' ခနဲပင် ရယ်လိုက်မိသလား မသိပါ။

သူက ဆံရှည်ကိုယ်တော် သို့မဟုတ် ညိုစိမ့်လေးပြောပြထားသည့် ပဲခူးမြို့မှ လမ်းသရဲ 'ဖိုးတေ'။ မီဝင်းဝင်းတောက်ကြည့်နေသူ နောက်တစ်ယောက်လည်း ရှိသေး၏။

သူကတော့ . . .



# XXVI

"ငါကတော့ ဖွင့်ပြောဖို့ ဆုံးဖြတ်လိုက်ပြီ"

ပြောပြီးကိုယ်ပေါ်ရေတစ်ခွက်လောင်းချ၏။ ပြီးတော့ အချမ်းပြေရန် တဆတ်ဆတ်ခုန်နေပါသည်။

"သေချာပြီလား"

"လုံးဝ အသေအချာပဲ"

ပြောသူက အောင်ရဲ၊ မေးသူက စိုင်းထက်။ နောက်ပြီး အောင်ရဲက ကျွန်တော်တို့ကို မေးခွန်းပြန်ထုတ်သည်။

"မင်းတို့ရော ဘယ်လိုလဲ"

စိုင်းထက်က ကျွန်တော့်ကို မျက်ခုံးပင့်ကြည့်၏။ ဘယ်လိုသဘောရလဲဟူသည့်သဘော။

"သူတို့ ဘယ်တော့ပြန်မှာလဲ"

"မနက်ဖြန်"

နှစ်ဦးစလုံးပင် တစ်ပြိုင်နက်ဖြေသည်။

"ငါတို့နဲ့ အတူတူပဲပေါ့"

"ဟုတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com

"အဲတော့ ငါတို့အတွက် ဒီတစ်ညပဲ အချိန်ရတော့တယ် . . . သီဟ။ ငါလည်း အောင်ရဲအတိုင်းပဲ ဒီညဖွင့်ပြောဖို့ စဉ်းစားထားတယ်"

"မင်းတို့ဟာက မစောလွန်းဘူးလားကွာ"

ချင့်ချင့်ချိန်ချိန် ပြောလိုက်ပေမဲ့ ဟိုနှစ်ကောင်က ကျွန်တော့်ကို ဝိုင်းရယ်ပါသည်။

"သီဟ . . . မင်းကလည်း သီချင်းရေးပြီး ဝေးလိုက်တာ။ ကိုယ့်ဘယ်ခေတ်ကြီးထဲရောက်နေ တယ်ဆိုတာကိုလည်း သတိရဦး"

"ဒါပေမဲ့ ငါတို့တွေ့တာ အခုမှ နှစ်ရက်ပဲ ရှိသေးတယ်လေကွာ"

"တော်ပြီပေါ့ကွ . . . ။ စက္ကန့်နဲ့တွက်ကြည့်ရင် အချိန်တွေမှ အများကြီး"

မရတော့ပါ။ ဒီနှစ်ကောင် တော်တော်ကို ခရီးရောက်နေပါပြီ။ ဒါပေမဲ့ တတ်နိုင်သလောက်တော့ နားချကြည့်သေး၏။

"ဒီအချိန်လေးအတွင်း ဖွင့်ပြောလိုက်ရင် ငါတို့ တကယ်မေတ္တာ ရှိတယ်ဆိုတာကိုရော သူတို့ယုံပါ့မလား။ ငါ့သဘောပြောရရင် ရန်ကုန်နဲ့ပဲခူးဆိုတာ နီးနီးလေးပါကွာ။ အချိန်မရွေး ကောက်သွားလို့ ရနေတာပဲ"

အောင်ရဲ ခေါင်းယမ်း၏။ စိုင်းထက်က ဆပ်ပြာတိုက်နေရာမှ–

"ငါတို့ကတော့ သေချာတာပဲ လုပ်ချင်တယ်"

ကျွန်တော် လက်လျှော့လိုက်တော့သည်။ ဘယ်လိုမှ တားလို့ ရမည်မဟုတ်တော့။ အောင်ရဲက ကျွန်တော့်ကိုပင် ဖိအားထပ်ပေးလိုက်သေး၏။

"မင်းအပိုင်းကတော့ မင်းသဘောပဲ။ ငါတို့ကတော့ ဒီည propose လုပ်တော့မယ်"

နေလုံးကြီးက ဖျော့တော့သောသဘောကို ဆောင်နေပြီ။ အပူရှိန် သိပ်မရှိတော့။ နေရောင်ရှိသေးပေမဲ့ ရာသီဥတုကို အံမတုနိုင်တော့



ပါ။ နေရောင်ဖျော့ဖျော့အောက်မှာပင် တိုင်ပင်နှီးနှောရင်း ရေချိုးဖြစ်ကြ၏။

အေးလွန်းသောကြောင့် သူများတွေ အပြေးအလွှားရေချိုးနေကြပေမဲ့ ကျွန်တော်တို့မှာတော့ . . .

အေးလို့အေးရမှန်းမသိ။ ကိုယ့်အတွေးနဲ့ကိုယ် ရှိနေသည်။ ပြီးတော့ ဒွိဟစိတ်တွေ တခမ်းတနား မင်းမူနေပါသည်။

မျိုသိပ်ထားရမည်လား၊ ဒါမှမဟုတ် ဖွင့်ပြောလိုက်ရမည်လား။ ဒါပေမဲ့ ရေချိုးပြီးချိန်မှာ ပြဿနာကြီးတစ်ခုကို အမှတ်မထင် ရင်ဆိုင်လိုက်ရပါသည်။ တရားခံက ကျွန်တော်တို့ရဲ့ လူရိုးကြီး။

အောင်ရဲမှာ အဆောင်တံခါးသော့အား လက်ရန်းပေါ်တွင် ရေလဲပုဆိုးနှင့် ရောပြီးတင်ထားသည်။ ဒါကို အောင်ဇော်မင်းကမသိဘဲ ရေလဲရန် ပုဆိုးဆွဲလိုက်သည့်အခါမှာတော့ . . .

လွန်စွာသေးကွေးလွန်းသော သော့တံလေးမှာ အလွန်တရာ နက်ရှိုင်းသော ချောက်ကြီးထဲသို့ ဦးဆိုက်ကျဆင်းသွားတော့၏။ သွားလေပြီ။ မျက်လုံး၊ မျက်ဆံပြူးဖြင့် ငုံ့ကြည့်မိတော့ . . .

အစအနပင် မတွေ့တော့ပါ။

ချိုးရေတွေအောက်ကို တဖြန်းဖြန်း ကျဆင်းနေသည်။ ထမင်းဆိုင်များဆီမှ အညစ်အကြေးများလည်း စွန့်ပစ်ထား၏။ ကမ်းပါးက တော်တော်နက်သည်။ အောက်ကိုဆင်းရှာရန် ဘယ်လိုမှမဖြစ်နိုင်တော့။

အထိတ်တလန့်ဖြစ်သွားမိပေမဲ့ သကောင့်သားတွေကတော့ ပခုံးကိုတွန့်ကာ . . .

"ဒီကိစ္စကတော့ မင်းကိုပဲ အားကိုးရမှာပဲ"

"ဘာ . . ."

"အပျိုကြီးကို မင်းပိုင်ပါတယ်ကွာ"



www.burmeseclassic.com

www.burmeseclassic.com

# XXVII

လေးယောက်သား ခပ်ကုပ်ကုပ်ပင် ဆိုင်တွင်းသို့ ဝင်ခဲ့ကြပါသည်။ ကျွန်တော်တို့ကိုမြင်တော့ ကောင်တာမှာ ထိုင်နေသူအပျိုကြီးမှာ မျက်နှာကိုရှုံ့ပြီး တစ်ဖက်လှည့်သွား၏။

အနည်းငယ် ကြောင်အအဖြစ်မိပေမဲ့ မျက်နှာချိုသွေးကာ . . .

"မမ . . ."

"ဘာတုံး . . ."

ထူးသံက ကြောက်ခမန်းလိလိ ကျယ်လောင်နေရာ တုန်ပင်သွားမိသည်။ အပျိုကြီးကိုကြည့်ပြီးလည်း ဝေခွဲမရဖြစ်သွား၏။ ကျွန်တော်တို့ သော့ပျောက်သွားတာကို ကြိုမျှားသိနေလို့လား၊ မဖြစ်နိုင်ပါ။ ဒါဆိုဘာကြောင့် ကျွန်တော်တို့နှစ်ယောက် ဆက်ဆံရေးမှာ ဤမျှထိ တင်းမာသွားရတာနည်း။

မျက်နှာနှင့်အသံကို ထပ်မံနှိမ့်ချရင်း . . .

"ကျွန်တော်တို့ အခန်းသော့ပျောက်သွားလို့"

"ဘာ . . ."

ဒီတစ်ခါ အော်သံကြီးမှာတော့ မိုးထစ်ချုန်းမတတ်။

"ဘာဖြစ်တယ် . . ."



[illegible]ကားမှာတော့ တုန်ခါလှိုက်မောမှုတွေဝင် ပါလာသလို။

"နင်တို့ . . . နင်တို့တွေ . . . ငါ့သော့ကို ဖျောက်ပစ်လိုက်ကြတယ် . . . ဟုတ်လား။ ခုနကတော့ တစ်ယောက်လက် တစ်ယောက်တွဲပြီး မိုးမမြင် လေမမြင်နဲ့။ အခုတော့ ငါ့အခန်းသော့ကို ဖျောက်ပစ်လိုက်ကြပြီပေါ့"

ဘာမှလည်း မဆိုင်ပါလားဟု တွေးမိသည်။ ဘာကြောင့် အပျိုကြီး ခက်ထန်နေရသလဲဟူသည့် အချက်ကိုလည်း ယခုမှပင် သဘောပေါက်မိ၏။ ကျွန်တော်တို့ လက်တွဲပြီး ပြန်လာတာကို ဒီအပျိုကြီး မျက်ဝါးထင်ထင် မြင်လိုက်ရသည်ထင်သည်။

မျက်နှာကို အတတ်နိုင်ဆုံး ချိုသာရင်း . . .

"အဟဲ . . . အဲဒါလေ သော့အပိုလေးတစ်ချောင်းလောက်ရှိရင် ရနိုင်မလားလို့"

"မရှိဘူး"

"ဗျာ . . ."

"မရဘူး . . . "

အပျိုကြီးက လုံးဝ ပြတ်သားသည်။ ဘူးပင် ဖွတ်ခံနေတော့၏။ ပြီးတော့ . . .

"သွား . . . ငါ့သော့ကို အခုပြန်ရှာပေး"

"အာ . . . မရတော့ဘူး . . . မမရဲ့။ သော့က ဟိုး . . . ကမ်းပါးအောက်ထဲကို ကျသွားတာ။ ဘယ်လိုမှ ပြန်ရှာမရတော့ဘူး"

"အောက်ဆင်းရှာပေါ့"

တကယ့် ကလေးဆိုးကြီးအတိုင်းပါပင်။

"ဘယ်လိုမှမဖြစ်လို့ပါ . . . မမရယ်။ ဒီလိုလုပ်ပါ။ ကျွန်တော်တို့ အစားပြန်ဝယ်ပေးပါ့မယ်။ အခုလောလောဆယ်က . . ."

"အေး . . . အားလုံးပေါင်း ထောင့်ငါးရာကျမယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဗျာ . . . "

"သော့တစ်လုံးဈေးကို ပြောတာ"

အံ့ပင်ဩမိတော့၏။ လက်တစ်ဆစ်သာသာ သော့နဲ့ သော့တံက အပြင်မှာဝယ် နှစ်ရာ၊ သုံးရာထက် မပိုပါ။ ယခု ထောင့်ငါးရာတဲ့။ စကားက ထောင့်ငါးရာဆိုတော့ အဓိပ္ပာယ်တွေပါလားလည်း လေ့လာရသေးသည်။

"မများလွန်းဘူးလားဗျာ"

"မများဘူး . . .။ တောင်ပေါ်မှာ ဒီဈေးပဲ"

မတတ်နိုင်တော့။ လေက တဆွတ်ဆွတ်တိုက်နေသည်ဖြစ်ရာ အလွန်ပင် ချမ်းနေပါပြီ။ အခန်းထဲ မြန်မြန်ဝင်ကာ အဝတ်အစား လဲချင်နေပြီ။ ထို့ကြောင့် . . .

"ကဲ . . . ပြီးရောဗျာ . . . ပေးမယ်။ ကျွန်တော်တို့ကိုသာ သော့ပိုမြန်မြန်ပေး"

ဒီတော့မှ အပျိုကြီးမှာ နှုတ်ခမ်းတစ်ဖက်ကို တွန့်ကွေးရင်း နောက်ဘက်ကို လှမ်းအော်သည်။

"ဟေ့ . . . နောက်ထဲကတစ်ယောက် သူတို့ကို သော့ပိုတစ်ချောင်း ရှာပေးလိုက်"

တစ်ဆက်တည်းဆိုသလိုပင် . . .

"နင်တို့အခန်းရှေ့က စောင့်နေ။ သူတို့ တက်လာလိမ့်မယ်"

ထို့နောက်မှာတော့ မသဒ္ဒါစွာ ထောင့်ငါးရာချပေးရင်း ကျွန်တော်တို့ အဆောင်ပေါ် တက်ခဲ့လိုက်ပါသည်။ ဤမျှ ချစ်တီးကျလွန်းသော မိန်းမကြီးကိုလည်း စိတ်ထဲမှ ကျိန်ဆဲမိ၏။

"တစ်သက်လုံး ယောကျ်ားမရပါစေနဲ့ဗျာ"

ကျွန်တော်တို့ အခန်းရှေ့ရောက်ပြီး တော်တော်ကြာနေသည့်တိုင် ဘယ်သူမှ အပေါ်တက်မလာပါ။ ကျွန်တော်တို့မှာ ရေချိုးပြီး လေတဟူး



[illegible]သော အဆောင်ထဲမှာ လက်လေးတွေ တင်းတင်းပိုက်ရင်း ကယ်တင်ရှင်ကို မျှော်လို့ . . .

တစ်ခုတော့ စိတ်ထဲမှာ ဘဝင်မကျဖြစ်မိသည်။ အဲဒါက ညီစိမ့်လေးတို့ အခန်းတံခါးမှာ အပြင်က သော့ပိတ်ထားပါသည်။ ကျွန်တော်တို့ ရေဆင်းမချိုးခင်ကပင် အခန်းထဲမှာ သုံးယောက်စလုံး ရှိသေး၏။ ယခု အခန်းသော့ပိတ်ကာ ဘယ်သွားနေကြပါနည်း။

ချမ်းနေသည့်ကြားမှပင် ရှေ့ထွက်ပြီး အပြင်ရှိုးမိတော့ ကြိတ်ကြိတ်ထိုးနေသော လူအုပ်ကြီးမှလွဲပြီး ဘာကိုမျှ မတွေ့ရပါ။ ရှေ့ထမင်းဆိုင်ကိုလည်း လေ့လာရသေး၏။ ဆံရှည်ကိုယ်တော်တို့အုပ်စု ရှိမရှိကို အဓိက လေ့လာခြင်းဖြစ်ပါသည်။

ထိုစဉ်မှာပဲ ကျွန်တော်တို့အား အခန်းလိုက်ပြပေးသူ မိန်းကလေးမှာ သော့တွဲတစ်ခုကို ကိုင်ရင်း အပေါ်တက်လာသည်။ သူမကိုမြင်တော့ . . .

"မြန်မြန်လုပ်ပါဗျာ . . .။ ကျွန်တော်တို့ တော်တော်ချမ်းနေပြီ"

စိုင်းထက်က ပြစ်တင်စကားဆိုရင်း ခန္ဓာကိုယ်ကို တစ်ချက်တုန်ပြသည်။ သော့ချောင်းတွေ တစ်ခုပြီးတစ်ခု စမ်းသပ်ဖွင့်ကြည့်ပါသော်လည်း အဆင်မပြေပါ။ သော့တွဲတစ်ခုလုံးသာ ကုန်သွားပါသည်။ ခတ်ထားသော သော့ခလောက်နှင့် အံကိုက်သော သော့တံကိုမတွေ့။

"ဝယ်တုန်းက သော့ချောင်းအပို မပါဘူးလားဗျ"

စိုင်းထက်က စိတ်မရှည်သလိုပြောတော့"

"ပါတယ် . . .။ ရှင်တို့လို သော့ဖျောက်ပစ်တဲ့ လူတွေများလို့ အပိုပါတဲ့သော့တံတွေ ကုန်သွားတာ"

အပျိုကြီးတော့ ပိုက်ဆံတော်တော်ရလိုက်မှာပဲဟု စိတ်ထဲက တွေးမိသည်။ သော့တစ်ချောင်းပျောက်လေ ထောင့်ငါးရာရလေ ဖြစ်တော့ ပါလား။



www.burmeseclassic.com

www.burmeseclassic.com

"ဒါဆို အသစ်ဝယ်ပေါ့ဗျ။ ကျွန်တော်တို့ ပိုက်ဆံလျှော်ပေးထား တာပဲ။ ဒီသော့ကို ဖျက်ပစ်လိုက်မယ်"

သော့ခလောက်ကိုကိုင်ရင်း အောင်ရဲကပြော၏။ အမှန်ပင် ချမ်း နေတာမို့ စိတ်မရှည်ချင်တော့ပါပေ။ ထိုစဉ်၌ . . .

"အစ်ကိုကြီးတို့ ဘာဖြစ်လို့လဲ"

အသံစာစာနဲ့ ပြောရင်း အနားရောက်လာသည်က သဉ္ဇာ၊ သူမ ကိုတွေ့တော့ အောင်ရဲမှာ မျက်နှာကိုတည်ပြီး ပိုင်စိုးပိုင်နင်းမေးသည်။

"ဘယ်သွားနေကြတာလဲ"

"မုန့်သွားစားတာလေ"

နောက်ဘက်မှာ သက်ထားနှင့် ဆုမွန်လည်း ပါလာပါသည်။

"ဟိုကောင်တွေနဲ့ တွေ့သေးလား"

သဉ္ဇာက ချက်ချင်းမဖြေ။ နောက်မှနှစ်ယောက်ကို လှည့်ကြည့် သည်။ သဘောတောင်းခံတာလား၊ တိုင်ပင်တာလားမသိ။ သူမတို့ ပုံစံ ကိုကြည့်၍ စိတ်ထဲမှာ လေးသွားစဉ် . . .

"တွေ့တယ် . . ."

ကျွန်တော်တို့အကြည့်တွေ အားလုံး စုပြုလေးနက်သွားစဉ်၌ ..

"ဒါပေမဲ့ သူတို့ရောက်လာတာနဲ့ ဆုမွန်တို့ဆိုင်ထဲက ထွက်လာ တာပါ"

ကျွန်တော်တို့ စိုးရိမ်သွားသော ပုံစံကိုမြင်ပြီး သူမက အလျင် အမြန် ဖြေရှင်းချက်ပေးသည်။ ထိုစကားကြားတော့ စိုင်းထက်နှင့်အောင်ရဲ မှာ စိတ်အေးသွားပေမဲ့ ကျွန်တော်ကတော့ ကြည်နူးမှုတစ်ဝက် ဖြစ်ထွန်း သွားပါသည်။ ဒီလောက်ဆိုလျှင် ဖိုးတေခေါ် ဆံရှည်ကိုယ်တော့်အပေါ် ထားသည့် ညီုစိမ့်လေးရဲ့ သဘောထားက သေချာသလောက်ရှိသွားပြီ မဟုတ်ပါလား။

ကျွန်တော်တို့ သုံးယောက်မှာ လက်ငင်းကိစ္စကိုမေ့ပြီး ခံစားမှု နောက်ကို ပါသွားကြပေမဲ့ သည်းမခံနိုင်သူအောင်ဇော်မင်းကတော့ . . .



သော့တပျောက်သွားလို့ ဒုက္ခရောက်နေကြတာကွာ"

ဒီတော့မှ ကျွန်တော်တို့လည်း အရေးကြီးရာဘက်ကို သတိပြန် သည်သွားစဉ် . . .

"အစ်ကိုကြီးတို့နဲ့ သဉ္ဇာတို့သော့က အတူတူပဲလား"

စိတ်မြန်လက်မြန်ရှိသော သဉ္ဇာက ကျွန်တော်တို့အပြောကို စောင့်တော့ဘဲ လက်ထဲမှသော့နှင့် ဖွင့်ကြည့်တော့ . . .

အံ့ဩဖွယ်ပင် . . .

"ကလောက် . . ."

သော့မှာ ပွင့်သွားပါသည်။ ထင်မှတ်မထားသော တိုက်ဆိုင်မှု အား ကျွန်တော်တို့ အံ့ဩသွားစဉ် . . .

"ရှင်တို့နှစ်ဖွဲ့ ရေစက်ပါပုံရတယ်။ သော့ကိုနှစ်ခန်းတစ်ချောင်း ပဲ သုံးလိုက်ကြတော့"

အခိပ္ပာယ်ပါပါပြောရင်း သော့ဖွင့်ပေးသူ မိန်းကလေးမှာ အောက် ပြန်ဆင်းဖို့ ကြိုးစားသည်။

ကျွန်တော့်တို့ မတားဖြစ်လိုက်။ အားလုံးမှင်သက်အံ့ဩနေပါ သည်။ တကယ်က ကျွန်တော်တို့သော့နှင့် သူမတို့အခန်းသော့မှာ ပုံစံ ချင်း မတူပါ။ တံဆိပ်ချင်းလည်း မတူ။ ဒါကို . . .

တကယ့်ရေစက်ပေများလား . . .

အံ့ဩလွန်းသဖြင့် သော့ခလောက်ပြန်နိပ်ပြီး နောက်တစ်ကြိမ် ထပ်ဖွင့်ကြည့်သည်။ လျှောလျှောလျှူလျှူပါပင်။

"ဂလောက် . . ."

ရေစက်ဆုံရန် စိတ်ကူးထားသူတွေမို့ ယခုလို တိုက်ဆိုင်မှုမျိုး ကြုံရတော့ . . .

စိုင်းထက်က အထာပါပါ စကားတစ်ခွန်းဆိုသည်။

"ကံကြမ္မာကြီးက ငါတို့နှစ်ဖွဲ့ကို ပေါင်းစည်းစေချင်တဲ့ သဘော အားမသိဘူး"



www.burmeseclassic.com

www.burmeseclassic.com

သက်ထားမျက်နှာ ရဲသွား၏။ အကြည့်ချင်းဆုံတော့ ကျွန်တော့ ညိုစိမ့်လေးမှာလည်း ရက်ပြုံးဖြင့် ခေါင်းငုံ့သွားပါသည်။ ရင်ထဲမှာ ဖိုထိုး တို၊ နွေးတေးတား။

သဉ္ဇာကတော့ ထုံးစံအတိုင်း မသိယောင်ပြုပြီး . . .

"ဒီည တောင်ပေါ်မှာ ဆီမီး (၉၀၀၀) ပူဇော်ပွဲရှိတယ်တဲ့"

"ဟင် . . ."

"ဘယ်လို . . . "

အကြံရှိထားသော စိုင်းထက်နှင့် အောင်ရဲမှာ ခေါင်းထောင်သွား သည်။

"ဆီမီး (၉၀၀၀) ပူဇော်ပွဲ"

"ဟုတ်တယ် . . . ဒီနေ့ လပြည့်နေ့လေ"

"ဟုတ်ရောဟုတ်ရဲ့လား"

"မုန့်ဆိုင်က သဉ္ဇာတို့ကြားလာတာပဲ၊ ဟုတ်မှာပါ"

"သဉ္ဇာတို့ မသွားဘူးလား"

အောင်ရဲက လျှာခလုတ်တိုက်မတတ် မေးတော့ . . .

"သွားမှာပေါ့။ ကြုံတောင့်ကြုံခဲ့ဥစ္စာ။ ရင်ပြင်တော်ပေါ် မီးသွား ထွန်းကြဖို့ တိုင်ပင်ထားတယ်။ အစ်ကိုကြီးတို့ရော"

ပြီးလေပြီ။ တမင်ဖန်တီးစရာမလိုသော အခွင့်အရေးပါပဲ။ ဒီ ထက်နေရာကျရန် မရှိတော့။

တိုင်ပင်စရာမလိုပါ။

"သွားပြီသားပေါ့"

တကယ်ပါပင်။

ကျိုက်ထီးရိုးတောင်ရဲ့ ထမင်းဆိုင်လေးတစ်ဆိုင်၌ နှစ်ခန်းသော တစ်ချောင်းဖြင့် နေခဲ့ရသော အဖွဲ့လေးနှစ်ဖွဲ့ ရှိခဲ့ဖူးပါသည်။



# XXVIII

အခန်းထဲရောက်တော့ . . .

"ဘုရားမှာ မီးထွန်းပြီး သေချာဆုတောင်းရမယ်။ ပြီးရင် တစ်ခါတည်း ဖွင့်ပြောလိုက်မယ်ကွာ။ ပွဲပြတ်ရောပဲ"

"ဟိုက မင်းကို လက်ခံဦးမှကို"

"ဟ . . . စာမေးပွဲ အောင်မအောင်ဆိုတာ ကိုယ်တိုင် ဝင်ဖြေကြည့်မှ သိမှာပေါ့ကွ။ ကိုယ်တိုင်ဝင်မဖြေဘဲ စာမေးပွဲအောင်ချင်လို့တော့ ဘယ်ရမလဲ"

စိုင်းထက်က စကားအဆုံးတွင် ကျွန်တော့်ကို ထည့်ခွပ်လိုက်သေး၏။ ကိုယ်ကိုယ်တိုင်က ဝေဝေဝါးဝါးဖြစ်နေသည်မို့ ဘာမှပြန်မပြောမနေတော့ပါ။ အဝတ်လဲထားပြီးသော အောင်ဇော်မင်းက . . .

"စာမေးပွဲ အောင်တာ ကျတာတွေ လုပ်မနေနဲ့။ လောလောဆယ် ဗိုက်ဆာနေပြီ။ ထမင်းဆင်းစားကြမယ်"

အတွဲလွတ်နေသော အောင်ဇော်မင်းကို အားနာသည်မို့ ခပ်သွက်သွက်ပင် လဲဝတ်လိုက်ကြ၏။ ထို့နောက်မှာ အောင်ရဲက ဒီအတိုင်းမနေ၊ အပြင်ကိုရောက်တော့ ရှေ့တံခါးကို သွားခေါက်သည်။



www.burmeseclassic.com

www.burmeseclassic.com

"ညီမတို့ရေ . . . အစ်ကိုတို့ ထမင်းသွားစားကြမလို့ လိုက်[illegible] ကြပါလား"

"ဟာ . . . သဥ္စာတို့ မုန့်စားပြီးကြပြီ၊ ဗိုက်မဆာတော့ဘူး"

"ဒါဆို ကော်ဖီလိုက်သောက်လေ"

မရမက လိုက်ချုပ်သည့် စိုင်းထက်စကား။

"မလိုက်တော့ပါဘူးရှင် . . . သဥ္စာတို့ ခြေထောက်တွေ မသယ် ချင်တော့လောက်အောင် ဖြစ်နေလို့ပါ။ အခန်းမှာပဲ နားလိုက်တော့မယ်"

"ဆီမီး (၉၀၀၀) မသွားတော့ဘူးလား"

"သွားမှာလေ။ အချိန်အစောကြီး လိုသေးတာကို"

ဒီလောက်ဆိုလျှင်ဖြင့် ဆက်ခေါ်ဖို့မကောင်းတော့ဟု သဘော ပေါက်လိုက်ပါသည်။ ထို့ကြောင့် . . .

"အဲဒါဆို အစ်ကိုတို့ထမင်းစားပြီး အပေါ်ဘက် (. . .)လက်ဖက် ရည်ဆိုင်မှာ စောင့်နေလိုက်မယ်။ ညီမတို့ အချိန်နီးရင် ဆင်းလာခဲ့လိုက် ကြလေ . . . နော် . . ."

ကျွန်တော်ဝင်ပြောပါမှ စကားက ပြတ်သွား၏။ မဟုတ်လျှင် ဟိုနှစ်ကောင်လေရှည်ပြီး အတင်းမရမက ခေါ်နေဦးမှာပါ။ ထမင်းစား တော့ အပျိုကြီးကို လန့်သည်မို့ တခြားဆိုင်မှာပဲ စားလိုက်ကြသည်။

ထမင်းစားပြီးနောက်မှာ လက်ဖက်ရည်ဆိုင်သို့ ထွက်ခဲ့ကြ၏။ ဆိုင်ရောက်စဉ်မှာပဲ စိတ်အနှောင့်အယှက်ဖြစ်စရာတစ်ခုနဲ့ ကြုံရပါသည်။ ကျွန်တော်တို့ထက်အရင် ဖိုးတေတို့အုပ်စုမှာ ဆိုင်ထိုင်နေ၏။ ကျွန်တော် တို့ဝင်လာသည်ကိုတွေ့တော့ တစ်ဦးကိုတစ်ဦး လက်တို့ကာ သတိအနေ အထားဖြင့် စိုက်ကြည့်နေကြသည်။

"ဆိုင်ပြောင်းထိုင်ကြမလား"

စိုင်းထက်ကပြောတော့ . . .

"ဘာကိစ္စပြောင်းထိုင်ရမှာလဲ။ မင်းက ကြောက်လို့လား"



"မဟုတ်ဘူးလေကွာ . . . စကားပြောရ၊ ဆိုရ မလွတ်မလပ် ဖြစ်မှာစိုးလို့ပါ"

ကျွန်တော် စုတ်တစ်ချက်သပ်မိရင်း . . .

"ကျွတ် . . . မလိုပါဘူးကွာ"

အနီးဆုံးဝိုင်း ရွေးထိုင်ဖို့ စဉ်းစားပေမဲ့ သူတို့ အနီးဝန်းကျင်မှာ ဝိုင်းလွတ်တွေ မရှိပါ။ ထို့ကြောင့် တစ်ဝိုင်းကျော်မှာပဲ ထိုင်လိုက်ရပါ သည်။ လူပဲရှုပ်နေလို့လား၊ ကျွန်တော်တို့ဘက်ကပဲ တစ်ယောက်များ နေလို့လားမသိ။ ငနဲသားသုံးယောက်မှာ ကျွန်တော်တို့အား ဘုကြည့်ကြည့် ရုံအဆင့်မှလွဲပြီး ပိုမလာခဲ့။

ကျွန်တော်တို့ကတော့ နှစ်သက်ရာ မှာသောက်ပြီး အေးအေး လူလူပါပင်။ ဒါပေမဲ့ . . .

လူတစ်ယောက် ကျွန်တော်တို့ ဝိုင်းရှေ့ရောက်လာသည်။ မော့ ကြည့်မိတော့ . . .

မနေ့က ဒီဆိုင်မှာပင် ဂစ်တာကြိုးညှိပေးလိုက်သူ ကောင်လေး ပါ။ ယခုလည်း ဂစ်တာကြီးပိုက်ကာ လူကို အခြောက်တိုက် လာပြုံးပြ နေပြန်ပါသည်။ အောင်ရဲက ဆီးမေး၏။

"ဘာလဲ . . . ကြိုးလာညှိခိုင်းတာလား"

ကောင်လေးက ခေါင်းကိုယမ်းရင်း ခုံတစ်လုံးယူထိုင်ကာ . . .

"မဟုတ်ဘူး အစ်ကို။ အစ်ကိုတို့ကို အကူအညီတောင်းစရာရှိ လို့"

"ဆိုစမ်းပါဦး"

"ကျွန်တော်က ပြည်မြို့ကပါ။ နာမည်က သက်နောင်လို့ ခေါ် ပါတယ်။ အခု ဘုရားဖူးလာတဲ့အဖွဲ့ထဲမှာ ကျွန်တော် စိတ်ဝင်စားနေ တဲ့ ကောင်မလေးပါတယ်။ အဲဒါ ဒီည သူတို့အဆောင်ရှေ့မှာ ဂစ်တာ တီးပြီး သီချင်းဆိုကြမလို့"



www.burmeseclassic.com

www.burmeseclassic.com

"အေး . . . ကောင်းသားပဲ။ ဆိုပေါ့"

ကျွန်တော် ခပ်လွယ်လွယ်ပြောလိုက်တော့ . . .

"မဟုတ်ဘူးလေ . . . ။ သီချင်းဆိုဖို့က ကျွန်တော်တို့အဖွဲ့ထဲမှာ ဂစ်တာကောင်းကောင်းတီးတတ်တဲ့လူ မပါဘူး"

ထိုကောင်လေးစကားကြောင့် ကြောင်တောင်တောင် ဖြစ်သွားရသည်။ တီးတတ်တဲ့လူမပါဘဲနဲ့ ဘာကြောင့် အလေးခံပြီး ဂစ်တာကို ယူလာရပါသနည်း။

"မင်းပြောတော့ ဂစ်တာက သူငယ်ချင်းတွေဟာဆို။ သူတို့က မတီးတတ်ဘူးလား"

"သုံးလေးပုဒ်လောက်ပဲရတာ အစ်ကို။ အဲဒါတွေကလည်း ညနေက တီးပြီးသွားကြပြီ။ ဒီညဖြစ်နိုင်ရင် အစ်ကိုတို့နဲ့ ကျွန်တော်တို့ပေါင်းပြီး ကဲကြရအောင်ဗျာ"

ကျွန်တော်နဲ့ အောင်ရဲတစ်ယောက်ကိုတစ်ယောက် ကြည့်မိသွားပါသည်။ အောင်ရဲက . . .

"ဘယ်အဆောင်ကလဲ"

"ကျွန်တော်တို့နဲ့ မျက်နှာချင်းဆိုင်အဆောင်က။ အစ်ကိုတို့နဲ့ဆို မျက်စောင်းထိုးပေါ့။ တီးမယ်ဆို ကျွန်တော်တို့အပေါ်ထပ်ကပဲ တီးလို့ရတယ် အစ်ကို"

အောင်ရဲကို လှေလာတော့ လက်ဆာနေဟန်ရှိ၏။ တကယ်ပါပဲ။

"အေးကွာ . . . လာတီးပေးမယ်။ အခုလောလောဆယ်တော့ မအားသေးဘူး။ ငါတို့လည်း ငါတို့ကိစ္စရှိသေးတယ်"

ကောင်လေးက သဘောပေါက်စွာ ပြုံး၏။

"ကျွန်တော်တွေ့တယ် . . . အစ်ကို။ အစ်ကိုတို့နဲ့ လိုက်ပါတယ်။ အောင်မြင်ပါစေဗျာ"



ကောင်လေးက လက်မထောင်ပြရင်း အောက်ဘက် ပြန်ဆင်းသွားသည်။ စိုင်းထက်ရဲ့ တိုးတိုးဆုတောင်းသံကို ကြားရ၏။

"ပေးတဲ့ဆုနဲ့ ပြည့်ပါစေကွာ"

နောက် နာရီဝက်လောက်ကြာအောင် ကျွန်တော်တို့ ဆက်ထိုင်နေဖြစ်ကြပါသည်။ ကျွန်တော်တို့ရှေ့မှဖြတ်ပြီး ဘုရားပေါ်တက်သူတွေမှာ အုံ့ခဲလို့။ အဆင်းလူတွေပင် မတွေ့ရပါ။ ရင်ပြင်တော်ပေါ်တွင် ဆီမီး (၉၀၀၀) ပူဇော်ပွဲရှိကြောင်း သူတို့ သိကြသည်ထင်၏။

ကျွန်တော်တို့ကတော့ လည်ပင်းတရှည်ရှည်နှင့် သက်ဆိုင်ချင်သူများကို စောင့်မျှော်ဆဲ။ အကြံရှိထားသော စိုင်းထက်တို့နှစ်ယောက်မှာ ပိုဆိုးသည်။ အောက်ဘက်လှေကားထစ်များဆီ မကြာမကြာ လှမ်းကြည့်ပြီး အံ့တကြိတ်ကြိတ်၊ လည်တမော့မော့။

စိတ်လှုပ်ရှားနေသည် ထင်၏။ အောင်ရဲမှာ ဆေးလိပ်ကိုသာ တစ်လိပ်ပြီးတစ်လိပ် မီးခိုးမပြတ်အောင် သောက်နေပါတော့သည်။ ကျွန်တော်ကိုယ်တိုင်လည်း စိတ်လှုပ်ရှားနေပါသည်။ နောက် ဆယ်မိနစ်လောက် ထပ်ကြာသွားပြီးစဉ်မှာ ကျွန်တော်တို့ စောင့်မျှော်နေသော အရိပ်လေးသုံးခုကို ဟိုးအောက်ဘက်ဆီမှ ခပ်ဝါးဝါးမြင်ရသည်။

မြန်မာဆန်သော ကျက်သရေရှိမှုတွေနဲ့ မီးထွန်းရန်တက်လာသူ မိန်းကလေးသုံးယောက်။ ရိုးရာဝတ်စုံကိုသေသပ်ကျနစွာ ဆင်မြန်း၍ ပဝါလေးတွေ ပခုံးပေါ်တင်ရင်း တရွေ့ရွေ့လာနေသည်။ ခပ်လှမ်းလှမ်းရောက်တော့ စိုင်းထက်က ထိုင်ရာမှထကာ လက်လှမ်းပြသည်။

ကျွန်တော်တို့ကိုမြင်တော့ ဝမ်းသာမှုတွေ မျက်နှာမှာပေါ်သွား၏။ ဒါပေမဲ့ ချက်ချင်းပင် ထိုဝမ်းသာမှုတွေက စိတ်ပျက်သော အမူအလက္ခဏာတွေအဖြစ် ပြောင်းလဲသွားသည်။ အကြောင်းက ကျွန်တော်တို့နှင့်အတူ ဖိုးတေတို့အုပ်စုကို မြင်လိုက်ရသောကြောင့်ဖြစ်ပါလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com

ညိုစိမ့်လေးမှာ လှမ်းလက်စခြေလှမ်းတွေပင် ရပ်တန့်သွား
မျက်နှာပျက်ကျသွား၏။ ကျွန်တော် သဘောပေါက်စွာ ထိုင်နေရာမှ
လိုက်သည်။ ပြီးတော့ ဆိုင်ရှေ့ထွက်ရပ်ရင်း . . .

"လာလေ"

ပိုက်ဆံရှင်းပြီးသားမို့ ကျန်သုံးကောင်လည်း အပြင်ထွက်
တော့ အားတက်သွားသည် ထင်ပါသည်။ သက်ထားက ညိုစိမ့်
လက်ကိုဆွဲကာ တက်ချလာ၏။ အနားရောက်တော့ သက်ထားက သူ
လက်တွင်းမှ ကြောက်လန့်တုန်လှုပ်နေသော လက်လေးကို ကျွန်တော်
လက်တွင်းထည့်ပေးသည်။

ထိတွေ့မှုက အေးစက်လှသည်။ ဆုမွန်လက်ဖျားလေးတွေမှာ
သာမန်ထက် ပိုအေးစက်နေသလို။ မြဲမြံစွာ ဆုပ်ကိုင်ပြီးသွားချိန်မှာတော့
ကျွန်တော်တို့ရဲ့ ဦးတည်ရာက တောင်ပေါ်ဆီသို့၊ လှည့်မကြည့်ဖြစ်ပေ
စူးရဲသော အကြည့်သုံးစုံက ကျွန်တော်တို့ရဲ့ ခန္ဓာကိုယ်အနှံ့ကို စူးစိုက်
လာနေကြောင်း သတိထားမိသည်။

လှေကားဆယ်ထစ်လောက် တက်ပြီးသွားစဉ်မှာ ယှဉ်လျက်ပါ
လာသူ ညိုစိမ့်လေးက စကားဆိုသည်။

"သူက ဘာလို့ ဟိုကောင်တွေနဲ့ အတူတူထိုင်နေတာလဲ"

"အတူတူ မထိုင်ပါဘူး။ တစ်ဝိုင်းစီ ထိုင်နေတာပါ"

"လက်ဖက်ရည်ဆိုင်တစ်ခုတည်းလေ"

ကျွန်တော် ပြုံးမိ၏။

"ဘာဖြစ်လဲ ဆုမွန်ရဲ့။ သူတို့လည်း သူတို့ဘာသာ ထိုင်နေတာ။ ကိုယ်တို့ဝိုင်းကို လာထိုင်တာမှမဟုတ်တာ။ လက်ဖက်ရည်ဆိုင်ပဲ ဒီလိုပဲထိုင်ကြမှာပေါ့။ အမှန်အတိုင်းပြောရရင် သူတို့ကတောင် အရင်ကြိုရောက်နေတာ။ ကိုယ်တို့က နောက်မှရောက်လာတာ"

"ဒါများ တခြားဆိုင် ပြောင်းထိုင်လို့ရတာကို"



"ဆုမွန်တို့ကို ဒီဆိုင်မှာစောင့်မယ်လို့ ပြောထားတာလေ"

ညိုစိမ့်လေးမှာ တိတ်သွား၏။ ကျွန်တော်ကတော့ သူမလက်သွယ်သွယ်လေးကို လွှတ်ပေးဖို့ အစီအစဉ်မရှိတော့ပါ။ သူမကလည်း ငြင်းဆန်ခြင်းမရှိဘဲ အလိုက်သင့်ပင် ပါလာပါသည်။

"မကြိုက်ပါဘူးကွာ . . . သူတို့ အဲလို တစ်ဆိုင်တည်းထိုင်နေတာကို"

ကျွန်တော့်မှာ ကြည်နူးရသေး၏။ ထိုစဉ်မှာပဲ နောက်ဘက်မှ အောင်ရဲ၏ သတိပေးသံတစ်ခုကို ကြားရသည်။

"သီဟ . . . နောက်မှာ ဟိုကောင်တွေပါလာတယ်"

လှည့်ကြည့်တော့ တကယ်ပင် ခပ်လှမ်းလှမ်းမှာ ပါလာပါသည်။ လက်ချောင်းသွယ်သွယ်လေးတွေ၏ ဆုပ်ကိုင်ဖျစ်ညှစ်မှုကို လက်ဖဝါးမှ ခံစားရသည်။ ညိုစိမ့်လေး ကြောက်နေပြီထင်ပါ၏။ နောက်ဘက်မှာ ပါလာတာကိုတွေ့တော့ သက်ထားနှင့် သဉ္ဇာလည်း မျက်နှာမကောင်းကြတော့ပါ။

ရင်ပြင်တော်ပေါ်ရောက်တော့ ဘုရားဖူးတွေမှာ မနေ့ကထက် စည်ကားနေသည်။ ရှေ့မှ လူတွေ၏ ဦးတည်ရာအတိုင်း လိုက်သွားရာ ဘုရားဝတ်ပြုရန် စောင်းတန်းနားရောက်စဉ်မှာတော့ . . .

ကျွန်တော်တို့အလာ နောက်ကျသွားပြီမှန်း တွေ့လိုက်ရတော့သည်။ ဆီမီးများမှာ ဘုရားကြီးပတ်ပတ်လည်တွင် ထိန်ထိန်ညီးနေပြီ။ စောင်းတန်းမှစကာ ဘုရားကြီးအား အဝိုင်းပတ်သဖွယ် ပူဇော်ထွန်းညှိထားပါသည်။

အသစ်ချဲ့ထွင်ထားသော အောက်ဘက်ရင်ပြင်တော်ပေါ်သို့ ဆင်းရာ လှေကားတစ်လျှောက်။ လူသွားလမ်းချန်၍ အောက်ဘက်ရင်ပြင်တော်နေရာအနှံ့။ ထိုမှသည် တောင်ကလပ်ကိုပတ်ပြီး ရင်ပြင်တော်ကြီးပေါ်ပြန်တက်သည့် လှေကားထစ်များအတိုင်း ဆီမီးတို့ ထွန်းညှိပူဇော်ထား၏။



www.burmeseclassic.com

www.burmeseclassic.com

ဘုရားဖူးများမှာ ကြိတ်ကြိတ်တိုးနေပြီး တချို့တွေက လွတ်သော နေရာများမှာ ဖယောင်းတိုင်မီး ပူဇော်နေကြသည်။ ထိုအချင်းအရာကို မြင်တော့ အကြံရကာ . . .

"ဟော့ကောင်တွေ . . . မင်းတို့ ဒီမှာ ခဏစောင့်နေကြဦး။ ငါ ဖယောင်းတိုင် သွားဝယ်လိုက်ဦးမယ်"

အောင်ရဲက ခေါင်းညိတ်ပြ၏။ ဆုမွန်ကိုတော့ . . .

"ခဏလေးနော် . . . ဆုမွန်၊ ကိုယ် အခုချက်ချင်းပြန်လာခဲ့မယ်"

ပြီးတော့ ခပ်သွက်သွက်ပင် ကျွန်တော် နောက်ဘက် ပြန်လှည့်ခဲ့သည်။ ရင်ပြင်တော်ပေါ်မှဆင်းကာ ဖယောင်းတိုင်နှစ်ထုပ်ဝယ်၍ ပြန်တက်လာတော့ မူလနေရာမှာပင် အုပ်စုလိုက်ကြီး ရပ်စောင့်နေပါ၏။ စိုးရိမ်စွာဖြင့် ပတ်ဝန်းကျင်ကို ဝေ့ဝဲကြည့်မိတော့ ဟိုသုံးကောင်ကို မတွေ့ရပါ။

ကျွန်တော် ဖယောင်းတိုင် ထွက်ဝယ်စဉ်မှာလည်း မတွေ့ရ။ တက်လာတုန်းကတော့ နောက်မှပါလာတာ သေချာသည်။ ယခုတော့ ဘယ်ရောက်နေကြသည်မသိ။ ဒီတော့လည်း စိတ်အေးလက်အေးပင် ကျွန်တော်တို့တွေ အောက်ဘက်ရင်ပြင်တော်ဆီသို့ ဆင်းခဲ့ကြသည်။

လှေကားထစ်တစ်လျှောက် ဆီမီးများထွန်းထားသည်မို့ နှစ်ယောက်တစ်တွဲဖြင့် ဖြည်းဖြည်းအေးအေးပင် ဆင်းလာခဲ့ပါသည်။ အောက်ဘက်မှာကား ဘုရားရှိခိုးနေသူတွေ စာအုပ်ကိုယ်စီဖြင့် ဘုရားစာရွတ်ဖတ်နေသူတွေ၊ ဆီမီးထွန်းနေသူတွေ ပြည့်လို့။

ကျွန်တော်တို့အဖွဲ့လည်း နေရာလွတ်တစ်ခုရှာကာ ထိုင်လိုက်ကြသည်။ ဝယ်လာသော ဖယောင်းတိုင်တစ်ထုပ်ကို မိန်းကလေးအဖွဲ့အားပေး၍ ကျွန်တော်တို့လေးယောက်ကတော့ တစ်ထုပ်ကို ခွဲဝေယူပါသည်။ ပြီးတော့ အများနည်းတူ အောက်ခံကျောက်ပြားပေါ်တွင် စီကာ ထွန်းဖို့ကြိုးစားလိုက်သည်။



လေမှာ တဟူးဟူး တိုက်ခတ်နေသည်မို့ အဆင်မပြေပါ။ ဖယောင်းတိုင်လေးများကို အရင်ဆုံးစီထောင်ပြီး မီးညှိတော့ ညှိသမျှက လေနဲ့ရောကာ ပါသွားသည်။ တစ်တိုင်ညှိလိုက်၊ တစ်တိုက်သေလိုက်၊ နောက်တစ်တိုင်ထွန်းလိုက်၊ တစ်တိုင်ငြိမ်းလိုက်နှင့်။

နောက်ဆုံးတော့ တစ်တိုင်ချင်းစိုက်ထားသော ဖယောင်းတိုင်လေးများကို နှစ်တိုင်တစ်ပူး၊ သုံးတိုင်တစ်ပူး ပေါင်းစိုက်လိုက်ရပါသည်။ ထိုသို့ပေါင်း၍ မီးထွန်းတော့မှ လေဒဏ်ကိုခံနိုင်သွား၏။

ညိုစိမ့်လေးကို လှမ်းကြည့်တော့ ကျွန်တော့်ထက် ဆိုးနေသည်။ ထွန်းသမျှ မီးတွေငြိမ်းရုံမဟုတ်၊ အောက်ခြေမခိုင်မှုကြောင့် ဖယောင်းတိုင်လေးများပင် လဲလဲကျနေ၏။ ဘေးမှ သဥ္ဇာနှင့်သက်ထားမှာလည်း ထိုအတိုင်း။ ညိုစိမ့်လေးမှာတော့ တစ်တိုင်မီးညှိလိုက်၊ လေတိုက်၍ မီးငြိမ်းလျှင် အံကြိတ်လိုက်။

ထပ်ထွန်းလိုက်၊ လေပြင်း၍ ဖယောင်းတိုင် လဲကျသွားလိုက်၊ ခေါင်းကုတ်လိုက်၊ အံကြိတ်လိုက်၊ သက်ပြင်းချလိုက်ဖြင့် တစ်ယောက်တည်း ရှုပ်နေပါတော့သည်။ ရယ်ချင်သောအပြုံးဖြင့် ကျွန်တော်ကြည့်နေတာကိုတွေ့တော့ ညိုစိမ့်လေးမှာ နှုတ်ခမ်းကို လက်ခုံဖြင့်ကာကာ ရယ်သည်။

ကျွန်တော် မနေနိုင်တော့ဘဲ အနားသွားလိုက်ရတော့၏။ ကျွန်တော်ရောက်သွားတော့ ကိုယ့်ကိုယ်ကိုယ်သဘောကျကာ တစ်ကိုယ်တည်း ရယ်နေသည်။ လဲကျနေသော ဖယောင်းတိုင်များကို သုံးခုစီပူးစိုက်တော့ ကျွန်တော်လုပ်သမျှကို ငေးကြည့်နေ၏။

နောက်ပြီး သူမလက်တွင်းမှ ဖယောင်းတိုင်များကိုပါ ယူ၍ သုံးခုစီ ပူးစိုက်ပေးလိုက်သည်။ ပြီးတော့မှ . . .

"ရပြီ . . . ဆုမွန် . . . မီးညှိလိုက်တော့"

ညိုစိမ့်လေးက ချန်ထားသော ဖယောင်းတိုင်ဖြင့် နီးစပ်ရာမှ မီးကူးပါသည်။ ထို့နောက် ကျွန်တော်ပူးစိုက်ပေးထားသော ဖယောင်းတိုင်



www.burmeseclassic.com

www.burmeseclassic.com

တို့မှာ မီးလိုက်ညှိ၏။ ကျွန်တော်ကတော့ ညှိစိမ့်လေး လက်တွင်းမှ ဖယောင်းတိုင် မီးမငြိမ်းရန်နှင့် ညှိပြီးသော မီးစာတို့ ငြိမ်းမသွားရန် လက်ဖြင့် ကာပေးထားမိသည်။

ဆီမီးရောင်တို့ဖြင့် ဝင်းနေသော ညှိစိမ့်မျက်နှာလေးကို သတိလက်လွတ် ငေးနေမိစဉ်မှာ . . .

"ဘာကြည့်နေတာလဲ . . . လာ . . . ဘုရားကန်တော့မယ်"

နှုတ်ခမ်းတစ်ဖက်ကိုက်၍ ရှက်အမ်းအမ်းပြောမှ ကျွန်တော်လည်း သတိဝင်ကာ 'ဟီး'ခနဲ ရယ်လိုက်မိသည်။ ကျွန်တော့်အဖြစ်ကို မြင်ကာ သက်ထားနှင့်သဥ္ဇာတို့ကလည်း ဝိုင်းရယ်သည်။

ကျွန်တော်လည်း မျက်နှာပူပူနဲ့ပင် နောက်ဆုတ်ထိုင်လိုက်သည်။ ထိုစဉ်၌ အောင်ရဲနှင့်စိုးထက်တို့မှာလည်း အသီးသီး နေရာယူပြီးနေပါပြီ။ ထို့နောက်တော့ ဆံတော်ရှင်ကျိုက်ထီးရိုး စေတီတော်မြတ်ကြီးအား လက်ဆယ်ဖြာထိပ်မှာမိုး၍ ပူဇော်ကန်တော့လိုက်ပါသည်။

ဆီမီး (၉၀၀၀) ၏ ကြည်ညိုဖွယ် ရောင်ဝါတို့ရဲ့ အထက်မှာ ရွှေအတိပြီးသော စေတီတော်မြတ်ကြီးက ရှိခိုးလို့မဝနိုင်။ ပူဇော်လို့မဝနိုင်။

ထုံးစံအတိုင်း ကျွန်တော်တို့ ရှိခိုးကန်တော့ပြီးသည်ထိ သူမတို့မှာ ဘုရားစာရွတ်ဆိုကောင်းဆဲပင်။ တခြားဘုရားဖူးများလည်း နောက်မှာရှိသည်မို့ ဆက်ထိုင်ဖို့ အဆင်မပြေကာ ထပေးလိုက်ရသည်။ ပြီးတော့ ခပ်လှမ်းလှမ်းတွင်ရပ်ပြီး သူမတို့အပြီးကို စောင့်နေလိုက်၏။ ထိုစဉ်မှာပဲ မခိုးမခန့်ပုံစံဖြင့် ရှေ့တည့်တည့်လာရပ်သည့် လူတစ်ယောက်။

မျက်လုံးလှန်ကြည့်တော့ . . .

ဖိုးတေ။

သကောင့်သားက မှုန်တေတေပုံစံဖြင့် ကျွန်တော့်ရှေ့မှာ ရပ်ရင်း . . .



"ခင်ဗျားနဲ့ ကျုပ် စကားပြောချင်တယ်"

"ငါကတော့ မပြောချင်ဘူး"

"အမ် . . ."

ကျွန်တော့်အဖြေစကားကြောင့် တမင်တကာလုပ်ယူထားသော မှုန်တေတေအိုက်တင် ပြာသွားသည်။ စိတ်ဆတ်သော အောင်ရဲက . . .

"မင်းက ဘာပြောချင်လို့လဲ"

"ကျုပ် သူနဲ့ပြောချင်တာ"

အောင်ရဲ 'ရှူး'ခနဲ ဖြစ်သွား၏။ စိတ်ဆတ်သူမို့ ကပျာကယာပင် အောင်ရဲပခုံးကို ကျွန်တော် လှမ်းဆွဲလိုက်ရပါသည်။ ခပ်လှမ်းလှမ်း လှေကားထစ်တွေမှာ သူ့သူငယ်ချင်းနှစ်ယောက်က အခြေအနေအားလုံးကို မမှိတ်မသုန် အကဲခတ်နေ၏။

ကျွန်တော်တို့ရှေ့ရောက်လာတာပင် သကောင့်သားပုံစံက အပိုးမကျိုး။ ငြိမ်နေလျှင်လည်း သွေးမရှိရာကျမည်မို့ . . .

"ကဲ . . . ပြောစေကွာ . . . နားထောင်ပေးမယ်။ ပြော"

ခပ်ပေါ့ပေါ့ ပုံစံနှင့်စကားကြောင့် ဖိုးတေဆိုသူက မဲ့ပြုံးတစ်ချက်ပြုသည်။

ပြီးတော့ . . .

"ဒီနားမှာ လူနည်းနည်းရှုပ်တယ် . . . ဟိုထောင့်မှာ သွားပြောရအောင်"

ညွှန်ပြရာက ရင်ပြင်တော်ထောင့်စွန်း လူရှင်းသောနေရာလေးပါ။ ရပ်ကြည့်နေသူ အပေါင်းပါနှစ်ယောက်နဲ့ မလှမ်းမကမ်း။ စဉ်းစားမနေတော့၊ ကျွန်တော်ကပင် ဦးဆောင်ကာ ထွက်သွားလိုက်သည်။ ကျွန်တော် လှည့်ထွက်သွားသည်ကို မြင်တော့ . . .

"ဟေ့ကောင် . . . သီဟ"

စိုးရိမ်သလို အောင်ရဲက လှမ်းခေါ်သည်။ အဓိပ္ပာယ်က လိုက်မသွားနဲ့ဟုသည့်သဘော။ ကျွန်တော်က လက်ကာပြကာ ရှေ့မှပင် ဆက်



www.burmeseclassic.com

www.burmeseclassic.com

သွားလိုက်ပါသည်။ ဖိုးတေဆိုသူက နောက်ဘက်မှပါလာသည်။ မလှမ်းမကမ်း လှေကားထစ်တွေဆီမှာက သူ့ရဲ့အပေါင်းအပါနှစ်ဦး။

ညွှန်းဆိုရာထောင့်ကိုရောက်တော့ ကျွန်တော်နောက်ဘက်ပြန်လှည့်ကာ . . .

"ပြောနိုင်ပြီ"

ဖိုးတေက ကျွန်တော်နဲ့ မျက်နှာချင်းဆိုင်၏။ ခါးကိုထောက်ကာ မျက်လုံးချင်းဆိုင်ကြည့်ပြီး . . .

"ခင်ဗျားနဲ့ သဲဆုမွန်ရဲ့ ပတ်သက်မှုကို သိချင်တယ်"

ကျွန်တော် 'ဟက်'ခနဲ တစ်ချက်ရယ်ကာ . . .

"မင်းမြင်တဲ့အတိုင်းပဲလေ"

"ဘာသဘောလဲ။ ခင်ဗျားတို့နှစ်ယောက် ကြိုက်သွားကြပြီလို့ ဆိုလိုတာလား"

ကျွန်တော် ပုခုံးကို တွန့်မိလိုက်၏။

"ခက်တာပဲ . . . ငါကလည်း ကိုယ်ရေးကိုယ်တာကို သူများ ပြောမပြတတ်ဘူး"

"ကျွတ် . . . "

ပြုံး၍သာ ကြည့်နေမိသည်။ ဖိုးတေဆိုသည့် ငနဲသား ဆံပင်ရှည်ထားပြီး ထင်သလောက်လည်း မဟုတ်ပါ။ သကောင့်သားက အံကို တစ်ချက်ကြိတ်ကာ . . .

"သဲဆုမွန်ကို ကျုပ် စိတ်ဝင်စားနေတယ်"

"ငါသိတယ်"

"အဲတော့ ခင်ဗျားတို့အုပ်စု သူတို့နဲ့ ဝေးဝေးနေပါ"

ကျွန်တော် ရယ်မိလိုက်သလားမသိပါ။

"မင်းက အမိန့်ပေးနေတာလား"

"ခင်ဗျားက ဘယ်လိုထင်လို့လဲ"



ထိုစဉ်မှာပဲ နောက်ဘက်မှ အုပ်လိုက်ကြီးပြေးချလာသည်။ ကြည့်မိတော့ အောင်ရဲတို့ပင်မဟုတ် မိန်းကလေးများပါ ပြေးလာကြ၏။ ထိုအခြင်းအရာကိုမြင်တော့ ဖိုးတေ၏ နောက်တော်ပါးနှစ်ဦးကလည်း အသင့်အနေအထား မတ်တတ်ထရပ်သည်။

ကျွန်တော်တို့နှစ်ဦး ဘာမှမဖြစ်သေးပေမဲ့ အောင်ရဲကိုလှမ်းတားလိုက်ရသည်။

"အောင်ရဲ . . . အေးဆေးပဲ"

ဒါပေမဲ့ သုံးယောက်လုံးက ဖိုးတေကို ဝိုင်းပြီးသား ဖြစ်သွားလေသည်။ ထိုစဉ်မှာပဲ လုံးဝ ထင်မှတ်မထားသော ဖြစ်ရပ်တစ်ခု။ ညို စိမ့်လေးမှာ ကျွန်တော့်ဘေး လှစ်ခနဲရောက်လာပြီး လတ်တစ်ဖက် လေပေါ်ဝဲသွားသည်။

ပါးပေါ်မကျခင် နောက်ဘက်မှ အလျင်အမြန်ဖမ်းဆွဲကာ . . .

"ဆုမွန် . . . မလုပ်နဲ့၊ ဘုရားပေါ်မှာ"

ဖိုးတေကို ရိုက်အံ့ဆဲဆဲလက်ဝါးက လေထဲမှာ တန့်သွားသည်။

"ဟယ် . . ."

"အို . . ."

သက်ထားနှင့်သဥ္ဇာမှာ တစ်ခါမှမမြင်ဖူးသည့် ဆုမွန်အပြုအမူကို ကြည့်ပြီး အာမေဋိတ်သံတို့ပင် ထွက်သွားရပါသည်။ ဖိုးတေမှာတော့ ဆုမွန်ကိုကြည့်ပြီး မျက်လုံးအကြောင်သား။ အံ့သြမှင်သက်မှုတွေ တစ်ခဲနက် ဖြစ်လွန်းလို့။

ဖိုးတေရဲ့အပေါင်းအသင်းနှစ်ယောက်မှာလည်း ရပ်တဲ့တုံ့ဆိုင်းကာ ဘာလုပ်ရမှန်းမသိ။

အံကြိတ်ထားလျက်မှ ဆုမွန်၏ မျက်လုံးအိမ်မှ မျက်ရည်တွေ သွင်သွင်စီးကျလာသည်။ နှုတ်ခမ်းများ တဆတ်ဆတ်တုန်ကာ ဒေါသတကြီးနာကျည်းမှုတွေ မျက်လုံးမှာအပြည့်။



www.burmeseclassic.com

www.burmeseclassic.com

အနီးနားဝန်းကျင်မှ လူတွေမှာလည်း ကျွန်တော်တို့အဖြစ်အပျက်ကို စူးစိုက်နေကြပြီ။ တချို့တွေဆို ရပ်များပင် ငေးလို့။

နှုတ်ခမ်းတို့ ပြတ်ထွက်မတတ်ကိုက်ထားရာမှ ထိန်းထားသော ကျွန်တော့်လက်တွင်းမှ သူမလက်ကို ဆောင့်ရုန်းကာ . . .

"ဖိုးတေ . . . နင့်ကိုငါ တအားရွံတာပဲဟာ"

လက်ညှိုးထိုးပြော၍ မျက်ရည်စက်လက်နှင့် လှေကားဆီပြေးတက်သွားလေတော့သည်။

ကျန်ရစ်ခဲ့သော လူတစ်စုမှာတော့ . . .

ပထမဆုံး သတိဝင်သူက ကျွန်တော် . . .

"ဆုမွန် . . . ဆုမွန် ခဏလေး . . ."

ကျွန်တော် ပြေးလိုက်တော့ သက်ထားနှင့် သဥ္ဇာတို့လည်း နောက်မှပါလာကြသည်။ ရပ်ကြည့်နေသူတွေ၊ စူးစမ်းနေသူများကို တိုးဝှေ့ဖောက်ထွက်ပါသော်လည်း . . .

ရှက်တတ်သူ မြန်မာမိန်းကလေးတစ်ယောက်ရဲ့ ဣန္ဒြေ၊ သိက္ခာကြီးမှုတွေမှာတော့ . . .

အဓိပ္ပာယ်မျိုးစုံဖြင့် ရပ်ငေးသော မျက်လုံးတွေကြားမှာ . . .

မျက်ရည်တို့သာ တစ်စက်ပြီးတစ်စက်

ဆက်ဆက်ကျလို့ . . .



# XXIX

"တောက် . . ."

အောင်ရဲ၏ တောက်ခတ်သံကျယ်ကြီးက အဆောင်တစ်ခုလုံးဟိန်းသွားသည်။

"တစ်ခါတည်း ဖြတ်ရမှာကွာ။ မင်းတားလိုက်လို့"

"ဟ . . . မတားလို့ရမလားကွ။ ဘုရားရင်ပြင်တော်ကြီးပေါ်မှာ ဘုရားဖူးတွေ အများကြီးနဲ့ ဘယ်လိုလုပ်ရန် ဖြစ်လို့ရမှာလဲ။ ကိုယ့်ကိုယ်ကိုယ် ဗုဒ္ဓဘာသာဆိုတာလည်း သတိထားဦးမှပေါ့"

ပြေပြေလည်လည်ပြောတော့လည်း အောင်ရဲမှာ ပြန်မပြောရှာပါ။ ခံပြင်းစိတ်ဖြင့်သာ အံတကြိတ်ကြိတ်ဖြစ်နေပါသည်။ ဆုမွန်ထွက်ပြေးတော့ ချက်ချင်းပင် ကျွန်တော် နောက်က ပြေးလိုက်သည်။ ကျွန်တော့်နောက်မှာ အားလုံးပါလာကြ၏။

ကျွန်တော့်ရင်တွင်းမှာက ဖြစ်ပျက်ခဲ့သော ပဋိပက္ခများကို မေ့ပြီး ဆုမွန်အပေါ် စိုးရိမ်စိတ်သာရှိပေမဲ့ ဒီကောင်တွေကတော့ အခဲမကျေဖြစ်နေသည်ထင်သည်။ အောင်ရဲမပြောနှင့် အမြဲအေးအေးနေတတ်သော အောင်ဇော်မင်းပင် မျက်နှာက မာထန်ကာနေသည်။

www.burmeseclassic.com

အောင်ရဲကတော့ ရှေ့တူရူမှ ထမင်းဆိုင်ကိုကြည့်ပြီး အံကြိတ်ထားတာ မေးကြောများပင် ထောင်လို့။ ဒီအချိန်သာ ဟိုသုံးကောင်တို့ တွေ့ပါက ချက်ချင်းဆင်းထိုးကြည့်မည့် လက္ခဏာတွေရှိသည်။ ရင်ပြင်တော်ပေါ်မှ ဆင်းလာတော့ ဟိုသုံးကောင်ကျန်နေခဲ့၏။ ယခုထိလည်း အဆောင်ကို ပြန်ရောက်သေးဟန်မထင်ပါ။ ဒါသည်ပင် ကံကောင်းသည်ဟု ပြောရပါမည်။

မိန်းကလေးသုံးဦးမှာတော့ အခန်းထဲဝင်ပြီးကတည်းက ပြန်ထွက်မလာတော့။ မျက်ရည်စက်လက်နှင့် သည်းသည်းထန်ထန် ရှိုက်ရှုံ့သွားရှာသော ဆုမွန်ကို ကျွန်တော် သနားနေမိပါသည်။ တံခါးတို့ အတွင်းမှပိတ်ပြီး ရှိုက်သံသဲ့သဲ့တွေ အပြင်ကို လျှံကျနေ၏။ ဝိုင်း ချော့မော့နေကြသော သက်ထားနှင့် သဏ္ဍာတို့၏ အသံတိုးတိုးကိုလည်း ကြားရသည်။

ကျွန်တော်ကတော့ စင်္ကြံတွင် ခေါက်တုံ့ခေါက်ပြန်လျှောက်ပြီး ဘာလုပ်ရမှန်းမသိပါ။ ရင်ထဲမှာ ပူနေသည်။ ဆုမွန်အခြေအနေကို သိချင်ပေမဲ့ မမေးရက်။

ကိုယ့်အာရုံနှင့်ကိုယ် ရှိနေကြသည်မို့ အချင်းချင်းပင် စကားမပြောချင်တော့။ နောက်ဆုံး ကြံရာမရဖြစ်ပြီး အခန်းတွင်းသာ ဝင်လှဲနေလိုက်ပါတော့သည်။ စောင်ကို လည်ပင်းထိတင်ခြုံကာ အိပ်ပျော်ဖို့ပင် ကြိုးစားလိုက်သည်။

ပြီးလေပြီ။

အဓိပ္ပာယ်ရှိလွန်းသော ညတစ်ညက အဆင်မပြေလွဲချော်မှုတွေနဲ့သာ ပြီးဆုံးသွားတော့မည်။

ယခုညသည် ကျွန်တော်တို့နှစ်ဖွဲ့လုံး၏ နောက်ဆုံးည။

ကျွန်တော်တို့၏ ဓာတ်သိမ်းခန်းမှာတော့ ရှိုက်သံတွေ၊ ခံပြင်းမှုတွေသာ ပလူပျံနေသည်။ ဖွင့်ပြောရန် စဉ်းစားထားသော အောင်ရဲနှင့် စိုင်းထက်တို့မှာလည်း ရည်ရွယ်ချက် ရိုက်ချိုးခံလိုက်ရသလို . . .



တအောင့်ကြာတော့ နှစ်ကောင်လုံး အခန်းတွင်း ပြန်ဝင်လာသည်။ ကျွန်တော့်ဘေးတွင် ဝင်လှဲကာ မချိတင်ကဲ ပြောဆိုနေပါ၏။

"သေရောကွာ . . . ဘာမှလုပ်မရတော့ဘူး"

"ဒီညလေး အားခဲထားတာ သွားရောပဲ"

မျက်လုံး မှိတ်ထားလျက်မှပင် သူတို့ပြောစကားများကို နားထောင်နေလိုက်သည်။

"သူတို့ကိုတော့ ဘယ်လိုမှ အပြင်ပြန်ခေါ်ထုတ်လို့ရမှာ မဟုတ်တော့ဘူး။ ငါတို့ ဘယ်လိုလုပ်ကြမလဲ"

နှမြောတသလေသံဖြင့် စိုင်းထက်ကမေးတော့ အောင်ရဲမှာ စဉ်းစားသွားပါသည်။ ပြီးမှ သက်ပြင်းကိုချကာ . . .

"ငါတို့ အစောကြီး ထရတော့မယ်ထင်တယ်။ မနက် သူတို့ မနိုးခင်ထပြီး သူတို့ထွက်အလာကို စောင့်မှပဲရတော့မယ်"

"ဘာလဲ . . . မင်းက မျက်နှာသစ်တာတောင် မစောင့်တော့ဘဲ ဖွင့်ပြောမလို့လား"

အောင်ရဲမှာ ခေါင်းယမ်း၏။

"မနက်ဖြန်ဆို တောင်အောက်ပြန်ဆင်းကြတော့မှာ။ ဖွင့်ပြောလို့ အဆင်မပြေနိုင်တော့ဘူး"

"ဘာဖြစ်လို့လဲ"

"အေးအေးဆေးဆေး မဟုတ်တော့ဘူးလေ။ သိမ်းတာဆည်းတာနဲ့ အခန်းအပ်ပြီး ကားမီအောင် ပြန်ဆင်းရမှာနဲ့ မလွယ်လောက်တော့ဘူး"

"ဒါဆို မင်းက စောစောထပြီး ဘာလုပ်မှာလဲ"

"လိပ်စာတောင်းရမယ်လေ။ သီဟပြောသလို ပဲခူးသွားပြီးတော့ပဲ ဓာတ်လမ်းထပ်ဆက်ရတော့မှာပဲ"

စိုင်းထက်မှာ ငြိမ်သွား၏။ ပြီးမှ အားမလိုအားမရ တစ်ခွန်း ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဒီညကို နှမြောလိုက်တာကွာ"

ဒါကိုတော့ ထောက်ခံပါသည်။ ဒီကောင်တွေနည်းတူ တန်ဖိုး ရှိလွန်းသော ညတစ်ညကို ကျွန်တော်လည်း နှမြောမိသည်။ ဒါပေမဲ့ မတတ်နိုင်တော့။

ဓာတ်သိမ်းခန်းက အိပ်ရုံကလွဲပြီး ဆက်စရာမရှိတော့သည် မဟုတ်ပါလား။ အခန်းတံခါးဖွင့်ထားသည်မို့ ရှေ့ခန်းကို မြင်နေရ သည်။ တံခါးပိတ်ထားသည်ကိုလည်း အတိုင်းသား တွေ့ရသည်။

ဘေးမှနှစ်ကောင် ဘာတွေပြောနေလည်း မကြားရတော့။ တူရူဆီမှ တံခါးပိတ်ထားသော အခန်းလေးကို ကြည့်ပြီး စိတ်ကူးနဲ့ မျှော်နေခိုက်။

အလျှင်စလို ပြေးလာသော ခြေသံတစ်ခု။

အခန်းရှေ့ရောက်တော့ တီခနဲ ရပ်သွားပြီး နံရံကို ခပ်ပြင်းပြင်း ထုကာ . . .

"ဟေ့ကောင်တွေ . . . ထကြဦး . . . ထကြဦး။ အပြင်မှာ အခြေအနေ တော်တော်ဆိုးနေပြီ"

အောင်ဇော်မင်း၏ အမောတကောအသံကြောင့် . . .

"ဟင် . . . ဘာဖြစ်လို့လဲ"

သုံးယောက်သား ငေါက်ခနဲ ထထိုင်ပြီးသွားချိန် . . .

"လုပ်ကြဦး . . . ဟိုမှာ . . . မင်းကောင်လေးတွေအုပ်စု ရိုက် မယ်နှက်မယ် လုပ်နေကြပြီ"

"ဟင် . . . "

"ဘာဖြစ်တယ်"

အောင်ဇော်မင်းစကားကို နားမလည်စွာ သံယောင်လိုက်မိပေမဲ့

"လာ . . . လာ . . . မြန်မြန်လာ"

ပြောပြောဆိုဆို အောင်ဇော်မင်းမှာ လှည့်ပြေးသွား၏။ ကြောင့် ကျွန်တော်တို့သုံးယောက်လည်း ဘာမှန်းညာမှန်းမသိ ပြေးလိုက်



ရပါသည်။ ပြတင်းပေါက်တွေဆီရောက်တော့ မျက်နှာချင်းဆိုင်မှ မမြင် ချင်ဆုံးကောင်မှာ ဂီတာကို ပေါင်ပေါ်မှာတင်ရင်း အားနဲ့မာန်နဲ့ တီးခတ် နေသည်။

အောင်ဇော်မင်းက ပြတင်းပေါက်မှ ခေါင်းထွက်ကာ ညာဘက် ဆီ ညွှန်၍ . . .

"ဟိုမှာ . . . ကြည့်လိုက်"

ကျွန်တော်တို့ ခေါင်းထွက်ကြည့်မိတော့ . . .

"ဟေ့ကောင် . . . မင်း ရန်စနေတာလား"

"ဒီကောင် ဘာလဲကွ"

"တမင်သက်သက် ငါတို့ကိုချိုးနေတာ"

စသော အော်သံတွေ ညာဘက်ခြမ်းဆီမှ ပွက်လောရိုက်ကာ ထွက်လာသည်။ ကျွန်တော်တို့နဲ့ ကပ်လျက်အဆောင်မှဖြစ်၏။ ဂစ်တာ တိုင်ကာ မီးဝင်းဝင်းတောက်ဖြစ်နေသူက သက်နောင်။ မျက်နှာချင်းဆိုင် မှ ဖိုးတေဆိုသည့်ကောင်ကလည်း ဘာကိုမှ ဂရုမစိုက်သလို ဂစ်တာကို သာ မဲတီးနေသည်။

ဘာတွေဖြစ်နေကြမှန်း ကျွန်တော်တို့နားမလည်။ စိတ်မြန်သော အောင်ရဲက စကြံမှ ကပ်လျက်အဆောင်ကို ကူးရန်ပြင်သည်။ ထမင်း ဆိုင်တို့မှာ အပေါ်တွင်တစ်ဆောင်နဲ့တစ်ဆောင် ကူးလို့ရရန် စင်္ကြံသဘော မျိုး လုပ်ထားပါသည်။ အပြင်ထွက်ချင်လျှင်လည်း ထိုစင်္ကြံမှပင် လှေကား ဖြင့် အောက်ဆင်းရခြင်းဖြစ်၏။

ဒါပေမဲ့ တစ်ဖက်ဆောင်မှာ တံခါးပိတ်ထားသည်။

နှစ်ချက်လောက် ခပ်ပြင်းပြင်းထုတော့ တံခါးလာဖွင့်ပေး၏။ ကျွန်တော်တို့အုပ်စု ဝင်သွားလိုက်စဉ်မှာ . . .

"သက်နောင် . . . ဘာဖြစ်လို့လဲ"

ကျွန်တော်တို့ကိုတွေ့တော့ ခက်ထန်နေသော သက်နောင် မျက်နှာမှာ အနည်းငယ်ပြေလျော့ပြီး အားကိုးရိပ်တို့ ပေါ်သွား . . .



www.burmeseclassic.com

www.burmeseclassic.com

"လုပ်ပါဦး . . . အစ်ကိုရယ်၊ ဟိုဘက်ကကောင် ကျွန်တော်တို့ကို အလွတ်ကြီး ရန်လာစနေတယ်"

"ဘယ်လိုရန်စလို့လဲ"

အောင်ရဲက အလျှင်စလို ဝင်မေးတော့ . . .

"ဒီလို . . . အစ်ကို၊ ရှေ့အဆောင်က ထွက်ကြည့်နေတဲ့ မိန်းကလေးအုပ်စုကို တွေ့လား"

လှမ်းကြည့်တော့ သက်နှောင်တို့နှင့် သက်တူရွယ်တူ လှတပတ မိန်းကလေးတစ်အုပ်ကို တွေ့ရသည်။

"အဲဒီထဲမှာ ကျွန်တော်စိတ်ဝင်စားနေတဲ့ ကောင်မလေးပါတယ်။ သူတို့ကိုရည်ရွယ်ပြီး ကျွန်တော်တို့ဘာသာ အေးအေးဆေးဆေး ဂစ်တာတီးပြီး သီချင်းဆိုနေကြတာ။ အဲဒါကို ဟိုဘဲက အလွတ်ကြီး လက်စွမ်းတွေ လာပြနေတယ်ဗျာ"

လှမ်းကြည့်တော့ ဖိုးတေမှာ ယခုချိန်ထိ mood အပြည့်နဲ့ ဂစ်တာတီးကောင်းဆဲ။

"ကျွန်တော်တို့ဆိုသမျှ သီချင်းတိုင်းကို နောက်ကနေ picking လိုက်တီးတယ်။ တစ်ပုဒ်လည်း မဟုတ်ဘူး။ နှစ်ပုဒ်လည်း မဟုတ်ဘူး။ ကြာတော့ ကျွန်တော်တို့ အောက်တာပေါ့ဗျာ။ အရင်ကတည်းကမှ ကိုယ်တွေက သိပ်မတီးတတ်တာကို ကျွန်တော်တို့တီးသမျှကို နောက်က picking လိုက်တော့ ဘယ်လိုလုပ်ဆက်တီးတော့မလဲ။ တခြားသီချင်းလည်း တီးတာမဟုတ်ဘူး။ တမင်တကာကို ရန်စနေတာ။ ဟိုကောင်တွေဆို တော်တော်ထိန်းထားရတယ်။ အကုန်လုံး လက်ယားနေကြပြီ"

သက်နှောင် သူငယ်ချင်းတွေကို လှေ့လာတော့ ပြောသလိုပါပင်။ လက်သီးလက်မောင်းပင် တန်းကုန်ကြပြီဖြစ်၏။

"အစ်ကိုတို့ပဲ စဉ်းစားကြည့်။ ရှေ့မှာက ကျွန်တော်တို့ စိတ်ဝင်စားနေတဲ့ ကောင်မလေးတွေ။ ဆက်မတီးနိုင်လို့ အခုလို ရပ်လိုက်ရတော့ ကျွန်တော်တို့တွေ သွားပြီပေါ့"



ကိုယ်ချင်းလည်း စာမိပါသည်။ ဒါပေမဲ့ . . .

"ငါညီတို့ရာ . . . ဘုရားလာဖူးကြတာပဲ။ ရန်တော့ မဖြစ်ကြပါနဲ့"

အကြီးတစ်ယောက်အနေနဲ့ မဖြစ်သင့်တာမဖြစ်ရအောင် ကျွန်တော် တားလိုက်သည်။ အောင်ရဲက . . .

"အစ်ကို တစ်ပုဒ်လောက် တီးလို့ရမလား"

"ဗျာ . . ."

ကောင်လေးအုပ်စု အံ့သြသွားပါ၏။ သက်နှောင်က ကပျာကယာပင် . . .

"ဟာ . . . ရတာပေါ့ဗျာ။ လုပ်စမ်းပါ၊ တီးစမ်းပါ။ ကျွန်တော် ခံပြင်းလွန်းလို့ပါ"

မြင်းကို အတောင်တပ်ပေးလိုက်ချေပြီ။ ဂစ်တာမှာ အောင်ရဲ လက်တွင်း ရောက်သွားသည်။ မနေ့ညကတည်းက တစ်ကိုယ်တော်လက်စွမ်းပြပွဲကို ကြည့်မရနေတာနဲ့ ခုန ခံပြင်းမှုတို့ပေါင်းကာ အောင်ရဲပုံစံက အားမာန်အပြည့်။

ပြတင်းပေါက်ပေါင်ပေါ် ခြေတစ်ဖက်တင်ကာ ဂစ်တာကိုပိုက်ပြီး တီးဖို့ပြင်သည်။ အောင်ရဲလက်တွင်း ဂစ်တာရောက်နေသည်ကို မြင်တော့ ဖိုးတေမှာ မဲ့ပြုံးပြုံးသွား၏။ ထိုအပြုံးက 'မင်းက ဘာကောင်မို့လို့လဲ။ ဘယ်လောက်တီးတတ်လို့လဲ' ဟူသည့် ရိုတိတိအပြုံး။

ထိုအပြုံးကြောင့် တီးအံ့ဆဲဆဲအောင်ရဲကို ကျွန်တော် တားလိုက်သည်။

"ဒီနေရာက နည်းနည်းဝေးတယ် . . . ဟော့ကောင်။ ဒီကောင်နဲ့ မျက်နှာချင်းဆိုင်ဖြစ်အောင် ငါတို့အဆောင်ဘက် သွားတီးရအောင်"

ကျွန်တော့်စကားကို အားလုံးက ထောက်ခံသည်။ ထိုကြောင့် အလျင်အမြန်ပင် ကျွန်တော်တို့ဘက်ခြမ်းကို ပြန်ကူးလာလိုက်သည်။ နှစ်ဖွဲ့ပေါင်းမိသွားသည်မို့ လူမှာ တော်တော်များသွား၏။



www.burmeseclassic.com

www.burmeseclassic.com

မျက်နှာချင်းဆိုင်ကိုရောက်တော့ ဂစ်တာကို ပေါင်ပေါ်တင်ကာ အသံစမ်းသည်။ စိတ်ကြိုက်ဖြစ်တော့ အချိန်တစ်ခုကို စောင့်နေလိုက်ပါသည်။

အောင်ရဲစောင့်သော အချိန်မှာကား . . .

ဖိုးတေမှာ တီး၍ မဆုံးသေးပါ။ ကျွန်တော်တို့အဖွဲ့ဆီ ဂစ်တာ ရောက်လာတော့ အကြိုက်တွေ့သွားသည်ထင်ပါ၏။ အထင်မကြီးသော အပြုံးတစ်ခုကို မျက်နှာပေါ်တင်ကာ mood အပြည့်ဖြင့် တီးကွက်တစ်ခု ကို ပုံဖော်နေသည်။

နားစိုက်ထောင်တော့ ချက်ချင်းပင် သိလိုက်သည်။

ထူးအိမ်သင်၏ 'ပထမ အသည်းကွဲဓာတ်လမ်း' ဖြစ်ပါသည်။ အဆိုမပါဘဲ အတီးသက်သက်ဆိုပေမဲ့ နားထောင်လို့ကောင်းသည်။ ဒါ ပေမဲ့ တစ်ခုတော့ ပြောစရာရှိ၏။ တီးခတ်သူရဲ့ စိတ်ကြောင့်လားမသိ။ သံစဉ်က နူးညံ့မှုပျောက်ကာ အနည်းငယ်ခက်ထန်နေသလို ရှိသည်။

သီချင်းဆုံးတော့ ဖိုးတေမှာ ဂီတာကို ထက်အောက်တစ်ချက် ဆွဲခတ်ရင်း ပခုံးတွန့်ပြသည်။ 'ဘယ်လိုလဲ' ဟူသည့်သဘော။ ဒါမှမဟုတ် ကျွန်တော်တို့အား အလှည့်ပေးသည်သဘော။

အောင်ရဲမှာ မျက်လုံးတို့ မှိတ်ဆင်းသွား၏။ ပြီးတော့ တီးကွက် တစ်ခုကို အသက်သွင်းလိုက်ပါသည်။ အောင်ရဲလက်မှထွက်လာသည့် သံစဉ်ကတော့ ခုနနဲ့ ခြားနားစွာ ချိုချိုအေးအေးလေး။

"အဓိပတိလမ်းမှ ခြေရာများ"

ထူးအိမ်သင်၏ သီချင်းတစ်ပုဒ်ပါပင်။ မနေ့ကတင် မျက်နှာ ချင်းဆိုင်ပုဂ္ဂိုလ် တစ်ကိုယ်တော်လက်စွမ်းပြသွားသည့် သီချင်း။ မနေ့ ကတည်းက ကြည့်မရနေတာမို့ 'ဒီလောက်ကတော့' ဟူသည့်သဘော ပြန်တီးပြခြင်းပါ။

ဂီတာ picking သံက ကြည်လင်ပြတ်သားကာ ပတ်ဝန်းကျင် ကို အတိုင်းအတာတစ်ခုထိ အေးချမ်းသွားစေသည်။ အတီးသက်သက်



ပင်ဖြစ်ပေမဲ့ Rhythm ဖမ်းပေးသည့်သဘော ကျွန်တော်တို့ ကြားရုံသာ တိုးတိုးလိုက်ဆိုဖြစ်ကြသည်။

"အဓိပတိလမ်းမထက်အတိတ်က တို့ခြေရာများ × × × တိမ်တိုက် လို ဝေးလွင့်လို့သွား၊ အားလုံးပျောက်ကွယ်လေပြီ × × × ရာသီတွေ ချာ ချာလည်မှုန်ဝါး × × × အတိတ်က ခြေသံတိုးတိုးသွား တို့နှစ်ယောက် တကယ်ကို ဝေးခဲ့ကြပြီလား"

သံစဉ်လေးက အထိအတွေ့၏ ခံစားမှုနဲ့အတူ အေးမြကာ စီး ဆင်းသွားပါသည်။ လက်သံကို မြည်းစမ်းခွင့်ရလိုက်ပြီမို့ ဖိုးတေတို့အုပ် စု ငြိမ်ကျသွားသည်။ အောင်ရဲမှာတော့ မျက်လုံးမှိတ်ထားဆဲ။

လက်ခတ်နဲ့ ဂီတာကြိုးတို့ တိုးထိထွက်လာမည့် အသံတစ်ခု ချင်းစီကိုသာ အာရုံအပြည့်သွင်းလို့။

chorus ဆုံးတော့ ခုန ကျွန်တော်တို့အား ပြုံးပြသည့် အပြုံး မျိုး မျက်နှာချင်းဆိုင်မှ သုံးကောင်ကို ပြန်ပြုံးပြလိုက်သည်။ ကျွန်တော့် အပြုံးကြောင့် သုံးယောက်လုံးမှာ မခံချိမခံသာ။

နောက်ဆုံး Chords အထိ အောင်ရဲ အမှားအယွင်းမရှိ တီးပြ သွားပါသည်။ သီချင်းဆုံးတော့ ခုနလုပ်ပြသွားသလိုပင် ဂစ်တာကို ထက် အောက် တစ်ချက်ခတ်ပြီး အောင်ရဲကပခုံးကို ဟန်ပါပါ တွန့်ပြ၏။

အစအဆုံး နားထောင်နေသော သက်နောင်တို့အုပ်စုမှာ လက် ခုပ်ဝိုင်းတီးကြပါသည်။ မကြာခင်က ခံထားရသူတွေမို့ သူတို့လက်ခုပ် သံက လိုတာထက် ပိုကျယ်နေကြောင်း ခံစားမိသည်။ လက်ခုပ်သံမဆုံး ခင် ဖိုးတေက ဂစ်တာကို ပေါင်ပေါ်ပြန်တင်ကာ သီချင်းတစ်ပုဒ်ကို စတင် သည်။

ကျွန်တော်တို့လိုပင် သူလည်း ထူးအိမ်သင် ခရေဇီထင်၏။ ထွက် ပေါ်လာသည်က 'တစ်သက်တာ အမှတ်တရ'။

ဂီတာကို ကျွမ်းကျင်ပိုင်နိုင်စွာ တီးခတ်တတ်သူမို့ သီချင်းတစ်ပုဒ် လုံးကို အမှားအယွင်းမရှိ တီးပြနိုင်ပါသည်။ သီချင်းဆုံးတော့ နောက်



www.burmeseclassic.com

www.burmeseclassic.com

တော်ပါးနှစ်ယောက်က လက်ခုပ်တီးကာ အားပေး၏။ ကျရောက် လာသည်က ကျွန်တော်တို့အလှည့်။

အောင်ရဲက ထင်မှတ်မထားသော သီချင်းတစ်ပုဒ်ကို တီးလိုက် ပါသည်။ အမေရှိသူတိုင်း ခံစားတတ်သော သီချင်း၊ သားဆိုးသားမိုက် တို့အတွက် ဆိုနှင့်ဖွယ်အတိပြီးသော သီချင်း။ တီးကွက်တိုင်းနှင့် စာသား တိုင်မှာ အဓိပ္ပာယ်အပြည့်ပါသော သီချင်း။

အမေ (သို့) မေတ္တာတော်ဘွဲ့တေးစီးရီးထဲမှ 'မေမေ'ဟူသော

တီးခဲ့သမျှတိုင်းတွင် ယခုသီချင်းက အောင်ရဲ၏ အကောင်း ဆုံးဟု ဆိုရလောက်သည်။ လက်သံကို နားထောင်ပြီးလည်း တစ်ဖက် လူတွေ တော်တော်ဖြုံသွားမည်ထင်၏။

ဂစ်တာသံဆုံးသွားစဉ်မှာ တစ်ဖက်အုပ်စုတွေ လက်သံပြောင်း သွားသည်။ ကျွန်တော်တို့နှင့် အနည်းငယ်စိမ်းသော သံစဉ်တစ်ပုဒ် မျက်နှာ ချင်းဆိုင်ဆီမှ ထွက်လာသည်။ အားစိုက်နားထောင်လိုက်ပေမဲ့ အချိန် အတော်ကြာသည့်တိုင် သူတို့ ဘာသီချင်းတီးနေမှန်း ဖော်လို့မရပါ။

ဝေခွဲမရဖြစ်နေသော ကျွန်တော်တို့ပုံစံကိုမြင်တော့ ကိုဆံရှည် တို့ လက်သွက်လာသည်။

"သီဟ . . . ဒီကောင်တွေ ဘာသီချင်းတီးနေတာလဲ"

အောင်ရဲက လှည့်မေးပေမဲ့ ကျွန်တော်လည်း လောလောဆယ် အဖြေရှာလို့မရ။ လက်သံက အရမ်းကြီးတော့ မစိမ်း။ ကြားဖူးနေကျ လည်းမဟုတ်။ အသည်းအသန် စဉ်းစားရပါသည်။ သူတို့ပြီးသွားလို့မှ ကိုယ်တွေ ပြန်မတီးနိုင်ရင် သွားပြီ။ လုံးဝကို ရှုံးပေပြီ။

သူစိမ်းများရဲ့ရှေ့မှာ . . .

အောင်ရဲမှာလည်း ဂစ်တာကိုပိုက်ကာ ဦးနှောက်နဲ့နားကို အပြင်း အထန် အလုပ်ပေးနေသည်။ ကျွန်တော်တို့ စဉ်းစားရခက်နေသည်ကို သဘောပေါက်ကာ ဖိုးတေက ဂစ်တာကို မြန်မြန်တီး၏။



Chorus လွန်ပေပြီ။ ending ပိုင်းပင် ရောက်နေပြီ။ ကျွန်တော် တို့ ဦးနှောက်မှာ ကြားရသော သံစဉ်နဲ့ပတ်သက်ပြီး တိကျမှုကို မပေး သေး။ သီချင်းပြီးကာနီးမှ အောင်ရဲက ဝမ်းသာအားရ ထအော်သည်။

"Eagles . . . Eagles . . . ဟုတ်တယ် . . . အဲဒါ Eagles သီချင်း"

အစထွက်တော့ သီချင်းတစ်ပုဒ်က ခေါင်းထဲမှာ အလိုလိုပေါ် လာသည်။

"You are not alone"

အောင်ရဲက လက်ဖျောက်ထတီး၏။ ထိုစဉ်မှာပဲ ဂစ်တာသံမှာ တိတ်သွားပါသည်။ တော်သေး၏။ အချိန်မီလိုက်ပေလို့။

အောင်ရဲက ပြန်တီးပြမယ်လုပ်တော့ တစ်ဖက်မှ အသံတစ်ရပ် ထွက်ပေါ်လာသည်။

"မင်းတို့ထဲမှာ ဂစ်တာတီးတတ်တာ အဲဒီတစ်ယောက်တည်း လားကွ၊ တခြားသူ မတီးတတ်တော့ဘူးလား။ ဟား . . . ဟား . . ."

နောက်တော်ပါ နှစ်ယောက်နဲ့အတူ ဘာမှဆိုင်ဘဲ တဟားဟား အော်ရယ်နေပါသည်။ ပြီး အောင်ရဲကို လက်ညှိုးထိုးကာ . . .

"မင်းနဲ့တီးရတာ ပျင်းလာပြီကွာ။ နောက်တစ်ယောက် ပြောင်း တီးပါလား"

ထိုစကားရဲ့ဦးတည်ရာက ကျွန်တော်ဆိုတာ အလိုလို နားလည် လိုက်မိသည်။ သူနဲ့ အဓိက ငြိထားသူက ကျွန်တော်ပင် မဟုတ်ပါလား။ နာမည်တပ် စိန်ခေါ်ခံရခြင်းမဟုတ်တာတောင် ကြက်သီးတို့ ဖြန်းခနဲ ထွင့်သွားမိပါသည်။

တစ်ကိုယ်လုံး ပူနွေးသွားသလို ခံစားလိုက်ရ၏။ မျက်နှာချင်း ဆိုင်ပုဂ္ဂိုလ်တွေက ကျွန်တော့်အား သူငယ်နှပ်စား တစ်ယောက်လို ဝိုင်း ကြည့်နေပါသည်။ အချိန်ဆိုင်းမနေတော့ . . .

"အောင်ရဲ . . . ပေးစမ်းကွာ"



www.burmeseclassic.com

www.burmeseclassic.com

လက်တွင်းသို့ ဂစ်တာနဲ့လက်ခတ် ရောက်ချိန်မှာ အသံပင်စမ်းမနေတော့ ချက်ချင်းပင် . . .

" You are not alone "ကို ပြန်တီးပြလိုက်သည်။ သက်နောင်တို့အုပ်စုက 'ဟေး' ခနဲ ထအော်၏။ သီချင်းဆုံးစဉ်မှာ သူတို့အား အလှည့်မပေးဘဲ နောက်တစ်ပုဒ် ထပ်တီးပြလိုက်ပါသည်။

"Nine hundred miles"

ထင်ထားသလိုပါပင်။ ကျွန်တော်ရပ်လိုက်တော့ တစ်ဖက်မှ တုံ့ပြန်တီးခတ်သံ ထွက်မလာ။ ဒါပေမဲ့ ဒီကောင်လည်ပါသည်။ ထပ်တူလိုက်မတီးဘဲ နောက်သီချင်းတစ်ပုဒ်ကို ပြောင်းတီးသည်။

'T.Gilkyson , R . Dehr , F . Miller' တို့ရဲ့ သီချင်းဟောင်းတစ်ပုဒ်ပါ။

"Green Fields"

ဒီသီချင်းကိုတော့ ကျေကျေညက်ညက် ကြားဖူးသည်။ သူ့လိုပင် အခြားတစ်ပုဒ်ပြောင်းတီးရန် စဉ်းစားပေမဲ့ မတီးနိုင်၍ဟု ထင်မှာစိုးသည်ကြောင့် . . .

"Green Fields"ကိုပဲ ပြန်တီးလိုက်ပါသည်။

ဒါပေမဲ့ တစ်ခုစဉ်းစားမိသည်။ ဒီအတိုင်းဆက်သွားလျှင် ဆုံးနိုင်မည်မထင်တော့ပါ။ တစ်ယောက်တစ်ပုဒ်တီးလိုက်နှင့် မိုးလင်းသွားပေမည်။ ထို့ကြောင့် . . .

"ဟေ့ကောင် . . . ငါတို့ ဒီအတိုင်းဆက်သွားရင် မိုးလင်းသွားလိမ့်မယ်။ အဲတော့ တစ်ယောက်တစ်ပုဒ်ဆီ ပြောင်းတီးရအောင်"

စကားဆုံးတော့ တစ်ဖက်မှ မာထန်ထန် တုံ့ပြန်သည်။

"ဘယ်လိုမျိုးလဲ"

"မင်းတစ်ပိုဒ်တီးလိုက်။ မင်းတီးတာကို ငါရအောင် လိုက်တီးမယ်။ ငါတီးတာကို မင်းရအောင်လိုက်တီး"



ဟုတ်လေပြီ။ စကားဆုံးဆုံးချင်း ကိုဆံရှည်က ပညာပြကွက်တစ်ခုကို ကောက်တီးသည်။ ကျွန်တော် အသာအယာပင် လိုက်တီးနိုင်၏။ ကျွန်တော့်အလှည့်မှာတော့ ပိုမိုပြင်းထန်စွာ ပေါက်ကွဲပစ်လိုက်သည်။ ဘာပဲပြောပြော ချီးကျူးရပါမည်။ အနည်းငယ်နှေးပေမဲ့ အမှားအယွင်းမရှိ ပြန်တီးပြန်နိုင်၏။

ဒါပေမဲ့ နောက်တစ်ကျော့ ပြီးသွားစဉ်မှာတော့ ဖိုးတေ လက်အနည်းငယ် ကျလာသည်။ သူ့တီးကွက်တွေကို ကျွန်တော် လိုက်တီးနိုင်ပေမဲ့ ကျွန်တော့်အလှည့်မှာတော့ . . .

"Eagles ၏ life in the fast lane " ကို ကျွန်တော်တစ်ပိုဒ်ချင်းခွဲကာ တီးလိုက်သည်။ ပထမတစ်ပိုဒ်လိုက်တီးနိုင်ပေမဲ့ ဒုတိယပိုဒ်ရောက်စဉ်မှာ ဖိုးတေ Key နှစ်ခု လွဲသွားပါသည်။

ဆက်မတီးဘဲ ရပ်လိုက်တော့ ဖိုးတေ မျက်နှာပျက်သွားသည်။ သူ့အမှား သူသိသည်ထင်၏။ ဒါပေမဲ့ ဘာမှမတုံ့ပြန်။ ခပ်တည်တည်ဆက်ထိုင်နေသည်ကြောင့် ကျွန်တော် တတိယပိုဒ်ကိုဆက်တီးတော့ . .

သူ့အလှည့်ရောက်စဉ်မှာ ထင်မှတ်မထားတာတစ်ခုကို လုပ်လိုက်ပါသည်။ အဲဒါက Key အကြီးဖြင့် တီးရမည့်နေရာမှာ ဖိုးတေက Key အသေး သုံးလိုက်၏။

မည်သူမှ သတိမထားမိပေမဲ့ ကျွန်တော်တို့အချင်းချင်းက ချက်ချင်းသိလိုက်ပါသည်။ အောင်ရဲက ဖိုးတေ၏ လက်ကွက်ရွေ့လျားမှုကို လှမ်းကြည့်လိုက်ပြီး . . .

"သီဟ . . . ဒီကောင် ဘာလုပ်တာလဲ"

ကျွန်တော်လည်း မျက်တောင်မခတ်စတမ်း လှမ်းကြည့်နေမိပါသည်။ မကြာလိုက် . . .

"ရှုလွမ် . . ."

ဖိုးတေ၏ ဂစ်တာကြိုးတစ်ချောင်းမှာ ထင်မှတ်မထားစွာ ပြတ်



www.burmeseclassic.com

www.burmeseclassic.com

ထွက်သွားပါသည်။ ထိုအခြင်းအရာကိုကြည့်ပြီး ကျွန်တော်တို့ အားလုံးကြောင်သွား၏။ ပထမဆုံးသတိဝင်သူကား သက်နောင်တို့အုပ်စု။

'ဟေး' ဟုအော်သံကိုပြုရင်း လက်ခုပ်လက်ဝါးတွေ တီးကုန်သည်။ ပြိုင်ဘက်၏ ဂစ်တာကြိုးပြတ်သွားမှုကြောင့် ဝမ်းသာအားရ ဟစ်အော် အားပေးလိုက်ခြင်းပါ။ ဒါပေမဲ့ . . .

ကျွန်တော် 'ဟက်' ခနဲရယ်တော့ . . .

"တော်တော်လည်တဲ့ကောင်ကွာ"

အောင်ရဲက မှတ်ချက်တိုးတိုးပြုသည်။ အမှန်က ဖိုးတေမှာ ပညာရှိနည်းနဲ့ ပြိုင်ပွဲမှ နှုတ်ထွက်သွားခြင်းပါပေ။

သူများတွေ မရိပ်မိပေမဲ့ ကျွန်တော်တို့ကတော့ ဖိုးတေကိုယ့်ဘာသာ ကြိုးဖြတ်ပစ်လိုက်ကြောင်း ရိပ်မိသည်။ ကိုယ့်ကိုယ်ကိုယ်မဟန်မှန်းသိသည်မို့ အနိုင်အရှုံးမပေါ်ခင် လှည့်ကွက်သုံး၍ နှုတ်ထွက်သွားခြင်းပါ။

ဖိုးတေက ကြိုးပြတ်သွားပြီဖြစ်ကြောင်း သူ့ဂစ်တာကို ထောင်ပြ၏။ ပြီးတော့ နောက်တော်ပါနှစ်ယောက်နဲ့အတူ ခပ်တည်တည် အတွင်းဘက် လှည့်ဝင်သွားပါသည်။ သက်နောင်တို့အုပ်စုက 'တဝေးဝေး၊ တဟေးဟေး' နှင့် အားပေးသည်။

ဘယ်သူမှ မသိလိုက်ပေမဲ့ မြွေမြွေချင်းမို့ သူ့ခြေ၊ ကိုယ့်ခြေမြင်မည်ဖြစ်ကြောင်း ဖိုးတေ ရိပ်မိမှာပါ။ ကျွန်တော်တို့ သေချာပေါက်သိလိမ့်မည်မို့ သူ့ကိုယ်သူလည်း ရှက်သွားမည်ထင်သည်။

"မှတ်ပြီလား။ ဂီတာတီးတတ်တယ်ဆိုပြီ ဆောင့်ကြွားကြွားဖြစ်နေတဲ့ကောင်။ အခုတော့ ကုပ်နေတာပဲ"

"တစ်ကိုယ်တော် လက်စွမ်းပြဦးလေ"

"ငါတို့ကို နှောင့်ယှက်တုန်းကတော့ ဒီပုံစံမဟုတ်ဘူး"

"အတီးကောင်းလွန်းလို့ ကြိုးပါပြတ်သွားပြီ"



ထိုသို့ တစ်ယောက်တစ်ပေါက် ဝိုင်းအော်ကြတာပင် တစ်ချက်မျှ လှည့်မကြည့်တော့ပါ။

ဒါကိုပင် အောင်ရဲက အားမရသေးဘူးထင်ပါသည်။ ကျွန်တော့်လက်တွင်းမှ ဂစ်တာကိုယူကာ သီချင်းတစ်ပုဒ် ထပ်တီးသည်။

ထိုသီချင်းကြားတော့ ကျွန်တော်လည်း မနေနိုင်စွာ ဂစ်တာအိုးကိုပုတ်ပြီး စည်းချက်လိုက်မိပါသည်။

အောင်ပွဲခံတာလား၊ စိတ်အဆာဖြေတာလား မသိပါ။

ကျိုက်ထီးရိုးတောင်ပေါ်မှာ နောက်ဆုံးအနေနဲ့ ကျွန်တော်တို့ တီးဖြစ်ခဲ့သည့် သီချင်းက . . .

Hotel California"



www.burmeseclassic.com

www.burmeseclassic.com

ထူးခြားမှုတစ်ခုတော့ ရှိ၏။

အဆောင်ရှေ့ဘက်ခြမ်းတွင် ကျွန်တော်တို့ ဆူညံနေတာတောင် ညီစုံမိမ့်လေးတို့အခန်းမှာ တုတ်တုတ်မျှပင် မလှုပ်ခဲ့ပါ။



နောက်ထပ် ထူးခြားမှုတစ်ခုလည်း ရှိပါသေးသည်။



www.burmeseclassic.com

www.burmeseclassic.com

# XXX

အဲဒါက . . .

နောက်တစ်နေ့ မိုးလင်းပြီးချိန်၌ ကျွန်တော်တို့၏ ချစ်လှစွာသော မိန်းကလေးသုံးဦး၏အခန်းမှာ အပြင်မှ သော့ပိတ်ထားလေသည်။ ပတ်ဝန်းကျင်နှင့် မျက်နှာသစ်၊ ခြေလက်ဆေးနေရာတို့တွင် ရှာကြည့်ပါသော်လည်း မတွေ့ရ။

ဘုရားတက်ကန်တော့သည်လား၊ မုန့်ဆင်းစားသည်လား။ အချိန်အတော်ကြာအောင် စောင့်ကြည့်ပါသော်လည်း အရိပ်အယောင် မတွေ့တော့။ နောက်ဆုံး အောက်ထပ်ဝန်ထမ်းများကို ဆင်းမေးမှ မိုးမလင်းခင် ဝေလီဝေလင်းအချိန်ကပင် အခန်းအပ်၍ ပြန်ဆင်းသွားပြီဖြစ်ကြောင်း သိရပါသည်။

ကျွန်တော်တို့သုံးယောက်လုံး ရင်ထဲမှာ 'ဟာ' ဆင်းသွားသည်။ ပန်းတိုင်ရောက်ခါနီးမှ ခြေချော်လဲသွားသလို၊ ပန်းတိုင်ကိုမြင်၍ ရောက်အောင်မသွားနိုင်တော့သလို၊ ဝေး၍ဝေး၍သွားသလို ခံစားလိုက်ရပါသည်။

အိပ်ရာမှ စောစောမထမိသော ကိုယ့်ကိုယ်ကိုယ်ပဲ အပြစ်တင်ရမလား။ ဒီလောက်အခွင့်အရေးတွေ ရပါလျက် လိပ်စာတစ်စုံတစ်ရာ၊



ယုတ်စွအဆုံး ဖုန်းနံပါတ်လေးတစ်ခုတစ်လေပင် မတောင်းမိလိုက်သော ငမိုက်သားအဖြစ် ယူကျုံးမရ ငိုချင်းချရမည်လား။

နောက်ဆုံးတော့ ဟိုးကနဦးကတည်းက တွေးမိထားသော အစီစဉ်အတိုင်းပင် ဆက်လုပ်ဖို့ ဆုံးဖြတ်လိုက်ကြပါသည်။

'ပဲခူးကောလိပ်' မှာ ရှာပုံတော်ဖွင့်ရပေတော့မည်။



www.burmeseclassic.com

www.burmeseclassic.com

## နောက်ဆက်တွဲသတင်း

ဘုရားမှပြန်ရောက်ပြီး နောက်နေ့မှာပင် ကျွန်တော်တို့သုံးဦး ပဲခူးကောလိပ်သို့ ထွက်ခဲ့ကြပါသည်။

ပဲခူးကောလိပ်၌ တစ်ပတ်တိတိ စေ့စေ့စုံစုံ ရှာဖွေပါသော်လည်း သဲဆုမွန်၊ သက်ထား၊ သဉ္ဇာဟူသော နာမည်သုံးလုံး၏ ပိုင်ရှင်များကို မတွေ့ခဲ့ပါ။ နာမည်တူတွေ့ပါသော်လည်း လူချင်းက ဘာမှမဆိုင်ဖွာ ကွဲလွဲနေပါသည်။

ကျွန်တော်တို့ တတ်နိုင်သမျှ အစွမ်းကုန် ကြိုးစားခဲ့ပါသည်။

ဒါပေမဲ့ . . .

ထပ်မံရရှိသော သတင်းအရ ပဲခူးတွင် 'ဖိုးတော' ဦးဆောင်သော လမ်းသရဲအဖွဲ့ဆိုတာလည်း ရှိမနေခဲ့ပါ။



## တစ်လကြာပြီးနောက် . . .

မကျေနပ်၍ နောက်တစ်ခေါက်ဆင်းရှာကြပြန်သော်လည်း ပထမအကြိမ်ထက် ထူးခြားမှုတစ်စုံတစ်ရာ ပိုမလာခဲ့။

နောက်ဆုံးမှာတော့ . . .



www.burmeseclassic.com

www.burmeseclassic.com

လွန်ခဲ့သော (၂) နှစ်ခန့်က ရွှေအတိုပြီးသော ဘုရားကြီးဝန်းကျင်တွင် ရွှေမဖြစ်လိုက်သည့် ဓာတ်လမ်းလေးတစ်ပုဒ်အား အကြိမ်ကြိမ် ခံစားရင်ခုန်ခွင့်ရရန်နှင့် သက်ဆိုင်သူများ သိစေရန်အလို့ငှာ . . .

အနုပညာပစ္စည်းတစ်ခုအဖြစ် ကူးပြောင်းပေးဖို့ ဝတ္ထုရေးဆရာတစ်ဦးအား ကျွန်တော် ပြောပြခဲ့ဖူးပါသည်။

ရေးသားရာတွင်လည်း ကျွန်တော်တို့၏ကိုယ်တွေ့အဖြစ်အပျက်ကလေးများကို မူရင်းအငွေ့အသက်မပျက် ထည့်သွင်းရေးသားပေးရန် မေတ္တာရပ်ခံခဲ့သည်။

ဝတ္ထုတစ်ပုဒ်အဖြစ် ထိုဝတ္ထုရေးဆရာ အသက်သွင်း၊ မသွင်းဆိုသည်ကိုတော့ တပ်အပ်သေချာ မပြောနိုင်ပါ။

သီဟ

✕ ✕ ✕



အဆုံးမရှိတဲ့ လိမ်ညာမှုတွေထဲ
ကြယ်တွေကို ထိုင်ငေးဖူးတယ်။
ကောင်မလေးရေ . . . လွမ်းလိုက်တာ . . .

✕ ✕ ✕

**သိုးဆောင်း**

မြန်မာစံတော်ချိန် နံနက်ဆယ်နာရီ
ငါးဆယ့်ခုနစ်မိနစ် ရှိပါပြီခင်ဗျား။



www.burmeseclassic.com